Weekly ELEVEN NEWS
No 24 Vol. 8 March 20 Wednesday 2013

# လက်ပံတောင်းတောင်ကြေးနီစီမံကိန်းကြောင့် ရွှေ့ပြောင်းရမည့်ဒေသခံများအတွက် မြေလျော်ကြေးငွေအပြင် နေထိုင်မှုအတွက် တန်ဖိုးနည်းအိမ်ရာများကို မုံရွာမြို့အနီးတစ်ဝိုက် နေရာများတွင် စီစဉ်ပေးမည်ဟု မြန်မာ့စီးပွားရေးဦးပိုင်နှင့် ဝမ်ပေါင်ကုမ္ပဏီတာဝန်ရှိသူများ ပြောကြား

စာ ( ၂ ) သို့



## နိုင်ငံပိုင် မြေကွက်၊ လုပ်ငန်း၊ စက်ရုံ၊ အဆောက်အအုံ စုစုပေါင်း ၂၂၅၇ ခုကို ပုဂ္ဂလိကလုပ်ငန်းရှင်ကြီးများက အပြီးအပိုင်ရယူထားရာတွင် လုပ်ငန်းပေါင်း ၁၉၂၆ ခုပေါ်၌ အခွန်ကျပ်ဘီလျံပေါင်းများစွာမပေးဘဲ တိမ်းရှောင်ထားမှု၊ နိုင်ငံတော်သို့ ပေးသွင်းရမည့်ငွေများ အပြည့်မပေးသွင်းဘဲ ချန်ထားမှုများကို အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီမှ လုပ်ပိုင်ခွင့်များအရ စိစစ်ထားသည့် အစီရင်ခံစာထုတ်ပြန်

စာ ( ၅ ) သို့

လုပ်ငန်းရှင်တစ်ဦးမှ ကျပ်သန်း ၂၇၄၃၆ သလမ ဂဖ်ဂ ဖြင့် ရရှိခဲ့သည့် ကန်တော်ကြီးပဲလေ့စ်ဟိုတယ်အား တွေ့ရစဉ် (ဓာတ်ပုံ - အောင်မျိုးသန့်)

## မဂ္ဂါဝပ် ၄၀၀၀ ထုတ်လုပ်နိုင်မည့် ရွာသစ်ရေကာတာစီမံကိန်းနှင့်ပတ်သက်ပြီး လူမှုဘဝသက်ရောက်မှုများအပေါ် လေ့လာဆန်းစစ်မှု ပြုလုပ်မည်

စာ ( ၆ ) သို့

## လျှပ်စစ်ဓာတ်အားထုတ်လုပ်ပြီး ပိုလျှံပါက အိမ်နီးချင်းနိုင်ငံများကို ရောင်းချရန်ရှိ



သံလွင်မြစ်ကမ်းတစ်နေရာအား မတ်လ ၁၅ ရက်နေ့က တွေ့ရစဉ် (ဓာတ်ပုံ - အောင်ရဲကို)

## ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရန်အတွက် လေ့လာသုံးသပ်ရေးကော်မတီ/ကော်မရှင်များ ဖွဲ့စည်းရေးအဆို ကန့်ကွက်သူမရှိ ပြည်သူ့လွှတ်တော်အတည်ပြု

စာ ( ၃ ) သို့

## အငြင်းပွားနေသော ဆရာဝန်အသင်းမြေနေရာ စီးပွားဖြစ်လုပ်ကိုင်မည့်ကိစ္စကို ဆက်လက်လုပ်ဆောင်ရန် မြန်မာနိုင်ငံဆရာဝန်အသင်း အလုပ်အမှုဆောင်အဖွဲ့က ဆရာဝန်များအား ထပ်မံရှင်းလင်း

စာ ( ၁၃ ) သို့

## ရခိုင်ပြည်နယ်၌ ရခိုင်-ဘင်္ဂါလီ ပဋိပက္ခဖြစ်ပွားပြီးနောက်ပိုင်း အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရှားပါးလာမှုကြောင့် ဒေသခံသုံးပုံတစ်ပုံမှာ အခြားတိုင်းဒေသကြီး၊ ပြည်နယ်များနှင့် ပြည်ပသို့ သွားရောက်လုပ်ကိုင်နေကြရ

စာ ( ၄ ) သို့

## မိုဘိုင်းဖုန်းဆင်းကတ်များကို ကျပ်ထောင်ဂဏန်းဖြင့် ဧပြီ ၁ ရက်နောက်ပိုင်းရောင်းချမည်ဟု သမ္မတပြောရေးဆိုခွင့်ရှိသူ အတည်ပြုပြောကြား

စာ ( ၁၁ ) သို့

## ငြိမ်းချမ်းရေးအတွက် သုံးစွဲနေသောငွေကြေးများ ပွင့်လင်းမြင်သာမှုရှိရန် လိုအပ်ကြောင်း ဝေဖန်မှုများရှိ

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဆွေးနွေးလျက်ရှိနေသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအတွက် သုံးစွဲနေသော ငွေကြေးများ ပွင့်လင်းမြင်သာမှုရှိရန် လိုအပ်ကြောင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်အချို့နှင့် နိုင်ငံရေးလေ့လာသူများက ဝေဖန်ထောက်ပြပြောဆိုခဲ့ပါသည်။

လက်ရှိအချိန်တွင် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို နိုင်ငံတော်သမ္မတမှဖွဲ့စည်းထားသည့် Myanmar Peace Center (MPC)က အဓိကထားလုပ်ဆောင်နေပြီး အဆိုပါအဖွဲ့ကို နော်ဝေနှင့်ဥရောပသမဂ္ဂ(EU)တို့မှ ငွေကြေးထောက်ပံ့မှုများ ပေးအပ်ထားသည်။

စာ ( ၂၅ ) သို့

# တိုင်းရင်းသားဒေသများတွင် ငြိမ်းချမ်းရေး၏ အနှစ်သာရကို လက်တွေ့ကျကျသိမြင်စေရန် လုပ်ဆောင်သွားဖို့ လိုအပ်ကြောင်း နိပ္ပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ ပြောကြား

တိုင်းရင်းသား ဒေသများတွင် အပစ်အခတ်ရပ်စဲပြီးပါက ငြိမ်းချမ်းရေး၏ အနှစ်သာရကို လက်တွေ့ကျကျ သိမြင်စေရန် လုပ်ဆောင်ရမှာဖြစ်ကြောင်း ဂျပန်နိုင်ငံက မြန်မာနိုင်ငံအမျိုးသားပြန်လည်ရင်ကြားစေ့ရေးဆိုင်ရာအထူးကိုယ်စားလှယ်အဖြစ် ခန့်အပ်ခဲ့သော နိပ္ပွန်ဖောင်ဒေးရှင်း ဥက္ကဋ္ဌမစ္စတာယိုဟဲအိဆာဆာကာဝါက မတ် ၁၃ ရက် ညနေက သတင်းမီဒီယာများနှင့်တွေ့ဆုံစဉ် ပြောကြားသည်။

"ဂျပန်အစိုးရက တိုင်းရင်းသားဒေသတွေမှာ ငြိမ်းချမ်းရေးရရှိပြီးနောက်ပိုင်း တိုင်းရင်းသားတွေရဲ့ လူနေမှုမြင့်မားရေး၊ ပညာရေး၊ စားဝတ်နေရေး၊ စိုက်ပျိုးရေး၊ ကျန်းမာရေး၊ လူ့စွမ်းအားအရင်းအမြစ် ထူထောင်ရေးစတဲ့ ငြိမ်းချမ်းရေးရဲ့အကျိုးကျေးဇူးတွေကိုလက်တွေ့ကျကျသိမြင်စေဖို့ ကူညီဆောင်ရွက်ရမယ်လို့ ခံယူထားပါတယ်။ ဒါ့ကြောင့် ကျွန်တော့်ကို မြန်မာနိုင်ငံရဲ့အမျိုးသားပြန်လည်သင့်မြတ်ရေးအထူးကိုယ်စားလှယ်အဖြစ်ခန့်အပ်ခဲ့တာပါ"ဟု မစ္စတာဆာဆာကာဝါက ပြောကြားခဲ့သည်။

ဆာဆာကာဝါက ကချင်ပြည်နယ်တွင် မကြာမီငြိမ်းချမ်းရေး ရရှိမည်ဟု မျှော်မှန်းထားပြီး မြန်မာအစိုးရက ခွင့်ပြုသည်နှင့် တစ်ပြိုင်နက် ကချင်ဒုက္ခသည်များကို အစားအစာနှင့် ဆေးဝါးများ ထောက်ပံ့သွားရန် အသင့်ဖြစ်နေကြောင်း ပြောကြားခဲ့သည်။

"ကချင်ပြည်နယ်ကို ကူညီဖို့ Myanmar Peace Center က တာဝန်ရှိသူနဲ့ဆွေးနွေးခဲ့ပါတယ်။ အမြန်ဆုံး အကောင်အထည်ပေါ်အောင် ဆောင်ရွက်ဖို့ရှိပါတယ်"ဟု နိပ္ပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌဆာဆာကာဝါက ပြောကြားခဲ့သည်။

မစ္စတာ ဆာဆာကာဝါ ဥက္ကဋ္ဌအဖြစ်တာဝန်ယူဆောင်ရွက်နေသည့် နိပ္ပွန်ဖောင်ဒေးရှင်းသည် ၁၉၇၆ ခုနှစ်ကတည်းက မြန်မာနိုင်ငံအတွင်း လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်အနာကြီးရောဂါသည်များအတွက် ဆေးဝါးများ အခမဲ့ဖြန့်ဝေပေးခြင်းစီမံကိန်းများကို စတင်လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

# မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများကို နယူးဇီလန်နိုင်ငံမှ ဆက်လက်ကူညီမည်

မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးများကို နယူးဇီလန်နိုင်ငံမှ ကူညီသွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်ဂျွန်ကီးက မတ် ၁၅ရက်က ပြောကြားခဲ့ကြောင်း Radio New Zealand၏ဖော်ပြချက်အရ သိရသည်။

နယူးဇီလန်ဝန်ကြီးချုပ်ဂျွန်ကီးက နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် နယူးဇီလန်နိုင်ငံ အော့ကလန်မြို့ရှိ လန်ဂမ်ဟိုတယ်၌ တွေ့ဆုံအပြီးတွင် ယင်းကဲ့သို့ ကတိပြုပြောကြားခဲ့ခြင်းဖြစ်ပါသည်။

"နယူးဇီလန်နိုင်ငံအနေနဲ့ မြန်မာနိုင်ငံ၏ နိုင်ငံရေးနှင့် လူမှုရေး ပြုပြင်ပြောင်းလဲမှုများအတွက် လိုအပ်နေသမျှကာလပတ်လုံး အကူအညီအထောက်အပံ့များ ဆက်လက်ပံ့ပိုးပေးသွားမှာဖြစ်ပါတယ်"ဟု ဝန်ကြီးချုပ်ဂျွန်ကီးက ပြောကြားခဲ့သည်။

ကူညီထောက်ပံ့မှုများပေးအပ်ရာတွင် နည်းပညာအကူအညီ၊ ပညာရေးအထောက်အပံ့နှင့်ငွေကြေးပေါင်းစပ်ကာ ကူညီသွားမည်ဖြစ်ကြောင်း ဂျွန်ကီးက ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် ပြုပြင်ပြောင်းလဲမှုများဖြစ်ပေါ်နေခြင်းသည် သိသာထင်ရှားသည့် အပြောင်းအလဲ




နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် နယူးဇီလန်ဝန်ကြီးချုပ်ဂျွန်ကီးတို့အား အော်ကလန်မြို့၌ မတ် ၁၅ ရက်က တွေ့ရစဉ်

ဖြစ်သောကြောင့် လူတိုင်းအနေဖြင့် စိတ်ရှည်သည်းခံမှုရှိကြရန် လိုအပ်ကြောင်းလည်း ဂျွန်ကီးက ပြောကြားခဲ့သည်။

နယူးဇီလန်နိုင်ငံသည် လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေးနှင့် နို့နှင့်နို့ထွက်ပစ္စည်း မွေးမြူရေးခြံတည်ဆောက်ရေးအတွက် မြန်မာနိုင်ငံသို့ အမေရိကန်ဒေါ်လာ ၅ ဒသမ ၇ သန်း ကူညီထောက်ပံ့မည် ဖြစ်ကြောင်း ပြီးခဲ့သည့်နှစ်က ကြေညာခဲ့သည်။

သမ္မတဦးသိန်းစိန်က နယူးဇီလန်နိုင်ငံ၏ ကူညီထောက်ပံ့မှုများအတွက် ဝန်ကြီးချုပ်နှင့် နယူးဇီလန်နိုင်ငံသားများအား ကျေးဇူးတင်ပါကြောင်း ပြောကြားခဲ့သည်။

သမ္မတဦးသိန်းစိန်သည် နယူးဇီလန်ဝန်ကြီးချုပ်ဂျွန်ကီး၏ ဖိတ်ကြားချက်အရ နယူးဇီလန်နိုင်ငံသို့ သွားရောက်လည်ပတ်ခြင်းဖြစ်ပြီး ဂျွန်ကီးသည် မြန်မာနိုင်ငံသို့ ပြီးခဲ့သည့်နှစ်က လာရောက်လည်ပတ်ခဲ့သည်။

သမ္မတဦးသိန်းစိန်၏ နယူးဇီလန်နိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်သည် လေးရက်ကြာခရီးစဉ်ဖြစ်ပြီး နယူးဇီလန်နိုင်ငံသို့ မတ် ၁၄ ရက်က စတင်ရောက်ရှိခဲ့သည်။

နယူးဇီလန်ခရီးစဉ်ပြီးနောက် သမ္မတဦးသိန်းစိန်သည် ဩစတြေးလျနိုင်ငံသို့ ချစ်ကြည်ရေးခရီးဆက်လက်သွားရောက်မည်ဖြစ်သည်။

# သန်းခေါင်စာရင်းကောက်ယူရာတွင် လူမျိုးအမည်စာရင်းသွင်းရာ၌ အငြင်းပွားမှုမဖြစ်စေရန် လိုအပ်ပါက သီးခြားစစ်တမ်းကောက်ယူမည်

၂၀၁၄ ခုနှစ်သန်းခေါင်စာရင်းကောက်ယူရာတွင် လူမျိုးအမည်စာရင်းသွင်းရာ၌ အငြင်းပွားမှုမဖြစ်စေရေးအတွက် လိုအပ်ပါက သီးခြားစစ်တမ်းကောက်ယူမည်ဖြစ်ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးခင်ရီက ပြောကြားခဲ့သည်။

"လူမျိုးအမည်ရေးသွင်းရာမှာ နိုင်ငံတော်က လက်ရှိသတ်မှတ်ထားတဲ့ လူမျိုး ၁၃၅ မျိုးတွင် မပါဝင်သူဖြစ်ရင် အခြားဟူသော အပိုဒ်တွင် ထည့်သွင်းမှာ ဖြစ်ပါတယ်။ ဤအပေါ် အငြင်းပွားမှုမရှိစေရေးအတွက် လူမျိုးနှင့်ပတ်သက်၍ သီးခြားထပ်မံစိစစ်ရန်လိုက သီးခြားစစ်တမ်းကောက်ယူ၍ဖြစ်စေ၊ သီးခြားညွှန်ကြားချက်အရဖြစ်စေ ထပ်ဆင့်ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ဝန်ကြီးက မတ်လ ၁၁ ရက်၌ ပြုလုပ်သော ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ပြောကြားသည်။

သန်းခေါင်စာရင်းရည်ညွှန်းချိန် အဖြစ် ၂၀၁၄ ခုနှစ် မတ်လ ၂၉ ရက် ညသန်းခေါင်ယံအချိန်ကို သတ်မှတ်ထားပြီး ၂၀၁၄ ခုနှစ် မတ်လ ၃၀မှစ၍ ဧပြီ ၁၀ ရက်အထိ စုစုပေါင်း ၁၂ ရက် ကွင်းဆင်းစာရင်း ကောက်ယူမည်ဖြစ်ပြီး စာရင်းကောက်ယူသူတစ်သိန်း၊ ကြီးကြပ်သူ နှစ်သောင်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်ဟု ဝန်ကြီးက ဆိုသည်။

**မျက်နှာဖုံး "၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရန်အတွက် လေ့လာ . . ."သတင်းမှအဆက်**

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေး လေ့လာသုံးသပ်ရေးကော်မတီ သို့မဟုတ် ကော်မရှင်များဖွဲ့စည်းရန် မတ် ၁၅ ရက်တွင် ပြုလုပ်သော ပြည်သူ့လွှတ်တော်အစည်းအဝေး၌ ကန့်ကွက်သူ မရှိဘဲ အတည်ပြုခဲ့သည်။

အဆိုပါဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရန် လေ့လာသုံးသပ်ရေးကော်မတီ/ ကော်မရှင်များ ဖွဲ့စည်းရေးအတွက် ပြည်သူ့လွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော်သို့ တိုက်တွန်းကြောင်းအဆိုကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဒုတိယဥက္ကဋ္ဌ ဝက်လက် မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအေးမြင့်က အရေးကြီးအဆိုအဖြစ် တင်သွင်းခဲ့ပြီး ပါတီတွဲဖက်အထွေထွေအတွင်းရေးမှူးမြစ်ကြီးနားမြို့နယ် မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းဇော်ကထောက်ခံခဲ့ကာ လွှတ်တော်က ကန့်ကွက်သူမရှိဘဲ အတည်ပြုခဲ့ခြင်းဖြစ်သည်။

သူရဦးအေးမြင့်က ဥပဒေတစ်ရပ်သည် မည်သို့ပင် ပြည့်စုံသည်ဆိုစေကာမူ အချိန်ကာလ အပြောင်းအလဲကြောင့်၊ ပြည်တွင်း၊ ပြည်ပ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ခေတ်အခြေအနေအမျိုးမျိုးကြောင့် အံဝင်ခွင်ကျ မဖြစ်မှုများ၊ ပြင်ဆင်၊ ဖြည့်စွက်ရန်အတွက် လိုအပ်မည်ဖြစ်ကြောင်း အဆိုတင်သွင်းစဉ်ပြောကြားခဲ့သည်။

"နိုင်ငံရဲ့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဟာလည်း ရေးဆွဲခဲ့စဉ်ကာလက အနာဂတ် နိုင်ငံတော်အတွက် စေတနာအပြည့်နဲ့ အဖက်ဖက်က ပြည့်စုံအောင်ရေးဆွဲခဲ့တာမှန်သော်လည်း နိုင်ငံရေး ပြုပြင်ပြောင်းလဲမှု အရှိန်အဟုန်မြင့်မားမှုကြောင့် ခေတ်ကာလအခြေအနေအချိန်အခါနဲ့ အံဝင်ခွင်ကျဖြစ်အောင် လိုက်လျောညီထွေဖြစ်အောင် ပြန်လည်လေ့လာသုံးသပ်ဖို့ လိုပြီလို့ အခိုင်အမာယူဆမိပါတယ်"ဟု သူရဦးအေးမြင့်က ပြောသည်။

ယင်းကော်မတီ/ ကော်မရှင်များတွင် သင့်လျော်မည့်ဥပဒေပညာရှင်များ၊ အသိပညာပြည့်ဝသူများနှင့်အတွေ့အကြုံရင့်ကျက်သူများကို ထည့်သွင်းဖွဲ့စည်းရန်လည်း သူရဦးအေးမြင့်က ပြောကြားသည်။

ယင်းအဆိုနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ငြိမ်းချမ်းရေးအတွက်နှင့် ပြည်တွင်း၊ ပြည်ပအခြေအနေများ၊ နိုင်ငံတော်နှင့်နိုင်ငံသားများ၏ ဂုဏ်သိက္ခာ အကျိုးစီးပွားအား ပြင်ဆင်မှုပြုနိုင်ရေးအတွက် တိုင်းရင်းသားကိုယ်စားလှယ်များအပါအဝင် ပါတီစုံလွှတ်တော်ကိုယ်စားလှယ်များပါဝင်သော

> **ထူးခြားချက်က ဒီအခြေခံဥပဒေပြင်ဆင်ဖို့ပြောတဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကတင်တာမဟုတ်ဘဲနဲ့ ပြည်ခိုင်ဖြိုးပါတီဒုဥက္ကဋ္ဌတင်သွင်းပြီး တွဲဖက်အတွင်းရေးမှူးက ထောက်ခံတဲ့ ဒါအင်မတန်မှထူးခြားတဲ့ နိုင်ငံရေးမြင်ကွင်းဖြစ်တယ် . . .**

ကော်မရှင်တစ်ရပ် သို့မဟုတ် အဖွဲ့ကိုသင့်တော်သလိုဖွဲ့စည်းရန် လိုအပ်သည်ဟု မိမိအနေဖြင့် ယူဆကြောင်း ပြောကြားခဲ့ပြီး အဆိုအတည်ဖြစ်ကြောင်းကို ပြည်ထောင်စုလွှတ်တော်နာယကထံသို့ သဝဏ်လွှာပေးပို့မည်ဖြစ်ကြောင်း ဆိုသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကော်မတီ/ ကော်မရှင်များ ဖွဲ့စည်းဆောင်ရွက်သော်လည်း ပြင်ဆင်နိုင်ရန်အတွက် မဲခွဲဆုံးဖြတ်ရာတွင် ထိန်းချုပ်နိုင်စွမ်းရှိသော လွှတ်တော်တွင်း ၂၅ ရာခိုင်နှုန်းရှိသော တပ်မတော်တွင်မူတည်နေကြောင်း သီပေါမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးရဲထွန်းကသုံးသပ်သည်။

သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးသိန်းညွှန့်က "ဒီမိုကရေစီစံနှုန်းနဲ့ မကိုက်ညီတဲ့အချက်တွေ၊ တိုင်းရင်းသားတွေရဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် လိုအပ်တဲ့အချက်တွေကို ဒီကော်မတီ/ ကော်မရှင် လေ့လာသုံးသပ်တင်ပြနိုင်ဖို့လိုတယ်။ ထူးခြားချက်က ဒီအခြေခံဥပဒေပြင်ဆင်ဖို့ပြောတဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကတင်တာမဟုတ်ဘဲနဲ့ ပြည်ခိုင်ဖြိုးပါတီဒုဥက္ကဋ္ဌတင်သွင်းပြီး တွဲဖက်အတွင်းရေးမှူးက ထောက်ခံတဲ့ ဒါအင်မတန်မှထူးခြားတဲ့ နိုင်ငံရေးမြင်ကွင်းဖြစ်တယ်။ သို့သော် ဘာပဲဖြစ်ဖြစ် ကော်မတီဖွဲ့ပြီး ဆောင်ရွက်မယ်ဆိုရင် ဒီကော်မတီမှာ ဝင်ပြီးတော့ အလုပ်လုပ်ရင်း အကောင်းဆုံးစာမေးပွဲရလဒ်ရအောင်တော့ လွှတ်တော်ကိုယ်စားလှယ်တွေ ကြိုးစားရမှာပေါ့"ဟု ပြောသည်။ ထို့အတူနိုင်ငံတော်သမ္မတ ဦးသိန်းစိန်ကလည်း ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနှင့်ပတ်သက်၍ ပြည်သူအများ သဘောတူမည်ဆိုပါက အစိုးရအနေဖြင့်လည်း သဘောတူမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၂၇ ရက်က နော်ဝေနိုင်ငံ၌ ဒီမိုကရက်တစ်မြန်မာ့အသံ(DVB)နှင့် အင်တာဗျူးတွင် ပြောကြားခဲ့သည်။

*ငြိမ်းဇော်လင်း၊ ကျော်ဇင်ဝင်း*

# စစ်ခုံရုံးနှင့် အကျဉ်းထောင်အထူးရုံးများ၌ ပြစ်ဒဏ်ချမှတ်ခဲ့သောအမှုများကို ပြန်လည်သုံးသပ်မည်မဟုတ်ကြောင်း ပြည်ထောင်စု တရားလွှတ်တော်ချုပ်တရားသူကြီး ပြောကြား

တပ်မတော်အစိုးရလက်ထက် စစ်ခုံရုံးနှင့် အထူးအကျဉ်းထောင်ရုံးများက ပြစ်ဒဏ်ချမှတ်ခဲ့သော အမှုများကို ပြန်လည်သုံးသပ်ပေးရန်အစီအစဉ်မရှိကြောင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးစိုးညွှန့်က မတ် ၁၃ရက်က ပြုလုပ်သော ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ပြောကြားခဲ့သည်။

စစ်ခုံရုံးဖြင့်စီရင်ခဲ့မှုများမှာ နှစ်ပေါင်း ၂၀ ကျော်ကြာမြင့်ပြီ ဖြစ်ကြောင်း၊ နိုင်ငံတော်မှ လွတ်ငြိမ်းချမ်းသာခွင့်များ အကြိမ်ကြိမ်ပေးခြင်းများပြုလုပ်ခဲ့ပြီးဖြစ်သောကြောင့်ဖြစ်ကြောင်း တရားသူကြီး ဦးစိုးညွှန့်က ပြောကြားသည်။

ထို့အပြင် အထူးတရားရုံးများတွင် စစ်ဆေးရာတွင် တရားခံ၏ ရှေ့နေများ၊ နှစ်ဖက်သက်သေများ၊ အမှုသည်၏ ဆွေမျိုးသားခြင်းတို့၏ ရှေ့တွင် စစ်ဆေးခဲ့ခြင်းဖြစ်ကြောင်း၊ တံခါးပိတ်အမှု စစ်ဆေးခြင်း၊ အမှုသည်များနှင့် ရှေ့နေရှေ့ရပ် ငှားရမ်းခွင့် မရှိဘဲ ချမှတ်ခဲ့သည့် အမိန့်များမရှိကြောင်းလည်း ၎င်းက ပြောကြားသည်။

"နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့တာဝန်ယူသည့်အချိန်တွင် တည်ဆဲဥပဒေများကို ဖောက်ဖျက်ကျူးလွန်သည့် အမှုများအား စစ်ဆေးစီရင်တဲ့နေရာမှာတပ်မတော်အရာရှိများနဲ့ ဖွဲ့စည်းထားတဲ့ စစ်ခုံရုံးများဖြင့် စစ်ဆေးစီရင်ခဲ့ခြင်း ဖြစ်ပါတယ်။ စစ်ခုံရုံးနဲ့ စစ်ဆေးတဲ့ နေရာမှာ အကျဉ်းနည်းနဲ့ စစ်ဆေးခဲ့ခြင်းသာ ဖြစ်ပါတယ်"ဟု ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးစိုးညွှန့်က ပြောကြားသည်။

တရားရုံးများအနေဖြင့်သေဒဏ်ချမှတ်ခံထိုက်သောအမှုများမှ တရားခံများအတွက် အကျိုးဆောင်ရှေ့နေများကို နိုင်ငံတော်မှ စရိတ်ကျခံငှားရမ်းပေးခြင်းများရှိကြောင်း၊ ကျန်အမှုများတွင်မူ အကျိုးဆောင်ငှားရမ်းမှုအား တရားခံများကိုယ်တိုင်ငှားရမ်းရမည်ဖြစ်ကြောင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးဦးစိုးညွှန့်က ဆက်လက်ပြောကြားသည်။

သဃ်န်းကျွန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးသိန်းညွှန့်က ယင်းနှင့်ပတ်သက်၍ မေးခွန်းမေးမြန်းခဲ့ခြင်းဖြစ်ပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးက ကာကွယ်ရေး၊ ပြည်ထဲရေးနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့နှင့် ညှိနှိုင်းကာ ပြန်လည်ဖြေဆိုခဲ့ခြင်းသည်။

ဦးသိန်းညွှန့်က မရမ်းကုန်းမြို့နယ်လွှတ်တော်ကိုယ်စားလှယ်ဒေါက်တာဒေါ်မေဝင်းမြင့်၏ အမှုတွင် ၎င်းကိုယ်တိုင် လိုက်ပါဆောင်ရွက်ရန် ကြိုးပမ်းခဲ့သော်လည်း မရရှိခဲ့ကြောင်း ပြန်လည်ထောက်ပြခဲ့သည်။

စစ်ခုံရုံးများကို ၁၉၈၈ ခုနှစ် တပ်မတော်မှ အာဏာသိမ်းယူပြီးနောက် ၁၉၈၉ ခုနှစ်က ဖွဲ့စည်းခဲ့ပြီး ပြစ်ဒဏ်ချမှတ်ခဲ့သော အမှုပေါင်း ၃၁၄ မှုရှိကြောင်း သိရသည်။

# ရိုဟင်ဂျာသည် တိုင်းရင်းသားမဟုတ်သည်မှာ သမိုင်းအထောက်အထားခိုင်လုံစွာရှိဟု ဒေါက်တာအေးချမ်း ရန်ကုန်မြို့၌ ပြောကြား

ဂျပန်နိုင်ငံ Kanda University ၏ သမိုင်းပါမောက္ခဒေါက်တာအေးချမ်းနှင့် ရခိုင်ပြည်နယ်ကိုယ်စားပြု ရခိုင်လူမှုရေးအသင်းအဖွဲ့များသည် မတ် ၁၄ ရက်က ရန်ကုန်မြို့ MICT Park (လှိုင်တက္ကသိုလ်ဝင်း)၌ တွေ့ဆုံခဲ့ကြသည်။



အဆိုပါတွေ့ဆုံဆွေးနွေးပွဲတွင် သမိုင်းပါမောက္ခဒေါက်တာအေးချမ်းက ရခိုင်သမိုင်းကြောင်းများ၊ ဘင်္ဂါလီ၊ ရိုဟင်ဂျာအစရှိသည်တို့နှင့်စပ်လျဉ်းသော အကြောင်းအရာများကို ဟောပြောဆွေးနွေးခဲ့သည်။

ရိုဟင်ဂျာလူမျိုးဆိုသည်မှာ သမိုင်းတွင် မရှိကြောင်း၊ သမိုင်းဆရာဆိုသည်မှာ မျိုးချစ်စိတ်အစွဲဖြင့် မှတ်ယူ၍ မရသလို မဟုတ်တာကိုလည်း ပြောလို့ မရကြောင်း၊ အထောက်အထားမရှိဘဲ မည်သည့်အရာကိုမှ ပြောလို့ မရကြောင်း၊ ယခုသမိုင်းများကို ရေးသည့်အခါတွင် မျိုးချစ်စိတ်ကို ဖယ်ထားကာ အမှန်တရားကိုတင်ပြနိုင်ရန် ကြိုးစားပါကြောင်း၊ လူမျိုးဖက်ကိုလိုက်ပြီး ပြောခြင်းကို ဘယ်တော့မှ မလုပ်ကြောင်းစသည်ဖြင့် ဒေါက်တာအေးချမ်းက ပြောသည်။

ဒေါက်တာအေးချမ်းက “ရိုဟင်ဂျာလူမျိုးဆိုတာ မြန်မာနိုင်ငံသမိုင်းမှာ ဘယ်တုန်းကမှ မရှိခဲ့ပါဘူး။ ဒီအတိုင်း ကျွန်တော်အမြဲကြေညာခဲ့ပါတယ်။ ဒါပေမယ့် ကျွန်တော်လူ့အခွင့်အရေးကို မလေးစားတဲ့သူမဟုတ်ပါဘူး။ လူ့အခွင့်အရေးကို မလေးစားတဲ့စကားလည်း တစ်ခွန်းမှမပြောပါဘူး။ ကျွန်တော့်မှာ အထောက်အထားခိုင်လုံစွာရှိပါတယ်”ဟု ပြောသည်။

ယခုအဖြစ်အပျက်များသည် ဗြိတိသျှကိုလိုနီဘဝတွင် အနှစ်တစ်ရာကျော်နေခဲ့ရသည့်စနစ်၏ ဆိုးမွေတစ်ခုဖြစ်ကြောင်း၊ ဗြိတိသျှလက်ထက်တွင် ချောင်ဒရီစနစ်ဟု ခေါ်သည့် လယ်ယာမြေကို တောများကို ခုတ်ထွင်ရှင်းလင်းပြီး လယ်ယာမြေလုပ်ခွင့်ပေးကာ ၁၀ နှစ်တိတိ အခွန်မဆောင်ရသည့်စနစ်ကို ကျင့်သုံးခဲ့ကြောင်း၊ ယင်းအတွက်ကြောင့် ကိုလိုနီလက်အောက်ခံ ဆန်စပါးကုမ္ပဏီများသည် စစ်တကောင်းသားများကို ရခိုင်ကို သွားခိုင်းကြောင်း၊ အကျိုးအမြတ်များစွာရရှိသည့်အတွက် စစ်တကောင်းသားများစွာ ရခိုင်ပြည်နယ်သို့ရောက်ရှိလာကြောင်း စသည်ဖြင့်လည်း ၎င်းက ပြောသည်။

> **ရခိုင်ပြည်နယ်မှာ ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်တွေဟာ ရုတ်တရက် ထပြီး ပေါက်ကွဲခဲ့တာ မဟုတ်ပါဘူး။ တစ်ငွေ့ငွေ့လောင်နေတဲ့ မီးပါ။ ဒီလိုတစ်ငွေ့ငွေ့လောင်တဲ့မီးဟာ အနှစ် ၇၀ ကျော်လာပါပြီ။ ဒါကို ကျွန်တော်တို့က သတိမရဘဲ မေ့မေ့လျော့လျော့နေခဲ့ကြတယ်။ တစ်ချိန်မှာ ဖြစ်လာမယ်ဆိုတာကို မတွေးမိခဲ့ကြဘူး. . .**

“ရခိုင်ပြည်နယ်မှာ ဖြစ်ပျက်ခဲ့တဲ့အဖြစ်အပျက်တွေဟာ ရုတ်တရက် ထပြီးပေါက်ကွဲခဲ့တာ မဟုတ်ပါဘူး။ တစ်ငွေ့ငွေ့လောင်နေတဲ့ မီးပါ။ ဒီလိုတစ်ငွေ့ငွေ့လောင်တဲ့ မီးဟာ အနှစ် ၇၀ ကျော်လာပါပြီ။ ဒါကို ကျွန်တော်တို့ကသတိမရဘဲ မေ့မေ့လျော့လျော့နေခဲ့ကြတယ်။ တစ်ချိန်မှာ ဖြစ်လာမယ်ဆိုတာကို မတွေးမိခဲ့ကြဘူး။ အခုထပေါက်ကွဲလာတော့မှ အလွန်စိတ်မချမ်းသာစရာအဖြစ်မျိုးလို့ ဆိုရမယ်။ ဒီကာလမှာ ဒီလိုချိန်ကိုက်ဗုံးမျိုး ပေါက်ကွဲလာမယ်လို့ မျှော်လင့်မထားခဲ့ပါဘူး”ဟုလည်း ၎င်းက ဆိုသည်။

ရိုဟင်ဂျာစကားလုံးနှင့် ပတ်သက်၍လည်း ဒေါက်တာအေးချမ်းက ရိုဟင်ဂျာဆိုသည့်စကားသည် ၁၉၅၁ ခုနှစ်တွင် ဘူးသီးတောင်မြို့နယ် လူမျိုးစုလွှတ်တော်ကိုယ်စားလှယ်မစ္စတာအဘူဂဖားက ဂါးဒီးယန်းသတင်းစာ၌ ဆောင်းပါးတစ်ပုဒ်ရေးရာတွင် ဘူးသီးတောင်၊ မောင်းတောတွင်ရှိသော မွတ်စလင်များသည် တစ်ဖက်နိုင်ငံမှ ခိုးဝင်လာသောသူများမဟုတ်ဘဲ ဟိုးရှေးပဝေသဏီရှေးရာစုကတည်းက အာရပ်လူမျိုးများ သင်္ဘောပျက်ကာ ရခိုင်ကမ်းခြေတွင် တင်ကျန်ပြီး အခြေစိုက်ဆင်းသက်လာသည်ဟုရေးခဲ့ကြောင်း၊ ပိုနာသည့်နောက်တစ်ချက်မှာ ၎င်းတို့သည်ဒေသခံရခိုင်အမျိုးသမီးများနှင့် အိမ်ထောင်ကျပြီးမှ ရိုဟင်ဂျာဆိုပြီး ဆင်းသက်လာခြင်းဖြစ်ကြောင်း၊ ဖြစ်နိုင်ပါ့မလားဆိုသည်ကို စဉ်းစားကြစေချင်ကြောင်းလည်း ဒေါက်တာအေးချမ်းက ဆက်ပြောပါသည်။

“ဒါကို ကျွန်တော်နဲ့ ပြင်သစ်သမိုင်းပညာရှင် ဂျက်လိုင်ဒါတို့က ပြန်လည်ချေပဖူးပါတယ်။ အာရပ်သင်္ဘောပျက်တယ်ဆိုတာဟာ ခိုင်မာတဲ့ အထောက်အထားမဟုတ်ပါဘူး။ ကျွန်တော်တို့ သမိုင်းပညာရှင်တွေဆိုတာ Primary Sources လို့ခေါ်တဲ့မူရင်းအထောက်အထားကိုပဲ ကိုင်ပြီးပြောပါတယ်။ Secondary Sources ဆိုတာ အလွန်သံသယဖြစ်ဖို့ကောင်းပါတယ်။ နောက်ထပ်က လုပ်ကြံတာလဲ ဖြစ်နိုင်ပါတယ်”ဟု ၎င်းက ဆက်ရှင်းပြခဲ့သည်။

ပွဲအပြီးတွင် ဒေါက်တာအေးချမ်းက တက်ရောက်လာသူအချို့၏ မေးခွန်းများကို ပြန်လည်ဖြေကြားခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီးဦးဇော်အေးမောင်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ရာတွင် “ဒီလိုမျိုး ပွဲမျိုးများများလုပ်ပေးမှ သမိုင်းအမှန်ကို ကိုယ့်ရခိုင်လူမျိုးတွေလည်း သိမယ်။ ကျန်တဲ့ တိုင်းရင်းသားတွေလည်း သိမယ်။ ကျွန်တော့်ကိုမေးပါတယ်။ ဒီလိုပွဲမျိုးလုပ်တာဟာ ရခိုင်ပဋိပက္ခကို ပိုကြီးစေချင်လို့လားတဲ့။ မဟုတ်ပါဘူး။ ဒီလိုပွဲမျိုးလုပ်တဲ့အတွက်ပဋိပက္ခတွေက ပိုပြီးတော့တောင်ငြိမ်သွားပါဦးမယ်”ဟုပြောကြားသည်။

## ပွဲအပြီး မေးမြန်းခဲ့သော မေးခွန်းနှင့်အဖြေအချို့

**မေး - ကျောက်စာဟာ** Primary Source **လား။** Secondary Source **လား။**

**ဖြေ** - Primary Source ပါ။

**မေး - အာနန္ဒစန္ဒြ ကျောက်စာပါ စကားများသည် ရခိုင်စကားလား၊ ဗမာစကားလား။**

**ဖြေ** - ရခိုင်စကားလည်း မဟုတ်ပါဘူး။ ဗမာစကားလည်းမဟုတ်ပါဘူး။ သက္ကတဘာသာစကားဖြစ်ပါတယ်။

**မေး - အာနန္ဒစန္ဒြကျောက်စာပါ စကားများသည် ယနေ့ရိုဟင်ဂျာ (ဘင်္ဂါလီ) များ ပြောဆိုနေသောစကားနှင့် အများဆုံးတူညီနေသည်ကို သိပါသလား။**

**ဖြေ** - အာနန္ဒစန္ဒြ ကျောက်စာကို သက္ကတဘာသာစကားနဲ့ရေးထိုးထားပါတယ်။ ဘင်္ဂါလီစကားဟာလည်း ဘာသာစကားပညာရှင်တွေ ဘာသာစကားတွေကို အုပ်စုခွဲလိုက်တဲ့အခါမှာသက္ကတဘာသာစကား၊ ပါဠိဘာသာစကား၊ ဟိန္ဒူ၊ ဘင်္ဂါလီအားလုံးဟာ အင်ဒိုအာရိယဘာသာစကားအုပ်စုထဲမှာ ပါပါတယ်။ အဲတော့ သက္ကတဘာသာစကားနဲ့ ဘင်္ဂါလီစကား ဝေါဟာရတွေတူတယ်ဆိုတာ ဘာမှ မထူးဆန်းပါဘူး။

**မေး - မြန်မာဘုရင် ဘိုးတော်ဘုရားလက်ထက်တွင်ပြုစုထားသည့် စကားစုပုရပိုဒ်သည် ဝေသာလီခေတ်သုံးစကားသည် ယနေ့ရိုဟင်ဂျာ ဘင်္ဂါလီများပြောသောစကားနှင့် အများဆုံးတူညီနေတာ သိပါသလား။**

**ဖြေ** - ကျွန်တော်တို့ ပုရပိုဒ်နဲ့ ပေစာဆိုတာ ဟိုအရင်တုန်းက ပြောနေတဲ့ ပုရပိုဒ်ဆိုတာ အနှစ်ငါးဆယ်ထက် ပိုမခံဘူး။ ပေစာဆိုတာ အနှစ်တစ်ရာထက် ပိုမခံဘူး။ အဲဒါတောင် ရေနံ သုတ်ထားမှ။ အဲဒါဟာ ဝေသာလီခေတ်ကဟာကို ပုရပိုဒ်ပေါ်မှာ တင်ထားတာကို ယုံကြည်လို့ရလား။ မရဘူးလား။ (မရဘူးတဲ့)။ ကျွန်တော့်ဆရာဒေါက်တာမျိုးမြင့်ကဖြေပါတယ်။

**မေး - ၁၇၉၉ ခုနှစ်တွင် အင်း၀ နေပြည်တော်ရောက် ဗြိတိသျှသံမှူးဖရန်စစ်ဘူချနန်၏ စာတမ်းတွင် ရိုဟင်ဂျာလူမျိုးနွယ်စုရှိပြီး ၎င်းတို့မှာ အစ္စလာမ်ဘာသာဝင်များဖြစ်၍ အာရကန်ရခိုင်ဒေသ . . .။**

**ဖြေ** - အဲဒီမေးခွန်းဟာ နိမိတ်ပြမေးခွန်းလို့ခေါ်တယ်။ ဒါပေမယ့် မေးပုံက မှားနေတယ်။ တင်ပြပုံက မှားတယ်။ ဒီမေးခွန်းကို ကျွန်တော်ဘယ်လိုဖြေမလဲ။ ဒါပေမယ့် ကျွန်တော်ဖြေပါမယ်။ ဖရန်စစ်ဘူချနန်ရေးတဲ့ စာအုပ်က ကျွန်တော့်မှာ ကော်ပီဆွဲထားတာချည်းလေးအုပ်လောက်ရှိတယ်။ ခုန ကျွန်တော်ပြောတဲ့ထဲမှာလည်း ပါတယ်။ ရခိုင်ပြည်က ပြေးလာတဲ့သူတွေကို ရခိုင်ဂျာ၊ ရခိုင်ဆိုတာကို ဘင်္ဂါလီတွေက ရိုရှန်၊ ရိုဟန်လို့ ခေါ်တဲ့အတွက် အဲဒီက ပြေးလာတဲ့ ရခိုင်တွေကို ရိုရှန်ဂျာ၊ ရိုဟန်ဂျာလို့ ခေါ်တယ်လို့ဆိုတာဘူချနန်ရေးထားတယ်။ ဒီလူတွေ မွတ်စလင်ဖြစ်တယ်ဆိုတာ ဘယ်စာမျက်နှာမှာပါလဲ။ ပြောနိုင်တဲ့သူအခုထပြောပါ။ ပြနိုင်တဲ့သူရှိရင်လည်း လာခဲ့ပါ။

**မေး - ဖရန်စစ်ဘူချနန်သည် ရိုဟင်ဂျာဘာသာစကားသီးခြားရှိပြီး ဘင်္ဂါလီဘာသာစကားနှင့် မတူကြောင်း စစ်တမ်းပြုစုမှတ်တမ်းတင်ထားသည်ကို သိပါသလား။**

**ဖြေ** - ရိုဟင်ဂျာဆိုတဲ့စကားဟာ ရခိုင်ဂျာ၊ ရဟန်ဂါ။ ရခိုင်စကားနဲ့ ဘင်္ဂါလီစကား ဘယ်လိုလုပ်တူမှာလဲ။ ဒါမှန်တယ်။ ဒီနေ့သူတို့ကိုယ်သူတို့ ရိုဟင်ဂျာဆိုပြီးခေါ်တဲ့သူတွေဟာ ဘင်္ဂါလီတွေ။ ဘင်္ဂါလီစကားမှာ ဒီနေ့ဘင်္ဂလားဒေ့ရှ်မှာနေဖူးတဲ့သူတွေ ပါကောင်းပါမယ်။ ကျွန်တော် နှစ်ကြိမ်တိုင်တိုင် ကွင်းဆင်းလေ့လာထားတယ်။ ကျွန်တော်ဘူးသီးတောင် မောင်းတောမှာ ပြောတဲ့စကားကို အခုကျွန်တော်နဲ့ လာပြောပါ။ အဲဒီစကားကို ကျွန်တော် ပြောတတ်တယ်။ ဘင်္ဂလားဒေ့ရှ်ကို ရောက်တဲ့အခါမှာ အာလဗန်ဆိုတဲ့ ဒေသကို ကျွန်တော်ရောက်တယ်။ ရောက်တဲ့အခါမှာ ကျွန်တော် ဆိတ်သားစားချင်တော့ စစ်တကောင်း စကားနဲ့ပြောတယ်။ သူတို့ နားမလည်ဘူး။ အဲတော့ ဒီလိုဒေသစကား မတူတာတော့ရှိတာပေါ့။ ကျွန်တော် ရခိုင်လိုပြောရင် တချို့ဗမာတွေ နားလည်ချင်မှနားလည်မှာပေါ့။ အဲလိုကွဲပြားတာတော့ ရှိတာပေါ့။ ဒါကိုသီးခြား ရိုဟင်ဂျာဘာသာစကားရယ်လို့ ဘယ်အမှတ်အသားမှာမှ မရှိဘူး။ လာပြီးမလိမ်ကြပါနဲ့။ ကျွန်တော် လူရှေ့မှာ မလိမ်ဘူး။ အမှန်တရား အပေါ်မှာပဲ သစ္စာရှိတယ်။

**မေး - အခုလို ရန်ကုန်ကို လာဟောပြောတာဟာ ဘာသာရေးစစ်ပွဲ မဖြစ်ဖြစ်အောင် လှုံ့ဆော်နေတာလား။**

**ဖြေ** - ကျွန်တော် ကြောက်တတ်ပါတယ်။ ဖြစ်နိုင်ရင် ကျွန်တော် စစ်ကိုရှောင်ချင်တယ်။ ဒီမေးခွန်းမေးတဲ့သူကို ကျွန်တော် မေးချင်တယ်။ ခင်ဗျားအိမ်မှာ ကျွန်တော် တစ်ရက်နေမယ်။ နောက်တစ်ခါနောက်တစ်ရက်နေပါရစေဆိုပြီး ပြောမယ်။ နောက်ထပ် တစ်ပတ်လောက်တိုးနေပါရစေဆိုပြီးပြောမယ်။ နောက်ထပ် တစ်နှစ်၊ နှစ်နှစ်လောက် တိုးနေပါရစေဆိုပြီးပြောမယ်။ နောက် ကျွန်တော်က ခင်ဗျားကို ကန်ထုတ်ပစ်မယ်ဆိုရင် ခင်ဗျားလက်ခံနိုင်ပါ့မလား။ အဲဒါကိုပဲ ဖြေကြည့်လိုက်ပါ။




**မျက်နှာဖုံး“ရခိုင်ပြည်နယ်၌ ရခိုင်-ဘင်္ဂါလီပဋိပက္ခဖြစ်ပွားပြီးနောက်ပိုင်း အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရှားပါးလာမှုကြောင့် . . .” သတင်းမှအဆက်**

ရခိုင်ပြည်နယ်၌ ရခိုင်–ဘင်္ဂါလီ ပဋိပက္ခဖြစ်ပွားပြီးနောက်ပိုင်း အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရှားပါးလာမှုကြောင့် ဒေသခံသုံးပုံတစ်ပုံမှာ အခြားတိုင်းဒေသကြီး၊ ပြည်နယ်များနှင့်ပြည်ပသို့သွားရောက်အလုပ်လုပ်ကိုင်နေရကြောင်း ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်မှ ဦးဝေသာထွန်းက ပြောကြားသည်။

ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ တော်ဝင်နှင်းဆီ စားသောက်ဆိုင်တွင် မတ် ၁၅ရက်က ပြုလုပ်ခဲ့သည့် “ရခိုင်အမျိုးသားကွန်ရက်၏ နှစ်ပတ်လည်နေ့နှင့် လူထုတွေ့ဆုံပွဲ” အခမ်းအနား၌ ဦးဝေသာထွန်းက ယခုလိုပြောကြားခဲ့ခြင်းဖြစ်သည်။

“ကျွန်တော်တို့ ရခိုင်တွေဟာ တိုင်းရင်းသားထဲမှာဆို ဒုတိယအနိမ့်ကျဆုံးပါပဲ။ စီးပွားရေးကအစ အဘက်ဘက်က နိမ့်ကျနေတယ်။ စာပေနဲ့ ယဉ်ကျေးမှုကလည်း တဖြည်းဖြည်း ဆုတ်ယုတ်နေတာကို တွေ့ရတယ်။ ကိုယ့်ဒေသမှာ အလုပ်အကိုင်အခွင့်အလမ်းတွေရှားပါးတဲ့အတွက်ကြောင့် ရခိုင်လူမျိုးအတွက် သုံးပုံမှာတစ်ပုံလောက်က ရေကြည်ရာ မြက်နုရာ သွားရောက်အလုပ်လုပ်ကိုင်နေရတယ်။ ကျွန်တော်တို့အနေနဲ့ ဒီလိုမျိုးအခွင့်အရေးကြုံတုန်းမှာ ကိုယ့်ဒေသကိုတိုးတက်အောင် မလုပ်နိုင်ဘူးဆိုရင် နိမ့်ကျတဲ့အနေအထားကနေ ရုန်းထွက်ဖို့ မလွယ်ဘူး”ဟု ပြောကြားသည်။

ရခိုင်ပြည်နယ်၌ ဒေသခံအများစုသည် ရေလုပ်ငန်းနှင့် လယ်ယာလုပ်ငန်းကို အဓိကထားလုပ်ကိုင်နေကြပြီး ရခိုင်–ဘင်္ဂါလီပဋိပက္ခဖြစ်ပွားပြီးနောက်ပိုင်း ရခိုင်တိုင်းရင်းသားများအတွက် အလုပ်အကိုင်ရှားပါးမှု ပိုမိုဖြစ်ပွားလာပြီး အခြားတိုင်းဒေသကြီး၊ ပြည်နယ်များနှင့်ပြည်ပသို့ သွားရောက် အလုပ်လုပ်ကိုင်နေရခြင်းဖြစ်ကြောင်း ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်မှဦးဝေသာထွန်းက ဆက်လက်ပြောကြားခဲ့သည်။

ထို့နောက်ရခိုင်အမျိုးသား ကွန်ရက်မှ ဥက္ကဋ္ဌ ကိုတင်ထူးအောင်ကလည်း “ဒီကိစ္စက အရင်ကတည်းက ဖြစ်နေတာပါ။ ဒါပေမယ့် အကြမ်းဖက်မှုဖြစ်ပြီးတဲ့နောက်ပိုင်းမှာ ပိုဆိုးလာတာပေါ့။ ဒီပြဿနာတွေဟာ လက်ရှိအစိုးရရဲ့ စီမံအုပ်ချုပ်မှုတွေ လွဲမှားနေလို့ပဲဖြစ်ပါတယ်။ ဒါကိုအစိုးရအနေနဲ့ အလေးထားဆောင်ရွက်ဖို့လိုတယ်။ နောက်ပြီး ရခိုင်ဒေသမှာ အလုပ်အကိုင်အခွင့်အလမ်းတွေ ဖော်ဆောင်ပေးတာမျိုး၊ ရင်းနှီးမြှုပ်နှံမှု ဥပဒေကိုပြင်ဆင်တာမျိုး၊ ကျွန်တော်တို့ကိုယ်တိုင်ကလည်း ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေကို ရဲရဲဝင့်ဝင့်တောင်းဆိုတာမျိုးတွေလုပ်သင့်တယ်လို့ ထင်ပါတယ်”ဟု ပြောသည်။

၂၀၁၂ ခုနှစ် ဇွန်လတွင် တစ်ကြိမ်၊ အောက်တိုဘာလတွင် တစ်ကြိမ် ရခိုင်ပြည်နယ်အတွင်း နေထိုင်ကြသည့် ဌာနေ ရခိုင်တိုင်းရင်းသားများနှင့် ဘင်္ဂါလီတို့အကြား အကြမ်းဖက်မှုများ ဖြစ်ပွားခဲ့ရာ သေဆုံးသူ ၁၆၇ ဦး၊ ဒဏ်ရာရသူ ၂၂၃ ဦးရှိခဲ့ပြီး အိုးအိမ်နှင့် အခြားအဆောက်အအုံပေါင်း ၁၀၁၀၀ လုံး ပျက်စီးဆုံးရှုံးခဲ့ကြောင်းထုတ်ပြန်ချက်အရသိရသည်။

ထို့ပြင် အဆိုပါ ပဋိပက္ခဖြစ်စဉ်ကြောင့် ဒုက္ခရောက်နေကြရသည့် လူဦးရေ တစ်သိန်းကျော် သာမက ရခိုင်ပြည်နယ်အတွင်း နေထိုင်ကြသည့် ပြည်သူ ၃၂ သိန်းမှာလည်း စိတ်ချလုံခြုံမှုမရှိဘဲ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် ကူးသန်းရောင်းဝယ်မှုလုပ်ငန်းများအားလုံး ရပ်ဆိုင်းသည့်အခြေအနေနှင့်ရင်ဆိုင်နေရပြီးပဋိပက္ခဖြစ်စဉ်ဖြစ်ပေါ်ခဲ့ခြင်း မရှိသော ရခိုင်ကျေးရွာများနှင့် ဘင်္ဂါလီကျေးရွာအချို့တွင်လည်းကူးသန်းရောင်းဝယ်မှုရပ်ဆိုင်းခဲ့ခြင်းကြောင့် စားနပ်ရိက္ခာပြတ်လပ်မှုနှင့် ရင်ဆိုင်နေရကြောင်း ၂၀၁၂ ခုနှစ် နှစ်ကုန်ပိုင်းက နိုင်ငံတော်သမ္မတဦးသိန်းစိန်က ပြောကြားထားသည်။

မြန်မာနိုင်ငံရှိ ပြည်နယ်နှင့် တိုင်းဒေသကြီးများအနက် ချင်းပြည်နယ်သည် ဖွံ့ဖြိုးမှုအနိမ့်ကျဆုံးဖြစ်ပြီး ရခိုင်ပြည်နယ်မှာ ဖွံ့ဖြိုးမှုဒုတိယအနိမ့်ကျဆုံးနေရာတွင်ရှိနေကြောင်း သိရသည်။

***နန်းစုနှင်းထွေး၊ သန်းထိုက်အောင်၊ ကောင်းသန့်***

## မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်ပိုင် ဆင်မင်းဘိလပ်မြေစက်ရုံ အတွက် မြေငါးကေကျော်ကို တစ်နှစ်လျှင် ကျပ်ထောင်ဂဏန်းဖြင့် ပြည်ထဲရေးဝန်ကြီးဌာနမှ မြေငှားဂရန်ထုတ်ပေး

မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်ပိုင်ဆင်မင်းဘိလပ်မြေစက်ရုံအတွက် မြေငါးကေကျော်ကို တစ်နှစ်လျှင် ကျပ်ထောင်ဂဏန်းဖြင့် ပြည်ထဲရေးဝန်ကြီးဌာနက မြေငှားဂရန် ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်ရှိ မြေဧရိယာ ၃ ဒသမ ၀၇ ဧကကို ဆင်မင်းဘိလပ်မြေစက်ရုံ(အဆောက်အဦနှင့်ကားရပ်နားရန် မြေ)အဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခကျပ် ၄၄၄၀ နှုန်းဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်အမည်ဖြင့် ပြည်ထဲရေးဝန်ကြီးဌာနမှ နှစ် ၃၀ မြေငှားဂရန် ထုတ်ပေးခဲ့ကြောင်း သိရှိရသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် ဖျောက်ဆိပ်ပင်ကျေးရွာအုပ်စုရှိ မြေ ၁ ဒသမ ၈၆ဧကအား ဆင်မင်းဘိလပ်မြေစက်ရုံ(သဘာဝဓာတ်ငွေ့ထိန်းဖြန့်စခန်း)မြေအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခကျပ် ၂၂၃၂ ဖြင့် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်အမည်ဖြင့် ပြည်ထဲရေးဝန်ကြီးဌာနမှပင် စက်မှုမြေငှားဂရန်ထုတ်ပေးခဲ့ကြောင်း သိရှိရသည်။

ပြည်ထဲရေးဝန်ကြီးဌာနက လက်ပံတောင်းတောင်မြေအပါအဝင် မြေဧက ၈၀၀၀ နီးပါးအား တစ်နှစ်လျှင် မြေငှားရမ်းခကျပ် ၂၈ သိန်းကျော်ဖြင့် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၊ ကြေးနီသတ္တုတွင်းလုပ်ငန်း(မုံရွာ) အမည်ဖြင့် နှစ် ၆၀ မြေငှားဂရမ် ထုတ်ပေးခဲ့ဖူးကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ဆားလင်းကြီးမြို့နယ်၊ တောင်ပလူ၊ မိုးကြိုးပြင်၊ ရွာရှည်၊ လက်ပံတောင်း၊ တုံနှင့်ဖောင်းကတာကျေးရွာအုပ်စုရှိ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီလက်ထက် လ/န-၃၉ ကျပြီးဖြစ်သောကွင်း ၁၈ကွင်းအနက်မှ မြေဧရိယာ ၂၈၁၀ ဧကနှင့်လက်ပံတောင်းတောင်ကွင်း၊ လိပ်ခွံတောင်ကွင်း၊ ဆည်တည်းကွင်း၊ ဇီးတော၊ ပလူကုန်း၊ ကျောက်ဖြူတိုင်၊ သက်ကယ်ကျင်း၊ ဖောင်းကားမြောက်၊ ဝက်မွေးတောင်၊ တောင်ပလူ၊ ရွှေလှေအနောက်၊ လက်ပံတောင်းအနောက်၊ တုံအနောက်ကွင်းတို့မှ လယ်မြေ၊ ယာမြေဧကနှစ်ခုပေါင်း ၅၀၅၇ ဧက၊ စုစုပေါင်း ၇၈၆၇ ဧကအား တစ်နှစ်လျှင် မြေငှားရမ်းခ ၂၈၃၂၁၂၀ ကျပ်နှုန်းဖြင့် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၊ ကြေးနီသတ္တုတွင်းလုပ်ငန်း(မုံရွာ) အမည်ဖြင့် နှစ် ၆၀ မြေငှားဂရန်ကို ပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပေးခဲ့သည်ဟု သိရသည်။

## ဘဏ္ဍာနှစ်ကုန်ရန်လိုသေးသော်လည်း မြန်မာနိုင်ငံ၏ နယ်စပ်ကုန်သွယ်မှုပမာဏ ယခင်နှစ်ပမာဏကို ကျော်လွန်ကာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၄ ဘီလျံကျော်အထိမြင့်တက်လာ



လိုင်စင်မဲ့တင်သွင်းလာသည့် ကုန်ပစ္စည်းများအား မိုဘိုင်းအဖွဲ့မှစစ် ဆေးနေစဉ်

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်ကုန်ဆုံးရန်လိုသေးသော်လည်း မြန်မာနိုင်ငံ၏ နယ်စပ်ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၄ ဘီလျံကျော်အထိမြင့်တက်လာပြီး ယခင်နှစ်တစ်နှစ်လုံးကုန်သွယ်မှုပမာဏထက် ပိုမိုမြင့်တက်လာခဲ့ခြင်းဖြစ်ကြောင်း နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနမှ သိရှိရသည်။

၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်က တစ်နှစ်လုံးကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၃ ဘီလျံကျော်သာရှိသော်လည်း ယခုနှစ်တွင် ဘဏ္ဍာနှစ်မကုန်ဆုံးမီအချိန်၌ပင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၄ ဘီလျံကျော်အထိ မြင့်တက်ကာ ယခင်နှစ်ကထက်သန်း ၁၀၀ နီးပါးပိုမိုမြင့်တက်ခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် တရုတ်၊ ထိုင်းနယ်စပ်များမှသာအဓိကကုန်သွယ်မှုပြုလုပ်ပြီးတရုတ်နိုင်ငံနှင့်ကုန်သွယ်မှုအများဆုံးဖြစ်သည်ဟု ထုတ်ပြန်ထားသည်။

တရုတ်နိုင်ငံဖြင့် မူဆယ်၊ ကန်ပိုက်တီး၊ ချင်းရွှေဟော်၊ လွယ်ဂျယ်နယ်စပ်စခန်းလေးခုဖြင့်ကုန်သွယ်ခြင်းဖြစ်ပြီး ယခုနှစ်တွင်မတ်လ ၈ရက်နေ့အထိ အမေရိကန်ဒေါ်လာ ၂ ဒသမ ၉ ဘီလျံနီးပါးဖိုးကုန်သွယ်ထားကြောင်း၊ မြန်မာနိုင်ငံနယ်စပ်ကုန်သွယ်မှုပမာဏစုစုပေါင်း၏ ၈၃ ရာခိုင်နှုန်းအားတရုတ်နှင့်ကုန်သွယ်ခြင်းဖြစ်ကြောင်းထုတ်ပြန်ထားသည်။

ထိုင်းနိုင်ငံဖြင့် ကုန်သွယ်ရာတွင် တာချီလိတ်၊ မြဝတီ၊ ကော့သောင်း၊ မြိတ်၊ နဘုလယ်၊ ထီးခီးနယ်စပ်ကုန်သွယ်ရေးစခန်းများဖြင့် ကုန်သွယ်လျှက်ရှိပြီး မတ်လ ၈ ရက်နေ့အထိ အမေရိကန်ဒေါ်လာ ၅၁၅ သန်းကျော်ဖိုးကုန်သွယ်ထားသည်ဟုသိရသည်။

ကချင်ပြည်နယ်အခြေအနေကြောင့် ယခုနှစ်၌မူဆယ်နှင့် ကန်ပိုက်တီးနယ်စပ်ထွက်ပေါက်များမှယခင်နှစ်ကထက်ကုန်သွယ်မှုလျော့ကျခဲ့သော်လည်း လွယ်ဂျယ်နှင့်ချင်းရွှေဟော်ဂိတ်ပေါက်များမှ ပိုမိုကုန်သွယ်ခဲ့ကြောင်း သိရသည်။

ရခိုင်ပြည်နယ်အခြေအနေကြောင့် ဘင်္ဂလားဒေ့ရှ်ဖြင့် ကုန်သွယ်မှုယခင်နှစ်ကထက်လျော့ကျခဲ့သည်။ ထိုသို့လျော့ကျသော်လည်း ယခုနှစ်တွင်နယ်စပ်ကုန်သွယ်ရေးလမ်းများတစ်လျှောက် Mobile Teamများဖြင့် မှောင်ခိုဖမ်းဆီးခြင်း၊ တရားဝင်ကုန်သွယ်ရန်အတွက် ပညာပေးကာလသတ်မှတ်လုပ်ကိုင်ခဲ့ခြင်းများကြောင့် ကုန်သွယ်မှုပမာဏလျော့ကျသွားခြင်းမရှိဘဲပိုမိုရရှိခဲ့ခြင်းဖြစ်သည်။တရုတ်နယ်စပ်မှတစ်ဆင့် အများဆုံးကုန်သွယ်နေသည့် ကျောက်စိမ်းကျောက်မျက်နှင့်သစ်လုံးများ မှောင်ခိုမှုကို ထိရောက်စွာတားဆီးနိုင်ပါက အမေရိကန်ဒေါ်လာဘီလျံဖြင့်ချီကာ ထပ်မံမြင့်တက်မည်ဟုလည်း သုံးသပ်ထားကြောင်းသိရသည်။ **ချမ်းမြေ့သူ**

**မြန်မာနိုင်ငံ၏ နှစ်အလိုက်နယ်စပ်ကုန်သွယ်မှုပမာဏ(အမေရိကန်ဒေါ်လာ၊ သန်း)**

| ခုနှစ် | ပို့ကုန် | သွင်းကုန် | စုစုပေါင်း |
|---|---|---|---|
| ၂၀၀၇-၂၀၀၈ | ၇၄၆·၆၈ | ၅၈၂·၈၅ | ၁၃၂၉·၅၃ |
| ၂၀၀၈-၂၀၀၉ | ၆၅၇·၃၀ | ၆၉၁·၀၈ | ၁၃၄၈·၃၈ |
| ၂၀၀၉-၂၀၁၀ | ၆၆၄·၃၅ | ၇၁၉·၃၃ | ၁၃၈၃·၆၈ |
| ၂၀၁၀-၂၀၁၁ | ၁၁၁၄·၃၄၆ | ၁၀၁၅·၈၄၃ | ၂၁၃၀·၁၈၉ |
| ၂၀၁၁-၂၀၁၂ | ၂၀၂၈·၃၉၄ | ၁၃၃၉·၆၀၄ | ၃၃၆၇·၉၉၈ |
| ၂၀၁၂-၂၀၁၃(မတ် ၈ ရက်) | ၂၀၅၀·၅၁၉ | ၁၃၈၂·၉၉၆ | ၃၄၃၃·၅၁၅ |

**မျက်နှာဖုံး"နိုင်ငံပိုင် မြေကွက်၊ လုပ်ငန်း၊ စက်ရုံ၊ အဆောက်အအုံစုစုပေါင်း ၂၂၅၇ ခုအား ပုဂ္ဂလိကလုပ်ငန်းရှင်ကြီးများမှ . . . သတင်းမှအဆက်**

နိုင်ငံပိုင်မြေကွက်၊ လုပ်ငန်း၊ စက်ရုံ၊ အဆောက်အအုံများအား ပုဂ္ဂလိကပိုင်ပြုလုပ်ရာတွင် အခွန်ကြီးမားစွာတိမ်းရှောင်ထားမှု၊ နိုင်ငံတော်သို့ ပေးသွင်းရန်ကျန်သည်များကို မပေးသွင်းမှု၊ ဘဏ်ချေးငွေရမှပေးဆပ်မည်ဟူ၍လုပ်ဆောင်နေမှု စသည့်အချက်များပါဝင်သည့် အစီရင်ခံစာအား အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီမှ ထုတ်ပြန်ခဲ့ကြောင်း သတင်းရရှိပါသည်။

အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီမှဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၄၇(က)အရလည်းကောင်း၊ အမျိုးသားလွှတ်တော်ဥပဒေပုဒ်မ ၂၁ အရလည်းကောင်း ပေးအပ်ထားသည့်တာဝန်နှင့် လုပ်ပိုင်ခွင့်များအရစိစစ်လုပ်ထားသည့် အဆိုပါအစီရင်ခံစာကို ပထမအကြိမ်အမျိုးသားလွှတ်တော်၊ ဆဋ္ဌမပုံမှန်အစည်းအဝေးသို့တင်သွင်းခဲ့သည်ဟု သိရသည်။

### တစ်နိုင်ငံလုံးကို အပေါ်ဆုံးဈေးနဲ့ ခွဲယူလိုက်တဲ့ ပုဂ္ဂလိကပိုင်ရဲ့ နိဒါန်း

နိုင်ငံပိုင်မြေကွက်၊ လုပ်ငန်း၊ စက်ရုံ၊ အဆောက်အဦများကို ယခင်အစိုးရလက်ထက်မှ ယခုအစိုးရသစ်လက်ထက်အထိ ပုဂ္ဂလိကပိုင်ပြုလုပ်ခဲ့ရာတွင် ခေတ်ကာလပေါက်ဈေးထက်များစွာနိမ့်သည့်ဈေး၊ များစွာပေါသည့်ဈေးဖြင့် ရယူသွားခြင်းများရှိခဲ့သည်။

ရောင်းအားကောင်းပြီး အမြတ်များသည့် စက်သုံးဆီဆိုင်များအား ရယူရာတွင်ဆိပ်ကမ်းမြို့နယ်၊ ဗဟန်းမြို့နယ်၊ စမ်းချောင်းမြို့နယ်ကဲ့သို့သော မြေတန်ဖိုးကျပ်သိန်းပေါင်းများစွာမြင့်မားသည့်နေရာများမှ စက်သုံးဆီဆိုင်များကိုကျပ်သိန်း ၂၅၀ ဝန်းကျင်ဖြင့် လည်းကောင်း၊ ကျပ်သိန်း ၄၀၀ ဝန်းကျင်ဖြင့်လည်းကောင်း ရရှိသွားသူများရှိသည်။ (အားလုံးမဟုတ်ပဲ လျော် ညီသည့်ဈေးဖြင့် ရယူခဲ့သူများလည်း ရှိပါသည်)

မီးရထားပိုင်မြေထဲတွင် ကျရောက်သည့် စက်သုံးဆီဆိုင်များအတွက် မြန်မာ့မီးရထားအနေဖြင့် မြေတန်ဖိုးပြန်လည်တောင်းခံသည့်အခါ နယ်မြို့အချို့မှ စက်သုံးဆီဆိုင်များဆိုလျှင် တစ်ဆိုင်အတွက် ကျပ် ၅ သိန်းသာ ပေးသွင်းရရှိသည်များ ရှိခဲ့သည်။



တစ်စတုရန်းပေလျှင် ၅၆၂၆ ကျပ်ဖြင့် ပုဂ္ဂလိက လုပ်ငန်းရှင်တစ်ဦးမှ ရယူနိုင်ခဲ့သော ရန်ကုန်မြို့ သာကေတမြို့နယ် ရှုခင်းသာလမ်းရှိ ၁၀ ဧကကျော် ကျယ်ဝန်းသည့် မြေကွက်နှင့်အဆောက်အအုံအား တွေ့ရစဉ် (ဓာတ်ပုံ - အောင်ဇော်ထွန်း)

**ရန်ကုန်မြို့ ရှုခင်းသာလမ်းရှိ ၁၀ ဧကကျော် ကျယ်ဝန်းသည့် မြေကွက်အား နာမည်ကြီးလုပ်ငန်းရှင်တစ်ဦးမှ တစ်စတုန်းပေလျှင် ၅၆၂၆ ကျပ်ဖြင့် ရရှိသွားခြင်းဖြစ်ပြီး စက်ရုံပေါင်းများစွာ၊ ရန်ကုန်မြို့အချက်အချာကျနေရာများစွာရှိ မြေကွက်များ၊ လုပ်ငန်းများအား ထိုသို့ပင်ဈေးပေါပေါဖြင့် ရယူသွားကြခြင်း ဖြစ်ပါသည်။**

**လူတိုင်းဈေးပေါပေါဖြင့်မရသော်လည်း ရသွားသူများရှိသည်ကိုသာ ဆိုလိုခြင်းဖြစ်ပြီး အချို့အမှန်တစ်ကယ် အလုပ်လုပ်ရန် . . .**

ဟိုတယ်လုပ်ငန်းဆိုပါကလည်း အင်းလေးခေါင်တိုင်ဟိုတယ်ကဲ့သို့ အကွက်အကွင်းကျ၊ ကျယ်ဝန်းသည့် မြေကွက်ပါဝင်သော ဟိုတယ်အား တစ်စတုရန်းပေလျှင် ကျပ် ၇၇၀၀ ကျော်လေးဖြင့်ရရှိသွားသည်။ ရန်ကုန်မြို့၏အထင်ကရနေရာဖြစ်သော ကန်တော်ကြီးအတွင်းရှိ ၅ ဒသမ ၅၀၇ ဧကကျယ်ဝန်းသည့် ကန်တော်ကြီးပဲလေ့စ်ဟိုတယ်အား ကျပ်သန်း ၂၈၄၃၆ ဒသမ ၈၆၈ ဖြင့် ရရှိခဲ့သည်များ ရှိခဲ့သည်။

ထို့ထက်ပို၍ ရန်ကုန်မြို့ ရှုခင်းသာလမ်းရှိ ၁၀ ဧကကျော် ကျယ်ဝန်းသည့်မြေကွက်အား နာမည်ကြီးလုပ်ငန်းရှင်တစ်ဦးမှ တစ်စတုန်းပေလျှင် ၅၆၂၆ ကျပ်ဖြင့် ရရှိသွားခြင်းဖြစ်ပြီး စက်ရုံပေါင်းများစွာ၊ ရန်ကုန်မြို့အချက်အချာကျ နေရာများစွာရှိ မြေကွက်များ၊ လုပ်ငန်းများအား ထိုသို့ပင် ဈေးပေါပေါဖြင့်ရယူသွားကြခြင်းဖြစ်ပါသည်။

လူတိုင်းဈေးပေါပေါဖြင့် မရသော်လည်း ရသွားသူများရှိသည်ကိုသာဆိုလိုခြင်းဖြစ်ပြီး အချို့အမှန်တစ်ကယ်အလုပ်လုပ်ရန် အဆိုပြုလွှာတင်သူများမှာမူ တန်ရာတန်ကြေးပေးဝယ်ခဲ့ရသူများလည်းရှိခဲ့သည်။

### နိုင်ငံပိုင်ကျန်တာ ၃၄ ရာခိုင်နှုန်း ပုဂ္ဂလိက လက်ထဲပိုက်သွားတာ ၆၆ ရာခိုင်နှုန်း

တန်သည့်ဈေး၊ မတန်သည့်ဈေး မည်သည့်ဈေးများဖြင့်ရရှိသည်ဖြစ်စေ ယခုအစီရင်ခံစာအရဆိုလျှင် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်နှင့်နိုင်ငံပိုင်ပစ္စည်းများစီမံခန့်ခွဲမှုကော်မတီနှစ်ခုမှနိုင်ငံပိုင်မြေကွက်များ၊ လုပ်ငန်းများ၊ စက်ရုံများ၊ အဆောက်အအုံများအား ပုဂ္ဂလိကသို့လွှဲပြောင်းရောင်းချခဲ့သည့်အရေအတွက်မှာ ၂၂၅၇ ခုဖြစ်ပြီး ထပ်မံရောင်းချရန်အတွက် ၁၁၇၅ ခုသာရှိသည်။

ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်နှင့် နိုင်ငံပိုင်ပစ္စည်းများ စီမံခန့်ခွဲမှုကော်မတီနှစ်ခု၏ လက်ဝယ်တွင် နိုင်ငံပိုင်ကျန်ရှိမှုမှာ ရာခိုင်နှုန်းအားဖြင့် ၃၄ ရာခိုင်နှုန်းဝန်းကျင်သာရှိတော့ပြီး ပုဂ္ဂလိကလက်ဝယ်သို့ ၆၆ ရာခိုင်နှုန်းနီးပါး ရောက်ရှိသွားပြီဖြစ်သည်။

### ငွေမရှိပေမယ့် ရသလောက်ဦးအောင်ယူတဲ့လက်ဝါးကြီးအုပ်ခဲ့တဲ့ခေလ့ ပေါ်ပြီ

ပုဂ္ဂလိကမှရရှိသွားသည့် ၂၂၅၇ ခုအတွက် နိုင်ငံတော်ကရရှိမည့် ငွေတန်ဖိုးမှာ ကျပ် ၁၂၆၈ ဘီလျံနီးပါးဖြစ်ပြီး ၂၀၁၃ ခုနှစ် ဇန်နဝါရီလ ၁၆ ရက်နေ့အထိကျပ် ၁၇၇ ဘီလျံနီးပါး (ကျပ်သန်း ၁၇၆၄၇၆ ကျော်) မှာပေးသွင်းရန် ကျန်နေဆဲဖြစ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

အချို့မှာ ပုဂ္ဂလိကပိုင်ပြုလုပ်စဉ်ကအဆိုပြုလွှာခေါ်ယူခဲ့သည့် ဧရိယာနှင့် မြေပြင်ဧရိယာမကိုက်ညီ၍ ပေးသွင်းရန် ကြန့်ကြာခြင်းဟု သိရသော်လည်း အချို့မှာ သီးသန့်မသွင်းသူများလည်းရှိသည်ဟု သိရသည်။

လုပ်ငန်းရှင်များအနေဖြင့် ပုဂ္ဂလိကပိုင်ပြုလုပ်စဉ်က ငွေကြေး ရှိ၊ မရှိထက် ဦးအောင်ယူထားသည့်အလေ့အထရှိကြောင်း၊ စက်ရုံ၊ မြေကွက်၊ အဆောက်အအုံများအားရသလောက်လေလံဆွဲခဲ့ကြကြောင်း၊ လေလံအောင်၍ ငွေမသွင်းနိုင်လျှင်လည်း ပြဿနာတစ်စုံတစ်ရာမရှိဘဲ လေလံအောင်ထားသည့် စက်ရုံ၊ မြေကွက်၊ အဆောက်အအုံများအား ဘဏ်များတွင် ပြန်ပေါင်၍ ငွေယူကာ ပေးသွင်းခြင်းဖြင့် ငွေမပြည့်သော်လည်း အေးအေးဆေးဆေးဖြင့် စက်ရုံ၊ မြေကွက်ပိုင်သွားသူများရှိသည်။

တန်ဖိုးနည်းဖြင့် ရရှိသွားသူများအနေဖြင့် ထိုသို့ပြုလုပ်ထားခြင်းဖြင့် တန်ဖိုးမြင့်တက်သည့်အခါ ရရှိသည့် အကျိုးအမြတ်မှာ ဘဏ်တိုးထက်ပိုသည့်အတွက်လည်း အကျိုးအမြတ်များကြသည်။

ကော်မတီအစီရင်ခံစာတွင် ဘဏ်ချေးငွေရရှိမှငွေပေးချေမည်ဟူသော ကတိကဝတ်မှာလည်း လိုက်လျော

စာမျက်နှာ(၆)သို့ ➤ ➤ ➤

*စာမျက်နှာ(၅)မှအဆက်* ➢ ➢ ➢

လွန်းရာရောက်သည်ဟု သုံးသပ်အကြံပြုထားချက်မှာ ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်းများအတွက် သတိပြုစရာအချက်အဖြစ်ရှိနေသည်။

### အခွင့်အရေးတွေ တစ်လှေကြီး ရပြီးပေမယ့်လည်း ပြည်သူ့ဘဏ္ဍာအပေါ် ထပ်ဖောက်ဖျက်တာလား

နိုင်ငံပိုင် ၂၂၅၇ ခုအား ပုဂ္ဂလိကမှရယူသွားသော်လည်း အမှန်တစ်ကယ် အခွန်ပေးဆောင်ခဲ့သည့်လုပ်ငန်း၊ မြေကွက်၊ အဆောက်အအုံစုစုပေါင်းမှာ ၃၃၁ ခုသာရှိသေးသည်ဟု စိစစ်ထားချက်များအပေါ် ကော်မတီမှ အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြထားသည်။

အမှုတွဲပေါင်း ၃၃၁ ခုအတွက် အခွန်ငွေပေးသွင်းခဲ့သည့်ပမာဏမှာလည်း ကျပ် ၁၄ ဒသမ ၉၆၉ ဘီလျံကျော်သာရှိကြောင်းဖော်ပြထားသည်။

အဆိုပါ ၃၃၁ ခုတွင်လည်း အချို့မှာ ဝင်ငွေခွန်/အမြတ်ခွန် လုံးဝမပေးဆောင်ပဲပြီးစီးခြင်း၊ အချို့မှာ ဝင်ငွေခွန်/အမြတ်ခွန်သာကောက်ခံပြီး တံဆိပ်ခေါင်းခွန်မကျသင့်သောအမှုတွဲများရှိခြင်း၊ အချို့မှာ တံဆိပ်ခေါင်းခွန်သာကျသင့်ပြီး ဝင်ငွေခွန်/အမြတ်ခွန်စည်းကြပ်မှုမပြုသည့်အမှုများလည်းရှိခဲ့သည်ဟုသိရသည်။

ထိုသို့ဆိုလျှင် အမှန်တစ်ကယ်တန်း ၂၂၅၇ ခုလုံးသာပေးသွင်းခဲ့ပါက နိုင်ငံတော်အစိုးရမှ ပြည်သူအတွက် ပြန်လည်သုံးစွဲရမည့် ဘတ်ဂျက်အတွင်းသို့ အခွန်ငွေကျပ်ဘီလျံမည်မျှဝင်ရောက်မည်ကို တွက်ချက်နိုင်မည်ဖြစ်ပြီး အခွင့်အရေးများရရှိခဲ့သည့်တိုင် ပြည်သူပြန်လည်ရရှိမည့် အခွန်အပေါ်၌ မည်မျှထပ်မံဖောက်ဖျက်ထားသည်ကိုတွေ့နိုင်မည်ဖြစ်သည်။

ပုဂ္ဂလိကပိုင်ပြုလုပ်ခဲ့သည်မှာ ၂၀၀၈ ခုနှစ်နောက်ပိုင်းတွင် အများဆုံးဖြစ်ရာ အခွန်မဆောင်ဘဲ ရယူလုပ်ကိုင်နေသည်မှာ လေးနှစ်အထိရှိပြီဖြစ်သည်။

### တစ်ချက်တည်းပြန်ထောက်တဲ့ ပြည်တွင်းအခွန်

ပုဂ္ဂလိကပိုင် ပြုလုပ်ထားသည့်အရေအတွက်နှင့် ရရှိသည့်အခွန်ပမာဏနည်းပါးရခြင်းအပေါ် ဖေဖော်ဝါရီလ ၂၂ ရက်နေ့က ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်၊ အိမ်ရာစီမံကိန်းများရှိအဆောက်အဦများနှင့် မြေယာကွက်များ စီမံခန့်ခွဲမှုကော်မတီနှင့် ပြည်တွင်းအခွန်မှ တာဝန်ရှိသူများအားခေါ်ယူတွေ့ဆုံမေးမြန်းခဲ့ကြောင်း



ကျပ်သန်း ၅၆၇၀၀ ကျော်ဖြင့် လေလံအောင်ခဲ့သော်လည်း မြေဧရိယာအပြည့်မရ၍ ဝယ်ယူခြင်းမပြုခဲ့သည့် ပဒုမ္မာဇာတ်ရုံကို တွေ့ရစဉ် (ဓာတ်ပုံ - အောင်မျိုးသန့်)

သိရသည်။

ထိုသို့တွေ့ဆုံခဲ့ရာ ပုဂ္ဂလိပိုင်ပြုလုပ်ရေးနှင့်နိုင်ငံပိုင်သိမ်းဆည်းထားသောပစ္စည်းများ၊ အိမ်ရာစီမံကိန်းများရှိအဆောက်အဦများနှင့် မြေယာကွက်များ စီမံခန့်ခွဲမှုကော်မတီတို့မှ လွှဲပြောင်းရောင်းချဝယ်ယူခဲ့သည့် ပုဂ္ဂိုလ်အမည်စာရင်းများမရရှိကြောင်း တွေ့ရှိရသည်ဟု ဖော်ပြထားသည်။

မည်သူက မည်သည့်ဈေးဖြင့် မည်သည့်နေရာအား ရရှိသွားသည်ဆိုခြင်းကို ပွင့်လင်းမြင်သာစွာ ထုတ်ပြန်ပေးမှုမရှိခြင်းမှာလည်း ယခင်ကတည်းက လေလံဆွဲဝယ်ယူသည့် နေရာ၌ဖြစ်စေ အဆိုပြုလွှာခေါ်ယူ၍ ရောင်းချသည့်နေရာများ၌ဖြစ်စေ အမြဲတစေကျင့်သုံးလာသည့်စနစ်ကဲ့သို့ ဖြစ်နေသည်။

ငွေလာသွင်းဟု အကြောင်းကြားလျှင် လေလံအောင်သည်၊ စပေါ်ငွေလာထုတ်ခိုင်းလျှင် လေလံမအောင်ဟုပင်သိထားရပြီး မည်၍မည်မျှဖြင့် အောင်သည်ဆိုခြင်းကို သိရှိရမှုနည်းပါးသည်။ တစ်ခါတစ်ရံသာလျှင် ထုတ်ပြန်လေ့ရှိသည်။

ဝယ်ယူသွားသည့် ပုဂ္ဂိုလ်များ စာရင်းအားထုတ်ပြန်မပေးသည့် အတွက် အခွန်ကောက်ခံပေးရမည့် ပြည်တွင်းအခွန်ဦးစီးဌာနအနေဖြင့် မည်သို့မျှကောက်ခံနိုင်မည်မဟုတ် သကဲ့သို့ ထို့အတွက်လည်း အခွန်ရရှိမှုနည်းပါးရခြင်းဆိုသည့်အခြေအနေမှန်ကို ယခုအစီရင်ခံစာပါအချက်က ကွက်ကွက်ကွင်းကွင်းဖော်ပြပေးထားသည်။

> **အခွန်ရရှိမှုနှုန်းကောင်းမွန်သည့် အစိုးရတို့သည် နိုင်ငံနှင့် အများပြည်သူအတွက် ရေတိုရေရှည်စီမံကိန်းပေါင်းများစွာ အကောင်အထည်ဖော်ဆောင်ပေးနိုင်ခြင်း၊ အချိန်တိုအတွင်း အများပြည်သူအတွက် လိုအပ်သည့်အခြေခံအဆောက်အဦများ တည်ဆောက်ပေးနိုင်ခြင်းတို့ကြောင့် ပြည်သူတို့၏ လိုအပ်ချက်ကိုဖြည့်ဆည်းရင်းဖြင့် ပြည်သူ့ယုံကြည်မှုကို အရှည်သဖြင့် ရရှိမည်ဖြစ် ． ． ．**

### အခွန်ရှောင်ထားသူအားလုံး အခွန်ပြန်ကောက်ဖို့ ကော်မတီအကြံပြုပြီ

အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီအနေဖြင့် ပုဂ္ဂလိကပိုင်ပြုလုပ်စဉ်က မြေကွက်၊ စက်ရုံ၊ လုပ်ငန်း၊ အဆောက်အအုံများ ရယူထားပြီး အခွန်မပေးသူအားလုံးအား အခွန်ပြန်ကောက်ရန် အကြံပြုထားကြောင်း သိရသည်။

အစီရင်ခံစာ၏ ကော်မတီသုံးသပ်အကြံပြုချက်ခေါင်းစဉ်အောက်ရှိ အပိုဒ် ၂၃ တွင် 'ပြည်တွင်းအခွန်များဦးစီးဌာနမှ တည်ဆဲဥပဒေများနှင့်အညီ ကျန်ရှိသော အမှုတွဲများကို ဆက်လက်အခွန်ကောက်ခံသွားရန် ဖြစ်ပါသည်'ဟူသော အချက်ကို ထည့်သွင်း ဖော်ပြခဲ့ပါသည်။

### အကြွေးကျန်သူနဲ့ အခွန်ရှောင်သူတွေ စာရင်း လွှတ်တော်တင်တော့မလား

ကော်မတီအနေဖြင့် ထပ်မံ၍ ရရန်ကျန်ရှိသည့် ရောင်းရငွေစာရင်းများ၊ အခွန်ကောက်ခံရရှိမှုအခြေအနေများကို လွှတ်တော်သို့တင်ပြပေးရန်အတွက်လည်း အစီရင်ခံစာတွင် ဖော်ပြခဲ့သည်ဟု သိရသည်။

အစီရင်ခံစာ၏ ကော်မတီသုံးသပ်အကြံပြုချက်ခေါင်းစဉ်အောက်ရှိ အပိုဒ် ၂၃ တွင် 'ရရန်ကျန်ရှိသောရောင်းရငွေများ၊ ကောက်ခံရန်ကျန်ရှိသော အမှုတွဲများအပေါ်မှ အခွန်ကောက်ခံပြီးစီးမှုအခြေအနေများကို လွှတ်တော်သို့ တင်ပြပေးရန် ဖြစ်ပါသည်'ဟူသောအချက်ကိုလည်းထည့်သွင်းထားခဲ့သည်။

### အသိအမှတ်ပြုရမယ့် ကော်မတီရဲ့ အစီရင်ခံစာ

အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ ယခုအစီရင်ခံစာမှာ အသိအမှတ်ပြုရမည့် အစီရင်ခံစာအဖြစ်သုံးသပ်ကြသည်။

အဓိကအချက်အနေဖြင့် နိုင်ငံတော်တွင် အများပြည်သူစီမံကိန်းများအတွက် လိုအပ်နေသည့် အခွန်ဘဏ္ဍာကျပ်ဘီလျံပေါင်းများစွာမှာ ယခုအစီရင်ခံစာကြောင့်ရရှိတော့မည်ဖြစ်သည်။ အနှစ်နှစ်အလလ အခွန်မပေးဆောင်ခဲ့သည့်ပမာဏများပြန်လည်ရရှိမည်ဖြစ်သည်။

အခွန်ရရှိမှုအတွက် ကော်မတီမှမဆွေးနွေးမီ အခွန်ပေးဆောင်ထားသည့် ပမာဏမှာ ကျပ် ၆ ဒသမ ၄ ဘီလျံနီးပါးသာရှိခဲ့ပြီး ကော်မတီ မှ ဆွေးနွေးပြီးနောက်ပိုင်းမှ ထပ်မံဆောင်သည့်အတွက် ကျပ် ၁၄ ဒသမ ၉၆၉ ဘီလျံကျော်အထိမြင့်တက်ရရှိခဲ့ခြင်းဖြစ်သည်။

အခွန်မဆောင်ထားသေး သည့် ၁၉၂၆ ခုမှ အခွန်ငွေများသာဝင်ရောက်လာပါက ကျပ်ဘီလျံပေါင်းများစွာထပ်မံရရှိမည်ဖြစ်သည်။

ယင်းအပြင် ပြည်တွင်းအခွန်မှ တံဆိပ်ခေါင်းခွန်မကျသင့်ခြင်း၊ ဝင်ငွေခွန်မဆောင်ပဲပြီးစီးခြင်းများကဲ့သို့ ပြုလုပ်ထားမှုများအားပြင်ဆင်သွားနိုင်မည့် သုံးသပ်အကြံပြုချက်ကို ထည့်သွင်းဖော်ပြထားချက်မှာလည်း အခွန်ငွေအပြည့်အဝစည်းကြပ်စေရန်တွန်းအားပေးသကဲ့သို့ရှိသည်။

ငွေအပြည့်အဝမပေးသွင်းဘဲ လက်ဦးထားသည့် လုပ်ငန်း၊ မြေကွက်များကိုအသုံးပြုချကာ ငါးကြင်းဆီဖြင့် ငါးကြင်းကြော်သည့်ဓလေ့ဖြင့် လုပ်ကိုင်နေမှုများလည်း လျော့ကျသွားနိုင်မည့်အချက်ကို အစီရင်ခံစာမှ မီးမောင်းထိုးပြထားခြင်းမှာလည်း တန်ဖိုးရှိသည့်အချက်အဖြစ်မြင်တွေ့ရမည်ဖြစ်သည်။

### ဒီမိုကရေစီအစိုးရနဲ့ အခွန်

အခွန်အကြောင်း ဘာကြောင့်ပြောသည်ဟုဆိုသော် ဒီမိုကရေစီအစိုးရတို့သည်နိုင်ငံ၏အခွန်ဘဏ္ဍာအပေါ်၌သာ အဓိကမူတည်၍ အများပြည်သူအတွက် အကျိုးဆောင်ရွက်ပေးရခြင်းဖြစ်သည်။

အခွန်ရရှိမှုနှုန်းကောင်းမွန်သည့်အစိုးရတို့သည် နိုင်ငံနှင့်အများပြည်သူအတွက် ရေတိုရေရှည်စီမံကိန်းပေါင်းများစွာ အကောင်အထည်ဖော်ဆောင်ပေးနိုင်ခြင်း၊ အချိန်တိုအတွင်း အများပြည်သူအတွက် လိုအပ်သည့်အခြေခံအဆောက်အဦများ တည်ဆောက်ပေးနိုင်ခြင်းတို့ကြောင့် ပြည်သူတို့၏ လိုအပ်ချက်ကိုဖြည့်ဆည်းရင်းဖြင့် ပြည်သူ့ယုံကြည်မှုကို အရှည်သဖြင့် ရရှိမည်ဖြစ်သည်။

အခြေခံအဆောက်အဦများ အပြည့်အဝတည်ထောင်နိုင်ခြင်းဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်စေရန် လုပ်ဆောင်ရာတွင် ထိရောက်အောင်မြင်မည်ဖြစ်ပြီး အများပြည်သူလည်း ပိုမိုအားကိုးလာမည်ဖြစ်သည်။

သို့မဟုတ်လျှင် အဆိုပါဦးတည်ရာနှင့် ဆန့်ကျင်မည်ဖြစ်သည့်အတွက် နိုင်ငံတွင် သင့်တင့်စွာပေးဆောင်သင့်သည့်အခွန်များအားတိမ်းရှောင်နေမှု၊ အခွန်ယိုပေါက်များအား ယခုကဲ့သို့စိစစ်ကောက်ခံသွားသင့်သည်။

***မာန်သူရှိန်၊ စိုးမင်းထိုက်***




### မျက်နှာဖုံး“မဂ္ဂါဝပ် ၄၀၀၀ ထုတ်လုပ်နိုင်မည့်ရွာသစ်ရေကာတာစီမံကိန်းနှင့်ပတ်သက်ပြီး ． ． ．”သတင်းမှအဆက်

ကယားပြည်နယ် ဘောလခဲခရိုင်အတွင်း သံလွင်မြစ်မအားပိတ်ဆို့ပြီး မဂ္ဂါဝပ် ၄၀၀၀ ထုတ်လုပ်မည့် ရွာသစ်ရေကာတာစီမံကိန်းနှင့် ပက်သက်ပြီး လူမှုဘဝသက်ရောက်မှုများအပေါ် နိုင်ငံတကာမှ လေ့လာရေး အဖွဲ့များဖြင့် လေ့လာဆန်းစစ်မှုပြုလုပ်မည်ပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်ပြီး ပို့လျှံပါက အိမ်နီးချင်းနိုင်ငံများအား ရောင်းချရန်ရှိကြောင်း မတ်လ ၁၅ ရက်တွင် ကယားပြည်နယ်ဝန်ကြီးချုပ်ဦးခင်မောင်ဦးက Eleven Media Group ၏မေးမြန်းချက်အားပြန်လည်ဖြေကြားခဲ့သည်။

တရုတ်ကုမ္ပဏီဖြစ်သည့် ဒါးတန်းမှ တာဝန်ယူတည်ဆောက်မည့် ရွာသစ်ရေကာတာစီမံကိန်းမှာ လက်ရှိတွင် မြေသားတိုင်းတာမှုများသာပြုလုပ်လျက်ရှိသေးကြောင်း နောင်နှစ်ခန့်တွင်သာ စတင်ဆောက်လုပ်နိုင်မည်ဖြစ်ကြောင်း ဆောက်လုပ်ရန်အတွက် သဘာဝပတ်ဝန်းကျင်အားထိခိုက်နိုင်မည့်အပေါ် ကျွမ်းကျင်စွာလေ့လာသုံးသပ်ရန် နော်ဝေ၊ ဆွီဒင်နိုင်ငံများနှင့်ပြုလုပ်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က ဆက်လက်ပြောကြားခဲ့သည်။

“လက်ရှိ မဂ္ဂါဝပ် ၄၀၀၀ ထွက်မယ့်ရေကာတာက အခုမှ မြေသားတိုင်းတာကိုသာ လုပ်ဆောင်လျက်ရှိပါသေးတယ်။ နောက်ပြီးစီမံကိန်းကိုလည်း နောက်နှစ်လောက်ကြာမှ အကောင်အထည်ဖော်သွားမှာဖြစ်ပါတယ်။ ဒီအတွက်လည်း သဘာဝပတ်ဝန်းကျင်မှာ ဖြစ်ပေါ်နိုင်လောက်တဲ့အန္တရာယ်တွေကို နိုင်ငံတကာကျွမ်းကျင်သူတွေနဲ့စစ်ဆေးတိုင်းတာပြီး ပြုလုပ်မှာပါ။ သူတို့က ဆိုးကျိုးရှိတယ်ဆိုရင်တော့ ရေကာတာကို ရပ်ဆိုင်းမှုတွေပြုလုပ်မယ်၊ ဘာမှမဖြစ်ဘူးဆိုရင် ရေကာတာကိုအကောင်အထည်ဖော်မယ်၊ လျှပ်စစ်တွေပိုလျှံရင်လည်း အိမ်နီးချင်းနိုင်ငံတွေကို ရောင်းသွားဖို့ရှိပါတယ်”ဟု ကယားပြည်နယ်ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

> **သဘာဝပတ်ဝန်းကျင်မှာ ဖြစ်ပေါ်နိုင်လောက်တဲ့ အန္တရာယ်တွေကို နိုင်ငံတကာကျွမ်းကျင်သူတွေနဲ့ စစ်ဆေးတိုင်းတာပြီး ပြုလုပ်မှာပါ။ သူတို့က ဆိုးကျိုးရှိတယ်ဆိုရင်တော့ ရေကာတာကို ရပ်ဆိုင်းမှုတွေပြုလုပ်မယ်၊ ဘာမှမဖြစ်ဘူးဆိုရင် ရေကာတာကိုအကောင်အထည်ဖော်မယ် ． ． ．**

စက်ယန္တရား အများအပြားဖြင့် မြေစာများအားတူးဖော်သယ်ယူမှု ပြုပြီး ဓာတ်သတ္တုများ၊ ရွှေများအားသန့်စင်ပြီး တရုတ်နိုင်ငံသို့ မြေသယ်ယာဉ်များဖြင့် ပို့ဆောင်မှုများနှင့် လုံခြုံရေးတပ်အင်အားအများအပြားချထားကြောင်းကိုတွေ့ရသည်ဟု စီမံကိန်းနှင့်နီးစပ်သည့်ဒေသခံများက ပြောပြခဲ့သည်။

ရွာသစ်ရေကာတာစီမံကိန်းနှင့် ပတ်သက်ပြီးလျှပ်စစ်စွမ်းအားဝန်ကြီးဌာနကသာ လုံခြုံရေးဆိုင်ရာကိစ္စများကိုဆောင်ရွက်နေကြောင်း၊ ပြည်နယ်အစိုးရအနေဖြင့် ဝင်ရောက်စွက်ဖက်ပိုင်ခွင့်မရှိသေးကြောင်း ကယားပြည်နယ်ဝန်ကြီးချုပ်ထံမှသိရသည်။

“လက်ရှိက ပြည်သူတွေကို ထုတ်ဖော်ပြောသင့်တာရှိသလို ထုတ်ဖော်မပြောသင့်တဲ့ ကိစ္စတွေရှိနေပါတယ်။ ဘာ့ကြောင့် လုံခြုံရေးအင်အားတွေရှိသလဲဆိုတော့ မြေတိုင်းတာမှုတွေပြုလုပ်နေစဉ်မှာ မလိုလားတဲ့သူတွေက ဝင်ရောက်တားဆီးနှောက်ယှက်မှုတွေရှိလာနိုင်တာကြောင့်ပါ”ဟု ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

၂၀၁၀ ပြည့်နှစ် ဇန်နဝါရီလအတွင်းက မြန်မာအစိုးရနှင့်တရုတ်နိုင်ငံပိုင်ကုမ္ပဏီ ဒန်းတန်းတို့ချုပ်ဆိုခဲ့သည့်နားလည်မှုစာချွန်လွှာတွင် ပါဝင်သောကီလိုမီတာ ၂၈၀၀ ရှည်သည့် သံလွင်မြစ်ပေါ်တွင် တည်ဆောက်မည့် ရွာသစ်ရေကာတာမှာ ပထမဆုံးဖြစ်ကြောင်း သဘာဝပတ်ဝန်းကျင်ပညာရှင်များကပြောပါသည်။ ***အောင်ရဲကို***

# ကနေဒါကုမ္ပဏီတစ်ခုနှင့် မြန်မာကုမ္ပဏီတို့ ပူးပေါင်းပြီး ရွှေတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်

ကနေဒါအခြေစိုက် သတ္တုတူးဖော်ရေးကုမ္ပဏီတစ်ခုနှင့်မြန်မာကုမ္ပဏီတို့ပူးပေါင်းပြီး စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်ဒေသတွင် ရွှေတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်သွားရန် နားလည်မှုစာချွန်လွှာရေးထိုးပြီးဖြစ်ကြောင်းသတင်းရရှိသည်။

ရွှေနှင့် အခြားအဖိုးတန်သတ္တုလုပ်ငန်းများဆောင်ရွက်သည့်ကနေဒါအခြေစိုက် Centurion Minerals Ltd. နှင့် မြန်မာနိုင်ငံမှ Eternal Gold Mining တို့သည် စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်ဒေသတွင် ရွှေတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

"ဒီလိုအလားအလာကောင်းရှိတဲ့စီမံကိန်းမျိုးကိုပြည်တွင်းကအတွေ့အကြုံရှိတဲ့၊အောင်မြင်နေတဲ့ကုမ္ပဏီတစ်ခုနဲ့တွဲဖက်လုပ်ကိုင်ခွင့်ရရှိတဲ့အတွက် ကျေနပ်မှုရှိပါတယ်"ဟု Centurion Minerals Ltd. ၏ ဥက္ကဋ္ဌ Alfred Lenarciak က ပြောကြားခဲ့သည်။

Centurion Minerals Ltd. ၏သတင်းထုတ်ပြန်ချက်တွင် ဧက ၂၂၀၀၀ ရှိ ဗန်းမောက်ဒေသရွှေလုပ်ကွက်ကို ကနေဒါအခြေစိုက်ကုမ္ပဏီက တူးဖော်သည့်လုပ်ငန်းစီမံခန့်ခွဲမှုများ၊ အဆိုပါလုပ်ကွက်အတွင်း သယံဇာတတည်ရှိမှုများကိုလေ့လာဆန်းစစ်မှုများ ပြုလုပ်သွားမည်ဟု ဖော်ပြထားသည်။

မြန်မာနိုင်ငံတွင် ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးတို့တွင် ရွှေသတ္တုများတွေ့ရှိရကြောင်း သိရသည်။

ယခင်က ရွှေတူးဖော်မှုကို နိုင်ငံတော်မှလွဲ၍ မည်သည့်ပုဂ္ဂလိကကိုမျှလုပ်ကိုင်ခွင့်မပေးခဲ့သော်လည်း ၁၉၉၃ မှ ၁၉၉၅ ခုနှစ်ကြားကာလများ၌ ရွှေထွက်ရှိရာဒေသများတွင် ကုန်သွယ်ရေးဝန်ကြီးဌာနအစီအစဉ်ဖြင့် ရွှေဝယ်ယူရေးအဖွဲ့များဖွဲ့စည်းကာနှစ်ဧကလုပ်ကွက်များချထားပေးဖူးကြောင်းနှင့် ၁၉၉၇-၉၈ ခုနှစ်တွင် နှစ်ဧကလုပ်ကွက်များကိုဖျက်သိမ်းပြီးပုဂ္ဂလိကကုမ္ပဏီများကို ၅၀ ဧကအောက်အသေးစားဖက်စပ်ရွှေထုတ်လုပ်ခြင်းနှင့်ဧက ၅၀ အထက်အကြီးစားဖက်စပ်ရွှေထုတ်လုပ်ခြင်းလုပ်ငန်းများကို ခွင့်ပြုခဲ့ကြောင်း သတ္တုတွင်းဝန်ကြီးဌာနမှ ထုတ်ပြန်ချက်များအရ သိရှိရသည်။

# Toyota တရားဝင်ကားအရောင်းစင်တာကို Aye And Sons ကုမ္ပဏီမှ ဖွင့်လှစ်ရောင်းချမည်ဖြစ်ပြီး T.T.A.S မှတစ်ဆင့် ကားအသစ်များ မှာယူတင်သွင်းပေးမည်




T.T.A.S မှ မှာယူတင်သွင်းထားသည့် Toyota Luxus ကားအချို့ကို တွေ့ရစဉ်

ဂျပန်ထိပ်သီးကားကုမ္ပဏီဖြစ်သော Toyota ၏တရားဝင်ကားအရောင်းစင်တာကို Aye And Sons ကုမ္ပဏီမှဖွင့်လှစ်ရောင်းချမည်ဖြစ်ပြီး T.T.A.S မှတစ်ဆင့်ကားအသစ်များ မှာယူတင်သွင်းပေးမည်ဖြစ်ကြောင်းတိုယိုတာအုပ်စုဝင် T.T.A.S ကုမ္ပဏီလီမိတက်အထွေထွေမန်နေဂျာဦးမျိုးမြင့်သိန်းက ပြောသည်။

"တိုယိုတာတရားဝင်အရောင်းပြခန်းကို Aye And Sons ကုမ္ပဏီကဖွင့်လှစ်မှာပါ။ လက်ရှိ ကျွန်တော်တို့ ဝန်ဆောင်မှုစင်တာရဲ့ အရှေ့မှာပဲဖွင့်လှစ်မှာဖြစ်ပါတယ်" ဟု ဦးမျိုးမြင့်သိန်းက ပြောသည်။

လက်ရှိ Toyota ဝန်ဆောင်မှုစင်တာကို အမှတ် ၈၇(A)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားပြီး ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် ဝန်ဆောင်မှုစင်တာတစ်ခုစီကို ယခုနှစ်အတွင်းထပ်မံဖွင့်လှစ်မည်ဖြစ်သည်။

T.T.A.S ကုမ္ပဏီကို တိုယိုတာအုပ်စုဝင် Toyota Tsusho Corporation(TTC)နှင့် မြန်မာနိုင်ငံမှ Aye And Sons ကုမ္ပဏီတို့အကျိုးတူဖက်စပ်တည်ထောင်ထားခြင်းဖြစ်ပြီး T.T.A.S ကုမ္ပဏီသည် မြန်မာနိုင်ငံအတွင်း Toyota ကားသစ်များတင်သွင်းရောင်းချခြင်းလုပ်ငန်း၊ ယာဉ်အပိုပစ္စည်းတင်သွင်းရောင်းချခြင်းလုပ်ငန်းနှင့် ဝန်ဆောင်မှုပိုင်းဆိုင်ရာလုပ်ငန်းများကို အဓိကဆောင်ရွက်လျက်ရှိသည်။ လက်ရှိတွင် ထိုကုမ္ပဏီမှတစ်ဆင့် Toyota ၂၀၁၃မော်ဒယ် Camry ၊ Hilux ၊ Land Cruiser ၊ Prado ၊ Coaster ကားများကိုမှာယူတင်သွင်းနိုင်ကြောင်း သိရသည်။

ယခု Toyota ကားအရောင်းပြခန်းဖွင့်လှစ်မည့် Aye And Sons ကုမ္ပဏီသည်၁၉၅၈ခုနှစ်ကတည်းက Toyota အုပ်စုနှင့် ချိတ်ဆက်လုပ်ကိုင်ခဲ့ခြင်းဖြစ်ပြီး Toyota ၏ မြန်မာနိုင်ငံဆိုင်ရာ တရားဝင်မိတ်ဖက်ကုမ္ပဏီတစ်ခုလည်း ဖြစ်သည်။

Toyota သည် မြန်မာနိုင်ငံတွင် လုပ်ငန်းများ ချဲ့ထွင်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီးမော်တော်ယာဉ်စက်ရုံတည်ထောင်ရန် ဖြစ်နိုင်ခြေရှိ-မရှိနှင့် မြန်မာနိုင်ငံ၏ကောင်းမွန်သောအလားအလာကို သိရှိနားလည်သောကြောင့် ဈေးကွက်အခြေအနေကိုစဉ်ဆက်မပြတ်လေ့လာလျက်ရှိကြောင်းသိရသည်။

Toyota Tsusho Corporation သည် Toyota အုပ်စုတစ်ခုလုံး၏ ကုန်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေသည့် လုပ်ငန်းတစ်ခုဖြစ်ပြီးရန်ကုန်မြို့ဆီဒိုးနားဟိုတယ်တွင်ရုံးခွဲဖွင့်လှစ်ထားသည်။

ထို့အတူ Toyota Tsusho Corporation ၏ မြန်မာနိုင်ငံရုံးခွဲသည် မြန်မာကုမ္ပဏီတစ်ခုခြစ်သော Trendy မော်တော်ယာဉ်ရောင်းဝယ်ရေးလုပ်ငန်းနှင့် ချိတ်ဆက်ပြီး တိုယိုတာအမှတ်တံဆိပ်စက်မှုလုပ်ငန်းသုံးမော်တော်ယာဉ်များကိုတင်သွင်းရောင်းဝယ်ရေးလုပ်ငန်းကိုလုပ်ကိုင်လျက်ရှိကြောင်းနှင့်လက်ရှိတွင် စက်ရုံအလုပ်ရုံသုံး Forklift များစတင်တင်သွင်းရောင်းချလျက်ရှိကြောင်း သတင်းရရှိသည်။

စည်သူအောင်









## ပြင်သစ်အခြေစိုက် Accor ဟိုတယ်အုပ်စုမှ ရန်ကုန်မြို့ရှိဆောက်လုပ်ဆဲ Novotel ဟိုတယ်အပြင် မန္တလေးနှင့် နေပြည်တော်တို့တွင် MGallery နှင့် Novotel ဟိုတယ်များ ထပ်မံဆောက်လုပ်မည်



ဓာတ်ပုံ-အောင်မျိုးသန့်

မက်စ်မြန်မာကုမ္ပဏီမှ ဆောက်လုပ်နေသည့် Novotel Yangon Max ဟိုတယ်ကို ယခုနှစ် ဖေဖော်ဝါရီလအတွင်းက တွေ့ရစဉ်

ပြင်သစ်နိုင်ငံအခြေစိုက် Accor ဟိုတယ်အုပ်စုမှရန်ကုန်မြို့ရှိဆောက်လုပ်ဆဲ Novotel ဟိုတယ်အပြင် မန္တလေးမြို့နှင့်နေပြည်တော်တို့တွင် MGallery နှင့် Novotel ဟိုတယ်များထပ်မံဆောက်လုပ်မည်ဖြစ်ကြောင်း Accor အုပ်စုက ထုတ်ပြန်ခဲ့သည်ဟု www.hotelnewsresource.com တွင် သတင်းဖော်ပြထားသည်။

Accor အုပ်စု၏ ရန်ကုန်မြို့ရှိ ဟိုတယ်ကို Novotel Yangon Max၊ နေပြည်တော်ရှိ ဟိုတယ်ကို MGallery ၊ မန္တလေးမြို့ရှိဟိုတယ်ကို Novotel Mandalay Mingalar အမည်များဖြင့် ဖွင့်လှစ်မည်ဖြစ်ပြီး ၂၀၁၃ ခုနှစ်၌ရန်ကုန်ရှိ ဟိုတယ်ကို ပထမဆုံး ဖွင့်လှစ်နိုင်ရန် မျှော်လင့်ထားကြောင်း သိရသည်။

"မြန်မာနိုင်ငံက ဒီနှစ်ထဲမှာ နိုင်ငံခြားခရီးသွားဝင်ရောက်မှုသိသိသာသာတက်လာတယ်။ မြန်မာရဲ့ ခရီးသွားလုပ်ငန်းအခြေခံအဆောက်အဦပိုင်းဖွံ့ဖြိုးမှု အစိတ်အပိုင်းတစ်ခုအနေနဲ့ ကျွန်တော်တို့ရှေ့ကိုလှမ်းခဲ့တာပါ"ဟု Accor South East and North East Asia မှ Chief Operating Officer Robert Murray က ပြောကြားသည်။

ရန်ကုန်မြို့ရှိ Novotel ဟိုတယ်ကို မက်စ်မြန်မာကုမ္ပဏီလီမိတက်က ဆောက်လုပ်လျက်ရှိပြီး အခန်းပေါင်း ၃၆၆ ခန်း၊စားသောက်ဆိုင်များ၊ အစည်းအဝေးခန်းမများ၊ ဧည့်ခန်းမများ၊ ရေကူးကန်နှင့်အခြားနိုင်ငံတကာအဆင့်ဟိုတယ်အပြင်အဆင်များ ပါဝင်မည်ဖြစ်သည်။

နေပြည်တော်တွင်ဆောက်လုပ်မည့် MGalleryသည်နေပြည်တော်၌ ပထမဆုံးဆောက်လုပ်မည့်နိုင်ငံတကာဟိုတယ်ဖြစ်ပြီး နေပြည်တော်မြို့တော်ခန်းမ၊ ရေပန်းဥယျာဉ်၊ ကျောက်မျက်ပြတိုက်တို့နှင့် ၁၅ မိနစ်စာမျှသာ ခရီးအကွာအဝေးရှိမည်ဖြစ်သည်။ အခန်းပေါင်း ၁၆၈ ခန်း၊ အစည်းအဝေးခန်းမများ၊ စားသောက်ဆိုင်များ ပါဝင်မည်ဖြစ်ပြီး ယခုနှစ်ကုန်ပိုင်း ဖွင့်လှစ်နိုင်ရန် မျှော်မှန်းထားသည်။ မန္တလေးမြို့၌ တည်ဆောက်မည့် Novotel Mandalay Mingalar ဟိုတယ်ကို နန်းတော်၊ မန္တလေးတောင်ဝန်းကျင်တွင်ဆောက်လုပ်မည်ဖြစ်သည်။ အခန်းပေါင်း ၂၈၀၊ အစည်းအဝေးခန်းမများ၊ ဧည့်ခန်းမများ၊ စားသောက်ဆိုင်များ၊ ရေကူးကန်စသည့် နိုင်ငံတကာ ဟိုတယ်အပြင်အဆင်များပါဝင်မည်ဖြစ်ပြီး ၂၀၁၅ ခုနှစ်တွင် ဖွင့်လှစ်နိုင်မည်ဟု ခန့်မှန်းထားသည်။

မြန်မာနိုင်ငံတွင် လုပ်ငန်းလည်ပတ်နေသော နိုင်ငံခြားဟိုတယ် ၃၀ ခုရှိပြီး အခန်း ၅၂၀၇ ခန်း ရှိသည်။ အခန်းပေါင်း ၁၁၄၅ ခန်းပါဝင်မည့် ဆောက်လုပ်ဆဲ နိုင်ငံခြားဟိုတယ်ငါးခုရှိပြီး အခန်းပေါင်း ၄၁၄ ခန်း ပါဝင်မည့်ဟိုတယ်တစ်ခုကို ယခုနှစ်စတင် ဆောက်လုပ်မည်ဖြစ်သည်။ Accor ဟိုတယ်အုပ်စုမှ ဆောက်လုပ်မည့် ဟိုတယ်များတွင် အခန်းပေါင်း ၈၁၄ ခန်း ပါဝင်သည်။ ယင်းဟိုတယ်စီမံကိန်းများ ပြီးစီးပါက မြန်မာနိုင်ငံတွင် နိုင်ငံရင်းနှီးမြှုပ်နှံမှုဖြင့်ဖွင့်လှစ်သောဟိုတယ်အခန်းအရေအတွက်၇၅၈၀ခန်းရှိမည်ဖြစ်သည်။

စည်သူအောင်

## ဟိုတယ်များကို ကြယ်ပွင့်အဆင့် သတ်မှတ်ရန် ဒုတိယအကြိမ် စစ်ဆေးမှုပြုလုပ်ရန်ရှိ

မြန်မာနိုင်ငံဒေသအသီးသီးရှိ ဟိုတယ်များအား ကြယ်ပွင့်အဆင့် သတ်မှတ်ရန်အတွက်ဒုတိယအကြိမ် စစ်ဆေးမှုပြုလုပ်ရန် ရှိကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနမှသတင်းရရှိသည်။

"ဟိုတယ်တွေကို ခြောက်လတစ်ကြိမ် စစ်ဆေးပြီးတော့ အဆင့်သတ်မှတ်ပေးရတာပါ"ဟု ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ထွန်းဦးက ပြောသည်။

၂၀၁၁ ခုနှစ်တွင် ဟိုတယ်များအား ကြယ်ပွင့်အဆင့် သတ်မှတ်ရန် ပထမဦးဆုံးအကြိမ်အဖြစ် နေပြည်တော်ဇုန်တွင် စတင်ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး နေပြည်တော်၌ ဟိုတယ် ၂၁ လုံး၊ ရန်ကုန်ရှိ ဟိုတယ် ၅၈ လုံး၊ မန္တလေးတွင် ၅၄ လုံး၊ ပုဂံတွင် ၂၂လုံး၊ တောင်ကြီးတွင် ၃၁လုံးအပါအဝင် နိုင်ငံခြားသားပိုင်ဟိုတယ် ၁၅ လုံးကို ကြယ်ပွင့်အဆင့် သတ်မှတ်ပေးထားခဲ့သည်ဟု ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ချက်များအရ သိရှိရသည်။

## ဂျပန်နိုင်ငံသို့ မြန်မာအလုပ်သမားများ စေလွှတ်ရန် မြန်မာ-ဂျပန် လက်မှတ်ရေးထိုးရန်စီစဉ်

ဂျပန်နိုင်ငံသို့ မြန်မာအလုပ်သမားများ စေလွှတ်ရန်အတွက် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံမှ JICTO တို့ လက်မှတ်ရေးထိုးရန်စီစဉ်နေကြောင်း အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာနမှ သိရသည်။

"မြန်မာနိုင်ငံက လုပ်သားတွေကို ဂျပန်နိုင်ငံကို စေလွှတ်ဖို့အတွက် စီစဉ်နေပါတယ်။ မကြာမီ လက်မှတ်ရေးထိုးတော့မှာ ဖြစ်ပါတယ်"ဟု အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးအောင်က ပြောကြားခဲ့သည်။

မြန်မာနိုင်ငံမှ လုပ်သားစေလွှတ်မှုအား တရားဝင်ခွင့်ပြုထားသည့်နိုင်ငံများရှိသော်လည်း ဂျော်ဒန်၊ ဆော်ဒီအာရေဗျနိုင်ငံစသည့် အခြားတရားမဝင် သွားရောက်လုပ်ကိုင်လျက်ရှိသည့်နိုင်ငံများလည်း ရှိနေကြောင်း သိရှိရသည်။

လက်ရှိကာလ၌ မြန်မာနိုင်ငံမှ ရွှေ့ပြောင်းလုပ်သား သွားရောက်လုပ်ကိုင်နေမှုမှာ ထိုင်းနိုင်ငံသို့အများဆုံးဖြစ်ကြောင်း၊ မလေးရှား၊စင်ကာပူ၊ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့အပြင် အခြားနိုင်ငံများသို့လည်း စေလွှတ်ရန် စီစဉ်နေကြောင်း သိရသည်။



# ပဲခူးတိုင်းဒေသကြီးအတွင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတစ်ခု ထူထောင်မည်

ပဲခူးတိုင်းဒေသကြီးအတွင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတစ်ခု သတ်မှတ်တည်ထောင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနမှစီစဉ်နေကြောင်း သတင်းရရှိသည်။

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ်၊ မင်းလှမြို့နယ်၊ အုတ်ဖိုမြို့နယ်၊ ကြို့ပင်ကောက်မြို့နယ်နှင့် ပဲခူးခရိုင်ရှိ ပဲခူးမြို့နယ်၊ ကျောက်တံခါးမြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ၂၄၂၉၃၈ ဧကကျော် (၃၇၉.၅၉ စတုရန်းမိုင်)ရှိ နယ်မြေကို သဘာဝပတ်ဝန်းကျင် ဇီဝမျိုးစုံမျိုးကွဲများ ကာကွယ်နိုင်ရန်အတွက် မြောက်ဇာမရီဆင်ထိန်းသိမ်းရေးသဘာဝနယ်မြေအဖြစ်သတ်မှတ်ရန်ရည်ရွယ်ထားကြောင်း ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်ခဲ့သည်။

မြောက်ဇာမရီ ဆင်ထိန်းသိမ်းရေးသဘာဝနယ်မြေအဖြစ်တည်ထောင်ရန်ရည်ရွယ်ထားသည့် နယ်မြေတွင် ရေထု၊ လေထုကို တမင်ညစ်ညမ်းစေခြင်း၊ ရေစီးရေလာကို ပျက်စီးစေခြင်း၊ ရေတွင်အဆိပ်ခတ်ခြင်းများကို မပြုလုပ်ရန် တားမြစ်ထားကြောင်း သိရှိရသည်။

ထို့ပြင် ဘေးမဲ့တောနယ်မြေအတွင်းအဆိပ်အတောက်ဖြစ်စေသောပစ္စည်း၊ ဓာတ်သတ္တုအညစ်အကြေးများကိုလက်ဝယ်ထားခြင်းနှင့် စွန့်ပစ်ခြင်း၊လုံးဝကာကွယ်ထားသော တောရိုင်းတိရစ္ဆာန်၊ သာမန်ကာကွယ်ထားသောတောရိုင်းတိရစ္ဆာန်၊ရာသီအလိုက်ကာကွယ်ထားသောတောရိုင်းတိရစ္ဆာန်များကို ဘေးမဲ့တောအတွင်းဖမ်းဆီးခြင်း၊သတ်ဖြတ်ခြင်း၊ အမဲလိုက်ခြင်း၊ အနာတရဖြစ်စေခြင်းများကိုမပြုရန်လည်းတားမြစ်ထားပြီးသဘာဝတောအတွင်းမည်သည့်သဘာဝအပင်များကို မဆိုဖျက်ဆီးခြင်း မပြုလုပ်ရန်တားမြစ်ထားကြောင်း သိရှိရသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတည်ထောင်မည့် နယ်မြေအတွင်းရှိ လူအများ၏အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်ထားသည့်နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေးနိုင်ရန်နှင့်နယ်မြေသတ်မှတ်တည်ထောင်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် လက်ပံတန်းမြို့နယ်၊ မင်းလှမြို့နယ်၊ ကြို့ပင်ကောက်မြို့နယ်များရှိတာဝန်ရှိသူများပါဝင်သည့် ပဏာမစိစစ်ရေးအဖွဲ့ကို တောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်များကာကွယ်ရေးနှင့်သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေအရဖွဲ့စည်းခဲ့ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနမှသိရသည်။

# မြန်မာ့ပင်လယ်ပြင်တွင်သယံဇာတထိန်းသိမ်းရေးနှင့် ထုတ်ယူသုံးစွဲရေးတို့ကိုစနစ်တကျဆောင်ရွက်မှုမရှိသောကြောင့် ငါးသယံဇာတ အများအပြားပျက်စီးနေပြီး ငါးဖမ်းဆီးရရှိမှု များစွာကျဆင်းနေ


ဓာတ်ပုံ - စည်သူအောင်

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းပတ်ဝန်းကျင်တွင် ဆိုက်ကပ်ထားသည့် ငါးဖမ်းစက်လှေများကိုတွေ့ရစဉ်

မြန်မာ့ပင်လယ်ပြင်တွင် ငါးသယံဇာတများထိန်းသိမ်းရေးနှင့်ထုတ်ယူသုံးစွဲရေးတို့ကို စနစ်တကျဆောင်ရွက်မှုမရှိသောကြောင့် ငါးသယံဇာတများ အများအပြားပျက်စီးနေပြီး ငါးဖမ်းဆီးရရှိမှု များစွာကျဆင်းနေကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်တွင်မတ်၁၂ရက်၌ပြုလုပ်သောအပတ်စဉ်သားငါးကဏ္ဍအ စည်းအဝေးသို့ တက်ရောက်လာသူများက ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၏ ငါးသယံဇာတတည်ရှိမှုအခြေအနေမှာ ရေအောက်ကြမ်းပြင်နေငါးတန်ချိန်၀ ဒသမ ၅ သန်း၊ရေပေါ်လွှာငါးတန်ချိန် ၀ ဒသမ ၅၅ သန်းရှိပြီး စုစုပေါင်းတန်ချိန် ၁ ဒသမ ၀၅ သန်းရှိကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၏ အချက်အလက်များအရသိရသည်။

မြန်မာ့ပင်လယ်ပြင်တွင် ငါးဖမ်းလုပ်ငန်းလုပ်ကိုင်နေသောတရွတ်ဆွဲပိုက်ငါးဖမ်းရေယာဉ်များမှာ လက်ရှိအချိန်အထိ ရေယာဉ်ပေါင်း ၁၀၀၀ ကျော်ရှိပြီး ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ရာတွင် အများဆုံးဖြစ်ကြောင်းသိရသည်။

တရွက်ဆွဲပိုက်ငါးဖမ်းရေယာဉ်များ၏ တစ်နာရီငါးဖမ်းဆီးရရှိမှု အခြေအနေမှာ ၁၉၇၉ ခုနှစ်တွင် ၆၆၉ ဒသမ ၆၆ ကီလိုဂရမ်ရရှိပြီး ၂၀၀၇ ခုနှစ်တွင်တစ်နာရီငါးဖမ်းဆီးရရှိမှုအခြေအနေမှာ ၈၉ ဒသမ ၉၂ ကီလိုဂရမ်သာရရှိ၍လက်ရှိအချိန် တွင်ငါးဖမ်းဆီးရရှိမှု အခြေအနေမှာများစွာကျဆင်းနေကြောင်းသိရသည်။

မြန်မာ့ပင်လယ်ပြင်တွင် ငါးသယံဇာတများပျက်စီးလျော့နည်းလာရခြင်းများသည် စွမ်းအားမြင့်ငါးဖမ်းကိရိယာများပိုမိုအသုံးပြုလာခြင်း၊တရွတ်ဆွဲပိုက်၊ဝိုင်းချုပ်ပိုက်၊မျှောပိုက်များအား သတ်မှတ်ထားသော ပိုက်ကွက်ထက် သေးငယ်သောပိုက်ကွက်များကို အသုံးပြု၍ ငါးဖမ်းဆီးခြင်း၊ ငါးများကို မိုင်းခွဲဖမ်းဆီးခြင်းနှင့် အဆိပ်ချ၍ ဖမ်းဆီးခြင်းများ၊တားမြစ်ငါးဖမ်းကာလများနှင့်တားမြစ်ငါးဖမ်းကွက်များအတွင်း ဝင်ရောက်ဖမ်းဆီးခြင်းများ၊ အသုံးမပြုတော့သည့် ငါးဖမ်းကိရိယာများကို စနစ်တကျစွန့်ပစ်မှုမရှိခြင်း၊ ငါးဖမ်းရာတွင် လိပ်နှင့်အရွယ်မရောက်သေးသောငါးများကိုလွတ်မြောက်စေသည့်ကိရိယာများသုံးစွဲမှုမရှိခြင်း စသည့်အကြောင်းများကြောင့်ဖြစ်ကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှတာဝန်ရှိသူများက ပြောသည်။

လက်ရှိတွင် ဈေးကွက်ဝင်တန်ဖိုးမြင့်ငါးများဖြစ်သော ငါးသင်ဝါ၊ ငါးပါးနီး၊ကျောက်ငါး၊ငါးသလောက်၊ ငါးကွမ်းရှပ်ငါးအမျိုးအစားများမှာ ယခင်ကထက် ဖမ်းဆီးရရှိမှုများစွာကျဆင်းလာကြောင်း သိရှိရသည်။

ရခိုင်ပြည်နယ်၊ဧရာဝတီတိုင်းဒေသကြီး ၊မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးငါးဖမ်းကွက်များတွင် ငါး၊ပုစွန် ပေါက်ဖွားသည့်နေရာအားရွေးချယ် သတ်မှတ်၍ ၂၀၁၁–၂၀၁၂ခုနှစ်အထိဇွန်၊ဇူလိုင်၊ဩဂုတ်(၃)လအား ငါးမဖမ်းရကာလအဖြစ်နှစ်စဉ်ပိတ်ပင်တားမြစ်လျက်ရှိ ကြောင်း သိရှိရသည်။ *မျိုးမင်းထက်*







# ကျေးလက်ဒေသများသို့အရစ်ကျစနစ်ဖြင့်ရောင်းချထားသော ဖုန်းအလုံးရေခြောက်သိန်းကျော်၏ကျန်ငွေအတွက် မည်သည့် ညွှန်ကြားချက်မျှမရှိသေးကြောင်း သိရ




ဓာတ်ပုံ - ဝေယံဖြိုးဦး

အမေရိကန်သမ္မတအိုဘားမားလာရောက်စဉ်က မိုဘိုင်းဖုန်းအသုံးပြု၍ ရန်ကုန်တက္ကသိုလ်ရှေ့တွင် လာရောက်စောင့်ဆိုင်းနေသူများကို တွေ့ရစဉ်

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှကျေးလက်နေပြည်သူများသို့ ကျပ်နှစ်သိန်းတန်မိုဘိုင်းဖုန်းများကို အရစ်ကျစနစ်ဖြင့်ရောင်းချထားသောဖုန်းများ၏ကျန်ငွေကိစ္စအတွက် မည့်သည့်ညွှန်ကြားချက်မျှ မရှိသေးကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှမိုဘိုင်းအင်ဂျင်နီယာချုပ်ဦးဌေးဝင်း၏ပြောကြားချက်အရ သိရှိရသည်။

"ဒီဖုန်းတွေကိုက အရစ်ကျစနစ်နဲ့စရောင်းကတည်းက ပိုက်ဆံသွင်းတဲ့သူတွေလည်းရှိသလို ပိုက်ဆံကိုဆက်ပြီးတော့မသွင်းတဲ့သူတွေလည်းရှိပါတယ်။ မသွင်းတဲ့သူတွေကိုလည်း ဖုန်းလိုင်းဖြတ်တာတွေမလုပ်ပါဘူး။ ဒါပေမယ့်ဧပြီလမှာဖုန်းတွေထွက်ရင် ဒီအရစ်ကျဝယ်ထားသူတွေအနေနဲ့ ပိုက်ဆံကိုဆက်သွင်းရမှာလား၊ မသွင်းရဘူးလားဆိုတာကို ကျွန်တော်တို့အနေနဲ့လည်း ဘာမှမသိရသေးပါဘူး"ဟု ဦးဌေးဝင်းက မတ်လ ၁၄ ရက်တွင် ပြောသည်။

"ကျွန်တော်တို့ ပေါင်းတလည်မှာတော့၂၀၁၃ ခုနှစ် နှစ်ဆန်းပိုင်းကတည်းက ကျန်ငွေကိုဆက်မသွင်းတော့ဘဲနေကြတယ်။ ဖုန်းလိုင်းဖြတ်တာမျိုးတော့မရှိပါဘူး။ ကျွန်တော်ကတော့ မတ်လဆန်းထိလစဉ်သွင်းခဲ့တာ လေးလလောက်ရှိပြီဆိုတော့ စုစုပေါင်းသွင်းငွေကကျပ်ရှစ်သောင်းလောက်ရှိနေပါပြီ"ဟုယင်းဒေသတွင် အရစ်ကျစနစ်ဖြင့်ဖုန်းဆင်းကတ်ဝယ်ယူခဲ့သူတစ်ဦးက ပြောသည်။

"ဒီမတ်လဆန်းထိ လစဉ်ပိုက်ဆံလိုက်သိမ်းတဲ့သူက လာယူနေတုန်းပါပဲ။ စုစုပေါင်းသွင်းငွေကကျပ် ရှစ်သောင်းရှိနေပါပြီ"ဟု သထုံမြို့နယ်မှအရစ်ကျဖြင့် ဆင်းကတ်ဝယ်ယူထားသူတစ်ဦးက ပြောပြခဲ့သည်။

အရစ်ကျစနစ်ဖြင့် ဖုန်းဝယ်ယူသူများချုပ်ဆိုထားသောစာချုပ်တွင် ထပ်မံရောင်းချမည့်မိုဘိုင်းဖုန်း၏ဈေးနှုန်းအတိုင်းခံစားခွင့်ရှိမည်ဟူသောအချက်ပါရှိသောကြောင့် အရစ်ကျစနစ်ဖြင့်ဝယ်ယူထားသူများအနေဖြင့် ပိုငွေပြန်အမ်းရန်မျှော်လင့်နေကြကြောင်းသိရသည်။

ကျေးလက်ဒေသနေ ပြည်သူများသို့ ၂၀၁၂ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့မှစ၍ဂျီအက်စ်အမ် (2.75G) မိုဘိုင်းတယ်လီဖုန်းများကို အရစ်ကျစနစ်ဖြင့်ရောင်းချပေးခဲ့ရာ ၂၀၁၂ ခုနှစ်နှစ်ကုန်အထိကျေးရွာ ၅၄၁၉ ရွာတွင် မိုဘိုင်းဖုန်းပေါင်း ၆၄၃၉၁၀ လုံးရောင်းချပေးခဲ့ရကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ သတင်းထုတ်ပြန်ချက်များအရသိရသည်။

*မျက်နှာဖုံးသတင်း "မိုဘိုင်းဖုန်းဆင်းကဒ်များကို ငွေကျပ်ထောင်ဂဏန်းဝန်းကျင်ဖြင့်ရောင်းချမည်" မှအဆက်* ➤➤➤

ဧပြီလ ၁ ရက်နေ့နောက်ပိုင်းတွင် မိုဘိုင်းဖုန်းဆင်းကတ်များကို ငွေကျပ်ထောင်ဂဏန်းဝန်းကျင်ဖြင့် ရောင်းချမည်ဟု နိုင်ငံတော်သမ္မတပြောရေးဆိုခွင့်ရှိသူ ဦးရဲထွဋ်က မတ်လ ၁၆ ရက်နေ့တွင် Eleven Media Group သို့ အတည်ပြုပြောကြားခဲ့သည်။

နိုင်ငံတော်သမ္မတ ပြောရေးဆိုခွင့်ရှိသူ ဦးရဲထွဋ်က "ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းပြောတဲ့ 'မိုဘိုင်းဖုန်းဆင်းကတ်တွေကို ဧပြီလ ၁ ရက်နေ့မှာ စတင်ရောင်းချပေးမှာ မှန်ပါတယ်။ မိုဘိုင်းဖုန်းဆင်းကတ်တွေကို တကယ်ရောင်းတဲ့အခါ အခုပြောနေကြတဲ့ ကျပ်နှစ်သောင်းဆိုတာထက် အများကြီး လျော့နည်းတဲ့ဈေးနဲ့ရောင်းမှာပါ။ ထောင်ဂဏန်းမျှသာဖြစ်ပါလိမ့်မယ်' ဆိုတာကို ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းကိုမေးတဲ့အခါအတည်ပြုတဲ့အတွက်အခြားမီဒီယာတွေကိုလည်းအဲဒီအတိုင်း ကျွန်တော်ထပ်ဖော်ပြပေးလိုက်တာဖြစ်ပါတယ်"ဟု Eleven Media Group ၏ မေးမြန်းချက်ကို ပြန်လည်ဖြေကြားခဲ့သည်။

နောက်ဆုံးရောင်းချခဲ့သော GSM Sim Card ဈေးနှုန်းများမှာ ငွေကျပ်နှစ်သိန်းနှုန်းဖြစ်ပြီး ၎င်းဖုန်းများရောင်းချမှုကို လက်ရှိအချိန်တွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ရပ်ဆိုင်းထားသည်။ အဆိုပါ ငွေကျပ်နှစ်သိန်းတန် မိုဘိုင်းဖုန်းများကို ငွေကျပ်နှစ်သောင်းနှုန်းဖြင့် ရောင်းချပေးမည်ဟု ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလဆန်းပိုင်းတွင်သတင်းများထွက်ပေါ်ခဲ့သည်။ ၂၀၁၂ ခုနှစ်အထိပြည်တွင်း၌မိုဘိုင်းဖုန်းလုံးရေစုစုပေါင်းခြောက်သန်းဝန်းကျင် ရောင်းချပေးပြီးဖြစ်ကြောင်း သိရှိရသည်။

"ဖုန်းကတ်တွေ ထောင်ဂဏန်းဝန်းကျင်နဲ့ ရောင်းမယ်ဆိုတာ အင်တာနက်ပေါ်မှာတော့တက်နေတယ်ပြောတယ်။ ကျွန်တော်လည်းသေချာ မသိပါဘူး။ ကျွန်တော်တို့ကို ဘယ်လောက်နဲ့ရောင်းဆိုပြီး အခုအချိန်အထိ ညွှန်ကြားထားတာမရှိသေးပါဘူး"ဟု မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ မိုဘိုင်းအင်ဂျင်နီယာချုပ်ဦးဌေးဝင်းက မတ်လ ၁၅ ရက်နေ့တွင် ပြောကြားခဲ့သည်။

ငွေကျပ်နှစ်ထောင်နှုန်းဖြင့် ရောင်းချမည့် ဆင်းကတ်များမှာ GSM Sim Card များဖြစ်ပြီး WCDMA Sim Card များကိုလည်း ငွေကျပ် ၅၀၀၀ နှုန်းဖြင့် ရောင်းချမည်ဟုလည်း သတင်းများထွက်ပေါ်လျက်ရှိသည်။ ထပ်မံချထားပေးမည့် မိုဘိုင်ဖုန်းများ၏ဖုန်းနံပါတ်ဂဏန်းအရေအတွက်မှာ ၁၁ လုံးပင်ဖြစ်ဖွယ်ရှိကြောင်းသိရသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ GSM မိုဘိုင်းဖုန်းများအား ၂၀၀၂ခုနှစ်တွင် ကျပ်ငါးသိန်းဖြင့် စတင်ငှားရမ်းပေးခဲ့သော်လည်းနောက်ပိုင်းတွင်ကျပ် ၁၀ သိန်း၊ထိုမှတစ်ဖန်ကျပ် ၁၅ သိန်းသို့ပေးသွင်းခဲ့ရသည်။၂၀၁၁ ခုနှစ်ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် ယင်းဖုန်းများအား ကျပ်ငါးသိန်းဖြင့် ထပ်မံချထားပေးခဲ့ပြီး ၂၀၁၂ ခုနှစ် မတ်လတွင် ကျပ်နှစ်သိန်းသို့ ထပ်မံလျှော့ချပေးခဲ့ခြင်းဖြစ်သည်။ *ဝေယံဖြိုးဦး၊ကေခိုင်ဝင့်*



# ပြည်ပထွက်ခွာသူများအား (ပုံစံ-၁၉)နှင့် D-Form ပယ်ဖျက်ပြီးနောက် မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးလုပ်ငန်းစဉ်အချို့ကို လျှော့ပေါ့ပေးရန်စီစဉ်နေ

ပြည်ပသို့ထွက်ခွာသူများအား စိစစ်သည့် အခွန်ကင်းရှင်းကြောင်း သက်သေခံလက်မှတ်ပုံစံ(ဂ)(ပတခ (ဝခ)-၁၂)(အရပ်အခေါ်ပုံစံ ၁၉)နှင့် ပြည်ပထွက်ခွာခွင့်ပုံစံ D-Form စနစ်များကိုပယ်ဖျက်ပေးပြီးနောက်မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရာတွင်လည်းလုပ်ငန်းစဉ်အချို့ကိုလျှော့ပေါ့ပေးရန် စီစဉ်မှုများရှိနေကြောင်း သိရသည်။

မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးလုပ်ငန်းစဉ်အချို့ကို လျှော့ပေါ့ပေးရန်စီစဉ်ထားသော်လည်း လျှော့ပေါ့ပေးမည့်အချက်များကိုမဆုံးဖြတ်ရသေးကြောင်း မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးဘုတ်အဖွဲ့မှတာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

"နိုင်ငံကူးလက်မှတ်နဲ့ပတ်သက်ပြီး လျှော့ပေါ့ပေးမယ့် အစီအစဉ်တော့ရှိတယ်။ ဘာတွေ လျှော့ပေးမယ်ဆိုတာ အစည်းအဝေးက မဆုံးဖြတ်သေးပါဘူး။ တချို့ဌာနဆိုင်ရာတွေရဲ့ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ဖြေလျှော့လိုက်ရင် နိုင်ငံကူးလက်မှတ်လျှောက်ထားမယ့်သူတွေအတွက် အချိန်ကုန်ငွေကုန်ကြေးကျပိုသက်သာမှုရှိလာမှာပါ။ ဘေးအန္တရာယ်ကင်းတဲ့ တရားဝင်ရွှေ့ပြောင်းသွားလာမှုဖော်ဆောင်ရာမှာလည်း လူကုန်ကူးမှု မဖြစ်စေရေးအတွက် နိုင်ငံကူးလက်မှတ်အပါအဝင်ခရီးသွားစာရွက်စာတမ်းများအလွယ်တကူသက်သာမြန်ဆန်ပေးရမယ့်အချက်အတွက်လည်း အကျုံးဝင်ဆောင်ရွက်ချက်တစ်ခုပါ။ လူကုန်ကူးမှုကြိုတင်ကာကွယ်ရေးအတွက်နဲ့လည်း သက်ဆိုင်နေပါတယ်။ အဲဒီအတွက်ကို နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးလုပ်ငန်းစဉ်တချို့ကိုလျှော့ပေါ့ပေးဖို့စဉ်းစားကြခြင်းလည်း ဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးကပြောကြားခဲ့သည်။

မြန်မာနိုင်ငံကူး လက်မှတ်လျှောက်ထားရာတွင်ဒုတိယနှစ်အောင်မြင်ပြီးသူမှစ၍ သက်ဆိုင်ရာဘာသာရပ်အလိုက် ပညာရေးကင်းရှင်းကြောင်း၊ အငြိမ်းစား/ပင်စင်စား ဝန်ထမ်းများအနေဖြင့် မိမိတို့၏ပင်စင်လစာ(သို့မဟုတ်)အငြိမ်းစားစာအုပ်တင်ပြခြင်း၊ အရေးပေါ်သွားရောက်ရန်လိုအပ်သူများအနေဖြင့် သက်ဆိုင်ရာစာရွက်စာတမ်းများ ပူးတွဲတင်ပြခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ကြောင်းလည်း သိရှိရသည်။

၂၀၁၃ ခုနှစ် မတ်လ ၁၅ ရက်မှစ၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက သတ်မှတ်ထားသည့် ပြည်ပထွက်ခွာခွင့်ပုံစံ (ဃ) D-Form ကို မတ်လ ၁၅ ရက်နေ့မှစတင်၍ ဖြည့်စွက်လျှောက်ထားတောင်းခံရန် မလိုအပ်တော့ကြောင်း အဆိုပါဝန်ကြီးဌာနမှ ထုတ်ပြန်ခဲ့ပြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနမှလည်း ပြည်ပသို့ထွက်ခွာမည့်သူများအားလုံး(အခွန်ကြွေးကျန်ရှိသူများမှအပ)ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၏အခွန်ကင်းရှင်းကြောင်းသက်သေခံလက်မှတ်ပုံစံ(ဂ) ပထခ(ဝင) -၁၂ ထောက်ခံချက်အား မတ်လ ၁၅ ရက်နေ့မှစတင်၍ ရယူရန်မလိုအပ်တော့ကြောင်း ထုတ်ပြန်ခဲ့သည်။

မင်းသီဟဇော်




ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့ရုံးသို့ လာရောက်လျှောက်ထားသူများအား တွေ့ရစဉ်

# မြန်မာနိုင်ငံလူဦးရေ၏ ၁၀ ရာခိုင်နှုန်းမှာ ပြည်ပသို့ ရွှေ့ပြောင်းလုပ်သားများအဖြစ် ရောက်ရှိနေ

မြန်မာနိုင်ငံလူဦးရေ၏ ၁၀ ရာခိုင်နှုန်းမှာ ပြည်ပသို့ရွှေ့ပြောင်းလုပ်သားများအဖြစ် ရောက်ရှိနေကြောင်း၊ မြန်မာနိုင်ငံမှ ရွှေ့ပြောင်းလုပ်ကိုင်သူအများစု၏ သိသာထင်ရှားသောအချိုးပမာဏမှာ တိုင်းရင်းသားလူမျိုးစုများနှင့် အမျိုးသမီးများဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာဥရောပသမဂ္ဂ၏ သံရုံးတာဝန်ခံ Mr.Alistair Mac - donald က မတ်လ ၁၄ ရက်နေ့ Inya Lake ဟိုတယ်တွင် ကျင်းပခဲ့သည့်ထိရောက်သောရွှေ့ပြောင်းသွားလာမှုဆိုင်ရာစီမံခန့်ခွဲမှုနှင့် မူဝါဒဖွံ့ဖြိုးတိုးတက်မှုအတွက် စွမ်းအင်မြှင့်တင်မှုလိုအပ်ချက်များကိုအကဲဖြတ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် ပြောကြားခဲ့သည်။

"မြန်မာနိုင်ငံက ရွှေ့ပြောင်းလုပ်သားတွေမှာ လူဦးရေရဲ့ ၁၀ ရာခိုင်နှုန်းက ပြည်ပမှာ ရွှေ့ပြောင်းလုပ်သားတွေအဖြစ် ရောက်ရှိနေတာတွေ့ရပါတယ်။ ဒါနဲ့ပတ်သက်ပြီးခိုင်မာတဲ့ကိန်းဂဏန်းတွေမရှိဘူး။ အသေးစိတ် သုတေသနပြုထားတာလည်း မရှိဘူး။ ပြည်ပကိုသန်းနဲ့ချီပြီး ရောက်နေသူတွေထဲမှာတိုင်းရင်းသားလူမျိုးစုနဲ့ အမျိုးသမီးတွေကအများဆုံးပဲ။ သူတို့ကမွေးဖွားလာတဲ့ကလေးတွေကလည်း သိန်းနဲ့ချီပြီးရှိနေပါတယ်။ အဲဒီကလေးတွေဟာ ရွှေ့ပြောင်းလုပ်သားတွေအဖြစ် မွေးဖွားလာပြီးပြည်ပနိုင်ငံတွေမှာ ကျန်ရှိနေဆဲဖြစ်ပါတယ်။ အဲဒီကလေးတွေရဲ့ ပညာသင်ကြားခွင့်နဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေ ဆုံးရှုံးနေပြီး မကြာခဏ ခေါင်းပုံဖြတ်ခံရမှုတွေလည်းရှိနေတယ်" ဟုမြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂ၏သံရုံးတာဝန်ခံ Mr.Alistair Macdonald က ပြောကြားခဲ့သည်။

တရားဝင်အချက်အလက်များအရ ၁၉၉၉ ခုနှစ်မှစတင်၍တရားဝင်လမ်းကြောင်းများမှ တစ်ဆင့်မြန်မာနိုင်ငံမှလုပ်သား ၁၃၀,၀၀၀ ကိုသာလျှင် အလုပ်အကိုင်ရှာဖွေပေးခဲ့ပြီး ပြည်ပ၌ အလုပ်လုပ်ကိုင်ရန်စေလွှတ်ခဲ့ကြောင်း၊ မြန်မာနိုင်ငံမှလုပ်သားများ ပြည်ပသို့ အဓိကသွားရောက်လုပ်ကိုင်ရာ နိုင်ငံများတွင် ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ အာရပ်စော်ဘွားများပြည်ထောင်စုနှင့်ကိုရီးယားနိုင်ငံတို့ပါဝင်ကြောင်း၊ သို့သော်လည်းပြည်ပသို့အမှန်တကယ်ရွှေ့ပြောင်းသွားလာလုပ်ကိုင်နေသည့် အလုပ်သမားအရေအတွက်မှာ ပိုမိုမြင့်မားနေကြောင်း နိုင်ငံတကာစီမံခန့်ခွဲမှုအဖွဲ့ (International Management Group)၏ထုတ်ပြန်ချက်အရ သိရှိရပါသည်။

နိုင်ငံတကာရွှေ့ပြောင်းသွားလာမှုအဖွဲ့ (IOM) ၏ ခန့်မှန်းတွက်ချက်မှုအရလူဦးရေငါးသန်းမှာပြည်ပသို့ရွှေ့ပြောင်းလုပ်ကိုင်နေကြကြောင်း သိရသည်။

■




ကျောင်းသား၊ ကျောင်းသူ ဦးရေ နည်းနည်းသာ လက်ခံ၍ တစ်ဦးချင်းစီ၏
ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးတို့တွင် မိဘများကဲ့သို့ အထူးဂရုစိုက်မှု၊ စည်းကမ်းရှိမှု၊ အောင်မြင်မှုတို့တွင်
ပြိုင်စံမပေါ် နိုင်ငံကျော်
ကံ့ကော်ရွှေမြည်
ပညာ့အောင်မြေကိုယ်ပိုင်ပညာသင်ကျောင်း
ဆရာကြီး ဒေါက်တာသန်းထွန်း
B.A ,H.G.P , R.L,D.I.L , DMA, D.B.A( USA ), Ph.D(Law)(USA)
၈တန်း၊ ၉တန်း၊ ၁၀တန်း ၂၀၁၃-၂၀၁၄ ပညာသင်နှစ်
နေ့တက်အဆင့်မြင့်တန်း နှင့် အဆင့်မြင့်ဘော်ဒါ (ကျောင်းသား၊ ကျောင်းသူ သီးသန့်ခွဲ)
မတ်လ အလယ်တွင် ဖွင့်လှစ်မည်
● အမှတ် ၃(A) ပြည်တော်အေးရိပ်သာ၊ ကမ္ဘာအေးစေတီလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့
● အခန်း (၁၀၀၇)၊ YUZANA BUSINESS TOWER, ၂၅ မွေ့စေတီလမ်း၊ မြေနီကုန်း၊ ရန်ကုန်မြို့
● ဖုန်း- ၀၉ ၇၃၁၅၆၀၉၉၊ ၀၉ ၇၃၀၅၅၉၉၃၊ ၀၉ ၅၀၇၇၇၅၅၊ ၀၉ ၅၁၁၁၆၀၂
ကျောင်းကား Ferry စီစဉ်ပေးသည်

ELEVEN MEDIA GROUP Co., Ltd.
ရန်ကုန် - အမှတ်(၂၂)၊ တောင်မြင်းပြိုင်ကွင်းလမ်း၊တာမွေကြီး (၁)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၄၀၀၅၂၈၊ ၄၀၀၅၂၄၊
မန္တလေး(ရုံးခွဲ) - အမှတ် (၉၉)၊ ၂၆ ဘီလမ်း၊ ၇၅-၇၆ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့နယ်၊ မန္တလေးမြို့
ဖုန်း ၀၂-၃၄၇၁၉

**TRADE MARK CAUTION**

**TAMURA CORPORATION,** a company organized under the laws of Japan, and having its principal office at 19-43 Higashi-Oizumi, 1-Chome, Nerima-ku, Tokyo, Japan, is the Owner and Sole Proprietor of the following Trademark:-

TAMURA

**Reg. No. 5771/2002**

in respect of " Chemicals, adhesives for industrial purposes, nonferrous metals in **Int'l Class 1."**

**Reg. No. 5933/2001**

in respect of " Paints, printing inks(other than "Mimeographing inks"), mimeographing inks in **Int'l Class 2."**

**Reg. No. 5934/2001**

in respect of " Chemical machines and apparatus, printing machines; bookbinding machines, plastic processing machines, semi-conductor manufacturing apparatus, motors other than for land vehicles, starters(for motors and engines), alternating or direct current motors(other than for land vehicles), alternators, direct current generators, painting machines, vehicle washing installations, waste crushing and shredding apparatus, waste compacting machines, machine elements (other than for land vehicles) in **Int'l Class 7."**

**Reg. No. 5935/2001**

used in respect of " Physical or chemical apparatus and instruments, measuring apparatus and instruments, electrical distribution or control apparatus and instruments, rotary converters, phase modifiers, batteries, electric or magnetic measuring machines and instruments, electric wires and cables, photographic apparatus and instruments, optical apparatus and instruments, electrical communication apparatus and instruments, electrical machines and instruments and their parts and fittings, ozonisers and ozonators, electrolyses, machines and instruments for use in amusement parks and pleasure grounds, sports training simulators, vehicle driving training simulators, magnetic cores, resistance wires, electrodes, automatic distribution machines, cash registers, coin counting and sorting machines, operation recording machines, photo-copying machines, electric calculators, video game apparatus for personal use, electric automatic door opener in **Int'l Class 9."**

Any fraudulent imitation or unauthorized use of the said Trademark will be dealt with according to law.

**U Nyunt Tin Associates International Limited,** Intellectual Property Division
Tel: 959 4500 59 247-8, 951 375754, Fax: 951 254321, Email: info@untlaw.com
For **TAMURA CORPORATION** Dated: 20 March, 2013.

မျက်နှာဖုံးသတင်းမှအဆက် ➢➢➢

မြန်မာနိုင်ငံဆရာဝန်အသင်းရုံး မြေနေရာတွင် ပုဂ္ဂလိကအဆောက်အအုံများဆောက်လုပ်မှုနှင့် ပတ်သက်၍ အသင်းဝင်ဆရာဝန်များကိုခေါ်ယူရှင်းလင်းသည့်ပွဲကို မတ်လ ၉ ရက်က မြန်မာနိုင်ငံဆရာဝန်အသင်း (ဗဟို) တွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအစည်းအဝေးသို့မြန်မာနိုင်ငံဆရာဝန်အသင်း အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံဆရာဝန်အသင်းလက်အောက်ရှိအဖွဲ့ငယ်များမှ တာဝန်ရှိသူများ၊ သက်ကြီးဆရာဝန်ကြီးများနှင့်သမားတော်ကြီးများ၊ မြန်မာနိုင်ငံဆရာဝန်အသင်း ဥက္ကဋ္ဌဟောင်းများစသည်တို့ တက်ရောက်ခဲ့ကြကြောင်းနှင့် ယင်းပွဲတွင် မြန်မာနိုင်ငံဆရာဝန်အသင်းဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့မှ မြန်မာနိုင်ငံဆရာဝန်အသင်း ရုံးမြေနေရာအား ပုဂ္ဂလိကမြှုပ်နှံမှုဖြင့် အထပ်မြင့် အဆောက်အဦတည်ဆောက်မည့် အစီအစဉ်များကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ယင်းသို့ ပြောကြားပြီးနောက် တက်ရောက်လာသူများက ဆရာဝန်အသင်း၏ လုပ်ငန်းများလုပ်ဆောင်ရန် နေရာအခက်အခဲနှင့်ရင်ဆိုင်နေရသည်ကို သိရှိပါကြောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုဖြင့် အထပ်မြင့်အဆောက်အဦသစ်ဆောက်လုပ်မည်ဆိုပါက ဆောက်လုပ်မည့်ဆရာဝန်အသင်း အဆောက်အအုံပုံသဏ္ဌာန်ကို မူကြမ်းထုတ်ဝေပြီးအသင်းဝင်ဆရာဝန်များသို့ ဝေငှတင်ပြပေးရမည်ဖြစ်ကြောင်း၊ ဆောက်လုပ်ရာတွင် နေရာအဆောက်အဦသုံးနေရာရရှိရေး အတွက်စဉ်စားရန်လိုပါကြောင်း ပြောကြားခဲ့သည်။


ဓာတ်ပုံ-အောင်ဇော်ထွန်း

ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆရာဝန်အသင်းရုံး အဆောက်အအုံအားတွေ့ရစဉ်

ထို့အပြင် နိုင်ငံခြားကုမ္ပဏီနှင့် လုပ်ကိုင်မည့်အဆောက်အဦပုံသဏ္ဌာန်နှင့် ဆရာဝန်အသင်းနေရာရရှိရေးအခြေအနေတို့ကို အဆောက်အဦပုံသဏ္ဌာန်နှင့်အတူ မည်၍မည်မျှ ကုမ္ပဏီတို့က မျက်နှာစာလွှမ်းမိုးထင်ရှားစွာနေရာယူမည်ကို အသင်းဝင်ဆရာဝန်များထံ အခြေအနေကိုရေးသားတင်ပြပေးရမည်ဖြစ်ကြောင်းနှင့် အသင်းဝင်ဆရာဝန်များအားလုံးသဘောတူခွင့်ပြုမှသာ လုပ်ငန်းများဆက်လက်လုပ်ဆောင်ရန် ပြောကြားခဲ့ကြကြောင်း အဆိုပါပွဲသို့တက်ရောက်ပါဝင်ဆွေးနွေးခဲ့သူဒေါက်တာအောင်ခင်ဆင့်၏ပြောကြားချက်အရသိရသည်။

ထိုကဲ့သို့အသင်းဝင်ဆရာဝန်များအားလုံး သဘောတူခွင့်ပြုမှသာ လုပ်ငန်းများဆက်လက်လုပ်ဆောင်မည်ဟု ပြောကြားထားသော်လည်းယခုထက်တိုင်အသင်းဝင်ဆရာဝန်များကြား သဘောထား ကောက်ခံခြင်းများ ကြေညာခြင်းများ မရှိသေးပေ။ ထို့ကြောင့် မြန်မာနိုင်ငံဆရာဝန်အသင်း၏ လုပ်ရပ်နှင့်ပတ်သက်၍ ပွင့်လင်းမြင်သာမှုမရှိကြောင်း ဆေးပညာရှင်များကြားတွင် ကျယ်ကျယ်ပြန့်ပြန့် ဝေဖန်ပြောဆိုမှုများ ဖြစ်ပေါ်လျက်ရှိနေပါသည်။

“ကျွန်တော်ကတော့ ဒီကိစ္စက ပွင့်လင်းမြင်သာမှုမရှိဘူးလို့မြင်တယ် အမှန်ဆို ဒီကိစ္စကိုသိရတာက မြန်မာနိုင်ငံဆရာဝန်အသင်းက ထုတ်တဲ့ ကြေညာချက်ကနေတစ်ဆင့်သိရတာမျိုးဖြစ်သင့်တာလေ။ အခုက လူပြောသူပြောနဲ့ Facebook လိုနေရာမျိုးနဲ့ ဂျာနယ်တွေကနေတစ်ဆင့်ကပဲ သိခဲ့ရတယ်။ ကျွန်တော်ကိုယ်တိုင်လည်း အသင်းဝင်ဆရာဝန်ပဲလေ။ တကယ်ဆို အသင်းဝင်ဆရာဝန်တွေအားလုံး သိအောင်ကြေညာနိုင်တဲ့နေရာတွေ အများကြီးရှိတာတောင်ကျွန်တော်တို့ တွေမသိခဲ့ရဘူး။ ရန်ကုန်လိုနေရာမျိုးက ကျွန်တော်တောင် မသိဘူးဆိုရင် ကျန်တဲ့ဝေးလံတဲ့နေရာကလူတွေ သိဖို့ဆိုတာပိုဝေးပြီပေါ့။ အဲဒါကသူတို့တွေ ကြိတ်လုပ်နေသလိုမျိုးဖြစ်သွားတာပေါ့ ပွင့်လင်းမြင်သာမှုမရှိဖြစ်နေတာပေါ့”ဟုသယ်နီးကျွန်းစံပြဆေးရုံကြီးမှ ခွဲစိတ်အထူးကုဆရာဝန်ဒေါက်တာနေအောင်ထွန်းမှ မြန်မာနိုင်ငံဆရာဝန်အသင်း၏အစီအစဉ်နှင့်ပတ်သက်၍ ဝေဖန်ပြောကြားခဲ့သည်။

အဆိုပါရှင်းလင်းပွဲတွင် မြန်မာနိုင်ငံဆရာဝန်အသင်းရုံး မြေနေရာ

**အသင်းအမှုဆောင်အချို့က ခရိုနီပြည်တွင်းဆောက်လုပ်ရေးလုပ်ငန်းရှင်ကြီးတွေနဲ့ ရင်းနှီးတဲ့ဆက်ဆံမှုတွေရှိတယ်လို့ သိထားတယ်။ သူတို့ရဲ့ အဆက်အသွယ်ကတစ်ဆင့်ရတဲ့ နိုင်ငံခြားကုမ္ပဏီတွေ ပတ်သက်မှုရှိသလား၊ မရှိသလား မရှင်းဘူး။ ဖြစ်နိုင်ရင် ကျန်းမာရေးဝန်ကြီးဌာန၊ စသုံးလုံးတို့၊ မြို့တော်စည်ပင်အင်ဂျင်နီယာအသင်းတို့ပါ အဖွဲ့ဖွဲ့ပြီး မျှတမှု ရှိ၊ မရှိ ဆက်စပ်ပတ်သက်မှုရှိ၊ မရှိစစ်သင့်တယ်…**

အားရယူကာ စီးပွားဖြစ်အထပ်မြင့် အဆောက်အဦလုပ်ကိုင်မည့်အစီအစဉ်များကိုအကျိုးတူပူးပေါင်းလုပ်ဆောင်မည့်ကုမ္ပဏီဘက်မှ ထုတ်ဖော်ပြောကြားခြင်းမပြုရန်ပြောကြားထားသည့်အတွက်မြန်မာနိုင်ငံဆရာဝန်အသင်း တာဝန်ရှိသူများကလည်း ထုတ်ဖော်မပြောကြားဘဲလျှို့ဝှက်စွာလုပ်ဆောင်နေကြကြောင်းလည်း သိရသည်။

“အသင်းဥက္ကဋ္ဌကြီးက ကျွန်တော်တို့ကိုဆရာဝန်အသင်းကြီးတိုးချဲ့ရေးကိစ္စကို အပြီးအပိုင်စာချုပ်ချုပ်ဆိုတဲ့အခြေအနေတွေမရောက်သေးတဲ့ အကြောင်း၊ ဘယ်ကုမ္ပဏီတွေနဲ့လုပ်မယ်ဆိုတာကို အပြီးအပိုင်မဆုံးဖြတ်ရသေးကြောင်း၊ အခုကြိုးစားနေတဲ့ ကုမ္ပဏီကြီးတွေက နာမည်ဖွင့်မပြောသေးဖို့မေတ္တာရပ်ခံထားလို့ထုတ်ဖော်မပြောသေးတာဖြစ်ကြောင်းနဲ့ ဆရာဝန်အသင်းမျက်နှာပျက်ပြီးငယ်သွားစေတဲ့လုပ်ဆောင်ချက်ကိုလည်းဘယ်တော့မှလုပ်မှာမဟုတ်ကြောင်းလည်း ပြောသွားပါတယ်” ဟု ဒေါက်တာအောင်ခင်ဆင့်က ပြောကြားခဲ့သည်။

အဆိုပါရှင်းလင်းပွဲတွင် တက်ရောက်ခဲ့သူ အသင်းဝင်ဆရာဝန်တစ်ဦးမှလည်း “ရှင်းလင်းပွဲမှာပြောခဲ့တာတွေက ဘာမှကိုအတိအကျမရှိဘူး၊ မသေချာသေးဘူးဆိုတာတွေဘဲများနေတယ်။ အခုဆွေးနွေးနေတဲ့ကုမ္ပဏီတွေကိုတောင် ဘာကြောင့် မပြောနိုင်ရတာလဲဆိုတာစဉ်းစားစရာပါ။ ကျွန်တော့်စိတ်ထင်တော့ ဒီကိစ္စမှာ ကြားပွဲစားများရှိနေသလားလို့တောင်ထင်နေမိတယ်။ အခုလက်ရှိအချိန်ထိတော့ အသင်းဝင်တော်တော်များများကဒီကိစ္စနဲ့ပတ်သက်ပြီး သဘောမတူနိုင်ကြသေးဘူး။ အခုကဘာမှန်းကို ရေရေရာရာမသိဘူးဖြစ်နေသေးတယ်။ ဒီနေ့ရှင်းလင်းပွဲကလည်းရှင်းလင်းပွဲသာဆိုတာဘာမှကိုတိတိကျကျသိလိုက်ရတာမရှိဘူး” ဟုရှင်းလင်းပွဲနှင့် ပတ်သက်၍ ဝေဖန်ပြောကြားခဲ့ပါသည်။

ထို့အပြင် မြန်မာနိုင်ငံဆရာဝန်အသင်းရုံးမြေနေရာအား ပုဂ္ဂလိကမြှုပ်နှံမှုဖြင့်အထပ်မြင့်အဆောက်အဦတည်ဆောက်ကာစီးပွားဖြစ်လုပ်ကိုင်မည့် သတင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံဆရာဝန်အသင်း တာဝန်ရှိသူများမှ ရှင်းလင်းပွဲတစ်ရပ်ကို ဖေဖော်ဝါရီလ ၂၁ ရက်နေ့က မြန်မာနိုင်ငံဆရာဝန်အသင်းအစည်းအဝေးခန်းမတွင် ကျင်းပခဲ့ပြီးဖြစ်သည်။

ယင်းပွဲတွင်မြန်မာနိုင်ငံဆရာဝန်အသင်း၏အထွေထွေအတွင်းရေးမှူးဖြစ်သူပါမောက္ခဒေါက်တာမြင့်သောင်းမှ မြန်မာနိုင်ငံဆရာဝန်အသင်းရုံးမြေနေရာအား ပြည်ပကုမ္ပဏီများ (ပြည်တွင်းကုမ္ပဏီမပါ)ကိုသာ ဖိတ်ခေါ်၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှသတ်မှတ်ထားသည့်ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီသာလုပ်ဆောင်ရန်ရှိကြောင်း၊ ဒီမိုကရေစီကျင့်စဉ်နှင့်အညီအသင်းသူ၊ အသင်းသား၊ ကိုယ်စားလှယ်အများစုက သဘောတူလက်ခံပြီးမှသာ လုပ်ဆောင်မည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့ပြီးဖြစ်သည်။

မြန်မာနိုင်ငံဆရာဝန်အသင်းမှ ထိုကဲ့သို့အသင်းသားဆရာဝန်အများစု သဘောတူလက်ခံပြီးမှသာလုပ်ဆောင်မည်ဖြစ်ကြောင်းပြောကြားထားသော်လည်းအသင်းဝင်ဆရာဝန်များ၏ သဘောထားတောင်းခံမှုမျိုး ယနေ့ထက်တိုင်အောင်မရှိသေးသည့်အပြင် အသင်းရုံးအစီအစဉ်ကြေငြာချက်အသိပေးသည့်သဘောမျိုးတောင် အသင်းဝင်များမရောက်ရှိကြောင်း အသင်းဝင်ဆရာဝန်အချို့မှပြောကြားခဲ့သည်။

“ကျွန်တော်တို့ဆီတော့ ဘာကြေငြာချက်မှ မရောက်ပါဘူး။ ဒီအကြောင်းကိုသိတာတောင် ဂျာနယ်ထဲမှာ ဆောင်းပါးတွေ့တာကနေ သိလာရတာပါ။ သူတို့ကလည်း အဲလိုဂျာနယ်ထဲပါလာတော့မှ သတင်းစာရှင်းလင်းပွဲလုပ်တာလေ အမှန်ဆို သူတို့သာ ပွင့်လင်းမြင်သာအောင် လုပ်ချင်တယ်ဆိုရင်အစတည်းကအသင်းဝင်ဆရာဝန်တွေသိအောင် လုပ်ထားရမှာပေါ့။ အားလုံးသိအောင် လုပ်ချင်ရင်လုပ်စရာတွေအများကြီးပါဗျာ။ အခုကျင်းပတဲ့ အသင်းဝင်ဆရာဝန်တွေခေါ်ရှင်းတယ်ဆိုတဲ့ပွဲတောင် ကျွန်တော်တို့မသိလိုက်ရဘူး” ဟုလူငယ်ဆရာဝန်များကွန်ရက်တာဝန်ခံဒေါက်တာကျော်စွာဦးမှ ပြောကြားခဲ့သည်။

“ဆရာဝန်အသင်းဟာ NGO အသင်းဝင်ဆရာဝန်အချို့ရဲ့သဘောတူညီမှုနဲ့ မလုပ်သင့်ဘူး။ အငြင်းပွားဖွယ်ကိစ္စတွေမှာ အသင်းဝင်ဆရာဝန်တွေကိုသာမက အများပြည်သူပါ ထင်သာမြင်သာရှိသင့်ပါတယ်။ အသင်းအမှုဆောင်အချို့က ခရိုနီပြည်တွင်းဆောက်လုပ်ရေးလုပ်ငန်းရှင်ကြီးတွေနဲ့ရင်းနှီးတဲ့ဆက်ဆံမှုတွေရှိတယ်လို့သိထားတယ်။ သူတို့ရဲ့ အဆက်အသွယ်က တစ်ဆင့်ရတဲ့နိုင်ငံခြားကုမ္ပဏီတွေပတ်သက်မှုရှိသလား၊ မရှိသလား မရှင်းဘူး။ ဖြစ်နိုင်ရင် ကျန်းမာရေးဝန်ကြီးဌာန၊ စသုံးလုံးတို့၊ မြို့တော်စည်ပင် အင်ဂျင်နီယာအသင်းတို့ပါအဖွဲ့ဖွဲ့ပြီး မျှတမှုရှိ၊ မရှိ ဆက်စပ်ပတ်သက်မှုရှိ၊ မရှိစစ်သင့်တယ် အငြင်းပွားမှုတွေပျောက်အောင် အခုအမှုဆောင်အဖွဲ့သက်တမ်းကလည်း ပြီးတော့မှာဆိုတော့နောက်အမှုဆောင်အဖွဲ့သစ်လက်ထက်ကျမှဆောက်သင့်၊ မသင့်ဆုံးဖြတ်သင့်တယ်၊ အလောတကြီးမလုပ်သင့်ဘူးလို့မြင်ပါတယ်” ဟု မြန်မာနိုင်ငံဆရာဝန်အသင်းဝင် Eleven Media Group မှ Managing Director ဒေါက်တာသိန်းမြင့်က ပြောကြားခဲ့သည်။

***သတင်းအယ်ဒီတာအဖွဲ့***

The Leprosy Mission
Myanmar
working towards a barrier free Myanmar

UKaid
from the British people

**VACANCY ANNOUNCEMENT**

**THE LEPROSY MISSION MYANMAR(TLMM)** is part of a leading international charity,working in Myanmartowards Inclusive, Barrier-free and Rights-based society for Persons with Disabilitiesincluding those affected by leprosy.

With the **funding from UK government (DFID)**, we are going to implement a project namely "Reducing the physical and social barriers faced by 2,000 people with disabilities in seven States and Regions in Myanmar and improving their livelihood opportunities" in rural communities in Patheingyi, Amarapura, Mahlaing, Sagaing, Monywa, Ayadaw, Pathein, Kangyeedaunt, Mawlamyinekyun, Tuntay, Kawhmu, Kungyangoan, Dala, Shwepyithar andHlaingtharyar.
We are looking for the following positions:

**AProject Manager** to ensure the smooth and successful execution of the project. This person will work closely withthe management team of the Country Coordination Office.The position will be based in Yangon with frequent visits to the field.

The requirements for this position are:
- A relevant degree or equivalent experience
- Experience of project management and development issues especially with regards to livelihoods, disa-bility and gender
- Experience in financial management skills
- Ability to manage a team of staff
- Strong ability in coordination with stakeholders
- Fluency in written and spoken English
- Strong computer literacy

**AnAdministrative and Finance assistant** to assist the project manager for smooth operation of the project. Reporting to the project manager, this person will have to work in close coordination with the Site Coordinators of TLMM in the areas where the project is to be implemented.The position will be based in Yangon with frequent visits to the field.

**#15 Physiotherapists** to provide physiotherapy services in the communities in the project area and to carryout gender sensitization and disability mainstreaming activities.

**#15 Livelihoods Facilitators** to provide livelihood and market relevant skills and training to the clients in the project area and to carryout gender sensitization and disability mainstreaming activities.

The positions of Physiotherapists and Livelihoods Facilitators will be based in the field, working together with TLMM's teams in the Disability Resource Centres.S/he must be willing to work with people affected by leprosy and other vulnerable persons.

Applicants with the qualifications and experiences stated above are welcome to submit their application together with CVs includingcontact details of 2 references to HtayHtay Win, Admin Assistant, **The Leprosy Mission Myanmarat 12(K) Pyithu Lane, 7th mile, Pyay Road, Mayangoan Township, Ph: 01-666851** or by email to: htay.wn@gmail.com.Closing date for submission is 28 March 2013. Short listed candidates will be contacted and given a notice for interview which will be on the 30 March 2013.

**မင်္ဂလာပါ။**

ကျွန်တော်တို့ VK-Land Myanmar Co.,LTD. သည် ကိုရီးယား အိမ်ခြံမြေ အကျိုးဆောင်နှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို လုပ်ဆောင်ပေးနေသော ကုမ္ပဏီဖြစ်ပါသည်။ ကိုရီးယားလုပ်ငန်းရှင်များသည် မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံမှုကို အလွန်ပင် လိုလားကြပါသည်။ ကျွန်တော်တို့ ကုမ္ပဏီအနေဖြင့် ကိုရီးယားလုပ်ငန်းရှင်များနှင့် မြန်မာနိုင်ငံ၏ မြေပိုင်ရှင်၊ တိုက်ခန်းပိုင်ရှင်နှင့် ရုံးခန်းပိုင်ရှင်များကို မိတ်ဆက်ပေးသော ကုမ္ပဏီတစ်ခုဖြစ်ပါသဖြင့် ကျွန်တော်တို့ကုမ္ပဏီအား စိတ်ဝင်စား၍ လူကြီးမင်းများ၏ မြေယာများ၊ တိုက်ခန်းများနှင့် ရုံးခန်းများကို ကျွန်တော်တို့ ကုမ္ပဏီတည်ရှိရာ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်၍ အကျိုးတူပူးပေါင်းဆောင်ရွက်ရန်။ ရောင်းချနိုင်ပါသည်။

**အထူးကျေးဇူးတင်ပါသည် • • • VK-Land Myanmar CO.,LTD.**

10 Floor, Chan Thar Plaza, Pazuntaung Township, Yangon.
Tel:09421160689, 0943158948, 09448008790

## ကမ္ဘာ့အကြီးဆုံး မြေပြင်အခြေစိုက်အာကာသလေ့လာရေးစခန်းကို ချီလီတွင်ဖွင့်လှစ်

ယူရိုတစ်ဘီလျံနီးပါး ကုန်ကျခဲ့သောကမ္ဘာ့အကြီးဆုံးမြေပြင်အခြေစိုက်အာကာသလေ့လာရေးစခန်းကို ချီလီနိုင်ငံမြောက်ပိုင်းတွင် မတ် ၁၃ ရက်ကဖွင့်လှစ်ခဲ့ကြောင်းသိရသည်။

ပင်လယ်ရေမျက်နှာပြင်အထက် မီတာ ၅၀၀၀ ခန့်အမြင့်ရှိ Atacama သဲကန္တာရမြို့အနီး ကုန်းမြင့်တစ်ခုတွင် တည်ဆောက်ထားသည့် Atacama Large Millimeter-submillimeter Array ၏အတိုကောက် ALMA အမည်ရ ယင်းစခန်းကို ချီလီသမ္မတဆီဘက်စတန်ပီညဲရာက ဖွင့်လှစ်ပေးခဲ့ပြီး ယင်းအာကာသစခန်းသည်မိမိတို့နေထိုင်သောစကြဝဠာအကြောင်း ပိုမိုနားလည်နိုင်စေရန်နှင့် ကမ္ဘာဂြိုဟ်ကိုကျော်လွန်ပြီး သက်ရှိများရှာဖွေနိုင်ရေးတို့တွင် ကူညီပေးနိုင်မည်ဖြစ်ကြောင်းပြောကြားခဲ့သည်။ ALMA မှာ အချင်း ၁၆ ကီလိုမီတာ (၁၀မိုင်)ရှိသောကြီးမားသည့်အာကာသစခန်းတစ်ခုဖြစ်ကြောင်း



ယင်းစခန်း၏ဒါရိုက်တာ Thijs de Graauw က ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားခဲ့သည်။

ဂျာမနီမှထုတ်လုပ်သောအဆင့်မြင့်ဇရိယာတိုင် ၆၆ ခုအနက် ၅၉ ခုသည် တဖြည်းဖြည်းချင်း စတင်လည်ပတ်နေပြီး စကြဝဠာအတွင်းပိုင်းသို့ ညွှန်ပြမည်ဖြစ်သည်။အောက်တိုဘာတွင် ဇရိယာတိုင်အားလုံးကို တပ်ဆင်မည်ဖြစ်ပြီး လုပ်ငန်းလည်ပတ်မှု အပြည့်အဝစတင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ALMA ကို မြောက်အမေရိက၊ ဥရောပနှင့် အာရှအေဂျင်စီများက ပူးပေါင်းလုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ ALMA ရှိ အလွန်အနုစိတ်လွန်းသော ကိရိယာများသည် ကြယ်ဖွဲ့စည်းပုံ၊ ဂြိုဟ်များဖြစ်တည်ပုံနှင့် မဟာပေါက်ကွဲမှုဖြစ်စဉ်အပြီး ဖွဲ့စည်းဖြစ်ပေါ်ပုံများနှင့်ဆိုင်သောမေးခွန်းများအတွက် အရေးပါသည့်အချက်အလက်များကို ပံ့ပိုးပေးနိုင်မည်ဖြစ်ကြောင်း de Graauw က ပြောကြားခဲ့သည်။

*Ref:AFP*

## လူသား၏တစ်ကိုယ်ကောင်းဆန်မှုကို ကာပျူးရှင်းမျောက်မျိုးနွယ်က ခွဲခြားသိနိုင်

တစ်ခေတ်တစ်ချိန်က လမ်းပေါ်တွင် လိုက်လံဖျော်ဖြေလေ့ရှိသောလက်လှည့်အော်ဂင်တီးသူများနှင့် အတူပါလာလေ့ရှိသည့် ကာပျူးရှင်းမျောက်မျိုးနွယ်သည် တစ်ကိုယ်ကောင်းဆန်သောစိတ်ဓာတ်ရှိသူများကို ခွဲခြားသိရှိနိုင်ကြောင်း သိရသည်။

ယင်းမျောက်တို့သည် လူသားတို့၏တုံ့ပြန်မှုများကိုကြည့်ပြီး ကူညီတတ်သူများအား အကောင်းဆုံးတုံ့ပြန်ပြုမူကြကာ တစ်ကိုယ်ကောင်းဆန်သော စိတ်ဓာတ်ရှိသူများကိုမူ ရှောင်ကြဉ်ကြကြောင်း သိရသည်။

အမေရိကသို့ စူးစမ်းလေ့လာရှာဖွေသူများသည်ကာပျူးရှင်းမျောက်များကို ၁၅ ရာစုတွင် အမေရိကတိုက်အလယ်ပိုင်းနှင့် တောင်ပိုင်းတို့၌ တွေ့ရှိခဲ့ကြခြင်းဖြစ်သည်။ အသိဉာဏ်မြင့်မားသော ကာပျူးရှင်းမျောက်များသည်လူကြိုက်များသောအိမ်မွေးတိရိစ္ဆာန်များလည်းဖြစ်ခဲ့ဖူးပြီး မကြာသေးမီကာလများအတွင်း အောက်ပိုင်းသေဝေဒနာရှင်များကို ကူညီရန်အတွက် လေ့ကျင့်ပေးခဲ့ကြသည်။

စကော့တလန်မှ စတာလင်တက္ကသိုလ်နှင့် ဂျပန်ကျိုတိုတက္ကသိုလ်တို့မှ ကျွမ်းကျင်ပညာရှင်များသည်ကာပျူးရှင်းမျောက်များရှေ့တွင် လူနှစ်ဦးကိုထားပြီး အချင်းချင်းကူညီသည့်ဟန်နှင့် တစ်ကိုယ်ကောင်းဆန်သည့်ဟန်တို့ကို သရုပ်ဖော်ပြသစေခဲ့သည်။ ယင်းနောက် ယင်းလူနှစ်ဦးက အစာကျွေးပါက မည်သူ့ထံမှအစာလက်ခံသည်ကို စောင့်ကြည့်လေ့လာခဲ့ခြင်းဖြစ်သည်။

မျောက်များသည် အကူအညီမပေးတတ်သောသူထံမှအစာလက်ခံမှု အကြိမ်နည်းပါးကြောင်း တွေ့ရှိခဲ့ရသည်ဟု စတာလင်တက္ကသိုလ်မှ ဒေါက်တာဂျင်အင်ဒါဆန်က ပြောကြားခဲ့ပြီး ယင်းတွေ့ရှိချက်များကို အွန်လိုင်းဂျာနယ် Nature Communications တွင် ဖော်ပြခဲ့သည်။

*Ref:DailyMail*

## အမျိုးသမီးများ ညဉ့်နက်အလုပ်လုပ်ခြင်းနှင့် သားအိမ်ကင်ဆာ ဆက်စပ်နေ

အသက် ၅၀ ကျော် အမျိုးသမီး ၃၀၀၀ ကျော်ကို လေ့လာခဲ့မှုအရ ညသန်းခေါင်အထိ အလုပ်လုပ်ရသူများနှင့် သားအိမ်ကင်ဆာဖြစ်နိုင်ခြေတို့အကြား ဆက်စပ်နေကြောင်း အမေရိကန်သုတေသနပညာရှင်များက တွေ့ရှိခဲ့ပြီး Occupational and Enviromental Medicine (OEM) ဂျာနယ်တွင် ဖော်ပြခဲ့သည်။

ယင်းလေ့လာမှုအရ ပုံမှန်ရုံးချိန်များတွင် လုပ်ကိုင်ရသူများထက် ညနက်သန်းခေါင်အထိ အလုပ်လုပ်ရသည့်အမျိုးသမီးများသည် ကင်ဆာကနဦးအဆင့်ဖြစ်နိုင်ခြေ ၄၉ ရာခိုင်နှုန်းမြင့်မားကြောင်း တွေ့ရှိခဲ့ရပြီး ဖြစ်နိုင်ခြေတစ်ခုမှာ အိပ်စက်ချိန်တွင်ထွက်ရှိသည့် melatonin ဟော်မုန်းများဟန်ချက်မညီမှုကြောင့်ဖြစ်သည်ဟု ယင်းပညာရှင်များက ပြောကြားခဲ့သည်။ သို့သော် လေ့လာမှုများ ထပ်မံပြုလုပ်ရန်လိုအပ်သေးကြောင်း ကျွမ်းကျင်ပညာရှင်များက သတိပေးခဲ့သည်။

ညသန်းခေါင်အထိ အလုပ်လုပ်ရမှုများသည် ရင်သားကင်ဆာဖြစ်နိုင်ခြေတစ်ခု ဖြစ်နိုင်ကြောင်းလည်း အပြည်ပြည်ဆိုင်ရာကင်ဆာသုတေသနက ထုတ်ပြန်ခဲ့ဖူးသည်။ *Ref:BBC*

## ဟီတာချီက တစ်ယောက်စီးခရီးသည်တင်စက်ရုပ်ကားပြသ

မိမိသွားချင်သောနေရာကို ထိတွေ့မျက်နှာပြင်မြေပုံတွင် ရွေးချယ်ပေးရန်သာလိုအပ်သည့် အလိုအလျောက်သယ်ယူပို့ဆောင်နိုင်သော စနစ်ပါသည့် တစ်ယောက်စီး ခရီးသည်တင် စက်ရုပ်ကားတစ်မျိုးကို ဂျပန်နည်းပညာကုမ္ပဏီဟီတာချီက အီဘာရာကီစီရင်စုရှိ ဆူကူဘာမြို့တွင် မတ် ၁၃ ရက်၌ ပြသခဲ့သည်။

ယင်းကားတွင် အရေးပေါ်အခြေအနေဖြစ်ပေါ်ပါက ခရီးသည်ကိုယ်တိုင်ထိန်းချုပ်နိုင်မည့် လက်ကိုင်တစ်ခုပါဝင်သည်ဟု သိရသည်။ သက်ကြီးရွယ်အိုမြင့်တက်လာသောဂျပန်တွင် လမ်းလျှောက်ရခက်ခဲသူများကိုကူညီပေးရန်ရည်ရွယ်ချက်ဖြင့် ယင်းကား



အားဖန်တီးခဲ့ခြင်းဖြစ်သည်။ယင်းစက်ရုပ်ကားတွင် လမ်းရှာဖွေနိုင်သော GPS စနစ်၊ လမ်းပေါ်ရှိ အဟန့်အတားများကို ရှာဖွေနိုင်သော အာရုံခံစနစ်၊ မညီညာသောလမ်းပေါ်တွင် မောင်းနှင်ပါက အလိုအလျောက်ထိန်းညှိနိုင်သောစနစ်တို့ပါဝင်ကြောင်း သိရသည်။ *Ref;DailyMail*

## ကမ္ဘာ့ရှေးဦးငှက်များ တောင်ပံနှစ်စုံဖြင့်ပျံသန်းခဲ့ဖွယ်ရှိကြောင်း အထောက်အထားတွေ့ရှိ

ယနေ့ခေတ် တောင်ပံတစ်စုံရှိသောငှက်များနှင့်မတူဘဲကမ္ဘာ့ရှေးဦးငှက်မျိုးစိတ်များတွင် တောင်ပံနှစ်စုံရှိခဲ့ကြောင်းအထောက်အထားသစ်ကို သုတေသီများက တွေ့ရှိခဲ့ကြသည်။

တောင်ပံနှစ်ထပ်လေယာဉ်တစ်စင်းကဲ့သို့ ယင်းငှက်များ၏ ခြေထောက်ပေါ်ရှိ တောင်ပံများက ပျံသန်းရာတွင် အရှိန်ထပ်တင်နိုင်ရန်အတွက် ထောက်ကူပေးခဲ့ကြောင်း တရုတ်နိုင်ငံရှိ ရှန်တုံတျန်ယုသဘာဝပြတိုက်တွင် လေ့လာမှုပြုလုပ်ခဲ့သောလင်းယီတက္ကသိုလ်မှ သုတေသီအဖွဲ့တစ်ဖွဲ့က ပြောကြားခဲ့သည်။

လွန်ခဲ့သော နှစ်သန်းပေါင်း ၁၅၀မှ ၁၀၀ ကြားရှိ မျိုးစိတ်ငါးခုမှ ငှက်အရိုးစု ၁၁ခုကို လေ့လာခဲ့ကြရာ ယင်းငှက်များ၏ နောက်ခြေများတွင် တောင်ပံပုံစံများရှိကြောင်း ထင်ရှားသောလက္ခဏာများ တွေ့ရှိခဲ့ကာ ၎င်းတို့၏ခြေထောက်များကို ပိုမိုထိရောက်စွာအသုံးပြုနိုင်ရန်ယင်းဒုတိယတောင်ပံတစ်စုံကို လျှော့ချခဲ့ခြင်း ဖြစ်နိုင်သည်ဟု ယူဆထားကြသည်။

ယနေ့ခေတ် ငှက်များတွင် ခန္ဓာကိုယ်အပြင်ပိုင်းတစ်ခုလုံးကို ဖုံးအုပ်ထားသောတောင်ပံနှင့် ယင်းတောင်ပံအောက်ခြေမှထွက်သော တောင်ပံဟူ၍ အမျိုးအစားနှစ်မျိုးရှိရာ ပထမအမျိုးအစားတောင်ပံများရှိသောငှက်မျိုးစိတ်တစ်ခုကို နောက်ခြေတောင်ပံများရှိသော ယင်းရုပ်ကြွင်းများတွင် သုတေသီအဖွဲ့က တွေ့ရှိခဲ့ကြသည်။

ယင်းတွေ့ရှိချက်များက ငှက်များတွင် တောင်ပံတစ်စုံရှိသော ခန္ဓာကိုယ်ပုံသဏ္ဌာန် မတိုင်မီက တောင်ပံနှစ်စုံ ရှိခဲ့ကာ အချိန်ကာလများပြောင်းလဲလာသောအခါ နောက်ဖက်ခြေထောက်များတွင် တောင်ပံများမရှိတော့ခြင်း ဖြစ်နိုင်ကြောင်း သုံးသပ်ခဲ့ကြသည်။

သို့ရာတွင် ကျွမ်းကျင်သူအချို့ကမူ ယင်းဒုတိယအတောင်ပံတစ်စုံမှာ ပျံသန်းရာတွင်မဟုတ်ဘဲ မိတ်လိုက်ရာတွင် သက်ဆိုင်သောအစိတ်အပိုင်းတစ်ခုဖြစ်နိုင်သည်ဟု ယူဆမှုလည်းရှိသည်။ *Ref:DailyMail*



# ရှီကျင်ပင်းကို တရုတ်သမ္မတသစ်အဖြစ် ပါလီမန်ကရွေးချယ်



(ဝဲမှယာ) ဝန်ကြီးချုပ်သစ် လီကေကျင်း၊ ဝန်ကြီးချုပ်ဟောင်း ဝမ်ကျားပေါင်၊ သမ္မတသစ် ရှီကျင်ပင်း

တရုတ်သမ္မတအဖြစ် ဟူကျင်တောင်ကို ဆက်ခံရန် လွန်ခဲ့သော ၅ နှစ်က ရွေးချယ်ခံထားခဲ့ရသော ရှီကျင်ပင်းကို တရုတ်ပါလီမန်က မတ် ၁၄ ရက်တွင် သမ္မတသစ်အဖြစ် တရားဝင်ခန့်အပ်ခဲ့သည်။ ကွန်မြူနစ်ပါတီ အတွင်းရေးမှူး ရာထူးကို စတင်ရယူပြီးနောက် လေးလအကြာတွင် ရှီကျင်ပင်း သမ္မတသစ်ဖြစ်လာခြင်းဖြစ်သည်။

ပေကျင်းရှိ မဟာပြည်သူ့ခန်းမဆောင်(Great Hall of the People)တွင် ကိုယ်စားလှယ် ၃,၀၀၀ ခန့်က ဧရာမအလံနီကြီးများရှေ့မှောက်၌ အနီရောင်မဲပုံးများအတွင်းသို့ အနီရောင် ဆန္ဒမဲများတန်းစီ ထည့်သွင်းပေးခဲ့ကြရာ ရှီကျင်ပင်းသည်ထောက်ခံမဲ ၂,၉၅၂ မဲရရှိခဲ့ပြီး ကန့်ကွက်မဲ ၁ မဲ၊ ပျက်ကွက်မဲ ၃ မဲ ရှိခဲ့သည်။

ရှီကျင်ပင်းသည် ထောက်ခံမဲ ၉၉ ဒသမ ၈၆ ရာခိုင်နှုန်းဖြင့် အလွယ်တကူ အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး ၂၀၀၇ ခုနှစ်က ထောက်ခံမဲ ၉၇ ဒသမ ၆၂ ရာခိုင်နှုန်းဖြင့် ဆီးရီးယားသမ္မတဖြစ်ခဲ့သည့် ဘာရှားအယ်လ်အာဆတ်ထက် သာလွန်ခဲ့သော်လည်း ၂၀၀၉ ခုနှစ်က ထောက်ခံမဲ ၉၉ ဒသမ ၉၈ ရာခိုင်နှုန်းဖြင့် အာဏာရခဲ့သည့် မြောက်ကိုရီးယား ခေါင်းဆောင်ကင်ဂျုံအီလ်ကို မမီခဲ့ကြောင်း ပေကျင်းရှိ Economic Observer သတင်းစာ အယ်ဒီတာ အဲရစ်ဖစ်ရှ်က ဆိုသည်။

တရုတ်ပြည်သူ့ကွန်ဂရက် အစည်းအဝေးကို ဦးဆောင်ခဲ့သော လျူယွန်ရှန်က "ရဲဘော်ရှီကျင်ပင်း တရုတ်သမ္မတအဖြစ်ရွေးချယ်ခံရကြောင်း ကြေညာအပ်ပါတယ်"ဟုပြောကြားခဲ့သည်။ အသက် ၅၉ နှစ်အရွယ် ရှီက ဂုဏ်ပြုမှုများအတွက် မတ်တပ်ရပ်ပြီး ကိုယ်စားလှယ်များကို ဦးညွှတ်အလေးပြုခဲ့သည်။

ရှီကျင်ပင်းသည် ကွန်မြူနစ်ပါတီ ခေါင်းဆောင်ရာထူးကို ရရှိထားပြီး ဖြစ်ရာ တရုတ်တွင် အာဏာ အစစ်အမှန်ကို ရရှိပြီးဟုဆိုနိုင်ပြီး သမ္မတရာထူးကိုရရှိခြင်းက ရှီ၏ ပြည်တွင်း၊ ပြည်ပရပ်တည်မှုကို ပိုမိုအားကောင်းစေမည်ဖြစ်သည်။ ရှီသည် ယမန်နှစ် နိုဝင်ဘာလက ကွန်မြူနစ်ပါတီခေါင်းဆောင်ရာထူးရရှိခဲ့ပြီးနောက် ခြစားမှုကို နှိမ်နှင်းခဲ့ပြီး ပါတီ၏အာဏာချုပ်ကိုင်မှုအားထိန်းသိမ်းကာပြည်သူများ၏ လူနေမှုဘဝတိုးတက်စေရန်နှင့် စီးပွားရေး ပြုပြင်ပြောင်းလဲမှုများ ရှေ့ဆက်ဆောင်ရွက်ခဲ့သည်။

တရုတ်သည် ကမ္ဘာ့တွင် ယုံယုံကြည်ကြည်ရပ်တည်လာနေပြီး အိမ်နီးချင်းများနှင့်နယ်မြေပိုင်ဆိုင်မှု အငြင်းပွားမှုများကို တင်းတင်းမာမာ ရပ်တည်နေချိန်တွင် ရှီကျင်ပင်း သမ္မတဖြစ်လာခြင်းဖြစ်သည်။ *Ref:AFP*

## တရုတ်ပါလီမန်က လီကေကျင်းကို ဝန်ကြီးချုပ်အဖြစ် ခန့်အပ်

တရုတ်သမ္မတသစ်အဖြစ် ရှီကျင်ပင်းကို ခန့်အပ်ပြီးနောက် တရုတ်ပါလီမန်က ဒုတိယဝန်ကြီးချုပ် လီကေကျင်းကို မတ် ၁၅ ရက်တွင် ဝန်ကြီးချုပ်အဖြစ် တရားဝင်ခန့်အပ်ခဲ့သည်။ အင်္ဂလိပ်စကားပြောကျွမ်းကျင်သူ ဗျူရိုကရက်အရာရှိတစ်ဦးကို ကမ္ဘာ့ဒုတိယအကြီးဆုံး စီးပွားရေးနိုင်ငံအား ပဲ့ကိုင်ရန်အတွက် ဝမ်ကျားပေါင်နေရာတွင် အစားထိုးခန့်အပ်ခဲ့ခြင်းဖြစ်သည်။

ပေကျင်းရှိ ပြည်သူ့ခန်းမဆောင်တွင်ပြုလုပ်သည့်မဲပေးမှု၌ လီသည် မဲအရေအတွက် ၂၉၄၉ အနက်ထောက်ခံမဲ ၂၉၄၀ ရရှိခဲ့ပြီး ကန့်ကွက်မဲ ၃ မဲနှင့် ပျက်ကွက်မဲ ၆ မဲ ရှိခဲ့သည်။

ဝန်ကြီးချုပ်ရာထူးကို ဆယ်စုနှစ်တစ်ခုခန့် ရယူထားဖွယ်ရှိသည့် လီသည် တရုတ်ကို ဖွံ့ဖြိုးမှုဟန်ချက်ညီသောနိုင်ငံတစ်နိုင်ငံဖြစ်လာရန် ဦးဆောင်ရမည်ဖြစ်သည်။ ဝန်ကြီးချုပ်လီ၊ သမ္မတရှီနှင့် အခြားကွန်မြူနစ်ပါတီထိပ်တန်းခေါင်းဆောင်များသည် လွန်ခဲ့သောလေးလကတည်းကပါတီတွင်အာဏာရခဲ့ကြပြီး ယခုတစ်ပတ် တရုတ်ပြည်သူ့ကွန်ဂရက်၌ အစိုးရထိပ်တန်းရာထူးများကို ရယူခဲ့ကြခြင်းဖြစ်သည်။ တရုတ်ဝန်ကြီးချုပ်ရာထူးသည် အစိုးရမျက်နှာစာ တစ်ခုဖြစ်ပြီး သဘာဝဘေးအန္တရာယ်များ ကြုံချိန်နှင့် လူထုနှင့်ရင်ဆိုင်ရသော အချိန်များတွင်ရှေ့ထွက်ရသူဖြစ်သည်။

အသက် ၅၇ နှစ်အရွယ် လီသည် ပြည်တွင်းရေးနှင့်စီးပွားရေးရာများကို ကိုင်တွယ်ကြီးကြပ်ရမည်ဖြစ်ပြီး ငါးနှစ်သက်တမ်းထမ်းဆောင်ရမည်ဖြစ်သော်လည်း ပုံမှန်အားဖြင့် ဒုတိယသက်တမ်းကို ထပ်မံထမ်းဆောင်ရလေ့ရှိသည်။ တရုတ်အရှေ့ပိုင်း အန်ဟွီးပြည်နယ်မှ ကွန်မြူနစ်ပါတီတာဝန်ရှိသူတစ်ဦး၏ သားဖြစ်သူ လီသည် ၁၉၆၆–၇၆ ယဉ်ကျေးမှုတော်လှန်ရေးကာလအတွင်း အခြားလူငယ်များကဲ့သို့ပင် အလုပ်ကြမ်းစခန်းသို့ ပို့ခံခဲ့ရသူဖြစ်သည်။

ရှီသည် နိုင်ငံခေါင်းဆောင်ဖြစ်သော်လည်း တရုတ်နိုင်ငံတော်ကောင်စီ(သို့မဟုတ်) အစိုးရအဖွဲ့ကိုမူ လီက ဦးဆောင်ရမည်ဖြစ်သည်။ ဆုံးဖြတ်ချက်ကို ကွန်မြူနစ်ပါတီ၏ ထိပ်တန်းကော်မတီဝင်များက ချမှတ်ရမည်ဖြစ်သော်လည်း အစိုးရမူဝါဒနှင့်စီးပွားရေးစီမံခန့်ခွဲမှုကိုဝန်ကြီးချုပ်ကဦးစီးရမည်ဖြစ်သည်။ *Ref:AFP*

## ကန့်ကွက်မှုများကြားမှ မုဒိမ်းမှုဆန့်ကျင်ရေး ဥပဒေမူကြမ်းအား အိန္ဒိယအစိုးရအဖွဲ့ တရားဝင်ခွင့်ပြု

အိန္ဒိယတွင် မုဒိမ်းမှုကျူးလွန်သူများအား ပိုမိုပြင်းထန်သောအပြစ်ဒဏ်များချမှတ်ရေး အဆိုပြုထားသော ဥပဒေပြင်ဆင်ချက်မူကြမ်းကို အိန္ဒိယအစိုးရက မတ် ၁၄ ရက်တွင် တရားဝင်အတည်ပြုခဲ့သည်။

ယင်းမူကြမ်းတွင် မုဒိမ်းမှုကျူးလွန်သူအား အနည်းဆုံးအနှစ် ၂၀ မှ တစ်သက်တစ်ကျွန်းအထိ ထောင်ဒဏ်ချမှတ်နိုင်ကာ မုဒိမ်းမှုတွင် မုဒိမ်းကျင့်ခံရသူသေဆုံးခဲ့ပါက သို့မဟုတ် ဦးနှောက်အသိဉာဏ် တစ်စုံတစ်ရာထိခိုက်စေခဲ့ပါက သေဒဏ်အထိချမှတ်နိုင်ရန် ရေးဆွဲထားသည်။

လက်ရှိဥပဒေတွင် သုံးနှုန်းထားသည့် "လိင်ပိုင်းဆိုင်ရာကိုယ်ထိလက်ရောက်ကျူးလွန်မှု"ဟူသော စကားလုံးကိုလည်း "မုဒိမ်းမှု"ဟူသော စကားလုံးဖြင့် အစားထိုးရန်၊ အရွယ်ရောက်ပြီးသူအဖြစ် ကြားနာစစ်ဆေးနိုင်သော အသက်အား ၁၈ နှစ်မှ ၁၆ နှစ်သို့ လျှော့ချရန်လည်း ၎င်းမူကြမ်းတွင် အဆိုပြုထားသည်။ ၎င်းဥပဒေကြမ်းကို ပါလီမန်က အတည်ပြုပါက ဥပဒေအဖြစ်ပြဋ္ဌာန်းမည်ဖြစ်သော်လည်း အလျင်စလိုနိုင်ပြီး မသင့်လျော်သောမူကြမ်းဟု ဆိုကာ ကန့်ကွက်ခံနေရသည်။

"ဒီလို လိင်ဆက်ဆံခွင့်ပြုတဲ့ အသက်အရွယ်ကို အသက် ၁၆ နှစ်အဖြစ် သတ်မှတ်မယ်ဆိုရင် ဒါဟာ မလိုလားအပ်တဲ့ အရွယ်မတိုင်မီ ကိုယ်ဝန်ဆောင်ခြင်းတွေ၊ ကိုယ်ဝန်ဖျက်ချခြင်းတွေ ပိုတိုးလာမယ့် သဘောဖြစ်နေပါတယ်"ဟု လှေ့လာသူ ဗာတီကာနန်ဒါက ဆိုသည်။ လက်ရှိဥပဒေအရ မုဒိမ်းမှုကျူးလွန်သူအား ထောင်ဒဏ်ခုနစ်နှစ်မှ ဆယ်နှစ်အကြားသာ ချမှတ်ရန် ပြဋ္ဌာန်းထားသည်။ *Ref:AFP*

## လက်နက်အစစ်အသုံးပြုသော စစ်ရေးလေ့ကျင့်မှုကို ကင်ဂျုံအွန်ကြီးကြပ်



ကင်ဂျုံအွန်က အမြောက်တပ်ကို စစ်ဆေးနေမှုအား မတ် ၁၂ ရက်နေ့တွင် ထုတ်ပြန်ပေးခဲ့ပုံ

တောင်ကိုရီးယားနှင့် အငြင်းပွားရေပိုင်နက်အနီးတွင် ပြုလုပ်ခဲ့သော လက်နက်အစစ် အသုံးပြုသည့် စစ်ရေးလေ့ကျင့်မှုကို မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအွန်ကိုယ်တိုင်ကြီးကြပ်ခဲ့သည်ဟု မြောက်ကိုရီးယားနိုင်ငံပိုင် ကိုရီးယားဗဟိုသတင်းအေဂျင်စီ (KCNA)က မတ် ၁၄ ရက်တွင်ဖော်ပြခဲ့သည်။ ခေတ်သစ်စစ်ပွဲသည် အမြောက်များဖြင့်တိုက်ခိုက်ရသောစစ်ပွဲဖြစ်သည်ဟု ကင်ဂျုံအွန်က ပြောကြားခဲ့ကြောင်း KCNA က ကိုးကားဖော်ပြခဲ့သည်။

ယင်းနေ့တွင်ပင် တောင်ကိုရီးယားဝန်ကြီးချုပ် ချောင်ဟောင်ဝန်းသည် အငြင်းပွားရေပိုင်နက်အနီးရှိ ယံ့ပြောင်ကျွန်းသို့သွားရောက်ခဲ့ပြီး မြောက်ကိုရီးယား၏ မည်သည့်ကျူးကျော်ရန်စမှုအတွက်မဆို ပြင်ဆင်ထားရန် စစ်သားများအား တိုက်တွန်းပြောကြားခဲ့သည်။

ယံ့ပြောင်ကျွန်းကို ၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာတွင် မြောက်ကိုရီးယားတို့က အမြောက်များဖြင့်ပစ်ခတ်မှုကြောင့် တောင်ကိုရီးယား အရပ်သားနှစ်ဦးအပါအဝင် စုစုပေါင်း လေးဦးသေဆုံးခဲ့ရသော နေရာလည်းဖြစ်သည်။ ယံ့ပြောင်ကျွန်းသည် အနာဂတ်တွင် မြောက်ကိုရီးယား၏ စစ်ရေးပစ်မှတ်အဖြစ် ဖြစ်လာနိုင်ခြေရှိကြောင်းလည်း ရှုမြင်ခံထားရသည်။

အမေရိကန်နှင့် တောင်ကိုရီးယားတို့သည်မိမိတို့၏အစိုးရဝက်ဘ်ဆိုက်များအား ပြီးခဲ့သည့်ရက်များအတွင်း အင်အားကြီးမားစွာဖြင့် ဆက်တိုက်ဝင်ရောက်တိုက်ခိုက်ခဲ့ကြောင်း မြောက်ကိုရီးယားက မတ် ၁၅ ရက်တွင် စွပ်စွဲပြောကြားခဲ့သည်။

ကိုရီးယားဗဟိုသတင်းအေဂျင်စီ (KCNA)၊ ရိုဒေါင်ရှင်မွန်နေ့စဉ်သတင်းစာ၊အဲကော်ရီလေကြောင်းလိုင်းနှင့် မြောက်ကိုရီးယားအစိုးရဝက်ဘ်ဆိုက်အချို့သည် မတ် ၁၃ ရက်နေ့အစောပိုင်းမှစပြီး ဝင်ရောက်အသုံးပြု၍မရခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။

*Ref:AFP*

**TRADE MARK CAUTION**

**Takeda Pharmaceutical Company Limited,** a company incorporated in Japan, of 1-1, Doshomachi 4-chome, Chuo-ku, Osaka, Japan, is the Owner and Sole Proprietor of the following Trademarks:-

**MADIPLOT**

**Reg. No. 4/1043/1998**

in respect of "Pharmaceutical preparations and substances for human use, especially antihypertensive agents."

**ALINAMIN**

**Reg. No. 4/1044/1998**

in respect of "Pharmaceutical preparations."

Any fraudulent imitation or unauthorized use of the said Trademarks will be dealt with according to law.

**U Nyunt Tin Associates International Limited,** Intellectual Property Division
Tel: 959 4500 59 247-8, 951 375754, Fax: 951 254321, Email: info@untlaw.com
For **Takeda Pharmaceutical Company Limited** Dated: 20 March, 2013.

Academic Telesis

**1st USA Colleges Seminar**

**အမေရိကန်ပညာရေးဟောပြောပွဲ**

တက္ကသိုလ်ဝင်တန်းဖြေဆိုအောင်မြင်ပြီးသည်နှင့် SAT, IELTS, TOEFL ရမှတ်မလိုပဲ အမေရိကန်ထိပ်တန်း တက္ကသိုလ်များသို့ တိုက်ရိုက်တက်ရောက်နိုင်သည့်အခွင့်အလမ်း၊ ပညာသင်ဆု အခွင့်အလမ်းများကို အမေရိကန်တက္ကသိုလ်မှ တာဝန်ရှိသူကိုယ်တိုင် လာရောက်ဟောပြောဆွေးနွေးမည်ဖြစ်ပါ၍ တက္ကသိုလ်ဝင်တန်းဖြေဆိုထားသူများ၊ အောင်မြင်ပြီးသူများနှင့် စိတ်ပါဝင်စားသူများ မည်သူမဆို အခမဲ့တက်ရောက် စုံစမ်းမေးမြန်းနိုင်ပါသည်၊

**FIND OUT HOW YOU CAN ATTEND TOP US UNIV.**
**RIGHT AFTER 10th GRADE for DEGREES & CAREERS**
*in Science, Engineering, Technology, Medical Sciences, IT, Business, Management & More*

**Meet Univ. Reps. for Admissions & Scholarships**
State Univ. of New York (36 Univ.), Pennsylvania State Colleges (10 Col.), California Community Colleges (6), Washington Community Colleges (6)
*For June and Aug./ Sept. intake, TOEFL, IELTS, SAT Not Necessary*

**Mandalay**
March 23, 12 pm to 4 pm
Utopia Hall
22 Street, Bet: 82x83

**Yangon**
March 25,10 am to 2 pm
Summit Park View Hotel
Alone Road, Dagon Tsp.

**Please Call**
**01-500092, 09-420087726 (or)**
**Register at: www.academictelesis.com**
**Register early, seats limited**

Room No (1), 2nd Floor, Myaynigone Plaza, Bagayar Road, Sanchaung Tsp, Yangon.

# စမတ်ဖုန်းပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်သစ် Galaxy S4 ကို ဆမ်ဆောင်းမိတ်ဆက်

ပြိုင်ဆိုင်မှုပြင်းထန်သော စမတ်ဖုန်းပြိုင်ပွဲတွင် အက်ပဲလ်ကိုယှဉ်ပြိုင်ရန်အတွက်တောင်ကိုရီးယားအီလက်ထရောနစ်ကုမ္ပဏီဆမ်ဆောင်းသည် ပါးလွှာပြီး အသုံးဝင်မှု အများအပြား ပါဝင်သည့် Galaxy S4 ဖုန်းသစ်ကို နယူးယောက်မြို့၊ ရေဒီယိုစီးတီးဂီတခန်းမတွင် မတ် ၁၄ ရက်၌ မိတ်ဆက်ပြသခဲ့သည်။ ယင်းဖုန်းသစ်ကို ဧပြီနှောင်းပိုင်းတွင် နိုင်ငံပေါင်း ၁၅၅ နိုင်ငံ၌ ရောင်းချသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သော်လည်း ဈေးနှုန်းကိုမူ မကြေညာခဲ့ပေ။




S4 ဖုန်းသစ်တွင် ၅ လက်မ မျက်နှာပြင်ပါဝင်ပြီး ဓာတ်ပုံရိုက်ကူးမှု စွမ်းရည်များကို မြှင့်တင်ထားကာ ဘာသာစကား ၉ မျိုးကို စာမှစကား၊ စကားမှစာ အပြန်အလှန် ဘာသာပြန်နိုင်စွမ်း ရှိမည်ဖြစ်သည်။ S4 သည် S3 ထက် ပိုမိုပါးလွှာပြီး မျက်နှာပြင်နှင့် ဘက်ထရီပိုကြီးလာသော်လည်း အလေးချိန်မှာ ၁၃၀ ဂရမ်သာ လေးကြောင်း သိရသည်။

S4 တွင် duel camera နည်းပညာပါဝင်သောကြောင့် ရှေ့ကင်မရာနှင့် နောက်ကင်မရာ နှစ်မျိုးစလုံးကို တစ်ပြိုင်နက်တည်း အသုံးပြုနိုင်ပြီး ရိုက်ကူးသူနှင့် ရိုက်ကူးခံ အကြောင်းအရာတို့ကို ပေါင်းစပ်မှတ်တမ်းတင်နိုင်မည်ဖြစ်သည်။ ကြိုတင်ပေါက်ကြားခဲ့မှုများအတိုင်း S4 ဖုန်းတွင် အသုံးပြုသူ၏အမြင်အာရုံကိုခြေရာခံနိုင်သော အာရုံခံကိရိယာများပါဝင်ပြီး ဖုန်းမျက်နှာပြင်ကို ကြည့်နေသူမှ လွှဲဖယ်လိုက်သည်နှင့် ဗီဒီယိုများ ခေတ္တရပ်တန့်သွားနိုင်သည့် နည်းပညာများ၊ အသုံးပြုသူ၏ မျက်လုံးလှုပ်ရှားမှုအတိုင်း အပေါ်အောက်နှင့် ဘေးတိုက်ရွှေ့လျားနိုင်သည့် နည်းပညာတို့ ပါဝင်လာကြောင်း သိရသည်။

"ကျွန်တော်တို့တွေအတွက်တော့ ဘဝဆိုတာ ခရီးပါ။ ဒီခရီးမှာ ကျွန်တော်တို့နဲ့အတူ လိုက်ပါနိုင်မယ့် ကိရိယာတစ်ခု လိုပါတယ်။ အဲဒီအဖော်က ကျွန်တော်တို့ရဲ့ဘဝကို အပြည့်စုံဆုံးဖြစ်စေဖို့ ကူညီပေးမှာပါ" ဟု ဆမ်ဆောင်းမိုဘိုင်းဆက်သွယ်ရေးလုပ်ငန်းဌာနခွဲဥက္ကဋ္ဌ ဂျေကေရှင်းက ပြောကြားခဲ့သည်။

"ဆမ်ဆောင်းရဲ့ ဖုန်းဟာ နည်းပညာတွေနဲ့ ပြည့်နှက်နေတယ်ဆိုတာ ရှင်းနေပါပြီ။ အဓိကကျတာက ဒီအသုံးဝင်မှုနည်းပညာတွေကို သုံးစွဲသူတွေ ဘယ်လောက်ကြိုက်မလဲဆိုတာပါပဲ"ဟု နည်းပညာအတိုင်ပင်ခံလုပ်ငန်း Gartner မှ မိုက်ကယ်ဂါတင်ဘတ်က ပြောကြားခဲ့သည်။

ဆမ်ဆောင်းသည် ဂူဂဲလ်က ထုတ်လုပ်သော အန်းဒရိုက်ဆော့ဝဲလ်သုံးဖုန်းထုတ်လုပ်သူများတွင်အအောင်မြင်ဆုံးနှင့် အကြီးဆုံးဖြစ်ပြီး ကမ္ဘာတစ်ဝန်း စမတ်ဖုန်းရောင်းချရမှုဈေးကွက်ဝေစု ကို ၂၅ ရာခိုင်နှုန်းခန့် ရရှိထားကြောင်း နည်းပညာသုတေသနလုပ်ငန်း အိုင်ဒီစီက ဆိုသည်။ ဆမ်ဆောင်းသည် ကမ္ဘာ့အရှေ့ဖျားတွင် အက်ပဲလ်ထက် လူကြိုက်ပိုများသည့် အားသာချက်ရှိသော်လည်း အမေရိကန်ဈေးကွက်တွင်မူအက်ပဲလ်က အသာရနေဆဲဖြစ်သည်။

*Ref:AFP*

# Google Reader ဝန်ဆောင်မှု ဇူလိုင်တွင်ရပ်ဆိုင်းမည်

ဂူဂဲလ်က အခမဲ့ပေးနေသောဝန်ဆောင်မှုများအနက် တစ်ခုဖြစ်သည့် Google Reader ကို ဇူလိုင် ၁ ရက်တွင် ရပ်ဆိုင်းမည်ဟုကြေညာခဲ့ရာ ယင်းစနစ်ဆက်လက်ထားရှိရန် အွန်လိုင်း၌လက်မှတ်ထိုးတောင်းဆိုသူ ၇၀၀၀၀ ကျော်ရှိခဲ့ကြောင်းသိရသည်။ Google Reader ကို ၂၀၀၅ ခုနှစ်တွင်စတင်ခဲ့ပြီး Really Simple Syndication (RSS)(မိမိကြိုက်နှစ်သက်သောဝက်ဘ်ဆိုက်များနှင့်ဘလော့ဂ်များအား မှတ်သားထားပြီး သတင်းများကိုဖတ်ရှုရသောစနစ်)မှာ ယင်းအချိန်က နည်းလမ်းသစ်တစ်ခုဖြစ်ခဲ့သည်။ သို့သော် Google Reader ကို ယခုအချိန်တွင် အသုံးပြုသူကျဆင်းလာခြင်းနှင့် ဂူဂဲလ်သည် ၎င်းတို့၏ထုတ်ကုန်နှင့်ဝန်ဆောင်မှုအနည်းငယ်ကိုသာ အကောင်းဆုံးဖြစ်ရန်လုပ်ဆောင်သွားမည်ဟုပိုင်းဖြတ်ထားခြင်းတို့ကြောင့် ယင်းကဲ့သို့ရပ်ဆိုင်းရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်ဟု ဂူဂဲလ်ကထုတ်ပြန်ခဲ့သည်။ *Ref:AFP*

# အင်္ဂါဂြိုဟ်လေ့လာရေးအတွက် ဥရောပနှင့်ရုရှားပူးပေါင်း

အင်္ဂါဂြိုဟ်သို့ လူမဲ့ခရီးစဉ်နှစ်ကြိမ်စေလွှတ်ရန် ဥရောပသမဂ္ဂအာကာသအေဂျင်စီ (ESA)နှင့် ရုရှားအာကာသအေဂျင်စီ (Roscosmos)တို့က မတ် ၁၄ ရက်တွင် သဘောတူခဲ့သည်။ ၂၀၀၅ ခုနှစ်၊ ဒီဇင်ဘာတွင် စတင်ခဲ့သော ExoMars အစီအစဉ်အရ အင်္ဂါဂြိုဟ်ပေါ်ရှိ လေထုထဲ၌ မီသိန်းဓာတ်ငွေ့များ ရှိ၊ မရှိနှင့် အလွန်သေးငယ်သည့်သက်ရှိများ နေထိုင်ခဲ့ခြင်း ရှိ၊ မရှိတို့ကို လေ့လာနိုင်ရန်အတွက် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီတွင် လေ့လာရေးယာဉ်ငယ်ကိုစေလွှတ်မည်ဖြစ်သလို ၂၀၁၈ ခုနှစ်တွင် ဘီးခြောက်ဘီးပါပြီး သိပ္ပံကိရိယာခုနစ်ခုပါသောယာဉ်တစ်စင်းကို စေလွှတ်မည်ဖြစ်ကြောင်းလည်း သိရသည်။ ယင်းအစီအစဉ်မှ အမေရိကန်အာကာသအေဂျင်စီ (NASA) က ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီတွင်နုတ်ထွက်ခဲ့သဖြင့် (ESA)က ရုရှားအကူအညီယူရခြင်းဖြစ်ကြောင်း သိရသည်။ *Ref:AFP*

# Blackberry ၏ဖုန်းသစ် အင်ဒိုနီးရှားတွင်ဖြန့်ချိ

Blackberry က ၎င်း၏စမတ်ဖုန်းသစ် Z10 ကို ကုမ္ပဏီ၏တတိယအကြီးဆုံးဈေးကွက်ဖြစ်သော အင်ဒိုနီးရှားတွင် မတ် ၁၅ ရက်က စတင်ဖြန့်ချိခဲ့ကြောင်း သိရသည်။ Z10ဖုန်းသစ်ကိုဝယ်ယူရန်အတွက် မြို့တော်ဂျကာတာရှိ Central Park ဈေးဝယ်ကုန်တိုက်တွင် လူဒါဇင်များစွာက တန်းစီစောင့်ဆိုင်းပြီး ဝယ်ယူခဲ့ကြသည်။ ယခုနှစ်ဆန်းပိုင်းတွင် ယင်းဖုန်းကို ဗြိတိန်နှင့်ကနေဒါတို့၌ရောင်းချခဲ့ပြီး လာမည့်သီတင်းပတ်တွင်အမေရိကန်၌ရောင်းချမည်ဖြစ်ကြောင်း သိရသည်။ Z10 ဖုန်းမှာ ကနေဒါအခြေစိုက် Blackberry ကုမ္ပဏီအတွက် အမြတ်ငွေများပြန်လည်ရရှိရန်၊ အက်ပဲလ်နှင့် စမတ်ဖုန်းများထုတ်လုပ်သည့် ဆမ်ဆောင်းကဲ့သို့ ပြိုင်ဘက်များထံမှ ဈေးကွက်ဝေစုများ ဆုံးရှုံးခဲ့ရမှုများ ပြန်လည်ရရှိရန်အတွက် အလွန်အမင်းအရေးပါနေသည်။ *Ref:AFP*









## အာဂျင်တီးနားဘုန်းတော်ကြီးဘာဂိုဂလီယို ပုပ်ရဟန်းမင်းကြီးအဖြစ်ရွေးချယ်ခံရ



Photo:AFP

ဟော်ဟဲမာရီယိုဘာဂိုဂလီယို (လယ်) က ဆစ်စ်တင်းဝတ်ပြုဆုတောင်းခန်းမသို့ မတ် ၁၄ ရက်က ဝင်ရောက်လာစဉ်

ပုပ်ရဟန်းမင်းကြီး ဘင်နီဒစ် အနားယူခဲ့ပြီးနောက် ဆက်ခံသူကို မတ် ၁၃ ရက်က ရွေးချယ်ခဲ့ရာ အာဂျင်တီးနားဘုန်းတော်ကြီး ဟော်ဟဲမာရီယိုဘာဂိုဂလီယိုအား ၂၂၆ ဆက်မြောက် ဖရန့်စစ်ပုပ်ရဟန်းမင်းကြီး (Pope Francis) အဖြစ် ရွေးချယ်ခဲ့ကြသည်။

ဘာဂိုဂလီယိုကို ပုပ်ရဟန်းမင်းကြီးအဖြစ် ရွေးချယ်ခံခဲ့ရမှုသည် ဥရောပက ရာစုနှစ်များစွာချုပ်ကိုင်ထားခဲ့သော ရဟန်းမင်းကြီးရာထူးကို ဥရောပမဟုတ်သောနိုင်ငံတစ်နိုင်ငံမှ ဘုန်းတော်ကြီးတစ်ဦးက ပထမဆုံးအကြိမ်ရရှိသွားခဲ့ခြင်းဖြစ်သည်။ နှစ်ပေါင်း ၁၃၀၀ အတွင်း ဥရောပမှ မဟုတ်သော ပထမဆုံးပုပ်ရဟန်းမင်းကြီးဖြစ်သည့် ဘာဂိုဂလီယိုသည် ကက်သလစ်ဘုရားကျောင်းတော် ပိုမိုပွင့်လင်းလာရေးမျှော်လင့်ချက်များကို မြင့်မားစေခဲ့သည်။

ကမ္ဘာတွင် ၁ ဒသမ ၂ ဘီလျံခန့်ရှိသော ကက်ဘလစ်ခရစ်ယာန်ဘာသာဝင်များအတွက် အရေးကြီးဆုံး ပုပ်ရဟန်းမင်းကြီးနေရာကို ရရှိသွားခဲ့သည့် ဘာဂိုဂလီယိုသည် အသက် ၇၆ နှစ်ရှိပြီဖြစ်ပြီး သဘောထားအလယ်အလတ်ကျသော ရှေးရိုးစွဲတစ်ဦးအဖြစ် ယူဆခံရသည်။ ၁၂ ရာစုက ချမ်းသာသူဘဝမှ သူဆင်းရဲဘဝကို ပြောင်းလဲသွားခဲ့သော သူတော်စင်တစ်ပါးဖြစ်သည့် စိန့်ဖရန့်စစ်၏ အမည်ကို အစွဲပြုခေါ်ဝေါ်သော ဖရန့်စစ်ပုပ်ရဟန်းမင်းကြီးသည်ရွေးချယ်ပွဲမတိုင်မီကမထင်ရှားခဲ့သော်လည်း ၂၀၀၅ ခုနှစ်က ဘင်နီဒစ်နှင့် ယှဉ်ပြိုင်ရွေးချယ်ခံရာတွင်ဒုတိယရရှိခဲ့သည်။

ရွေးချယ်သူ ဘုန်းတော်ကြီး ၁၁၅ ဦးသည် Sistine Chapel ဆစ်စ်တင်းဝတ်ပြုဆုတောင်းခန်းမတွင် ရဟန်းမင်းသစ်ကို လျှို့ဝှက်ရွေးချယ်ခဲ့ကြခြင်းဖြစ်ကြောင်း ဗာတီကန်ပြောခွင့်ရပုဂ္ဂိုလ်ဖီဒီရီကိုလွန်ဘာဒ်က ပြောကြားခဲ့သည်။

ဘင်နီဒစ်လက်ထက်တွင်ကျောင်းတော်အရှုပ်တော်ပုံများ ထုပြောခဲ့ရာ ဖရန့်စစ်ပုပ်ရဟန်းမင်းကြီးက ယင်းစိန်ခေါ်မှုများကို ဖြေရှင်းရမည်ဖြစ်သည်။ကလေးသူငယ်လိင်ပိုင်းဆိုင်ရာ အရှုပ်တော်ပုံ၊ ကျောင်းတော်တွင်ဗျူရိုကရေစီလွန်ဆွဲမှု အကျပ်အတည်းများကြောင့် ဗာတီကန်ကို ကျင့်ဝတ်ပိုင်းဆိုင်ရာယုံကြည်မှုကျဆင်းနေချိန်တွင် ဖရန့်စစ်ပုပ်ရဟန်းမင်းကြီးက တာဝန်ထမ်းဆောင်ရခြင်းဖြစ်သည်။

*Ref:AFP*

## ဖွံ့ဖြိုးဆဲနိုင်ငံများကြောင့် အနာဂတ်တွင် ဆင်းရဲမွဲတေမှုများ လျော့ပါးလာနိုင်

ဖွံ့ဖြိုးဆဲနိုင်ငံများ၏စီးပွားရေး အရှိန်အဟုန်ဖြင့်တိုးတက်မှုများသည် အလွန်အမင်းဆင်းရဲမွဲတေမှုများကို ထိရောက်စွာလျှော့ချနိုင်ပြီး လူလတ်တန်းစားသစ်များကို ဖန်တီးပေးနိုင်ကြောင်း၊ ဘရာဇီး၊ တရုတ်နှင့်အိန္ဒိယတို့၏ စုစုပေါင်းစီးပွားရေးသည် ၂၀၂၀ ပြည့်နှစ်အရောက်တွင် ကမ္ဘာ့အချမ်းသာဆုံးနိုင်ငံများဖြစ်သော အမေရိကန်၊ ကနေဒါ၊ ဗြိတိန်၊ ပြင်သစ်၊ ဂျာမနီနှင့်အီတလီတို့စုစုပေါင်းထက် ကျော်လွန်သွားလိမ့်မည်ဖြစ်ကြောင်း ကုလသမဂ္ဂ၏ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များ (UNDP) ၏လေ့လာမှုတစ်ခုတွင် ဖော်ပြခဲ့သည်။

စီးပွားရေးတိုးတက်မှုများရှိနေသော်လည်း ရာသီဥတုပြောင်းလဲမှုများအပေါ် တုံ့ပြန်ဖြေရှင်းမှုများမရှိခြင်း၊ တန်းတူညီမျှမှုမရှိခြင်းတို့သည် ယင်းတိုးတက်မှုများကို ခြိမ်းခြောက်နေကြောင်း မက္ကဆီကိုစီးတီးတွင် UNDP က ထုတ်ပြန်ခဲ့သော ယင်းအစီရင်ခံစာတွင် သတိပေးခဲ့သည်။ ယင်းအစီရင်ခံစာအရ ၁၉၉၀ ပြည့်နှစ်က ကမ္ဘာ့တစ်ဝှမ်းတွင် အလွန်ဆင်းရဲမွဲတေသူများအချိုးသည် ၄၃ ရာခိုင်နှုန်းရှိရာ ၂၀၀၈ ခုနှစ်တွင် ၂၂ ရာခိုင်နှုန်းသာရှိတော့ကြောင်း သိရသည်။

*Ref:AFP*

## မြောက်ကိုရီးယားကလေးငယ် ၂၈ ရာခိုင်နှုန်းအာဟာရချို့တဲ့နေ

မြောက်ကိုရီးယားကလေးငယ်လေးပုံတစ်ပုံသည် ကာလရှည်ကြာ အာဟာရချို့တဲ့မှုများနှင့် ရင်ဆိုင်ခဲ့ရသောကြောင့် ခန္ဓာကိုယ်ကြီးထွားမှုရပ်တန့်နေကြကြောင်းနှင့် နိုင်ငံ့လူဦးရေ ၂၄ သန်းအနက် သုံးပုံနှစ်ပုံမှာထမင်းတစ်နပ်ကိုမည်သည့်နေရာမှရရှိမည်မသိကြကြောင်းကုလသမဂ္ဂလူသားချင်းဆိုင်ရာစာနာထောက်ထားမှုဌာနမှ စေလွှတ်သောအဖွဲ့၏ မတ် ၁၆ ရက်တွင် ထုတ်ပြန်ခဲ့သော အစီရင်ခံစာ၌ ဖော်ပြခဲ့သည်။

ယင်းအစီရင်ခံစာသည်မြောက်ကိုရီးယား၏ငယ်ရွယ်သောခေါင်းဆောင်သစ်ကင်ဂျုံအွန်အတွက်အဓိကစိန်ခေါ်မှုတစ်ခုဖြစ်စေခဲ့သည်။မြောက်ကိုရီးယား၏ထောက်ပံ့ရေးအစီအစဉ်များသည် ကင်ဂျုံအွန်လက်ထက်၌ အခြေအနေပိုဆိုးလာကြောင်းနှင့် ဆေးရုံနှင့်ကျောင်းများ၏အခြေခံလိုအပ်ချက်များသည်လည်းလျင်မြန်စွာယိုယွင်းပျက်စီးလာကြောင်း အစီရင်ခံစာတွင် ဖော်ပြခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံသား ၂ ဒသမ ၈ သန်းသည် အစားအသောက်အာမခံချက်မရှိဘဲအသက်ငါးနှစ်အောက်ကလေး ၂၈ ရာခိုင်နှုန်းသည် အလွန်အမင်းအာဟာရချို့တဲ့မှု ခံစားနေရကြောင်း ယင်းအစီရင်ခံစာတွင် ဖော်ပြခဲ့သည်။

*Ref:AP*



# ဆီးရီးယားအတိုက်အခံသူပုန်များကို လက်နက်ပံ့ပိုးရန် ပြင်သစ်နှင့်ဗြိတိန်တို့၏တောင်းဆိုချက်အား ဥရောပသမဂ္ဂပယ်ချ

ဆီးရီးယားသူပုန်များအား လက်နက်ပံ့ပိုးရန် ဥရောပသမဂ္ဂ၏ လက်နက်ကုန်သွယ်မှုပိတ်ပင်မှု ကို ရုပ်သိမ်းပေးရန် ပြင်သစ်နှင့် ဗြိတိန် အစိုးရတို့၏ ကြိုးပမ်းချက်များအား ဥရောပသမဂ္ဂက မတ် ၁၅ရက်တွင် ပယ်ချခဲ့ပြီး ယင်းကဲ့သို့ပြုလုပ်ပါက လက်နက်အားပြိုင်ပွဲတစ်ခုဖြစ်ပေါ်ကာ ဒေသတွင်းမတည်ငြိမ်မှုကိုပိုမိုဆိုးရွားသွားစေနိုင်ကြောင်းထောက်ပြခဲ့သည်။

ဆီးရီးယားသို့လက်နက်ရောင်းဝယ်မှုပိတ်ပင်ခြင်းကို ပြန်လည်ရုပ်သိမ်းရန် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအား ဘရပ်ဆဲလ်မြို့တွင် ကျင်းပနေသော ဥရောပသမဂ္ဂ ထိပ်သီးညီလာခံ၌ ပြင်သစ်နှင့် ဗြိတိန်တို့၏ တောင်းဆိုမှုများမှာ ထောက်ခံသူအနည်းငယ်သာရှိခဲ့သည်။ သို့ရာတွင် ယခုသီတင်းပတ်အတွင်း ထပ်မံစဉ်းစားသုံးသပ်ကြဦးမည် ဖြစ်ကြောင်း သိရသည်။


Photo:AFP

ဆီးရီးယားအကျပ်အတည်းနှစ်နှစ်ပြည့်တွင် ဆီးရီးယားကလေးတစ်ဦးက အာဆတ်ဆန့်ကျင်ရေးကြွေးကြော်နေစဉ်

ဆီးရီးယားပြည်သူအများအပြားအသတ်ခံနေရမှုကို ဥရောပနိုင်ငံများက ယင်းအတိုင်း ခွင့်မပြုသင့်ကြောင်းနှင့် ယင်းပိတ်ပင်မှုရုပ်သိမ်းနိုင်ရေးအတွက်ဖိအားပေးတိုက်တွန်းရန် ပြင်သစ်သမ္မတဖရန့်ဆွာအောလွန်ဒ်နှင့်ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းတို့မှာ သဘောထားတူညီခဲ့သည်။

သို့သော် ယင်းပိတ်ပင်မှုရုပ်သိမ်းပေးရေးဆုံးဖြတ်ချက်ကို ဦးဆောင်ကန့်ကွက်နေသောဂျာမနီဝန်ကြီးချုပ် မာကယ်က အကယ်၍ယင်းပိတ်ပင်မှုရုပ်သိမ်းလိုက်ပါက ဆီးရီးယားသမ္မတဘာရှားအယ်လ်အာဆတ်၏ မဟာမိတ်များဖြစ်သောရုရှားနှင့်အီရန်တို့ကလက်နက်များထောက်ပံ့လာနိုင်ပြီး အလွန်အမင်းအန္တရာယ်ကြီးနိုင်ကြောင်း သတိပေးခဲ့သည်။

ဆီးရီးယားသို့ လက်နက်များ ဝင်ရောက်ခြင်းသည် နှစ်နှစ်နီးပါးကြာဖြစ်ပွားနေသော ဆီးရီးယားပြည်တွင်းစစ်ကို ပိုမိုဆိုးရွားစေမည်ဟု စိုးရိမ်ကာ ဥရောပသမဂ္ဂက ဆီးရီးယားအား လက်နက်ကုန်သွယ်မှု ပိတ်ပင်ခဲ့ခြင်းဖြစ်သည်။

အာဆတ်အစိုးရကို ဖြုတ်ချနိုင်ရန် အတိုက်အခံသူပုန်များအား လက်နက်ဖြည့်တင်းပေးရန် လိုအပ်ကြောင်း၊ အာဆတ်အစိုးရကမူ ပိတ်ဆို့မှုများကြားမှ အီရန်နှင့် ရုရှားတို့ထံမှ လက်နက်များရရှိနေကြောင်း ပြင်သစ်သမ္မတ အော်လွန်ဒ်က ပြောကြားခဲ့သည်။

ဥရောပမှ ပံ့ပိုးသောလက်နက်များသည် ဆီးရီးယားအစ္စလာမ္မစ်စစ်သွေးကြွများ၏ လက်ဝယ်သို့ မရောက်ရှိရန် တာဝန်ယူအာမခံကြောင်း ပြင်သစ်သမ္မတက ပြောကြားခဲ့သည်။ "နိုင်ငံရေးအသွင်ကူးပြောင်းမှုကို မလိုလားတဲ့ အာဆတ်အစိုးရကြောင့် လူအမြောက်အမြားသေဆုံးနေရတာကို ကျွန်တော်တို့ ခွင့်မပြုနိုင်ဘူး"ဟု အော်လွန်ဒ်က ဆိုသည်။

ဆီးရီးယားတွင် သမ္မတဘာရှားအယ်လ်အာဆတ်အစိုးရနှင့် အတိုက်အခံများအကြား ပဋိပက္ခဖြစ်ပွားမှုမှာ အချိန်နှစ်နှစ်ကျော်လာပြီဖြစ်ပြီး သေဆုံးသူဦးရေ ၇၀၀၀၀ ကျော်အထိ မြင့်တက်လာပြီဖြစ်ကြောင်း ကုလသမဂ္ဂကထုတ်ပြန်ခဲ့သော်လည်း ယခုအချိန်အထိ ဆီးရီးယားနိုင်ငံရေးအကျပ်အတည်းတွင် ဝင်ရောက်စွက်ဖက်ရန်အနောက်နိုင်ငံများက တွန့်ဆုတ်နေဆဲဖြစ်ကြောင်း သိရသည်။

*Ref:AFP*

# ဆီးရီးယားရှိစစ်သွေးကြွများကို စီအိုင်အေက မောင်းသူမဲ့လေယာဉ်ဖြင့်တိုက်ခိုက်ဖွယ်ရှိ

အမေရိကန်ဗဟိုထောက်လှမ်းရေးအေဂျင်စီ(စီအိုင်အေ)က ဆီးရီးယားရှိ အစ္စလာမ္မစ်အစွန်းရောက်ဝါဒီများ၏ အချက်အလက်များကို စုဆောင်းလျက်ရှိရာ ၎င်းတို့ကို မောင်းသူမဲ့ လေယာဉ်များဖြင့် တိုက်ခိုက်ရန်အတွက် ဖြစ်နိုင်ကြောင်း လော့စ်အန်ဂျလိစ်တိုင်းမ် သတင်းစာတွင် မတ် ၁၅ ရက်ကဖော်ပြခဲ့သည်။

ပါကစ္စတန်နှင့် ယီမင်ရှိ စစ်သွေးကြွများကို ပစ်မှတ်ထားသော မောင်းသူမဲ့လေယာဉ်အစီအစဉ်များ လုပ်ဆောင်နေသည့် စီအိုင်အေ၏ အကြမ်းဖက်တိုက်ခိုက်မှု နှိမ်နင်းရေးစင်တာက ဆီးရီးယားရှိ စစ်သွေးကြွများ၏ အချက်အလက် စုဆောင်းမှုမြှင့်တင်ရန် အရာရှိ အမြောက်အမြားကို မကြာသေးမီက နေရာရွှေ့ပြောင်းခဲ့သည်။

ဆီးရီးယားတွင် အစ္စလာမ္မစ်အစွန်းရောက် စစ်သွေးကြွများ အင်အားကြီးလာသဖြင့် အဆိုပါပြင်ဆင်မှုများ ပေါ်ပေါက်လာခြင်းဖြစ်ကြောင်း သိရသည်။ ဆီးရီးယားအတိုက်အခံစစ်သွေးကြွများအနက် Al Nursa Front သည် အင်အားအကြီးဆုံးဖြစ်သည်။ *Ref:AFP*

# ဂျွန်ကယ်ရီ၏ ပထမဆုံးအာရှခရီးစဉ် ဧပြီလလယ်တွင် စတင်မည်

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီသည် ပထမဆုံးအာရှခရီးစဉ်အဖြစ် တောင်ကိုရီးယား၊ ဂျပန်နှင့် တရုတ်နိုင်ငံတို့သို့ ဧပြီလလယ်တွင်သွားရောက်မည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက မတ်လ ၁၄ ရက်တွင် ကြေညာခဲ့သည်။

လန်ဒန်၌ ဧပြီ ၁၀ ရက်နှင့် ၁၁ ရက်နေ့တွင်ကျင်းပမည့် ဂျီ-၈ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး တက်ရောက်ပြီးနောက် ကယ်ရီသည် တောင်ကိုရီးယား၊ ဂျပန်နှင့် တရုတ်နိုင်ငံတို့သို့ သွားရောက်မည်ဟု နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ် ဒေးဗစ်ချူလန်းကပြောကြားခဲ့သည်။

စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၊ သဘာဝပတ်ဝန်းကျင်အရေးဆောင်ရွက်မှု၊ ဒေသတွင်းဆိုင်ရာအကြောင်းအရာများနှင့် ဘက်ပေါင်းစုံပါဝင်သော ဆွေးနွေးမှုမျိုးကိုဆွေးနွေးရန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးက စီစဉ်ထားသည်ဟု ချူလန်းကဆိုသည်။

ကယ်ရီသည် ဖွန်လတွင် ဘရူနိုင်း၌ကျင်းပမည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးကိုလည်း တက်ရောက်မည်ဖြစ်ကြောင်း သိရပြီး အရှေ့တောင်အာရှရှိ အခြားသောနိုင်ငံများသို့လည်း သွားရောက်မည်ဟု ချူလန်းကကြေညာခဲ့သည်။

*Ref:AFP*

# အစ္စရေးဝန်ကြီးချုပ်နေတန်ယာဟု ညွန့်ပေါင်းအစိုးရသစ်ဖွဲ့စည်း

အစ္စရေးဝန်ကြီးချုပ်နေတန်ယာဟု ဦးဆောင်သည့်အာဏာရလီကွတ်ပါတီနှင့် အဓိကမိတ်ဖက်ပါတီများအကြား ညွန့်ပေါင်းအစိုးရသစ်ဖွဲ့စည်းမှုကို သဘောတူ လက်မှတ်ရေးထိုးခဲ့သည်ဟု နေတန်ယာဟုက မတ် ၁၅ ရက်တွင် ပြောကြားခဲ့သည်။

အမေရိကန်သမ္မတ ဘာရက်အိုဘားမား၏ သမိုင်းဝင် အစ္စရေးခရီးစဉ်မစတင်မီ ရက်အနည်းငယ်အလိုတွင်အစိုးရသစ်ကို ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

ညွန့်ပေါင်းအစိုးရသစ်ဖွဲ့စည်းရေးအတွက် နေတန်ယာဟု၏ လီကွတ်ပါတီနှင့် နိုင်ငံခြားရေးဝန်ကြီးဟောင်းအဗစ်ဒေါလီဘာမန်း၏ Yisreal Beitenu ပါတီတို့သည် ဗဟိုဝါဒီ Yesh Atid နှင့် Jewish Home ပါတီတို့နှင့် သီတင်းပတ်ပေါင်းများစွာ အကြိတ်အနယ် ဆွေးနွေးခဲ့ပြီးနောက် သတ်မှတ်ထားသောနောက်ဆုံးချိန်မတိုင်မီ ၂၄ နာရီအလိုတွင် သဘောတူမှုရရှိခဲ့ခြင်းဖြစ်သည်။ ယင်းမှာ ဆယ်စုနှစ်တစ်ခုအတွင်း ultra-Orthodox အဖွဲ့များ မပါဝင်သည့် ပထမဆုံးအစ္စရေးညွန့်ပေါင်းအစိုးရဖြစ်လာခဲ့ကြောင်း သိရသည်။

အမေရိကန်သမ္မတ အစ္စရေးသို့ရောက်ရှိရန် နှစ်ရက် အလိုတွင် အစိုးရအဖွဲ့သစ်သည် ပါလီမန်၌ မတ်လ ၁၈ ရက်နေ့တွင် ကျမ်းသစ္စာကျိန်ဆိုမည်ဖြစ်သည်။

အစ္စရေးမီဒီယာများတွင် ဖော်ပြချက်အရ အစိုးရအဖွဲ့သစ်တွင် ဝန်ကြီး ၂၂ ဦးပါဝင်မည်ဖြစ်ပြီး လီကွတ်ပါတီက ပြည်ထဲရေး၊Yesh Atidပါတီက ဘဏ္ဍာရေးနှင့် ပညာရေးဝန်ကြီးဌာနအပါအဝင် ဝန်ကြီးဌာနငါးခုကို စီမံခန့်ခွဲမည်ဖြစ်ကာ Jewish Homeပါတီက ဝန်ကြီးဌာနသုံးခုကို စီမံခန့်ခွဲမည်ဖြစ်သည်။

နေတန်ယာဟုသည် ဇန်နဝါရီ ၂၂ ရက်တွင် ရွေးကောက်ပွဲအနိုင်ရခဲ့သော်လည်း ယခုမှသာ ညွန့်ပေါင်းအစိုးရဖွဲ့နိုင်ခဲ့ခြင်းဖြစ်သည်။

*Ref:AFP*

# မြောက်ကိုရီးယားခြိမ်းခြောက်မှုများကို တန်ပြန်နိုင်ရန် အမေရိကန်ဒုံးခွင်းစနစ်တိုးမြှင့်မည်

မြောက်ကိုရီးယား၏ အရှိန်မြင့်လာသော နျူကလီးယားခြိမ်းခြောက်မှုများကြောင့် အမေရိကန်သည် ဒုံးခွင်းစနစ်များကို တိုးမြှင့်ရန် စီစဉ်နေကြောင်း မတ် ၁၅ ရက်တွင် ကာကွယ်ရေးဝန်ကြီး ချက်ဟေဂယ်က ကြေညာခဲ့သည်။ ၂၀၁၇ ခုနှစ်အကုန်တွင် အလာစကာပြည်နယ်ရှိ ဒုံးကျည်ကာကွယ်ရေးစခန်း၌ ကြားဖြတ်ဒုံးခွင်းစနစ် ၁၄ ခု ချထားမည်ဖြစ်ကြောင်း ဟေဂယ်က ပြောကြားခဲ့သည်။

အလာစကာရှိ ဖို့ထ်ဂရီလီစခန်းတွင် ဒုံးခွင်းစနစ် ၃၀ ရှိရာ အရေအတွက် တိုးမြှင့်ခြင်းမပြုရန် အိုဘားမားအစိုးရက ၂၀၁၀ ပြည့်နှစ်တွင် ဆုံးဖြတ်ခဲ့သည်။ သို့သော် အီရန်နှင့် အထူးသဖြင့် မြောက်ကိုရီးယားတို့မှ ခြိမ်းခြောက်မှုများမြင့်တက်လာသောကြောင့် ယင်းဆုံးဖြတ်ချက်ကို ပြန်လည်ပြင်ဆင်ပြီး ဒုံးခွင်းစနစ် ၁၄ ခုကို ထပ်မံအင်အားဖြည့်ကာ ၄၄ ခုအထိထားရှိရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ သို့သော် မည်သည့်အချိန်တွင် စတင်ဖြည့်တင်းမည်ကိုမူ မထုတ်ပြန်သေးချေ။


တောင်ကိုရီးယားနှင့်ပူးတွဲစစ်ရေးလေ့ကျင့်နေသောအမေရိကန်တပ်ဖွဲ့ဝင်များ

ဂျပန်တွင် ဒုတိယမြောက် ဒုံးကျည်ထောက်လှမ်းရေးရေဒါတပ်ဆင်ရန်အစီအစဉ်ကိုလည်း လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဟေဂယ်က ပြောကြားခဲ့သည်။

*Ref:U.S*




# ထိုင်ဝမ်တွင် တာလတ်ပစ်ဒုံးကျည်ရှိခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဟောင်းပြောကြား

ထိုင်ဝမ်သည် တရုတ်ကို တန်ပြန်နိုင်ရန်အတွက် ၎င်း၏ ပထမဆုံး တာလတ်ပစ် ပဲ့ထိန်းဒုံးကျည်ကို ထုတ်လုပ်ခဲ့ပြီးဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဟောင်း၏စာအုပ်ထဲတွင် ရေးသားထားချက်ကို မီဒီယာတစ်ခုက မတ် ၁၆ ရက်တွင် ကိုးကားဖော်ပြခဲ့ခြင်းဖြစ်သည်။

မတ် ၁၇ ရက်တွင် ထုတ်ဝေမည့် ၎င်း၏စာအုပ်၌နိုင်ငံရေးသမားမှ ကာကွယ်ရေးဝန်ကြီးဖြစ်ခဲ့သော Micheal Tsai သည် ၂၀၀၈ ခုနှစ်တွင် ထိုင်ဝမ်စစ်တပ်သည် တာလတ်ဒုံးကျည်ကို အောင်မြင်စွာတည်ဆောက်နိုင်ခဲ့ကြောင်း ရေးသားထားသည်ကို Liberty Times သတင်းစာတွင် ဖော်ပြခဲ့သည်။

ထိုသတင်းနှင့် ပတ်သက်ပြီး ကာကွယ်ရေးဝန်ကြီးဌာနကမှတ်ချက်ပေးရန်ငြင်းဆန်ခဲ့ပြီး ယင်းကဲ့သို့ အချက်အလက်များကို ဖွင့်ချခြင်းကြောင့် နိုင်ငံလုံခြုံရေးကို ထိခိုက်စေသည့်အတွက် Tsai ကိုသာ ပြစ်တင်ပြောကြားခဲ့သည်။

God Bless Taiwan ဟုအမည်ပေးထားသောစာအုပ်တွင်တာလတ်ပစ်ပဲ့ထိန်းဒုံးကျည်ဟု ရေးသားထားခဲ့ခြင်းဖြစ်သည်။ လက်ရှိတွင်ထိုင်ဝမ်စစ်တပ်၌ ခရုဇ်ဒုံးကျည်များ တပ်ဆင်ထားသည်။ ထိုင်ဝမ်ကမူ ယင်းဒုံးကျည်များသည် အမြောက်အမြားထုတ်လုပ်ထားသော Hsiungfeng 2E ခရုဇ်ဒုံးကျည်များဖြစ်ကြောင်း ၂၀၁၀ ပြည့်နှစ်တွင် အတည်ပြုခဲ့သည်။

*Ref:AFP*

# နိုင်ငံတော်သစ္စာဖောက်မှုဖြင့်စွပ်စွဲခံရပြီးနောက် မာလာဝီ စီးပွားရေးစီမံကိန်းရေးရာဝန်ကြီး ရာထူးမှနုတ်ထွက်

မာလာဝီစီးပွားရေးစီမံကိန်းရေးရာဝန်ကြီး ဂွတ်ဒေါလ်ဂွန်းဒ်ဝဲသည် အခြားထိပ်တန်းအစိုးရအရာရှိ ၁၁ ဦးနှင့်အတူ နိုင်ငံတော်အား သစ္စာဖောက်မှုဖြင့် မတ် ၁၁ ရက်တွင် စွဲချက်တင်ခံရပြီးနောက် နှစ်ရက်အကြာတွင် ရာထူးမှနုတ်ထွက်ခဲ့ကြောင်း သိရသည်။

သမ္မတဟောင်း ဘင်ဂူဝါမူသရီခါကွယ်လွန်ပြီးနောက်ဒုတိယသမ္မတ ဂျွိုက်စ်ဘန်ဒါ၏ သမ္မတရာထူးလွှဲပြောင်းရယူခြင်းကို ဟန့်တားရန် ကြံစည်ခဲ့သည်ဟု ၎င်းတို့အား စွပ်စွဲထားခြင်းဖြစ်သည်။

အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့(IMF) ဒုတိယဥက္ကဋ္ဌဟောင်းဂွန်းဒ်ဝဲသည် ၂၀၀၄ မှ ၂၀၀၉ ခုနှစ်အတွင်းမာလာဝီစီးပွားရေးပြုပြင်ပြောင်းလဲမှုဖြင့်နာမည်ကောင်းရရှိခဲ့သည်။ မူသရီခါ၏ မဟာမိတ်တစ်ဦးဖြစ်ခဲ့သော်လည်းသမ္မတဂျွိုက်စ်ဘန်ဒါက သူ့အားဖမ်းဆီးထိန်းသိမ်းခဲ့သည်။

ရိုက်တာသတင်းဌာနနှင့် ပြုလုပ်ခဲ့သော အင်တာဗျူးတစ်ခုတွင် "စွဲချက်တွေနဲ့ ရင်ဆိုင်နေရချိန်မှာ ရာထူးကို ကျွန်တော်ဆက်လက်မထမ်းဆောင်နိုင်ပါဘူး"ဟု ဂွန်းဒ်ဝဲက ပြောကြားခဲ့သည်။

*Ref:BBC*

# အီရန်သည် နျူကလီးယားလက်နက်ပိုင်ဆိုင်ရန် တစ်နှစ်ကျော်လိုသေးဟု အိုဘားမားဆို

အီရန်သည် နျူကလီးယားလက်နက်ပိုင်ဆိုင်ရန် အချိန်တစ်နှစ်ကျော် သို့မဟုတ် တစ်နှစ်ခန့်လိုသေးကြောင်း၊ သို့ရာတွင် ယင်းအဆင့်သို့ ရောက်ရှိသည်အထိ အမေရိကန်က ယင်းအတိုင်း စောင့်ဆိုင်းနေမည်ဟု မဆိုလိုကြောင်း အမေရိကန်သမ္မတ ဘာရက်အိုဘားမားက အစ္စရေးရုပ်သံလိုင်းတစ်ခုသို့ မတ် ၁၅ ရက်တွင် ပြောကြားခဲ့သည်။

အစ္စရေးသို့ ယခုလနှောင်းပိုင်းအတွင်း အိုဘားမားသွားရောက်သောအခါ အီရန်နျူကလီးယားအစီအစဉ်သည် လုပ်ငန်းစဉ်၏ ရှေ့သို့ အတော်အတန် ရောက်ရှိနေမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

အီရန်အစိုးရကမူ စွမ်းအင်ထုတ်လုပ်ရေးအတွက်သာ ယူရေနီယံကို သန့်စင်နေခြင်းဖြစ်ကြောင်း ခုံခံပြောကြားထားသည်။

သို့ရာတွင် အစ္စရေးကမူ အီရန်သည် နျူကလီးယားဗုံးတီထွင်မှု အောင်မြင်လုနီးပြီဟု ယူဆရပါက စစ်ရေးအရ တိုက်ခိုက်မည်ဟု အဖန်ဖန်ခြိမ်းခြောက်ထားသည်။

*Ref:BBC*

# ဇင်ဘာဘွေဖွဲ့စည်းပုံအခြေခံဥပဒေသစ်အတွက် ဆန္ဒခံယူပွဲပြုလုပ်




ဇင်ဘာဘွေအခြေခံဥပဒေသစ်အတွက် မဲပေးရန်တန်းစီစောင့်ဆိုင်းနေသူများကို တွေ့ရစဉ်

ဇင်ဘာဘွေသမ္မတ ရောဘတ်မူဂါဘီ၏အာဏာကို ကန့်သတ်နိုင်ပြီးရွေးကောက်ပွဲများအတွက်လမ်းဖွင့်ပေးမည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အတွက်ဆန္ဒခံယူပွဲကို နိုင်ငံတစ်ဝန်း၌ မတ် ၁၆ ရက်တွင်ပြုလုပ်ခဲ့သည်။

မူဂါဘီ၏အာဏာရ ZANU-PFပါတီအပါအဝင် ဇင်ဘာဘွေနိုင်ငံ၏ အဓိကနိုင်ငံရေးပါတီများက ဖွဲ့စည်းပုံအခြေခံဥပဒေကို ထောက်ခံတိုက်တွန်းခဲ့သည်။

"ဒီဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဟာ ဗြိတိန်ရဲ့အခြေခံဥပဒေကို အစားထိုးမယ့် ဇင်ဘာဘွေရဲ့မှတ်တမ်းတစ်ခုပါ။ ဒါကြောင့်မဲပေးခဲ့ပါတယ်"ဟု အသက် ၃၄ နှစ်အရွယ်ရှိ တက္ကသိုလ်ကျောင်းသူ ဘာဘာရာအမ်ဟီနိုက ဇင်ဘာဘွေ၏ ကိုလိုနီနိုင်ငံဟောင်းကို ရည်ညွှန်းပြီး ပြောကြားခဲ့သည်။

ယင်းဖွဲ့စည်းပုံအခြေခံဥပဒေကိုအတည်ပြုမည်ဆိုပါက လွှတ်တော်သည် အာဏာပိုမိုရရှိမည်ဖြစ်ပြီးသမ္မတသက်တမ်းကို ကန့်သတ်နိုင်မည်ဖြစ်သည်။ ယင်းဖွဲ့စည်းပုံအခြေခံဥပဒေတွင် သမ္မတတစ်ဦးသည်ငါးနှစ်သက်တမ်းနှစ်ကြိမ်သာ ထမ်းဆောင်နိုင်မည့် ကန့်သတ်ချက်ကို ထည့်သွင်းထားသည်။

မဲပေးနိုင်သူ ခြောက်သန်းနီးပါးသည် နိုင်ငံတစ်ဝန်းရှိ မဲရုံ ၉၄၅၆ တွင်မဲပေးခဲ့ကြပြီး ဆန္ဒခံယူမှုနှင့်ပတ်သက်သည့် တရားဝင်ရလဒ်များကို မဲပေးပြီး ငါးရက်အကြာတွင် ထုတ်ပြန်သွားမည်ဖြစ်သည်။

"ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကိုကန့်ကွက်မဲထည့်ခဲ့ပါတယ်။ဒီဥပဒေဟာ နိုင်ငံရေးသမားတွေအတွက် ရေးထားတာပါ။ နိုင်ငံသားတွေအတွက် မဟုတ်ပါဘူး"ဟု မြို့တော်ဟာရာရီရှိ မဲရုံတွင်မဲပေးခဲ့သည့် အသက် ၂၇ နှစ်အရွယ်ရှိကီဇီတိုမာဝီက ပြောကြားခဲ့သည်။

ဇူလိုင်နှင့် အောက်တိုဘာလအတွင်းပြုလုပ်ရန်စီစဉ်ထားသည့် ရွေးကောက်ပွဲများတွင် ထပ်မံဝင်ရောက်ယှဉ်ပြိုင်မည်ဟု အသက် ၈၉ နှစ်အရွယ်ရှိ မူဂါဘီက ပြောကြားခဲ့သည်။

မကြာမီပြုလုပ်မည့်ရွေးကောက်ပွဲသည် အသက် ၈၉ နှစ် အရွယ်ရှိ မူဂါဘီနှင့်သူ၏ပြိုင်ဘက်ဝန်ကြီးချုပ် ဆဗန်ဂီရိုင်းတို့အကြား အာဏာ ခွဲဝေအုပ်ချုပ်မှုမပြေလည်မှုကို အဆုံးသတ်ဖွယ်ရှိသည်။

၂၀၀၈ ခုနှစ်က ပြုလုပ်ခဲ့သည့် အငြင်းပွားဖွယ်ရွေးကောက်ပွဲတွင် ပဋိပက္ခများ ဖြစ်ပွားခဲ့ပြီးလူ ၁၈၀ ကျော်သေဆုံးကာ လူ ၉၀၀၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က ထုတ်ပြန်ခဲ့သည်။ အဆိုပါရွေးကောက်ပွဲကြောင့် မူဂါဘီကို ဆဗန်ဂီရိုင်းနှင့် ညွန့်ပေါင်းအစိုးရဖွဲ့ရန်တွန်းအားပေးခဲ့သည့် နိုင်ငံဆိုင်ရာအကျပ်အတည်း တစ်ခုဖြစ်စေခဲ့သည်။ ယင်းရွေးကောက်ပွဲတွင် မူဂါဘီအနိုင်ရရှိမှုကို တရားမဝင်ဟု ဒေသတွင်းမှ ခေါင်းဆောင်များက ကြေညာခဲ့သဖြင့် ၂၀၀၉ ခုနှစ်တွင် မူဂါဘီနှင့် ဆန်ဗန်ဂီရိုင်းတို့အကြား ညွန့်ပေါင်းအစိုးရဖွဲ့ပြီး အာဏာခွဲဝေရန် သဘောတူညီခဲ့သည်။

မတ် ၁၆ ရက်ကပြုလုပ်ခဲ့သည့် ဆန္ဒခံယူပွဲတွင် အနောက်နိုင်ငံမှ စောင့်ကြည့်လေ့လာသူများကို လာရောက်ခွင့်မပြုဟု မူဂါဘီက ပိတ်ပင်ခဲ့သော်လည်း အာဖရိကမှ စောင့်ကြည့်လေ့လာသူများကိုမူ လာရောက်ခွင့်ပြုခဲ့သည်။ *Ref:CNN*






**မျက်နှာဖုံး "ငြိမ်းချမ်းရေးအတွက် သုံးစွဲနေသောငွေကြေးများ ပွင့်လင်းမြင်သာမှုရှိရန်. . ."သတင်းမှအဆက်**

လက်ရှိ အခြေအနေများအရ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များတွင် နိုင်ငံတော်မှ ငွေကြေးစိုက်ထုတ်သုံးစွဲခြင်းထက် နိုင်ငံတကာအလှူရှင်များ၏ ထောက်ပံ့မှုအပေါ် ရပ်တည်၍ လုပ်ဆောင်နေခြင်း ဖြစ်သဖြင့် ငွေကြေးသုံးစွဲမှုအပိုင်းတွင် ပွင့်လင်းမြင်သာမှုမရှိပါက နောင်တွင် အရှုပ်အရှင်း ဖြစ်လာနိုင်ကြောင်း နိုင်ငံရေးဆောင်းပါးများ ရေးသားနေသူ ဒေါက်တာရန်မျိုးသိမ်းကပြောပါသည်။

"ကျွန်တော့် အမြင်ကတော့၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟာ အစိုးရက ပြည်ထောင်စု အဆင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုအဖွဲ့ကို ဖွဲ့စည်းပြီး လုပ်နေတာဖြစ်တဲ့အတွက် အတိမ်းအစောင်းအမှားအယွင်းရှိခဲ့ရင်အစိုးရမှာလည်း တာဝန်ရှိမှာပါ။ အဓိကကတော့ ငွေရေးကြေးရေး အပိုင်း ပွင့်လင်းမြင်သာမှုကအရေးကြီးတယ်လို့မြင်ပါတယ်။ နော်ဝေ၊ အီးယူနဲ့ အခြားနိုင်ငံတွေက ငြိမ်းချမ်းရေးအတွက် ငွေကြေးအထောက်အပံ့ပေးတယ်ဆိုရင် Myanmar Peace Center ကို ပေးတာမဟုတ်သလို၊ အစိုးရကဖွဲ့တဲ့ ငြိမ်းချမ်းရေး ဖော်ဆောင်မှုအဖွဲ့ကိုလည်း ပေးတာမဟုတ်ပါဘူး။ တကယ်တော့ တိုင်းပြည်နဲ့ ပြည်သူကို ပေးတာပါ။ တိုင်းပြည်နဲ့ ပြည်သူကိုယ်စား၊ အစိုးရကဖွဲ့တဲ့အဖွဲ့၊ ဒါမှမဟုတ် အခြား အဖွဲ့အစည်းတွေက အဲဒီငွေကြေးတွေကို ရယူသုံးစွဲတာပါ။သူတို့အနေနဲ့ ငွေရေးကြေးရေးနဲ့ ပတ်သက်ရင် ရငွေ၊ သုံးငွေစာရင်းရှင်းဖို့လိုတယ်။ အများပြည်သူသိအောင် ပိုချပြဖို့လိုတယ်။အဲဒီလို မလုပ်နိုင်ဘူး ဆိုရင် ရှေ့လျှောက်ရှင်းရမယ့်အရှုပ်တွေ ပိုများလာမယ်ထင်ပါတယ်"ဟုဒေါက်တာရန်မျိုးသိမ်းက ပြောသည်။

မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များအတွက်အဓိကကူညီနေသည့် အဖွဲ့အစည်းများမှာ နော်ဝေမှဦးဆောင်ဖွဲ့စည်းခဲ့သော Peace Donor Support Group (PDSG)၊ Myanmar Peace Support Initiative (MPSI) အဖွဲ့တို့ဖြစ်ကြပြီးဂျပန်နိုင်ငံအခြေစိုက် နီပွန်ဖောင်ဒေးရှင်းကလည်း တိုင်းရင်းသားဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆက်စပ်ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအတွက် ထောက်ပံ့ကူညီမှုများ လုပ်ဆောင်လျက်ရှိသည်။

PeaceDonor SupportGroup (PDSG) အဖွဲ့ကို နော်ဝေနိုင်ငံမှ ဦးဆောင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး ထိုအဖွဲ့တွင်ဩစတြေးလျ၊ဗြိတိန်၊ဥရောပသမဂ္ဂ၊ ကုလသမဂ္ဂနှင့် ကမ္ဘာ့ဘဏ်တို့ပါဝင်ခဲ့ကာမြန်မာနိုင်ငံ၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအတွက် အမေရိကန်ဒေါ်လာ သန်း ၃၀ ထောက်ပံ့မည်ဟု ၂၀၁၂ခုနှစ် ဇွန်လအတွင်းက ကတိပြုပြောဆိုထားပါသည်။ နော်ဝေနိုင်ငံကပင် ဦးဆောင်ဖွဲ့စည်းထားသော Myanmar Peace Support Initiative (MPSI) အဖွဲ့အနေဖြင့် မြန်မာ့ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များအတွက် အမေရိကန်ဒေါ် လာ သန်း၇၀ကျော်ထောက်ပံ့ရန် စီစဉ်ဘထားကြောင်း၂၀၁၂ခုနှစ်အတွင်းက ထုတ်ပြန်ခဲ့သော သတင်းများ အရ သိရသည်။



မတ်လ ၁၁ ရက်နေ့ ရွှေလီ ဆွေးနွေးပွဲတွင် KIA ၏ ဒုတိယ စစ်ဦးစီးချုပ် ဗိုလ်ချုပ်ဂွမ်မော်နှင့် အတူတွေ့ရသော MPC အဖွဲ့ဝင်များ (ဦးလှမောင်ရွှေ၊ ဒေါက်တာ မင်းဇော်ဦး၊ ဦးအောင်နိုင်ဦး၊ ဒေါက်တာ ကျော်ရင်လှိုင်)




မတ်လ ၁၁ ရက်နေ့ ရွှေလီ ဆွေးနွေးပွဲ၌ MPC ကို ဦးဆောင်သူ ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဌ ဦးအောင်မင်းနှင့် MPC အဖွဲ့ဝင် ဦးလှမောင်ရွှေတို့အား တွေ့ရစဉ်

**ငြိမ်းချမ်းရေးအတွက် နိုင်ငံခြား အထောက်အပံ့ငွေကြေးကို လက်ခံတဲ့နေရာမှာ နှောင်ကြိုးမဲ့ဖို့လိုပါတယ်။ နောက်ထောက်ပံ့ငွေရဲ့ နောက်မှာ Political & Personal Benefit တွေမရှိနေဖို့ လည်းလိုပါတယ်။ နောက်ထောက်ပံ့ငွေပေးလို့ လုပ်ငန်းစဉ်မှာ ဝင်စွက်ဖက်မယ်။ ခြယ်လှယ်မယ်ဆိုတာမျိုးကတော့ . . .**

နီပွန်ဖောင်ဒေးရှင်းသည် Myanmar PecaeCenter(MPC)၏ အကူအညီဖြင့် ကချင် ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ ဒုက္ခသည်များအတွက်၂၀၁၂ခုနှစ်တစ်နှစ်တည်းမှာပင် အမေရိကန် ဒေါ်လာ သန်း ၃၀၀ကျော် လှူဒါန်းခဲ့ကြောင်း သိရသည်။ ထို့အပြင် ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ(UNFC)သို့လည်း ကူညီမှုများပြုလုပ်ထားပါသည်။

"အခုလောလောဆယ်ပေါ့။ ကျွန်တော်တို့ UNFC နဲ့ နီပွန်ဖောင်ဒေးရှင်းတို့ပူးပေါင်းဆောင်ရွက်ဖို့လက်မှတ်ထိုးထားတာရှိတယ်။ဒီအဖွဲ့ က အစည်းအဝေးတွေ၊ ခရီးစဉ်တွေ၊ တိုင်ပင်နှီးနှောတာတွေတော့ အကူအညီပေးပါတယ်။ သူ့နိုင်ငံမှာခေါ်ယူပြီး အစည်းအဝေးတွေလုပ်ပေးတာတွေရှိပါတယ်။သို့သော် နော်ဝေတို့၊ ဥရောပ အထောက်အပံ့တွေကတော့ Myanmar Peace Center ကိုအဓိကထားပြီးသွားတယ်လို့ သိရတယ်။ ထူးဆန်းတာက နေပြည်တော် အစိုးရဘက်ကတစ်ပြားမှမထုတ်ဘူး။ သူ့ရဲ့ ဘတ်ဂျက် တစ်ခုလုံးမှာ ငြိမ်းချမ်းရေးလုပ်ငန်းအတွက် ဘတ်ဂျက်ဘယ်လောက် လျာထားတယ်ဆိုတာမရှိဘူး။ ဒါကို သူတို့ ကိုယ်တိုင်လည်းဝန်ခံတယ်"ဟုUNFC၏ ပြောရေးဆိုခွင့်ရပုဂ္ဂိုလ်၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO)၏ဥက္ကဌဗိုလ်မှူးကြီးခွန်ဥက္ကာ ပြောသည်။

၂၀၁၂ခုနှစ် နိုဝင်ဘာလ ပထမပတ်အတွင်းက ပြုလုပ်ခဲ့သော MPC ဖွင့်ပွဲသို့ တက်ရောက်ခဲ့သည့် EU ဥက္ကဌ José Manuel Barroso က မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များအတွက် MPC သို့ ကနဦးအနေဖြင့်အမေရိကန်ဒေါ်လာ ၉သိန်းထောက်ပံ့ထားပြီး၂၀၁၃ ခုနှစ်တွင် အမေရိကန်ဒေါ် လာ ၃၈ ဒသမ ၅သန်းထောက်ပံ့မည်ဟုကတိပြုခဲ့သည်။

"လက်ရှိ အချိန်မှာတော့ ဒီအဖွဲ့ရဲ့ ငွေကြေးသုံးစွဲမှု အခြေအနေတွေက ပွင့်လင်းမြင်သာမှု မရှိသေးဘူးလို့ပဲ ပြောရမှာပေါ့။ ထုတ်ပြန်မှုတွေတော့လုပ်သင့်ပါတယ်။အသေးစိတ်မဟုတ်တောင် အကြမ်းဖျင်း ထုတ်ပြန်တာမျိုးတွေ ရှိသင့်ပါတယ်"ဟု ဧရာဝတီသတင်းဌာန မြန်မာနိုင်ငံရုံးခွဲတာဝန်ခံကိုရဲနည်ကပြောပါသည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့်လည်း MPC ၏ လုပ်ဆောင်မှုများကို လေ့လာစောင့်ကြည့်နေကြောင်းနှင့် ငွေကြေးသုံးစွဲမှုနှင့်ပတ်သက်ပြီး ရှင်းလင်းမှုရှိထားပါကပိုကောင်းမည်ဟုရှမ်းပြည်တိုးတက်ရေးပါတီ(SSPP/SSA)၏ ပြောရေးဆိုခွင့်ရပုဂ္ဂိုလ် ဦးမိုးစိုင်းလက ပြောသည်။

"ကျွန်တော်တို့လည်း ဒီအဖွဲ့ရဲ့ လုပ်ဆောင်မှုတွေကို လေ့လာစောင့်ကြည့်နေတယ်။ ငွေကြေးပိုင်းကိုတော့ ရှင်းရှင်းလင်းလင်း လုပ်ထားသင့်တယ်။ အဲဒါတွေ လုပ်ထားရင်တော့ ကောင်းတာပေါ့။ မဟုတ်ရင် နောင်တစ်ချိန်မှာ ဒီငွေကြေးတွေကို ခုတုံးလုပ်ပြီး သုံးစွဲတယ်ဆိုတဲ့ စွပ်စွဲချက်တွေ ဖြစ်ကောင်း၊ ဖြစ်လာနိုင်တယ်"ဟုဦးမိုးစိုင်းလက ပြောသည်။

"ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွေ အောင်မြင်သွားရင်တော့ ဘာမှ မဖြစ်နိုင်ပေမဲ့ မအောင်မြင်ဘူးဆိုရင် အဲဒါကို အကြောင်းပြုပြီး အောက်ခြေမှာ အရှုပ်အရှင်းတွေ ရှိလာနိုင်တယ်" ဟု ကချင်ပြည်နယ် ငြိမ်းချမ်းရေး အကျိုးတော်ဆောင်အဖွဲ့ (PCG) အဖွဲ့ဝင်ဦးလမိုင်ဂွမ်ဂျာကပြောသည်။

ကချင်ပြည်နယ် ငြိမ်းချမ်းရေး အကျိုးတော်ဆောင်အဖွဲ့(PCG)အနေဖြင့် အစိုးရငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့နှင့် KIOတို့တွေ့ဆုံနိုင်ရန် အတွက်ခုနစ်ကြိမ်ခန့်ဖန်တီးပေးခဲ့ပြီး ထိုသို့ဖန်တီးမှုများအတွက် ငွေကျပ်သိန်းနှစ်ထောင်ကျော် သုံးစွဲခဲ့ကြောင်း၊ ယင်းငွေကြေးများကို PCG အဖွဲ့ဝင်များက စိုက်ထုတ်ခဲ့ခြင်းဖြစ်ကာ အစိုးရ၊ KIO နှင့် ပြည်သူများထံမှမည်သည့် ငွေကြေးမျှရယူခဲ့ခြင်းမရှိဟု ဦးလမိုင်ဂွမ်ဂျာက ပြောကြားခဲ့သည်။

ပြီးခဲ့သည့် လပိုင်းအတွင်းက MPC အဖွဲ့ဝင်ဒါရိုက်တာတစ်ဦးက တစ်လလျှင် လစာငွေ အမေရိကန်ဒေါ်လာ ၁၀၀၀၀ ဖြင့် တစ်နှစ်စာအတွက်အမေရိကန်ဒေါ်လာ၁၂၀၀၀၀ ပေးရန်တောင်းခံခဲ့သည်ဆိုသော သတင်းများFacebook၌ ပျံ့နှံ့ခဲ့ပြီး ထိုသတင်းမှန်ကန်မှုမရှိကြောင်း ကာယကံရှင်က ငြင်းဆိုခဲ့သည်။

သို့သော် ထိုအချိန်မှ စတင်ပြီး MPC၏ ဖွဲ့စည်းပုံနှင့် ဝန်ထမ်းများအတွက် အသုံးပြုသောအသုံးစရိတ်များအပေါ် မေးခွန်းထုတ်မှုများ ပေါ်ပေါက်ခဲ့ပါသည်။

စတင်တည်ထောင်ချိန်မှ စတင်ပြီး လက်ရှိအချိန်အထိ MPC မှ ရရှိခဲ့သော နိုင်ငံတကာ ထောက်ပံ့ကြေးငွေ မည်မျှရှိကြောင်းနှင့် ဝန်ထမ်း အသုံးစရိတ်များ အပါအဝင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအတွက် အသုံးစရိတ်များမည်မျှရှိမည်ဆိုသည်ကိုMPCအုပ်ချုပ်ရေးပိုင်းကိုမေးမြန်းခဲ့သော်လည်းငင်းတို့အနေဖြင့်တရားဝင်ဖြေကြားရန်အစီအစဉ်မရှိကြောင်း ပြန်လည် ဖြေကြားခဲ့သည်။

"ကျွန်တော်တို့က ရုံးလုပ်ငန်းပဲလုပ်တာဆိုတော့သတင်း ထုတ်ပြန်မှုအားလုံးက သမ္မတရုံးက ပြောရေးဆိုခွင့်ရှိသူ ဦးရဲထွဋ်ကပဲ ပြောခွင့်ရှိတယ်ဗျ။ ကျွန်တော်တို့ကို ပြောခွင့်ပေး မထားပါဘူး။ နိုင်ငံတော်က လုပ်တဲ့ ငြိမ်းချမ်းရေးနဲ့ ပတ်သက်တာအားလုံးကို သမ္မတရုံးကနေ လုပ်တဲ့အတွက်ကျွန်တော်တို့ တစ်ဦးချင်းစီအနေနဲ့ပြောပြခွင့်မရှိပါဘူး" ဟု MPC၏ အုပ်ချုပ်ရေး တာဝန်ခံ ဦးကျော်စိုးလှိုင်က ပြောသည်။

MPC ၏ ထောက်ပံ့ငွေကြေးရရှိမှု၊ လည်ပတ်သုံးစွဲငွေအခြေအနေများနှင့် ပတ်သက်၍ နိုင်ငံတော်သမ္မတ၏ ပြောရေးဆိုခွင့်ရပုဂ္ဂိုလ် ဦးရဲထွဋ်ထံ မေးမြန်းခဲ့သော်လည်း ခရီးလွန်နေသဖြင့် ပြန်လည်ဖြေကြားခဲ့ခြင်း မရှိခဲ့ပေ။

အခြားတစ်ဖက်တွင်လည်း MPC၏ ရပ်တည်မှုနှင့် ပတ်သက်၍မေးခွန်းထုတ်စရာများရှိနေကြောင်း ဗိုလ်မှူးကြီးခွန်ဥက္ကာကသုံးသပ်သည်။

"သူတို့ရဲ့ တရားဝင်မှုက တစ်ဝက်တစ်ပျက်ပဲ။ တိုင်းပြည်တစ်ပြည်ရဲ့ တရားဝင် လမ်းကြောင်းပြောရင် လွှတ်တော်ကို ဖြတ်ရတယ်။ စုံစမ်းရေး ကော်မရှင်တစ်ခု၊ဘာလေးပဲ ဖွဲ့ဖွဲ့၊ အစိုးရက ဖွဲ့တဲ့ ကော်မရှင်တစ်ရပ်က အစုအဖွဲ့တစ်ရပ်က သူ့ရဲ့ လုပ်ပိုင်ခွင့်နဲ့ လွှတ်တော်ကို တင်တယ်။ ပြဋ္ဌာန်းဥပဒေနဲ့ တင်တယ်။ လွှတ်တော်က အတည်ပြုလိုက်ရင်တော့ ပိုခိုင်မာတာပေါ့။ အခု MPC ကိုကျတော့ သမ္မတကြီးရဲ့ အထူးဒီဂရီပေါ့။ အထူးအမိန့်နဲ့ ဖွဲ့စည်းထားတာဖြစ်တယ်။ ပထမပိုင်းလောက်မှာ သူက အကျိုးဆောင်ကြားနေ၊ ဟိုဘက်လည်း မပါဘူး။ ဒီဖက်လည်း မပါဘူး။ အဲဒီ role ကို ပြတယ်။ ဒါပေမဲ့ လုပ်ရင်း လုပ်ရင်းနဲ့ မပြနိုင်တော့ဘူး။ ဘက်တစ်ဘက်ကို ပါသွားတယ်။ ပါသွားတော့ အခု MPC ဆိုရင် ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်ရေးအဖွဲ့ရဲ့အဖွဲ့ဝင်အဖြစ်ထည့်လိုက်တယ်။ အရင်ကတော့ ကြားမှာနေသလို လုပ်တယ်။ အခုတော့ ရှင်းသွားပြီ"ဟု ဗိုလ်မှူးကြီးခွန်ဥက္ကာက ပြောသည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီလ ၁၁ ရက်နေ့က ပြုလုပ်ခဲ့သော အစိုးရငြိမ်းချမ်းရေး ဖော်ဆောင်ရေးအဖွဲ့နှင့် KIO တို့၏ ဆွေးနွေးပွဲတွင် ဆွေးနွေးပွဲအတွက် ကုန်ကျစရိတ်၊ နေရာထိုင်ခင်းစိုက်ထုတ်ပြီး စီစဉ်ပေးခဲ့သည့်တရုတ်နိုင်ငံက ကြားဝင်စွက်ဖက်မှုများ ရှိခဲ့သဖြင့် နိုင်ငံတကာအထောက်အပံ့များဖြင့် လုပ်ဆောင်နေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အခြားသူများဝင်ရောက်စွက်ဖက်မှု ရှိလာနိုင်ကြောင်းသုံးသပ်မှုများရှိခဲ့ပါသည်။

"ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နဲ့ပတ်သက်လို့ အစိုးရဘတ်ဂျက်ထဲမှာ မရှိတာကတော့ မသင့်တော်ဘူးထင်တယ်။ ကိုယ့်နိုင်ငံငြိမ်းချမ်းရေးအတွက် ကိုယ့်ဘက်က ငွေကြေးစိုက်ထုတ်မှုလည်း ရှိသင့်တယ် ထင်ပါတယ်။ ငြိမ်းချမ်းရေးအတွက် နိုင်ငံခြား အထောက်အပံ့ ငွေကြေးကို လက်ခံတဲ့နေရာမှာ နှောင်ကြိုးမဲ့ ဖို့လိုပါတယ်။ နောက်ထောက်ပံ့ငွေရဲ့ နောက်မှာPolitical & Personal Benefit တွေမရှိနေဖို့ လည်းလို ပါတယ်။ နောက်ထောက်ပံ့ငွေပေးလို့ လုပ်ငန်းစဉ်မှာ ဝင်စွက်ဖက်မယ်။ ခြယ်လှယ်မယ်ဆိုတာမျိုးကတော့ မသင့်တော်ဘူး ထင်ပါတယ်။ ကျွန်တော်တို့က ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို လွတ်လွတ် လပ်လပ်နဲ့ ဘယ်သူ့မျက်နှာမှမကြည့်ဘဲ လုပ်နိုင်ဖို့ လိုပါတယ်"ဟု ဒေါက်တာ ရန်မျိုးသိမ်းက သုံးသပ်ခဲ့သည်။

၂၀၁၂ ခုနှစ်နိုဝင်ဘာလ ၃ ရက်နေ့ကစတင်ဖွင့်လှစ်ခဲ့သောMyanmar Peace Center (MPC) ကို ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီဒုတိယဥက္ကဌ ဦးအောင်မင်းက ဦးဆောင်ခဲ့ပြီး ပြည်ထောင်စုဝန်ကြီးများဖြစ်သော ဦးစိုးသိန်း၊ ဦးခင်ရီတို့လည်း ပါဝင်ခဲ့ကာ ဒေါက်တာ ကျော်ရင်လှိုင် (Myanmar Egress)၊ ဦးလှမောင်ရွှေ (Myanmar Egress)၊ ဦးအောင်နိုင်ဦး(Vahu Development Institute )၊ ဒေါက်တာ မင်းဇော်ဦးနှင့် ဦးကျော်စိုးလှိုင်(Myanmar Egress) တို့က အဓိကအဖွဲ့ဝင်များအဖြစ် ပါဝင်ခဲ့သည်။

*သတင်းအယ်ဒီတာအဖွဲ့*



## စုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၏ လက်ပံတောင်းတောင်ဒေသခရီးစဉ်တွင် ဆန့်ကျင်ကန့်ကွက်မှုအချို့နှင့် ရင်ဆိုင်ခဲ့ရသော်လည်း ထောက်ခံသူအများအပြားရှိခဲ့

မတ်လ ၁၃ ရက်နှင့် ၁၄ ရက်နေ့များတွင် သွားရောက်ခဲ့သော လက်ပံတောင်းတောင်ကြေးနီစီမံကိန်းစုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၏ လက်ပံတောင်းတောင်ဒေသခရီးစဉ်တွင် ဆန့်ကျင်ကန့်ကွက်မှုအချို့ကို ရင်ဆိုင်ခဲ့ရသော်လည်း ထောက်ခံသူအများအပြားရှိခဲ့ကြောင်း သတင်းရရှိပါသည်။

ဒေါ်အောင်ဆန်းစုကြည်သည် မတ်လ ၁၃ ရက်နေ့က စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ်အတွင်းရှိ လက်ပံတောင်းတောင်ကြေးနီစီမံကိန်းကြောင့် ဖယ်ရှားပေးရမည့် ကျေးရွာများနှင့် လယ်ယာမြေဆုံးရှုံးနစ်နာခဲ့သည့် ကျေးရွာများသို့ သွားရောက်ခဲ့ရာတွင် ဒုံးတော၊ ကံကုန်း၊ ကံတော၊ ဝက်မေးနှင့် ကျော်ရွာ ကျေးရွာများရှိ ဒေသခံများနှင့် တွေ့ဆုံပြီး ကော်မရှင်၏ အစီရင်ခံစာအပေါ် ရှင်းလင်းတင်...


မတ်လ ၁၄ ရက်နေ့ ညနေပိုင်းက မုံရွာမြို့ ဝင်းယူနတီဟိုတယ်ရှေ့တွင် ဒေါ်အောင်ဆန်းစုကြည်အား ထောက်ခံကြိုဆိုသူများနှင့်အတူ တွေ့ရစဉ်

...မှုများကို ရင်ဆိုင်ခဲ့ရသည်။

သိမ်းဆည်းခံရသော မြေယာများ...

...ကြသည်ဟု သိရှိရသည်။

တုံရွာမှတစ်ဆင့် ဖောင်ကတာ...

ဒေါ်အောင်ဆန်းစုကြည်က စီမံကိန်းကြောင့် ကျေးရွာ ၂၆ ရွာ ရွှေ့...

...ကြသည်။

"ဒီအဖြစ်အပျက်မှာ ရွာသားတွေအနေနဲ့ အစီရင်ခံစာကို အသေအချာဖတ်ထားတာ မတွေ့ရပါဘူး။ အခုလိုသွေးပူနေတဲ့အချိန်မှာ ဒီဒေသကို လာတာအန္တရာယ်တော့ များပါတယ်။ ကျွန်တော်တို့အနေနဲ့ဒေါ်အောင်ဆန်းစုကြည်ကို အဆုံးရှုံးမခံနိုင်ပါဘူး။ အခုဆန္ဒပြနေတဲ့ သူတွေဟာ ဒီဒေသတစ်ခုလုံးကို ကိုယ်စားမပြုတာကတော့ သေချာပါတယ်။ တချို့ဆို ရန်ကုန်ကနေ လာပြီး ဆန္ဒပြဖို့ စောင့်နေတဲ့သူတွေရှိပါတယ်"ဟု မုံရွာမြို့မှ လူငယ်တစ်ဦးက ပြောကြားပါသည်။

မတ်လ ၁၄ ရက်နေ့ ညနေပိုင်းက မုံရွာမှ နေပြည်တော်သို့မပြန်မီ ပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲ၌ ဒေါ်အောင်ဆန်းစုကြည်က "ကော်မရှင်ရဲ့အစီရင်ခံစာဟာ မှန်ကန်တယ်ထင်...

...ရှိတုံရွာသပိတ်စခန်းမှ ဒေသခံ ၁၀၀၀ ခန့်၏ ကော်မရှင်၏ အစီရင်ခံစာကို လက်မခံနိုင်ကြောင်း ဆန့်ကျင်ဆန္ဒပြ...

...စားခဲ့သော်လည်း အဆိုပါဆန္ဒပြသူများမှာ ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံခြင်းမရှိဘဲ တိမ်းရှောင်သွားခဲ့...

...ကြားခဲ့သော်လည်း ဒေသခံများက လက်မခံနိုင်ကြောင်း ဆန္ဒဖော်ထုတ်မှုများကို ရင်ဆိုင်ခဲ့ရသည်။

...သိဥတု၊ ကျရောက်လာနိုင်သော အန္တရာယ်တို့ကို ဂရုမထားဘဲ လုပ်ပြသွားနိုင်သည်ဟု ထောက်ခံပြောဆိုခဲ့...

...သွေးထွက်သံယိုမှုတော့ မဖြစ်နိုင်ပါဘူး"ဟု ပြောကြားခဲ့သည်။

*ဟိန်းမင်းထက်၊ ရဲရင့်အောင်၊ ငွေးလှအောင်*

## ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံ့ဝန်ထမ်းများ၏လစာနှုန်းထားကို ကျပ် ၂၀၀၀၀ စီတိုးမြှင့်ရန် လျာထားကြောင်း ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပြောကြား

၂၀၁၃–၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံ့ဝန်ထမ်းများ၏ လစာနှုန်းထားကို ကျပ် ၂၀၀၀၀ စီတိုးမြှင့်ရန် လျာထားကြောင်း ဘဏ္ဍာရေးနှင့်အ...

...ပြီးတော့ အချိုးကျ တိုးမြှင့်လာမယ့် ပင်စင်လစာနဲ့ဆုငွေတွေအတွက်လည်း သာမန်အသုံးစရိတ်မှာ ထည့်သွင်းလျာထားမှုပြုထားပါတယ်။ လက်ရှိ...

...အပါအဝင် အမြဲတမ်းနိုင်ငံ့ဝန်ထမ်းဦးရေ ၁ သန်း ၂ သိန်းခန့်၊ နေ့စားဝန်ထမ်းဦးရေ ၇ သောင်း ၄ ထောင်ခန့်၊ အငြိမ်းစားဝန်ထမ်းဦးရေ ၇...

...တော့ ၂၀၁၃ ခု ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းအပေါ်တွင် ပြည်ထောင်စုလွှတ်တော်က အချို့စီမံကိန်းများကိုဆိုင်းငံ့ခြင်း၊ လျှော့...

နိုင်ငံဝန်ထမ်းများ၏အနိမ့်ဆုံးလစာကို ကျပ်တစ်သိန်းမှ တစ်သိန်းခွဲအထိလျာထားကြောင်း၊ ရသင့်ရထိုက်သောအခွန်အကောက်များပြည့်ဝစွာ...

"လာမယ့်ဘဏ္ဍာရေးနှစ်မှာတော့ နိုင်ငံ့ဝန်ထမ်းတွေရဲ့ လစာနှုန်းထားတွေကို ကျပ်နှစ်သောင်းစီတိုးပေးနိုင်ဖို့အတွက် လျာထားပါတယ်။ နောက်...

...ဝန်ကြီး ဦးဝင်းရှိန်က ပြောကြားသည်။

ပြည်ထောင်စုအဆင့်နှင့်တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်ဌာနများ...

...ကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့သည်။

"အခုလိုမျိုးဝန်ထမ်းလစာတွေ တိုးမြှင့်ပေးနိုင်ဖို့ လျာထားတာက...




# ………… ပြောပြချင်ပါတယ် ( ၁၁ )

**သန်းထွဋ်အောင်**


လက်ပံတောင်းတောင်စီမံကိန်းအစီရင်ခံစာထုတ်ပြန်ပြီးနောက် လက်ပံတောင်းတောင်ကြေးနီစီမံကိန်း၏အရှေ့ဘက်ရှိ တုံကျေးရွာတွင် ဒေါ်အောင်ဆန်းစုကြည်နှင့်ဒေသခံများအား မတ်လ ၁၄ ရက်က တွေ့ရစဉ် *(ဓာတ်ပုံ-ငွေးလှအောင်)*

(၁)

...

(၂)

...ပြောလာ၊ မေးခွန်းထုတ်လာပါတယ်။ ကျွန်တော်က ပြုပြင်ပြောင်းလဲရေးတွေ ရှေ့ဆက်သွားနေပါတယ်။ နောက်ဆုတ်...

(၃)

အခုသတင်းမီဒီယာလောကမှာ ပြဿနာဖြစ်ပေါ်နေတဲ့ ပုံနှိပ်ဥပဒေကြမ်းနဲ့ ပတ်သက်လို့ သူတို့က မေး...

**အတိုက်အခံတွေကို ပညာသားပါပါ နှိပ်ကွပ်၊ ပြည်တွင်းစစ်ကြောင့် နိုင်ငံရေးအသိပညာနည်းတဲ့ လူငယ်လူရွယ်တွေရဲ့ စိတ်ခံစားမှုနဲ့အတ္တကြီးမှုကို အသုံးချပြီး နိုင်ငံရေးအသိဉာဏ်ချို့နဲ့မိတာ၊ စစ်တပ်ကို ခါးပိုက်ထဲထည့်၊ မီဒီယာကို တစ်ဖက်လှည့်နဲ့ထိန်းချုပ်ထားတဲ့ ဒီမိုကရေစီအာဏာရှင် ဟွန်ဆန်ရဲ့ ကမ္ဘောဒီးယားစတိုင်မျိုးလုပ်လို့ မရပါဘူး …**

ဖို့ကြိုးစားသူတွေကလည်းအများကြီးပါ။ အစိုးရကလည်း ဒီလိုပဲ ရှေ့တိုးလိုက်နောက်ဆုတ်လိုက်နဲ့ ရှေ့ကို တစ်...

ခွန်းထုတ်ပါတယ်။ တကယ်တော့ ဒီဥပဒေဟာ အစိုးရအဖို့ သတင်းမီဒီယာနဲ့ပတ်သက်ရင် ဒီမိုကရေစီစံနှုန်း...

ကာပူ၊ မလေးရှားတို့ဆိုတာ သတင်းလွတ်လပ်ခွင့် Image ကောင်းတဲ့နိုင်ငံတွေမဟုတ်ပါဘူး။ ပြန်ကြားရေးဝန်ကြီးအသစ်အကြောင်းပြတဲ့ ညစ်ညမ်း...

တဲ့ လူငယ်လူရွယ်တွေရဲ့ စိတ်ခံစားမှုနဲ့အတ္တကြီးမှုကို အသုံးချပြီး နိုင်ငံရေးအသိဉာဏ်ချို့နဲ့မိတာ၊ စစ်တပ်ကို ခါးပိုက်ထဲထည့်၊ မီဒီယာကို တစ်ဖက်...

တယ်။

၂၀၁၅ ရွေးကောက်ပွဲဟာ တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်မဖြစ် ဆိုတာ ခင်ဗျားတို့ကျွန်တော်တို့ ဂျာနယ်...

တွေရှိနေတယ်လို့ ဝေဖန်မှုတွေအပေါ်မှာရော ဘယ်လိုမြင်ပါသလဲလို့ ထပ်မေးခွန်းထုတ်ပါတယ်။

၂၀၁၅ ခုနှစ်မှာ NLD အနိုင်ရ...

(၄)

...

(၅)

...

**သူသာ ဒီလိုမပျော့ပျောင်းရင် ခင်ဗျားလည်း ဒီလိုလာနိုင်မှာ မဟုတ်ဘူး။ ကျွန်တော်တို့ဂျာနယ်လစ်တွေလည်း ဒီလိုရေးနိုင်မှာမဟုတ်ဘူး။ ဆန္ဒပြသူတွေလည်း ဒီလိုဆန္ဒပြနိုင်မှာမဟုတ်ဘူး။ ကုန်ကုန်ပြောရရင် သမ္မတကြီးလည်း အခုလိုနိုင်ငံတကာမှာ မျက်နှာပွင့်ပွင့် လျှောက်သွားနိုင်မှာမဟုတ်ဘူး …**

...လမ်းစတွေစလုပ်နေပြီလား။ ဒါဆိုသေချာပြီပေါ့။ ဒါပေမယ့် ၁၉၉၀ တုန်းကလိုမဖြစ်တော့ဘူး။ စစ်တပ်နောက်...

...အနေအထားနဲ့အရည်အချင်းပြည့်ဝတဲ့ အစိုးရတစ်ရပ်ဖွဲ့နိုင်မလား၊ နောက်ပြီး NLD မှာခုထက်ထိ ဒေါ်အောင်...

ထပ်အနှစ်နှစ်ဆယ်မအုပ်ချုပ်နိုင်တော့ပါဘူး။ နိုင်ငံတကာက စောင့်ကြည့်...

ဆန်းစုကြည်ကို Power Struggle အင်အားပြိုင်လုပ်နိုင်မယ့်ခေါင်းဆောင်...

# မြန်မာနိုင်ငံတွင် မြင့်တက်နေသည့် သစ်တောပြုန်းတီးမှု၊ သစ်တောအရည်အသွေး ကျဆင်းမှုများလျှော့ချခြင်းဆိုင်ရာ Road Map ရေးဆွဲနေ

မြန်မာနိုင်ငံတွင် သစ်တောပြုန်းတီးမှုမြင့်တက်နေသောကြောင့် သစ်တောပြုန်းတီးမှုနှင့် သစ်တောအတန်းအစားကျဆင်းမှုများလျှော့ချခြင်းဆိုင်ရာ Road Map ရေးဆွဲလျက်ရှိကြောင်း မတ် ၁၅ ရက်နေ့ကျင်းပပြုလုပ်သည့် ရာသီဥတုပြောင်းလဲခြင်းနှင့် သစ်တောများကို ထိရောက်စွာစီမံအုပ်ချုပ်နိုင်ရေးအတွက် ဒေသခံပြည်သူများ၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာဆွေးနွေးပွဲမှ သိရှိရသည်။

ဓာတ်ပုံ-ဝင်းမြင့်ကျော်



သီလဝါဆိပ်ကမ်းသို့ သစ်လုံးတင်ကားများ ဝင်ရောက်လာစဉ်

သစ်တောပြုန်းတီးမှု လျှော့ချခြင်း၊ သစ်တောအရည်အသွေးနိမ့်ကျပျက်စီးခြင်း၊ သစ်တောများအား စဉ်ဆက်မပြတ်စီမံခန့်ခွဲခြင်းစသည့် ရည်ရွယ်ချက်များဖြင့် သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်းမှ ကာဗွန်ထုတ်လွှတ်မှုလျှော့ချခြင်းဆိုင်ရာ Road Map ကို ရေးဆွဲရခြင်းဖြစ်ကြောင်းလည်း သိရှိရသည်။

"မြန်မာနိုင်ငံမှာ သစ်တောပြုန်းတီးမှုက မြင့်တက်နေပါတယ်။ ၂၀၀၉–၂၀၁၀ မှာ မြန်မာနိုင်ငံရဲ့ သစ်တောဖုံးလွှမ်းမှုအခြေအနေက ၄၇ ရာခိုင်နှုန်းပဲရှိတော့တယ်။ သစ်တောပြုန်းတီးမှုမြင့်တက်နေတာကို ကာကွယ်ထိန်းသိမ်းအတွက် သစ်တောတွေပြန်လည်တည်ထောင်ရေးကို လုပ်နေပါတယ်။ နောက်ပြီး သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်းမှ ကာဗွန်ထုတ်လွှတ်မှုလျှော့ချခြင်း(Reducing Emissions from Deforestation and Forest Degradation )ဆိုင်ရာ Road Map ကို ရေးဆွဲနေပါပြီ။ အဲဒီ Road Map ကို ၂၀၁၂ ဒီဇင်ဘာက စပြီးရေးဆွဲတာဖြစ်ပြီး ၂၀၁၃ ဇွန်မှာ အပြီးသတ်ရေးဆွဲသွားမှာဖြစ်ပါတယ်။ အခုတော့ မူကြမ်းအဆင့်ပြီးနေပါပြီ"ဟုလည်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနမှ Staff Officer ဒေါက်တာရိုစီနေဝင်းက ပြောကြားခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် သစ်အလုံးလိုက်ပြည်ပတင်ပို့နေခြင်းအား ၂၀၁၄ ခုနှစ် ဧပြီ ၁ ရက်မှစ၍ လုံးဝရပ်ဆိုင်းသွားမည်ဖြစ်ပြီးအိမ်နီးချင်းနိုင်ငံများသို့တင်ပို့နိုင်ရန်ကိုလည်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

# စင်ကာပူအခြေစိုက် Soilbuild အုပ်စု မြန်မာနိုင်ငံတွင်အဆင့်မြင့်ဇိမ်ခံကွန်ဒိုတိုက်ခန်းများဆောက်လုပ်ရန်ပြင်ဆင်

စင်ကာပူအခြေစိုက် Soilbuild Group Holding သည် မြန်မာနိုင်ငံတွင် အဆင့်မြင့်ဇိမ်ခံ ကွန်ဒိုတိုက်ခန်းများ၊ လူနေတိုက်ခန်းတွဲများ ဆောက်လုပ်ရန် ပြင်ဆင်နေကြောင်း channelnewsasia တွင် သတင်းဖော်ပြထားသည်။

Soilbuild အုပ်စုသည် မြန်မာကုမ္ပဏီမိတ်ဖက်တစ်ဦးဦးနှင့် တွဲဖက်ပြီး လုပ်ငန်းများဆောင်ရွက်သွားမည်ဖြစ်ပြီး တိုက်ခန်း တစ်စတုရန်းပေးလျှင် အမေရိကန်ဒေါ်လာ ၃၀၀နှင့်အထက်ရရှိရန်ခန့်မှန်းထားကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ အိမ်ခြံမြေဈေးကွက်သည် လာမည့်နှစ်များအတွင်း အလျှင်အမြန်ဖွံ့ဖြိုးလာမည်ဟု ၎င်းကခန့်မှန်းထားပြီး ရုံးခန်းများနှင့် အိမ်ခန်းလိုအပ်ချက်များကြောင့် နှစ်စဉ် ၃၀ရာခိုင်နှုန်းမြင့်တက်လာနိုင်သည်ဟု သုံးသပ်ထားသည်။

မြန်မာနိုင်ငံတွင် လက်ရှိအချိန်အထိ ကွန်ဒိုဥပဒေပြဋ္ဌာန်းနိုင်ခြင်း မရှိဘဲ နိုင်ငံခြားသားများဝယ်ယူပိုင်ဆိုင်ခွင့်နှင့် ရင်းနှီးမြှုပ်နှံခွင့်လည်း မရှိသေးကြောင်း သိရသည်။

ရန်ကုန်မြို့ရှိကွန်ဒိုတိုက်ခန်းဈေးနှုန်းများမှာ အနိမ့်ဆုံး ကျပ်သိန်း ၄၀၀ ဝန်းကျင်မှစ၍ အမြင့်ဆုံး သိန်း ၉၀၀၀ ကျော်အထိ အရောင်းအဝယ်ရှိပြီး နေရာနှင့် ပြင်ဆင်မှုအနေအထားပေါ်မူတည်ပြီး ဈေးနှုန်းကွဲပြားမှုရှိသည်။ နေထိုင်သူများက ရေ၊ မီး၊ သန့်ရှင်းရေး၊ လုံခြုံရေး၊ ဓာတ်လှေကား၊ လောင်စာဆီအသုံးစရိတ်များကိုပေးသွင်းရန်လိုအပ်ပြီးတစ်လလျှင်အနည်းဆုံး ကျပ် ၈ သောင်းမှသုံးသိန်းဝန်းကျင်အထိ ပေးသွင်းရကြောင်း သိရှိရသည်။






## TRADE MARK CAUTION

**OVERSEAS COURIER SERVICE CO., LTD.**, of 9-13, Shibaura 2-chome, Minato-ku, Tokyo, Japan, is the Owner and Sole Proprietor of the following Trademark:-

OCS

Reg. No. 4/2584/1998

in respect of "**Class 39:** Courier services, delivery of goods, delivery of newspaper, freight forwarding, forwarding agents."

Any fraudulent imitation or unauthorized use of the said Trademark will be dealt with according to law.

**U Nyunt Tin Associates International Limited,** Intellectual Property Division
P.O. Box 952, Yangon, Myanmar.
Tel: 959 4500 59 247-8, 951 375754, Fax: 951 254321, Email: info@untlaw.com
For **OVERSEAS COURIER SERVICE CO., LTD.** Dated: 20 March, 2013.


# အခွန်စည်းကြပ်ကောက်ခံသည့်စနစ်ကို အခွန်ထမ်းကိုယ်တိုင် အခွန်စည်းကြပ်သည့်စနစ်သို့ လာမည့်ဘဏ္ဍာရေးနှစ်တွင်ပြောင်းလဲမည်

အခွန်ရုံးများမှ အခွန်စည်းကြပ်ကောက်ခံသည့် စနစ်အားအခွန်ထမ်းကိုယ်တိုင် အခွန်စည်းကြပ်သည့်စနစ်သို့ ၂၀၁၃–၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်းပြောင်းလဲသွားမည်ဖြစ်ကြောင်း ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ သိရှိရသည်။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက "အခွန်စည်းကြပ်ကောက်ခံရာမှာ လက်ရှိဆောင်ရွက်နေတဲ့ အခွန်ရုံးတွေက အခွန်စည်းကြပ်ကောက်ခံတဲ့စနစ်ကနေ အခွန်ထမ်းကိုယ်တိုင်အခွန်စည်းကြပ်တဲ့စနစ်ကို ကူးပြောင်းဆောင်ရွက်နိုင်ရေးအတွက် ပထမအဆင့်အနေနဲ့ Large Tax Payer ရုံးတွေကို ၂၀၁၃–၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ စတင်ဖွင့်လှစ်နိုင်ရေးဆောင်ရွက်သွားဖြစ်ပါတယ်။ Large Taxpayer Office များအတွက် အခွန်ထမ်းများ ရွေးချယ်ခြင်း၊ ဝန်ထမ်းများသင်တန်းပေးခြင်းတို့ကို ၂၀၁၃ ခုနှစ်အတွင်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ဒုတိယအဆင့်အနေနဲ့ Medium Taxpayer Office ရုံးတွေဖွင့်လှစ်ခြင်း၊ တတိယအဆင့်အနေနဲ့ Small Taxpayer Office ရုံးတွေဖွင့်လှစ်ခြင်းကို တစ်ဆင့်ခြင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်အပြည့်အဝရရှိစေရေး၊ လုပ်ငန်းတူအခွန်ထမ်းများညီမျှသည့်အခွန်ကျသင့်စေရေး၊ ရသင့်ရထိုက်သည့် အခွန်ငွေများလွတ်ကင်းမှုမရှိစေရေးဆောင်ရွက်မည်ဟု ဘဏ္ဍာအခွန်ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ပြည်ထောင်စုလွှတ်တော်တွင် ပြောကြားခဲ့သည်။

# သုံးလအတွင်း လူတစ်ဦးချင်းကုန်သွယ်မှုကတ်ပြားဖြင့် နယ်စပ်မှုကုန်သွယ်မှုပမာဏ ကျပ်သန်း၅၂၀ ကျော်ဖိုးရှိ

၂၀၁၂ ခုနှစ် နိုဝင်ဘာလမှ စတင်ထုတ်ပေးခဲ့သည့် လူတစ်ဦးချင်းကုန်သွယ်မှုကတ်ပြား(Individual Trading Card-ITC)များထုတ်၍ တစ်ပိုင်တစ်နိုင်လုပ်ငန်းရှင်များကုန်သွယ်သည့်ပမာဏမှာ သုံးလအတွင်း ကျပ်သန်း ၅၂၀ ကျော်ဖိုးအထိရှိပြီဖြစ်ကြောင်း နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနမှသတင်းရရှိသည်။

တစ်ပိုင်တစ်နိုင်လုပ်ငန်းရှင်များအနေဖြင့် တမူး၊ မူဆယ်၊ မြဝတီ၊ တာချီလိတ် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ကုန်သွယ်မှုပြုခဲ့ပြီး အထူးသဖြင့် လူသုံးကုန်နှင့်စားသောက်ကုန်များအားကုန်သွယ်ခဲ့သည်ဟုသိရသည်။

နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် သုံးလအတွင်း ITC ကတ်ပြား ၄၄၂ ခုထုတ်ပေးခဲ့ရပြီး ပို့ကုန်အတွက် ITC ပြုလုပ်သူမှာ များစွာနည်းပါးပြီး အများအားဖြင့် သွင်းကုန်အတွက်အဓိက ITC ကတ်ယူမှုများပြားကြောင်းသိရသည်။

၄၄၂ စောင်တွင် ပို့ကုန်အတွက် ၈ စောင်သာ ITC ကတ်ပြားယူပြီး သွင်းကုန်အတွက် ၄၃၆ စောင်အထိကတ်ပြားယူခဲ့သည်ဟု သိရသည်။

# စင်ကာပူအခြေစိုက်ရေနံနှင့် သဘာဝဓာတ်ငွေ့ကုမ္ပဏီများအပါအဝင် ကုမ္ပဏီ ၁၄ ခုမှ မြန်မာနိုင်ငံတွင်မြှုပ်နှံရန်ဝန်ကြီးဌာနများသို့ လာရောက်ဆွေးနွေးမည်

စင်ကာပူအခြေစိုက် အဖျော်ယမကာ၊ စွမ်းအင်၊ လျှပ်စစ်၊ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းကုမ္ပဏီများအပါအဝင် ကုမ္ပဏီ ၁၄ ခုသည် မြန်မာနိုင်ငံတွင်မြှုပ်နှံရန်အတွက် ဝန်ကြီးဌာနများသို့လာရောက်တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်းသိရှိရသည်။

စင်ကာပူနိုင်ငံရှိ Manufacturing Federation အဖွဲ့၏ဦးဆောင်မှုဖြင့် စီးပွားရေးလုပ်ငန်းရှင် ၃၉ ဦးတို့သည် မတ်လ ၁၉ ရက်နေ့ မှ ၂၃ ရက်နေ့အထိလာရောက်မည်ဖြစ်ပြီး နေပြည်တော်ရှိသက်ဆိုင်ရာဝန်ကြီးဌာနများဖြင့်တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်ကြောင်းUMFCCI မှ သိရသည်။

အဆိုပါအဖွဲ့တွင် စွမ်းအင်နှင့်ရေနံဓာတုလုပ်ငန်း၊ဆောက်လုပ်ရေးလုပ်ငန်း၊ လျှပ်စစ်နှင့်လျှပ်စစ်ဆိုင်ရာလုပ်ငန်း၊စားသောက်ကုန်နှင့် အဖျော်ယမကာလုပ်ငန်း၊ ဆက်သွယ်ရေးနှင့်နည်းပညာလုပ်ငန်း၊ဝန်ဆောင်မှုလုပ်ငန်းစသည်တို့ပါဝင်ကြောင်း သိရသည်။လာရောက်မည့် ကုမ္ပဏီများမှာ စွမ်းအင်နှင့်ရေနံဓာတုလုပ်ငန်းလုပ် ကိုင်နေသည့် Feoso Oil(Singapore) Pte.Ltd၊ ဆောက်လုပ်ရေးနှင့် အင်ဂျင်နီယာလုပ်ငန်းများကိုလုပ်ကိုင်သည့် Almix Asia/ Asphall Equipment Pte Ltd၊ CMC Contract Manufacturing Pte Ltd တို့ ပါဝင်လာမည်ဖြစ်သည်။စင်ကာပူနိုင်ငံအနေဖြင့် မြန်မာ နိုင်ငံတွင်ရင်းနှီးမြှုပ်နှံထားသည့် ပမာဏမှာ ၂၀၁၃ ခုနှစ် ဇန်နဝါရီလကုန် အထိအမေရိကန်ဒေါ်လာ၂၁၆၆ဒသမ၉၈၆ သန်းမြှုပ်နှံထားပြီးနိုင် ငံခြားရင်းနှီးမြှုပ်နှံမှုစာရင်းအရအဆင့်၆ တွင်ရှိနေသည်။


## TOYOFUJI SHIPPING CO., LTD.

REGULAR RORO SERVICE FROM JAPAN TO YANGON

| 1st vessel | Japan | | | | Ho Chi Minh | Singapore | Port Kelang (North) | Yangon |
|---|---|---|---|---|---|---|---|---|
| | Yokohama | Nagoya | Osaka | Hakata | | | | |
| Spring Wind v.8 | Mar.12 | Mar.13 | Mar.14 | - | - | Mar.21 | - | Mar.24 |
| TOPAZ ACE v.2 | Mar.26 | Mar.27 | Mar.28 | Mar.30 | - | Apr.6 | - | Apr.9 |
| Spring Wind v.9 | Apr.9 | Apr.10 | Apr.11 | - | Apr.17 | Apr.20 | - | Apr.22 |
| TOPAZ ACE v.3 | Apr.23 | Apr.24 | Apr.25 | Apr.27 | - | May.4 | - | May.7 |
| Spring Wind v.10 | May.7 | May.8 | May.9 | - | May.15 | May.18 | - | May.20 |
| TOPAZ ACE v.4 | May.21 | May.22 | May.23 | May.25 | - | Jun.1 | - | Jun.4 |

Japan:
Toyofuji Shipping Co., Ltd.
10th Floor, Sakae Gas Bldg.,
3-15-33 Sakae, Naka-ku
Nagoya City, Aichi 460-0008, Japan
Tel : 81-52-242-7571
www.toyofuji.co.jp

Yangon:
Fortune Shipping Co., Ltd.
No.37, Alan Pya Pagoda Road,
Room 8-11, 8th Fl, La Pyayt Wun Plaza, Dagon T/S,Yangon Region, Myanmar.
Tel : 377356 , 377410 Fax : 388088, 371381
Contact Person : U Aung Myat Htut (Marketing) - 09-518 5001
: Myo Wunna Tun (Operation) - 09-515 2800
: Wynn Wynn Aung (Documentation) - 09-421 024888

# ဧရာဝတီ၊ ယန်စီနှင့် အထူးကိုယ်စားလှယ်အခင်းအကျင်း

ဒေါက်တာရန်မျိုးသိမ်း

ဧရာဝတီမြစ်နှင့် ယန်စီမြစ်တို့သည် စစ်အေးခေတ်နှင့် စစ်ဆွေးခေတ်တို့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတို့အကြား ထူးခြားဆန်းသစ်သောဆက်ဆံရေး၏ပြယုဂ်များထဲမှနှစ်ခုဖြစ်သည်။ မျက်မှောက်ခေတ်တရုတ်-မြန်မာဆက်ဆံရေးသည် အရှေ့တောင်အာရှနိုင်ငံများအဖွဲ့နှင့် တရုတ်နိုင်ငံဆက်ဆံရေး၊တရုတ်နိုင်ငံနှင့်အိန္ဒိယနိုင်ငံဆက်ဆံရေး၊ တရုတ်နိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုအပါအဝင် အနောက်အုပ်စုဝင်နိုင်ငံများနှင့် ဆက်ဆံရေးတို့နှင့် နက်နက်ရှိုင်းရှိုင်းဆက်စပ်နေသော မဟာဗျူဟာမြောက် မှန်ကူကွက်တစ်ခုပင်ဖြစ်သည်။ နှစ်နိုင်ငံဆက်ဆံရေးကို သူနိုင်ကိုယ်နိုင်အခင်းအကျင်းတွင် တည်ဆောက်ခြင်းဖြင့် နိုင်ငံတကာမျက်နှာစာတွင် နှစ်နိုင်ငံပြည်သူနှစ်ရပ်လုံးအတွက် အကျိုးအများဆုံးလမ်းကြောင်းတစ်ခုကို ပုံဖော်လာနိုင်လိမ့်မည်ဟုမျှော်လင့်ကြသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ၂၀၁၃ ခုနှစ် မတ်လ ၁၁ ရက်နေ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာဌာန ပထမဆုံးအထူးကိုယ်စားလှယ်ကို ခန့်အပ်ခဲ့ကြောင်းနှင့် အထူးကိုယ်စားလှယ်သည် မြန်မာနိုင်ငံရေးရာကိစ္စများကို အဓိကထားတာဝန်ယူဆောင်ရွက်မည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာခဲ့သည်။ တရုတ်ကျွမ်းကျင်သူများအဆိုအရ လတ်တလော တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံအကြား ဖြေရှင်းရမည့်ပြဿနာများ၊ ကိစ္စများ၊ အများအပြားရှိနေသဖြင့် မြန်မာနိုင်ငံအရေးကို ဦးစားပေးဆောင်ရွက်ရန် သတ်မှတ်ထားသော်လည်း အထူးကိုယ်စားလှယ်သည် အခြားအရှေ့တောင်အာရှနိုင်ငံများနှင့်ပတ်သက်သောကိစ္စများကိုလည်း ကိုင်တွယ်ဆောင်ရွက်သွားမည်ဖြစ်သည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူအမျိုးသမီး ဟွာချန်ရင်းကလည်း အာရှရေးရာ ပထမဆုံး အထူးကိုယ်စားလှယ်ခန့်ထားမှု မြန်မာနိုင်ငံနှင့်နှစ်နိုင်ငံဆက်ဆံရေးကို ဦးစားပေးဆောင်ရွက်မည့် အနေအထားတို့ကို အတည်ပြုပြောကြားခဲ့သည်။ ထို့အပြင် အထူးကိုယ်စားလှယ်ခန့်ထားမှုသည် မြန်မာအစိုးရနှင့်ကေအိုင်အို၊ ကေအိုင်အေတို့အကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို တရုတ်နိုင်ငံ၊ ရွှေလီမြို့တွင် ကျင်းပနေချိန်နှင့်လည်း တိုက်ဆိုင်နေသည်။ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသတည်ငြိမ်အေးချမ်းရေးသည် မြန်မာနိုင်ငံအတွင်းရှိ တရုတ်နိုင်ငံ၏အကျိုးစီးပွားများ အကာအကွယ်ပေးနိုင်ရေးအတွက် မဟာဗျူဟာမြောက် အရေးကြီးသောလိုအပ်ချက်ဖြစ်သည်။




နိုင်ငံတကာမြစ်များနေ့ကို မတ်လ ၁၄ ရက်နေ့က ဧရာဝတီမြစ်ဆုံတွင်ကျင်းပစဉ်

---

**ယခင်အစိုးရများလက်ထက်တွင် တရုတ်နိုင်ငံနှင့် စာချုပ်ချုပ်ဆိုခဲ့သော စီမံကိန်းများအားလုံးကို ယခုအချိန်တွင် ပြန်လည်သုံးသပ်ကာ စာချုပ်ပါ ပြဋ္ဌာန်းချက်များသည် မြန်မာနိုင်ငံနှင့်ပြည်သူလူထုအတွက် အကျိုးရှိမည်၊ မရှိမည်ကို ဆန်းစစ်ပြီး လိုအပ်ပါက နှစ်ဖက်ညှိနှိုင်းပြင်ဆင်မှုများ ပြုလုပ်သင့်သည်...**

---

အထူးကိုယ်စားလှယ် မစ္စတာဝမ်ရင်ဖန်းသည် ရာထူးခန့်အပ်ခံရပြီး၊ ရက်ပိုင်းအတွင်း မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတဦးညာဏ်ထွန်းသည် ၂၀၁၃ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့တွင် အထူးကိုယ်စားလှယ်ဝမ်ရင်ဖန်းကို နေပြည်တော်တွင် လက်ခံတွေ့ဆုံခဲ့သည်။ နှစ်နိုင်ငံချစ်ကြည်မှု ပိုမိုကောင်းမွန်ရေး၊ မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဖော်ဆောင်ရာတွင် ကူညီမှုများပေးအပ်နိုင်ရေး၊ နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူတို့၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကိစ္စများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ (၁၂)ကြိမ်မြောက် တရုတ်အမျိုးသားကွန်ဂရက်မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ သမ္မတအဖြစ်မစ္စတာရှီကျင့်ဖျင်ကို ရွေးချယ်တင်မြှောက်ခဲ့သည့်နေ့တွင် တရုတ်နိုင်ငံ အထူးကိုယ်စားလှယ်သည် မြန်မာဒုတိယသမ္မတနှင့် တွေ့ဆုံခဲ့မှုကိုလည်းထူးခြားသည်ဟု မှတ်ချက်ပြုနိုင်သည်။

တရုတ်နိုင်ငံ အထူးကိုယ်စားလှယ်၏အလျင်စလိုလာရောက်သောခရီးစဉ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နှင့်လည်း တွေ့ဆုံဆွေးနွေးဖွယ်ရှိနေသည်။ ရာထူးလက်ခံပြီးသုံးရက်အတွင်းလာရောက်ခြင်းကိုကြည့်လျှင် မြန်မာနိုင်ငံသည် တရုတ်နိုင်ငံအတွက် မဟာဗျူဟာမြောက် အရေးကြီးသောဆုံမှတ်တစ်ခုဖြစ်သည်ဟုကောက်ချက်ပြုနိုင်ပါသည်။ မြန်မာနိုင်ငံအစိုးရဘက်ကလည်း သမ္မတ၏တရုတ်နိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်တစ်ဦးကို အပြန်အလှန်အားဖြင့် ခန့်အပ်နိုင်မည်ဆိုလျှင် ပိုမိုသင့်တော်သည်ဟုကောက်ချက်ပြုလိုပါသည်။

တရုတ်နိုင်ငံ၏အထူးကိုယ်စားလှယ်မစ္စတာဝမ်ရင်ဖန်းသည် မြန်မာနိုင်ငံသို့ မကြာခဏအလည်အပတ်လာရောက်သင့်ပြီး နှစ်နိုင်ငံဆက်ဆံရေး၏ အဓိကပြဿနာများကိုဆက်တိုက်ကိုင်တွယ်ဖြေရှင်းသင့်သည်ဟု အကြံပြုလိုသည်။ဝမ်ရင်ဖန်းသည် နှစ်နိုင်ငံအကြားလွန်းထိုးသွားလာပြီး နှစ်နိုင်ငံအကြားပြဿနာများ၊ အခက်အခဲများကို အစိုးရ၊ နိုင်ငံရေးပါတီများ၊ အစိုးရမဟုတ်သောလက်နက်ကိုင်အဖွဲ့အစည်းများ၊အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊လူမှုအဖွဲ့အစည်းများနှင့်ထိတွေ့ဆက်ဆံ အဖြေရှာသင့်သည်ဟုလည်း ကောက်ချက်ပြုလိုပါသည်။ပြည်တွင်း၊ ပြည်ပတွင်နိုင်ငံရေးသြဇာကြီးမားနေသော ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံအတွင်းရှိ တရုတ်စီမံကိန်း

စာမျက်နှာ (၃၁)သို့ ➤➤➤




စာမျက်နှာ (၃၁) သို့ ➤➤➤





ပုဂံဒေသရှိ ဓမ္မရံကြီးဂူဘုရားနှင့် မြေနီလမ်း

# လမ်း

ကိုနော်(ပုဂံ)

( ၁ )

လမ်းမှာတွေ့စဉ်က သူတို့လေးတွေကိုကျောင်းမှပြန်လာသောကျောင်းသားလေးတွေဟု ကျွန်တော်ထင်ခဲ့မိသည်။

သူတို့လေးတွေသည် ဆယ်နှစ်ဆယ့်နှစ်နှစ်အရွယ်။ လွယ်အိတ်ကလေးတွေ ကိုယ်စီလွယ်ထားကြသည်။ စလွယ်သိုင်းထားကြသည်။ ဓမ္မရံကြီးဘုရားအနောက်တောင်ဘက်ဖုန်ထူသော မြေနီလမ်းလေးအတိုင်း လျှောက်လာကြခြင်းဖြစ်သည်။ စုစုပေါင်းခြောက်ဦး၊ ယောက်ျားလေးတွေချည်းဖြစ်သည်။ ကလေးတချို့၏ ပါးပြင်တွင် ပါးကွက်ကြားလေးများဖြင့်။ အားလုံး၏မျက်နှာပြင်သည် ပူပင်ကြောင့်ကြမှု ကင်းလှသည်မို့ ကလေးငယ်တို့၏ သဘာဝပဲလေဟု ပင်တွေးခဲ့မိ၏။

ဂူဘုရားပေါ်ရောက်ပြီး အချိန်အနည်းငယ်ကြာမှပင် ကျွန်တော်၏ တွေ့ရှိချက်နှင့် ထင်မြင်ချက်တို့ လွဲချော်နေမှန်းသိလိုက်ရသည်။ ဖုန်ထူသောမြေနီလမ်းလေးတွင်တွေ့ခဲ့ရသော စောစောကကလေးငယ်လေးများသည် ကျွန်တော်ရောက်ရှိနေသော ဂူဘုရားပေါ်သို့ရောက်လာကြသည်။ ကျွန်တော်က နေဝင်ချိန်ကို စောင့်စားနေချိန်ဝယ် သူတို့လေးတွေသည် လွယ်အိတ်ကလေးများထဲမှ ပို့စ်ကဒ်တွဲလေးများ ကိုယ်စီထုတ်ကာ လာရာလမ်းဆီ ညှို့မျှော်နေကြသည်။ ကျွန်တော်တွေးထင်ထားသည်ကဲ့သို့ လွယ်အိတ်ကလေးထဲတွင် ကျောင်းစာအုပ်လေးများမရှိ။ ပေတံ၊ ခဲတံ၊ ကွန်ပါတို့မရှိ။ ကိုယ့်ဝမ်းကိုယ်ကျောင်းဖို့ ပို့စ်ကဒ်တွဲလေးများ၊ ခပ်ညံ့ညံ့ လက်ဆောင်ပစ္စည်းလေးများသာရှိသည်။

ပြည်ပဧည့်သည်များကို တင်ဆောင်လာသော မြင်းလှည်းလေးများသည်လည်းကောင်း၊ ကားကြီးကားငယ်တို့သည်လည်းကောင်း၊ တချို့သည်ကား စက်ဘီးများဖြင့်လည်းကောင်း ကျွန်တော်နှင့်ကလေးငယ်များရှိရာ ဂူဘုရားဆီသို့ ဖုန်ထူထူမြေနီလမ်းလေးအတိုင်း ဦးတည်ရွေ့လျားလာကြသည်။ ပူပင်ကြောင့်ကြမှုကင်းသော ကလေးတို့၏မျက်နှာသည်ကား ယခုမှုဖုန်လုံးဖုန်လိပ်လေးများထအောင် မြေနီလမ်းလေးတစ်လျှောက်မောင်းနှင်လာသော မြင်းလှည်းနှင့်ကားတို့ကိုကြည့်၍ မျှော်လင့်ချက်တို့ဖြင့် ဝင်းပလာကြကုန်သည်။ တကယ်တော့ ကလေးငယ်လေးများသည် ဘယ်အချိန်ဘယ်ကာလကတည်းက မိသားစုအတွက်၊ ကိုယ့်ဝမ်းကိုယ်ကျောင်းဖို့အတွက် ဤလမ်းကလေးကို လျှောက်လှမ်းနေခဲ့ကြသည်မသိ။ အမှတ်မထင် ဆရာအောင်ချိမ့်၏"လမ်း"ကဗျာလေးတစ်ပိုင်းတစ်စသတိရကာရွတ်မိသည်–

*မိသားစုများ*
*အခန်းကဏ္ဍ*
*ကမ္ဘာဦးပုံသဏ္ဌာန်*
*တစ်ဦးပြန်အလာ*
*တစ်ဦးမျှော်ကြ မီးဖိုကြ*
*ငါတို့ခေတ်မှာ ငါတို့ဟာ*
*ချစ်မေတ္တာကို ယူနိုင်ခဲ့လို့လား*
*အိမ်ပြန်လာကြတယ်-----။*

( ၂ )

ပုဂံ၏အထက်ကောင်းကင်ဝယ် တိမ်တို့သည် ငွမ်းဆိုင်ငွမ်းဖတ်ကလေးများဆုပ်ယူကြဲပက်ထားသည်ကဲ့သို့ ခပ်စိပ်စိပ်ပျံ့နှံ့လျက်ရှိ၏။

အနီးအနား ဓမ္မရံကြီးဂူဘုရားမှသည် ထီးလိုမင်းလို၊ အာနန္ဒာ၊ သဗ္ဗညု၊ ရွှေဆံတော်၊ ကန်တော့ပလ္လင်၊ ရှေးဟောင်းသုတေသနပြတိုက်နှင့် ရှေးဟောင်းဂူပုထိုး၊ စေတီအမျိုးမျိုးတို့ကို ပုဂံနေဝင်ရီတရောအချိန်လေးအတွင်းမှာပင် အလင်းအမှောင်အချိုးအစားကျနစွာဖြင့် ဖူးမြင်တွေ့နေရသည်။

**တချို့သော လမ်းဟောင်းလေးများသည် မှေးမှိန်ဖျော့တော့စွာ ပျောက်ကွယ်စပြုနေသည့်တိုင် တချို့ကား လိုအပ်ချက်အရ ဖြစ်တည်လာသော လမ်းသစ်လမ်းသွယ်လေးများနှင့် ဆက်စပ်လျက်ရှင်သန်အသုံးဝင်နေဆဲ၊ လမ်းဟောင်းတချို့သည်ကား ကျွန်တော်တို့မသိမီချိန်ကပင် ကွယ်ပျောက်သွားခဲ့လေပြီ။ ။ ။**

ပုဂံ၏ လမ်းသွယ်၊ လမ်းပြတ်၊ လမ်းချိုး၊ လမ်းကွေ့၊ လမ်းရိုး၊ လမ်းဟောင်း၊ လမ်းမြောင်၊ လမ်းသစ်လေးများကို ရွှေအိုရောင်နေခြည်နုနုအောက်ဝယ်ဂူပုထိုးစေတီတို့နှင့် တွဲစပ်လျက် မြင်တွေ့နေရသည်။ တချို့သော လမ်းဟောင်းလေးများသည် မှေးမှိန်ဖျော့တော့စွာ ပျောက်ကွယ်စပြုနေသည့်တိုင် တချို့ကား လိုအပ်ချက်အရ ဖြစ်တည်လာသော လမ်းသစ်လမ်းသွယ်လေးများနှင့်ဆက်စပ်လျက်ရှင်သန်အသုံးဝင်နေဆဲ၊ လမ်းဟောင်းတချို့သည်ကား ကျွန်တော်တို့ မသိမီချိန်ကပင် ကွယ်ပျောက်သွားခဲ့လေပြီ။

ပုဂံမြို့ဟောင်းလေးဝယ်...
မင်းမြတ်အနော်ရထာ
လျှောက်ခဲ့သောလမ်း...
ရှင်အရဟံ ကြွချီခဲ့သောလမ်း..
မင်းကျန်စစ်
လျှောက်ခဲ့သောလမ်း......
အလောင်းစည်သူမင်းကြီး
လျှောက်လှမ်းခဲ့သောလမ်း.....
နရသူမင်းလျှောက်ခဲ့သောလမ်း...

ဟူ၍ အမျိုးမျိုးရှိလိမ့်မည်။

မင်းမြတ်အနော်ရထာနှင့် မင်းကျန်စစ်တို့သည် တိုင်းပြည်ထူထောင်ရေးအတွက် ခက်ခဲကြမ်းတမ်းသောလမ်းကိုလျှောက်လှမ်းခဲ့ရ၏။ စစ်မှန်သောထေရဝါဒဗုဒ္ဓသာသနာ ထွန်းကားပြန့်ပွားရေးအတွက် လမ်းသစ်ကိုလည်း ဖောက်ခဲ့ရ၏။ အလောင်းစည်သူမင်းကြီးလက်ထက်တွင်ကားမိဘ၊ ဘိုးဘွားကောင်းမှုကြောင့် အုပ်ချုပ်ရေး၊ စီးပွားရေး၊ ဘာသာရေး၊ လူမှုရေး၊ဆက်ဆံရေး လမ်းအသွယ်သွယ်သည် ဖြောင့်ဖြူးသာယာနေခဲ့သည်။ ထိုသို့ အစစအရာရာဖြောင့်ဖြူးသာယာခဲ့သော ပုဂံမင်းနေပြည်တော်ကြီးသည် အလောင်းစည်သူမင်းကြီး၏ သားတော်တစ်ပါးဖြစ်သော နရသူမင်းလက်ထက်တွင် မှောင်အတိကျကာ ပျောက်သောလမ်းမှာ စမ်းတဝါးဝါးဆိုသကဲ့သို့ ဖြစ်ခဲ့ရလေသည်။

နရသူမင်းသည် ဓမ္မရံကြီးအလွန်လမ်းတစ်နေရာတွင် တိုင်းတစ်ပါးသားတို့၏လုပ်ကြံခြင်းကို ခံခဲ့ရလေသည်။ ခမည်းတော် အလောင်းစည်သူကိုလုပ်ကြံ၊ နောင်တော်ထံမှထီးနန်းကို မတရားနည်းလမ်းဖြင့် သိမ်းပိုက်ခဲ့သောနရသူမင်းသည် ပဋိက္ခရားမင်းစေလွှတ်သော ကုလားစစ်သည်တို့၏ လုပ်ကြံသတ်ဖြတ်ခြင်းကိုခံခဲ့ရလေသည်။အကြောင်းမူ အလောင်းစည်သူမင်းကြီးအား ပဋိက္ခရားမင်းဆက်သခဲ့သော သမီးတော်ပဋိက္ခရားမင်းသမီးကို ရာဇမာန်တက်ကာ ကွပ်မျက်ခဲ့သောကြောင့်ပင်..။

( ၃ )

ခရီးသွားဧည့်သည်အပေါင်းတို့သည် ဂူပုထိုးဆီသို့ နေဝင်ချိန်အလှမီရန် မြင်းလှည်းဖြင့်လည်းကောင်း၊ ကားဖြင့်လည်းကောင်း၊ တချို့ကား စက်ဘီးဖြင့်တစ်မျိုး၊ ခြေလျင်တစ်သွယ် မြေနီဖုန်ထူလမ်းလေးများအတိုင်းသုတ်ခြေတင်လာနေကြသည်။ တချို့ကား လမ်းရိုး၊ လမ်းဟောင်းအတိုင်း၊ တချို့မူ လမ်းသစ်ဆီမှ...

လမ်းသစ်ဆို၍ ဆရာဇော်ဂျီဘာသာပြန်ဆိုခဲ့သော အမေရိကန်အမျိုးသမီးစာရေးဆရာမ ပါးဗက် Pearl S. Buck (1892-1973) ၏ လမ်းသစ်ဝတ္ထုတိုကို ဖျတ်ခနဲသတိရမိသွားသည်။

စာမျက်နှာ (၃၄) သို့ ➢➢➢



# ပါလီမန်ခေတ် မှတ်တမ်းများ

# နယ်စပ်ဒေသရွာသုံးရွာကိစ္စ

တင်နိုင်တိုး

၂၂ နိုဝင်ဘာ ၁၉၅၆ တွင် ရန်ကုန်တက္ကသိုလ်ကချင်ကျောင်းသူကျောင်းသားများကမင်္ဂလာဒုံလေဆိပ်၌ ဆိုင်းဘုတ်များကိုင်ဆောင်ကာဆန္ဒပြခဲ့ကြသည်။ နယ်စပ်အရေးကိစ္စဆွေးနွေးခဲ့ကြသူဝန်ကြီးများအပေါ်ကျေနပ်မှုမရှိသဖြင့် ယင်းသို့ ဆန္ဒပြခဲ့ကြခြင်းဖြစ်သည်။ နယ်စပ်အရေးကား တရုတ်မြန်မာနယ်နိမိတ်အနီး အငြင်းပွားဖွယ်ဖြစ်ခဲ့ကြသည့် ဖီမော်၊ ဂေါ်လန်၊ ကန်ဖန်ရွာသုံးရွာကိစ္စပင်ဖြစ်သည်။

### ဝန်ကြီးချုပ်နေအိမ်သတင်းစာရှင်းပွဲ

၃၀ ဇူလိုင် ၁၉၅၇ နေ့လယ် ၂ နာရီတွင် ဝန်ကြီးချုပ် ဦးနုနေအိမ်၌ နယ်စပ်ဒေသအရေးနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲတစ်ရပ်ကိုကျင်းပခဲ့သည်။ ဝန်ကြီးချုပ်ဦးနုက ရှင်းလင်းပြောကြားရာတွင်တရုတ်ဝန်ကြီးချုပ်ချူအင်လိုင်းထံမှစာရလျှင်ရချင်း ယခုကဲ့သို့ သတင်းစာရှင်းလင်းပွဲကိုကျင်းပရကြောင်း၊ စာကိုဝိုင်ယာလက်ဖြင့်ပို့လိုက်သဖြင့် ဦးစွာရရှိခဲ့သော်လည်း မြေပုံမှာမူမရရှိသေးကြောင်း၊ မြန်မာသံအမတ်ကြီး ဦးလှမောင်လာလျှင် ပါလာမည်ထင်ကြောင်းစသည်ဖြင့်ပါရှိခဲ့သည်။

ထို့နောက် သတင်းထောက်များ၏အမေးကိုဖြေကြားရာတွင် နှစ်ဦးနှစ်ဖက်လက်ခံနိုင်သောမြေပုံဖြစ်လျှင်အလွန်ကောင်းမွန်မည်ဖြစ်ကြောင်းဆိုပါသည်။

### ကျေးရွာသုံးရွာ

ဖီမော်၊ ဂေါ်လန်၊ ကန်ဖန်ရွာသုံးရွာသည် တရုတ်မြန်မာနယ်စပ်၌တည်ရှိပြီး ကချင်အမည်များဖြစ်ကြသည်။ဖီမော်ကရေးအဆိုအရကျောက်တွင်း၌သားရေပြားတစ်ခုတွေ့ရှိရသည်ကိုအစွဲပြုခေါ်ဆိုခြင်းဖြစ်သည်။ ဂေါ်လန်က ပြန့်ပြူးသောကမ်းခြေဟုအဓိပ္ပာယ်ရပြီးကန်ဖန်က သစ်အခွန်ကောက်ရာဒေသဟုဆိုလိုပါသည်။ ရွာသုံးရွာစလုံးမှာ တောင်ပေါ်ရွာများဖြစ်ကြပြီး လရှီ၊ လီဆူ၊ မရူး၊ အဇီးနှင့် ယောယင်တိုင်းရင်းသားများနေထိုင်ကြ၏။ တရုတ်နှင့်ဗမာ အနည်းငယ်လည်းနေထိုင်ကြပြီးအဓိကအားဖြင့်နတ်ကိုးကွယ်ကြသည်။ ယင်းရွာသုံးရွာကို တရုတ်နှင့်မြန်မာအစိုးရတို့အကြားပိုင်ဆိုင်မှုအငြင်းပွားခဲ့ကြသည်။

### ဗြိတိသျှအစိုးရလက်ထက်စာချုပ်များ

၁၈၈၆ ခုနှစ်တွင် အထက်မြန်မာနိုင်ငံအပါအဝင် မြန်မာတစ်နိုင်ငံလုံးကို ဗြိတိသျှတို့သိမ်းပိုက်လိုက်ပြီးနောက် ဗြိတိသျှအစိုးရက တရုတ်မြန်မာနယ်နိမိတ်ကို ပြတ်သားစွာရေးဆွဲနိုင်ရန်ကြိုးပမ်းခဲ့သည်။ ၂၄ ဇူလိုင် ၁၈၈၆ တွင် ဗြိတိသျှအစိုးရနှင့် တရုတ်အစိုးရတို့အကြားစာချုပ်တစ်ရပ်ချုပ်ဆိုခဲ့ကြသည်။ ယင်းစာချုပ်အပိုဒ်(၃) အရ တရုတ်မြန်မာနယ်နိမိတ်သတ်မှတ်ရေးကို သဘောတူညီခဲ့ကြသည်။ သို့သော်နှစ်နိုင်ငံနယ်နိမိတ်ကို တိကျစွာသတ်မှတ်ရန် ခက်ခဲသည့်အလျောက် အကောင်အထည်မဖော်နိုင်ခဲ့ကြပေ။

၁ မတ် ၁၈၉၄ တွင် ဗြိတိသျှနှင့်တရုတ်အစိုးရတို့အကြား စာချုပ်ထပ်မံချုပ်ဆိုခဲ့ကြပြန်သည်။ ယင်းနောက်ပြန်လည်ပြင်ဆင်သည့်စာချုပ်အဖြစ် ၄ ဖေဖော်ဝါရီ ၁၈၉၇ တွင် ထပ်မံချုပ်ဆိုခဲ့ကြပြန်၏။

### ကော်မရှင်အဖွဲ့

၁၈၉၇ ခုနှစ်စာချုပ်အရ ဗြိတိသျှတရုတ်ပူးတွဲကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းကာ နယ်နိမိတ်ကိစ္စ အကောင်အထည်ဖော်ခဲ့ကြသည်။ သို့သော် ၁၉၀၀ ပြည့်နှစ်အထိ အောင်မြင်မှုမရှိခဲ့ပေ။ ရေဝေတောင်တန်း၏အနောက်ဘက်ရှိ ဖီမော်၊ ဂေါ်လန်၊ ကန်ဖန်ရွာသုံးရွာအပါအဝင် ဒေသတစ်ခုလုံးကို တရုတ်က ပိုင်ဆိုင်ကြောင်း ပြောဆိုလာသဖြင့် ၁၉၀၅ ခုနှစ်တွင် ပူးတွဲကော်မရှင်ကို ယင်းဒေသသို့စေလွှတ်ခဲ့ရသည်။ ကော်မရှင်ကစုံစမ်းစစ်ဆေးပြီးနောက် ဗြိတိသျှအစိုးရက တရုတ်တို့တောင်းဆိုချက်ကို ဖြေရှင်းပေးသည့်အနေဖြင့် ယင်းဒေသအတွက် တစ်နှစ်ငွေကျပ် ၁၅၀၀ ထက်မများ ပေးဆောင်ရန်အဆိုပြုခဲ့သည်။ သို့သော်တရုတ်အစိုးရကငြင်းပယ်ခဲ့၏။

### ဗြိတိသျှပိုင်နက်နယ်မြေ

ဗြိတိသျှအစိုးရသည် နောက်ထပ်တစ်စုံတစ်ရာဆွေးနွေးမှုမပြုတော့ဘဲ ၁၉၀၆ ခုနှစ်တွင် မိမိတို့ကသာ အုပ်ချုပ်ရန် အတိအလင်းကြေညာခဲ့သည်။ ဖီမော်တွင် လူဆိုးဓားပြများ ခြေရှုပ်ခဲ့ကြသကဲ့သို့ တစ်ခါတစ်ရံ တရုတ်နယ်အကြီးအကဲများကလည်း ဝင်ရောက်တိုက်ခိုက်ကြသဖြင့် တရုတ်နှင့်ဗြိတိသျှတို့အကြား ထပ်မံဆွေးနွေးကြရပြန်သည်။ သို့သော်ပြေလည်မှုမရှိသဖြင့် ၁ ဖေဖော်ဝါရီ ၁၉၁၃ တွင် ဗြိတိသျှတို့က ဖီမော်၊ ဂေါ်လန်နှင့် ကန်ဖန်ရွာတို့ကို သိမ်းပိုက်လိုက်ကာ မြန်မာပြည်လွတ်လပ်ရေးရရှိသည်အထိ အုပ်ချုပ်ခဲ့သည်။ သို့တိုင်အောင် နယ်နိမိတ်ပြဿနာက မပြေလည်ခဲ့ပေ။

### ပါလီမန်ခေတ်

၂၈ ဇွန် ၁၉၅၄ တွင် တရုတ်ဝန်ကြီးချုပ်ချူအင်လိုင်း မြန်မာပြည်သို့ အလည်အပတ် ရောက်ရှိလာရာ ဝန်ကြီးချုပ်ဦးနုနှင့် ငြိမ်းချမ်းရေးမူ ၅ ချက်ကို ရေးဆွဲထုတ်ပြန်ခဲ့သည်။



မြန်မာနိုင်ငံသို့ ဝန်ကြီးချုပ်ချူအင်လိုင်းလာရောက်ခဲ့စဉ်က သမ္မတဒေါက်တာဘဦး၊ ဝန်ကြီးချုပ်ဦးနုတို့နှင့် အတူတွေ့ရှိရစဉ်

**တရုတ်အစိုးရသို့ လွှဲပြောင်းပေးအပ်မည့် နယ်စပ်ဒေသရွာသုံးရွာ၏ အကျယ်အဝန်းကို ၁၉၅၇ခုနှစ် ဖေဖော်ဝါရီလ ၄ ရက်နှင့် ဇူလိုင်လ ၂၆ ရက်နေ့တို့တွင် တရုတ်နှင့်မြန်မာအစိုးရတို့က မြေပုံထက်၌ သတ်မှတ်ညှိနှိုင်းကြသည်။ သို့သော် ယင်းကိစ္စနှင့်ပတ်သက်၍ ကချင်ဒေသခံတို့က ကျေနပ်မှုမရှိခဲ့ကြပေ . . .**

ယင်း ၅ ချက်တွင် တရုတ်မြန်မာနယ်နိမိတ်သတ်မှတ်ရေးမှာ အဓိကအခြေခံမှုဖြစ်ကြောင်း၊ ၁၂ ဒီဇင်ဘာ ၁၉၅၄ တွင် ဝန်ကြီးချုပ်ဦးနုပီကင်း(ယခု ပေကျင်းဟုရေးသည်)ရောက်ရှိစဉ်တရုတ်ဝန်ကြီးချုပ် ချူအင်လိုင်းနှင့်ပူးတွဲကြေညာခဲ့ပြန်သည်။ သို့သော် ယင်းပြဿနာက ၆ နှစ်ခန့် စေ့စပ်ဆွေးနွေးသည့်တိုင် ပြီးပြတ်မသွားခဲ့ပေ။

### လူထုအစည်းအဝေး

၂၀ ဖေဖော်ဝါရီ ၁၉၅၅ တွင် ဝန်ကြီးချုပ်ဦးနုက တရုတ်မြန်မာနယ်စပ်ရှိဆဒုံတွင် ကချင်တိုင်းရင်းသားများအား လူထုအစည်းအဝေးခေါ်ယူကာ ညှိနှိုင်းမှုပြုခဲ့သည်။ ဝန်ကြီးချုပ်သစ် ဦးဗဆွေလက်ထက်တွင်လည်း တရုတ်–မြန်မာနယ်စပ်ယူနန်ပြည်နယ်အတွင်း မိုင် ၆၀ အကွာ မန်စီတွင် တရုတ်အစိုးရ၏ဖိတ်ကြားချက်အရ လူထုအစည်းအဝေးကျင်းပခဲ့ကြပြန်သည်။

ကချင်ပြည်နယ်ဝန်ကြီးဦးဇန်ထားဆင်ကမူ မြစ်ကြီးနားလူထုအစည်းအဝေးကျင်းပခဲ့စဉ်က ယင်းရွာသုံးရွာသည် ကချင်ရွာများသက်သက် မဟုတ်သော်လည်း ပြည်ထောင်စုနယ်နိမိတ်တွင် ရှိသည်။ဤအရေးကိစ္စသည် ကချင်အရေးထက်ပြည်ထောင်စုအရေးသာဖြစ်သောကြောင့် ပြည်ထောင်စုအစိုးရကသာဆုံးဖြတ်ရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

### ကချင်ခေါင်းဆောင်များနှင့် ဆွေးနွေး

၁၉၅၆ ခုနှစ်တွင် ဖဆပလဥက္ကဋ္ဌ ဦးနုသည် ကချင်ပြည်နယ်ခေါင်းဆောင်များဖြစ်ကြသော ဆမားဒူးဝါး ဆင်ဝါးနောင်၊ဒူးဝါးဇော်လွန်း၊မန်ထားဆင်တို့နှင့်အတူပေကျင်းမြို့၌ တရုတ်အာဏာပိုင်များနှင့် ဆွေးနွေးခဲ့ကြသည်။ထိုစဉ် တရုတ်တို့က ရွာသုံးရွာကို တောင်းဆိုခဲ့ကြပြီး မြန်မာဘက်သို့ မိုင်းမောတြိဂံနယ်မြေကိုပေးရန်အသင့်ရှိကြောင်း ပြောဆိုခဲ့ကြသဖြင့် ယင်းသို့ ဆွေးနွေးညှိနှိုင်းခဲ့ကြခြင်းဖြစ်သည်။ ထိုစဉ်ဝန်ကြီးချုပ်ဦးနုနှင့် ဗိုလ်ချုပ်ကြီးနေဝင်းတို့က ကချင်နှင့်ရှမ်းတိုင်းရင်းသားများအားစည်းရုံးတိုက်တွန်းအားပေးမှုဖြင့် ဖီမော်၊ ဂေါ်လန်၊ ကန်ဖန်ရွာသုံးရွာအား တရုတ်သို့လွှဲပြောင်းပေးအပ်ရန် သဘောတူညီခဲ့ကြသည်။

### ဝန်ကြီးချုပ်၏ သတင်းစာရှင်းလင်းပွဲ

၁၁ နိုဝင်ဘာ ၁၉၅၆ တွင် ဝန်ကြီးချုပ်ဦးနုက သတင်းစာရှင်းလင်းပွဲကျင်းပခဲ့သည်။ ဝန်ကြီးချုပ်က "ဗြိတိသျှတို့က တရုတ်ပိုင်ဖြစ်ကြောင်းကို ငြင်းဆိုခြင်းမရှိတဲ့ ဖီမော်၊ ဂေါ်လန်နဲ့ ကန်ဖန်ကို တရုတ်လူထုနှစ်သိမ့်စေဖို့အတွက် ပြန်ပေးပါ။အင်္ဂလိပ်အစိုးရက မြန်မာအစိုးရပိုင်အနေနဲ့ သတ်မှတ်ပေးခဲ့တဲ့နယ်မြေကို မြန်မာအစိုးရက ပြန်ယူပါဆိုတဲ့ တောင်းဆိုချက်ဟာ အင်မတန် တရားမျှတတဲ့အတွက်ကျွန်တော်တို့က လက်ခံခဲ့ပါတယ်။" ဟု ပြောကြားခဲ့သည်။

ထို့ပြင် ဝန်ကြီးချုပ်ဦးနုက "ကျွန်တော်တို့ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ တရုတ်ပြည်နဲ့ မြန်မာနိုင်ငံတော်နယ်နိမိတ်ဟာ ရာဇဝင်တစ်လျှောက်လုံးမှာရော ဗြိတိသျှခေတ်မှာရော တစ်ခါမျှ တိတိကျကျ ပြည့်ပြည့်စုံစုံသတ်မှတ်ခြင်းပြုခဲ့ဖူးတယ်ဆိုတာကိုတော့ ခိုင်လုံသော အထောက်အထားများကို ကျွန်တော်တို့မတွေ့ခဲ့ရပါ။ ယခုမှပဲ ကျွန်တော်တို့သဘောကြိုက်ညီလက်ခံထားတဲ့ မူ ၅ ချက်ကိုအခြေပြုပြီး တရုတ်ပြည်နဲ့ မြန်မာပြည်အကြား နယ်စပ်တစ်ခုလုံးကို လုံးဝဥဿုံ အတိအကျသတ်မှတ်ဖို့ ကြိုးစားနေကြပါတယ်။"ဟုလည်း ဖြည့်စွက်ပြောကြားခဲ့သည်။

### အကျယ်အဝန်းသတ်မှတ်

တရုတ်အစိုးရသို့ လွှဲပြောင်းပေးအပ်မည့် နယ်စပ်ဒေသရွာသုံးရွာ၏ အကျယ်အဝန်းကို ၄ ဖေဖော်ဝါရီ ၁၉၅၇ နှင့် ဇူလိုင်လ ၂၆ ရက်နေ့တို့တွင် တရုတ်နှင့်မြန်မာအစိုးရတို့က မြေပုံထက်၌ သတ်မှတ်ညှိနှိုင်းကြသည်။ သို့သော် ယင်းကိစ္စနှင့် ပတ်သက်၍ ကချင်ဒေသခံတို့က ကျေနပ်မှုမရှိခဲ့ကြပေ။ ကချင်ပြည်နယ်၏ နယ်မြေတစ်စိတ်တစ်ဒေသ ဆုံးရှုံးရသည်ဆိုကာ တရုတ်ဝန်ကြီးချုပ် ချူအင်လိုင်း မြန်မာပြည်သို့ လာရောက်စဉ် ရန်ကုန်တက္ကသိုလ်ဖီမော်ကချင်ကျောင်းသားများလှုပ်ရှားမှုကော်မတီကဝန်ကြီးချုပ်ချူအင်လိုင်းထံအိတ်ဖွင့်ပေးစာပေးပို့ခဲ့ကြသည်။

### သဘောတူစာချုပ်

နောက်ဆုံး ၂၈ ဇန်နဝါရီ ၁၉၆၀ တွင် ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးနေဝင်းနှင့်တရုတ်ဝန်ကြီးချုပ် ချူအင်လိုင်းတို့ တရုတ်မြန်မာနယ်နိမိတ်ပြဿနာနှင့်စပ်လျဉ်း၍သဘောတူစာချုပ်တစ်ရပ်ချုပ်ဆိုခဲ့ကြသည်။ ယင်းစာချုပ်တွင် စာပိုဒ်(၄)ပိုဒ်ပါရှိ ရာ စာပိုဒ်(၁) ပထမဆုံးစာကြောင်း၌ပင် "ဖီမော်၊ ဂေါ်လန်၊ ကန်ဖန်ဒေသကိုမြန်မာအစိုးရက တရုတ်နိုင်ငံသို့ ပြန်လည်ပေးအပ်ရန်သဘောတူသည်"ဟူ၍ ပါရှိခဲ့သည်။

***ကျမ်းကိုး***

၁။မဏ္ဍိုင်သတင်းစာပါ သတင်းမှတ်တမ်းများ(၁၉၅၆ခုနိုဝင်ဘာ)

၂။ဖီမော်၊ဂေါ်လန်၊ကန်ဖန်(ခင်လေး) ရှာရှာဖွေဖွေမြန်မာသမိုင်း အတွဲ–၂

➤➤➤ *စာမျက်နှာ (၃၂) မှအဆက်*

ခေတ်ပြောင်း၊ ခေတ်လဲတွင်ဖြစ်တတ်သော သဘာဝကို စာရေးဆရာက သရုပ်ဖော်ထားသည်။ တရုတ်ပြည်တွင် သက်ဦးဆံပိုင် မန်ချူးမင်းဆက်ကိုတော်လှန်သည့် အရေးတော်ပုံကြီး ၁၉၁၁ ခုနှစ်တွင် ဖြစ်ပွားခဲ့သည်။ သမ္မတစနစ်ကို ထူထောင်လို၍ဖြစ်သည်။ တိုင်းပြည်နှစ်ခြမ်းကွဲသွားသည်။ တောင်ပိုင်းတွင် သမ္မတစနစ်ကို လိုလားသော ခေါင်းဆောင်ကြီး ဆွန်ယက်ဆင်ဦးဆောင်သည့် အဖွဲ့နှင့် မြောက်ပိုင်းတွင် ဘုရင်မင်းဆက်ကိုလိုလားသောအဖွဲ့များဟူ၍ နှစ်ပိုင်းကွဲသွားသည်။

တောင်ပိုင်းနှင့် မြောက်ပိုင်း ပြည်တွင်းစစ်ဖြစ်ကြသည်။ နောက်ဆုံးတွင် သမ္မတစနစ်ထူထောင်လိုသော ဆွန်ယက်ဆင်၏တပ်များ အနိုင်ရလာကာ မြောက်ပိုင်းရှိ နန်းကင်းမြို့ဟောင်းကို သိမ်းပိုက်နိုင်ခဲ့သည်။ ဝတ္ထုတွင်လမ်းဟောင်း၊ ခေတ်ဟောင်းကိုဖက်တွယ်နေသော တရုတ်အဘိုးအို၏ စိတ်ခံစားချက်နှင့်သဘောတရားကိုကရုဏာသက်စရာ ရေးဖွဲ့ထားသကဲ့သို့ ခေတ်သစ်၊ လမ်းသစ်အတွက် ယုံကြည်ချက်အပြည့်၊ အင်တိုက်အားတိုက်ဆောင်ရွက်နေသော တရုတ်အဘိုးအို၏ သားဖြစ်သူကိုလည်း ချီးကျူးလေးစားစရာဖြစ်အောင်ရေးဖွဲ့ထားသည်။

"လမ်းသစ်ကို ဘယ်သူမှတားနိုင်မှာမဟုတ်ဘူးအဖေရ။ အဖေကြိုက်ကြိုက်မကြိုက်ကြိုက် လမ်းသစ်ကတော့ မလာဘဲမနေဘူး။ လာမှာပဲ" ဆိုသော တရုတ်အဘိုးအို၏သားဖြစ်သူပြောစကားကို သတိရမိ၏။

ဧရာဝတီမြစ်အနောက်ဘက်ကမ်းတန့်ကြည်တောင်တန်းကြီးပေါ်တွင်နေဝန်းနီကြီးသည် မေးတင်လျက်လောကကိုနှုတ်ဆက်ခွဲခွာစပြုပြီ။

ဂူဘုရားပေါ်မှ ဆင်းခဲ့သည်။ ပို့စကဒ်ရောင်းသည့်ကလေးငယ်လေးများလည်း ကျွန်တော့်နောက်တွင် လိုက်ပါလာကြသည်။ ကျွန်တော်တို့တစ်တွေလည်း လမ်းများစွာကို လျှောက်လှမ်းကြရဦးမည်။

ပိုမိုပွင့်လင်းလွတ်လပ်သော၊ မိမိကိုယ်ကိုယ် တာဝန်ယူနိုင်စွမ်းရှိသောလူ့အဖွဲ့အစည်းအတွက်လမ်း....

စစ်မှန်သောဒီမိုကရေစီပန်းတိုင်အတွက်လမ်း....

ငြိမ်းချမ်းရေးအတွက်လမ်း...... စသည်စသည်.....

ဂူဘုရား၏လှိုင်ပတ်လမ်းလေးသည် ကျဉ်းမြောင်းကာ အမှောင်လွှမ်းနေသည်။ သို့သော် လမ်းဆုံးလျှင်အလင်းကိုတွေ့ရမည်။ Rachel Field (1894-1942)၏ လမ်းကဗျာလေး ခေါင်းထဲပြေးဝင်လာသည်–

ROADS

A road might lead to any-
where To habour towns and
quays, Or to a witch's pointed
house Hidden by bristly trees.
It might lead past the tailor's
door,Where he sews with
needle and thread,
Or by Miss Pim the milliner's,
With her hats for every head.
It might be a road to a great,
dark cave With treasure and
gold piled high,Or a road with a
mountain tied to its end,
Blue-humped against the sky.
Oh, a road might lead you
anywhere -To Mexico or
Maine.But then ,it might just
fool you,and lead you back
home again!

ကဗျာထဲမှာ လမ်းဟာဘယ်မဆိုရောက်နိုင်သည်တဲ့။ လှေဆိပ်၊ သင်္ဘောဆိပ်ရှိသည့် မြို့သို့လည်း ရောက်နိုင်သည်။ သစ်ပင်တွေဖုံးလွှမ်းနေသည့် စုန်းမကဝေမတစ်ယောက်အိမ်သို့လည်းရောက်သွားနိုင်သည်။ အပ်ချုပ်သမား၏အိမ်၊ ဦးထုပ်သည် မစ္စပင်း၏အိမ်တွေဆီလည်း ရောက်သွားနိုင်သည်။ရတနာများရှိရာ ဂူဆီသို့လည်းရောက်သွားနိုင်သေးသည်။လမ်းသည် ဘယ်မဆိုရောက်နိုင်သည်တဲ့။မက္ကဆီကိုကို ဖြစ်စေ၊ မိန်းကိုဖြစ်စေ ရောက်သွားနိုင်သည်တဲ့။သို့သော်လည်း လမ်းသည် ကိုယ့်ကို အရူးလုပ်နိုင်သေးသည်။ လာရာလမ်းအတိုင်း ကိုယ့်မူလဌာနေကိုလည်း ပြန်ရောက်သွားနိုင်သေးသည်တဲ့လေ..။

■

## ရန်ကုန်မြို့ဆင်ခြေဖုံးရပ်ကွက်များတွင် အပေါင်ဆိုးပစ္စည်းများရှာဖွေဝယ်ယူမှုများပြားလာ

ရန်ကုန်မြို့ဆင်ခြေဖုံးရပ်ကွက်များတွင် နေထိုင်သူများသည် ၎င်းတို့၏ နေ့စဉ်စားဝတ်နေရေးအခက်အခဲများကြောင့် လိုအပ်သည့်အိမ်သုံးအခြေခံပစ္စည်းများနှင့် အခြားအသုံးအဆောင်များကိုမြို့နယ်အသီးသီးရှိ အပေါင်ဆိုင်များမှ အပေါင်ဆုံးပစ္စည်းများကို ရှာဖွေဝယ်ယူမှုများ များပြားလာကြောင်း သိရသည်။

ရန်ကုန်မြို့ဆင်ခြေဖုံးရပ်ကွက်နှင့် မြို့တွင်းရှိအပေါင်ဆိုင်များတွင် ပစ္စည်းဆုံးခံပေါင်နှံမှုများပြားလာခြင်းကြောင့်အပေါင်ဆိုင်များတွင်အပေါင်ဆုံးပစ္စည်းများ ပြန်လည်ရောင်းချသည့် ဆိုင်များကိုပါတွဲဖက်၍ အများအပြားဖွင့်လာကြကြောင်း ရပ်ကွက်နေသူများထံမှ သိရသည်။

"အပေါင်ဆိုင်မှာ လာဝယ်ရင် အပြင်ကထက် ဈေးသက်သာတယ်။ ပစ္စည်းချင်းအတူတူဆိုရင်အပေါင်ဆုံးပစ္စည်းကို စောင့်ဝယ်လာကြတယ်။ နေ့စဉ်စားဝတ်နေရေးကရှိတော့ ချွေတာလို့ရတဲ့နေရာမှာချွေတာကြတဲ့သဘောပါပဲ"ဟု သာကေတမြို့နယ်အတွင်းရှိအပေါင်ဆိုင်တွင် အပေါင်ဆုံးပစ္စည်းလာရောက်ဝယ်ယူသူတစ်ဦးက ပြောသည်။

ရန်ကုန်မြို့ ဆင်ခြေဖုံးရပ်ကွက်များရှိ လိုင်စင်ရအပေါင်ဆိုင်များနှင့် ပြင်ပအပေါင်ခံသူများအနေဖြင့်ရွှေဆိုပါကအတိုးနှုန်းမှာ သုံးကျပ်တိုးနှုန်း၊ အဝတ်အထည်နှင့် အခြားအိမ်သုံးပစ္စည်းဆိုပါက ၁၀ ကျပ်တိုးနှုန်းဖြင့် အပေါင်ခံလျက်ရှိသော်လည်း ပစ္စည်းအဆုံးခံပေါင်နှံမှုများ ပိုမိုများပြားလာကြောင်း ၎င်းအပေါင်ဆိုင်များမှ သိရသည်။

"အပေါင်ခံရင် ပစ္စည်းအသစ်ဆိုရင် အပြင်ဈေးရဲ့သုံးပုံနှစ်ပုံပေးတယ်။ အဟောင်းဆိုရင်တော့ပစ္စည်းတန်ဖိုးကြည့်ပြီးဈေးဖြတ်လိုက်တယ်။ ထီး၊ အဝတ်အစား၊ စတီးချိုင့်နဲ့အိုးခွက်ပန်းကန်တွေဆိုရင် ပြန်မရွေးကြတာများတယ်"ဟု မြောက်ဥက္ကလာပရှိအပေါင်ဆိုင်တစ်ခုမှ တာဝန်ခံတစ်ဦးက ပြောသည်။

ရန်ကုန်မြို့ဆင်ခြေဖုံးရပ်ကွက်များအတွင်းရှိ အမိန့်ရအပေါင်ဆိုင်များနှင့် အခြားအပေါင်ဆိုင်များတွင် ပစ္စည်းအဆုံးခံ ပေါင်နှံသူများပြားလာမှုကြောင့် အပေါင်ဆိုင်များမှ အပေါင်ဆုံးပစ္စည်း ပြန်လည်ရောင်းချမှုများယခင်ကထက် ပိုမိုများပြားလာကြောင်း ရန်ကုန်မြို့တွင်းနှင့် ဆင်ခြေဖုံးရပ်ကွက်များရှိ အပေါင်ဆိုင်များထံမှသိရသည်။ အပေါင်ဆိုင်များတွင် လာရောက်ပေါင်နှံသူများတွင်လက်လုပ်လက်စား အခြေခံလူတန်းစားများအများဆုံးဖြစ်ပြီး ကျောင်းဖွင့်ရာသီနှင့် ဆောက်လုပ်ရေးလုပ်ငန်းပါးလေ့ရှိသည့်မိုးရာသီတွင်ပေါင်နှံမှုအများဆုံးဖြစ်ကြောင်း အပေါင်ဆိုင်များမှ သိရှိရသည်။

■

## ရန်ကုန်မြို့ရှိကြော်ငြာဆိုင်းဘုတ်များ မတ်လကုန်တွင် မဖြုတ်သိမ်းရဘဲ ဆက်လက်လုပ်ကိုင်ခွင့်ရရှိရေး ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်သို့တင်ပြထား



ဓာတ်ပုံ - ကျော်ထင်

ကြော်ငြာဆိုင်းဘုတ်များစိုက်ထူထားသည့် ရန်ကုန်မြို့တစ်နေရာကိုတွေ့ရစဉ်

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပိုင်မြေများပေါ်ရှိ ကြော်ငြာဆိုင်းဘုတ်များကို မတ်လကုန်အထိ ခွင့်ပြုထားပြီး ဧပြီလ ၁ ရက်နေ့မှ စတင်၍ဖြုတ်သိမ်းရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ညွှန်ကြားချက်ထုတ်ပြန်ထားပြီး ကြော်ငြာဆိုင်းဘုတ်များမဖြုတ်သိမ်းရဘဲ ဆက်လက်လုပ်ကိုင်ခွင့်ရရှိရေးအတွက် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်များသို့တင်ပြထားကြောင်း ကြော်ငြာလုပ်ငန်းရှင်အချို့ထံမှ သိရသည်။

ရန်ကုန်မြို့တော်အား မြို့တော်အင်္ဂါရပ်နှင့်ညီညွတ်စေရန်အတွက် ရှုပ်ထွေးများပြားနေသည့် ကြော်ငြာဆိုင်းဘုတ်များကို လျှော့ချရန် ပြီးခဲ့သည့် ၂၀၁၂ ခုနှစ် မေလကတည်းက စတင်စီစဉ်ခဲ့ခြင်းဖြစ်ပြီး ကြော်ငြာဆိုင်းဘုတ်အသေးများအား ၂၀၁၂ ဩဂုတ်လကုန်တွင် အပြီးဖြုတ်သိမ်းရန်နှင့် ဆိုင်းဘုတ်အကြီးများကို ၂၀၁၃ ခုနှစ် မတ်လကုန်တွင် အပြီးဖြုတ်သိမ်းရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီက ထုတ်ပြန်ခဲ့သည်။

"မတ်လ ၃၁ ရက်နေ့အထိပဲ ကြော်ငြာဆိုင်းဘုတ်တွေလုပ်ကိုင်ခွင့်ရမယ်။ လာမယ့်ဧပြီလ ၁ ရက်နေ့ကစပြီး အားလုံးဖြုတ်သိမ်းရမယ်လို့ ညွှန်ကြားချက်ထုတ်ထားပါတယ်။ ဒီလိုညွှန်ကြားချက်ဟာ ကျွန်တော်တို့လုပ်ငန်းတွေကို သတ်လိုက်တာနဲ့ အတူတူပါပဲ။ ဒါကြောင့် ကျွန်တော်တို့ကြော်ငြာလုပ်ငန်းတွေ ဆက်လက်လုပ်ကိုင်ခွင့်ရဖို့အတွက်ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်ကို စာတင်ထားတယ်"ဟု Than Htut ကြော်ငြာလုပ်ငန်းမှ ကိုသန်းထွဋ်က ပြောကြားခဲ့သည်။

ကြော်ငြာဆိုင်းဘုတ်အသေးများအား ဖြုတ်သိမ်းခဲ့ရပြီး ကြော်ငြာဆိုင်းဘုတ်အကြီးများအား ၂၀၁၃ ခုနှစ် မတ်လကုန်၌ အပြီးဖြုတ်သိမ်းရမည့် ညွှန်ကြားချက်ကြောင့် ကြော်ငြာလုပ်ငန်းရှင်များက စည်ပင်သာယာပိုင်မြေမဟုတ်ဘဲ အစိုးရဌာနပိုင်မြေပေါ်များတွင် ပြောင်းလဲ၍ ကြော်ငြာဘုတ်များ စိုက်ထူခဲ့ကြရာ ၂၀၁၃ ခုနှစ် ဇန်နဝါရီလအတွင်းက အစိုးရဌာနပိုင်မြေပေါ်ရှိ ကြော်ငြာဆိုင်းဘုတ်များကို ခွင့်မပြုတော့ကြောင်း ထပ်မံထုတ်ပြန်ခဲ့သည်။

၂၀၁၂ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင်ပြုလုပ်ခဲ့သောရန်ကုန်တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးတွင်သင်္ဃန်းကျွန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှလွှတ်တော်ကိုယ်စားလှယ်ဦးကျော်၏ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီကကြော်ငြာဆိုင်းဘုတ်များနှင့်ပတ်သက်ပြီး ထိန်းချုပ်မှုများလုပ်နေခြင်းကြောင့် ကြော်ငြာဆိုင်းဘုတ်လုပ်ငန်းရှင်များ အခက်အခဲတွေ့နေရခြင်းနှင့် ပတ်သက်၍မေးမြန်းချက်အပေါ်တွင် ရန်ကုန်မြို့တော်ဝန်က လာမည့်ဘဏ္ဍာရေးနှစ်တွင် ကြော်ငြာဆိုင်းဘုတ်လုပ်ငန်းများကိုလုပ်ငန်းရှင်များအား လုပ်ကိုင်ခွင့်ရရှိရန်စီမံမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့သည်။

ရန်ကုန်မြို့တော်စည်ပင်သာယာပိုင်မြေပေါ်တွင် စိုက်ထူသော ကြော်ငြာဆိုင်းဘုတ်များကို တစ်ပေပတ်လည်လျှင် ကျပ်နှစ်သောင်းနှုန်း၊ အစိုးရဌာနပိုင်မြေပေါ်တွင် စိုက်ထူသော ကြော်ငြာဘုတ်များကို တစ်ပေပတ်လည်လျှင်ကျပ်တစ်သောင်းခွဲနှုန်းဖြင့် အခွန်ကောက်ခံ၍ခွင့်ပြုထားခြင်းဖြစ်သည်။

ကျော်ထင်




## မစိုးရိမ်တိုက်သစ် အဓိပတိမဟာနာယကချုပ် ဆရာတော်ဘုရားကြီး ပျံလွန်တော်မူ

မန္တလေးမြို့ မစိုးရိမ်တိုက်သစ် အဓိပတိ မဟာနာယကချုပ်(အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိက) ဆရာတော် ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ မဟာထေရ်မြတ်သည် သက်တော် ၈၀၊ ဝါတော် ၆၀ အရ မတ်လ ၁၂ ရက်ည ၁၁ နာရီခန့်ကပျံလွန်တော်မူခဲ့ကြောင်း သတင်းရရှိသည်။

မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ်ကြီး(၃)တိုက်တို့၏ အဓိပတိ မဟာနာယကဆရာတော် ဘဒ္ဒန္တရာဇဓမ္မာဘိဝံသကို ၁၂၉၅ ခုတွင် ဖွားမြင်တော်မူ ၁၃၂၅ ခုနှစ်တွင် ရဟန်းအဖြစ်သို့ရောက်ရှိတော်မူသည်။ ရဟန်းဘဝတွင် ပရိယတ္တိ၊ ပရိပတ္တိလုပ်ငန်းများ၊ စာပေရေးသားပြုစုခြင်း၊ မန္တလေးမြို့ မစိုးရိမ်တိုက်သစ်ကြီးသုံးတိုက်ရှိသံဃာလေးထောင်ခန့်ကိုအုပ်ချုပ်ခဲ့သည်။

ဆရာတော်ဘုရားကြီးသည် ကျောင်းသားခေါင်းဆောင်ကိုဖုန်းမော်အမှတ်တရဆွမ်းလောင်းလှူပွဲတွင် အစိုးရမှ အင်အားသုံးနှိမ်နင်းခဲ့၍ ရဟန်းသံဃာနှင့် ပြည်သူလူထုတို့သွေးမြေကျခဲ့မှုအပေါ်ဆရာတော်ဘုရားကြီးဦးဆောင်ကာတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပတ္တနိက္ကုဇ္ဇနကံဆောင်သပိတ်မှောက်ခဲ့ခြင်းကြောင့် ၁၉၉၁ ခုနှစ်မှ ၁၉၉၃ ခုနှစ်အထိ ၁၉ လကြာ အကျဉ်းစံခဲ့ရသည်ဟုသိရှိရပါသည်။

ဇော်ဌေးလွင်

## တရုတ်ငွေဈေးမြင့်တက်မှုကြောင့် မန္တလေးသင်္ကြန် ပစ္စည်းဈေးကွက် ဈေးနှုန်းများမြင့်တက်

မန္တလေးအတာသင်္ကြန်ပွဲတော်တွင်မိရိုးဖလာသင်္ကြန်အသုံးအဆောင်ပစ္စည်းများကိုသုံးစွဲဆင်ယင်လေ့ရှိရာမှတရုတ်နိုင်ငံ ထုတ်ပစ္စည်းများနေရာယူလာခဲ့ပြီး ယခုနှစ်တွင်တရုတ်ငွေဈေးမြင့်တက်လာမှုကြောင့် ဈေးနှုန်းများမြင့်တက်လာကြောင်း ဈေးချိုတော်မှစုံစမ်းသိရှိရသည်။

“ဒီနှစ်ကလေးကစားစရာသင်္ကြန်ပစ္စည်းတွေက တရုတ်ငွေဈေးတက်တော့ဈေးမြှင့်ပြီးပေးရတယ်။ ရန်ကုန်ကလာပေမယ့်လည်း တရုတ်ပစ္စည်းပဲများတယ်။ နယ်ဝယ်လက်တွေများတော့စောစောခင်းရောင်းဖြစ်တာ။ မန္တလေးမြို့ပေါ်ကတော့ ၁၀ တန်းတွေဖြေပြီးရင်အဝယ်လိုက်လာနိုင်ပါတယ်”ဟု မန္တလေးဈေးချိုတော်၊ သံဖြူတန်းမှ ဒေါ်စက်ရီ(ကလေးကစားစရာပစ္စည်း)ဆိုင်မှပြောပါသည်။

သင်္ကြန်ကလေးကစားစရာပစ္စည်းမျိုးစုံဈေးကွက်တွင် ပစ္စည်းအမျိုးအစားပေါ်မူတည်၍ ငွေကျပ် ၉၀ မှ ကျပ်၁၀၀၀၀ အထိရှိကြောင်း ဈေးကွက်အတွင်းမှသိရသည်။

## ဧရာဝတီမြစ်ကြောင်းတစ်လျှောက် ရေကြောင်းကြပ်တည်းမှုများကြုံတွေ့လာရသဖြင့် ရေကြောင်းလမ်းညွှန်တပ်ဆင်ခြင်း၊ ရေအနက်သတိပေးချက်ထုတ်ပြန်ခြင်းများ ဆောင်ရွက်နေ


ဓာတ်ပုံ - အောင်သူ

ဧရာဝတီမြစ်အတွင်း သဲသောင်များပေါ်ထွက်နေသည်ကို မတ်လ ဒုတိယပတ်အတွင်းက တွေ့ရစဉ်

နှစ်စဉ် ဇန်နဝါရီလမှ ဧပြီလအထိကြုံတွေ့ရလေ့ရှိသည့် ရေနည်းချိန်ကာလအတွင်း ဧရာဝတီမြစ်ကြောင်းတစ်လျှောက်၌ ရေယာဉ်များသွားလာရာတွင် ရေကြောင်း ကြပ်တည်းမှုများ ကြုံတွေ့လာရမှုအပေါ် ရေကြောင်းလမ်းညွှန်တပ်ဆင်ခြင်းနှင့်ရေအနက်သတိပေးချက်ထုတ်ပြန်ခြင်းများဆောင်ရွက်ထားရှိကြောင်း သိရှိရသည်။

ရေအရင်းမြစ်နှင့် မြစ်ချောင်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မန္တလေးတိုင်းဒေသကြီး စဥ့်ကူးကျေးရွာနှင့်အထက် ကချင်ပြည်နယ် မေခ–မလိခမြစ်ဆုံအထိ ရေလမ်းမိုင် ၅၈၄ မိုင်အတွင်း ရေယာဉ်များ အန္တရာယ်ကင်းစွာသွားလာနိုင်ရန် ရေကြောင်းလမ်းညွှန်တပ်ဆင်ခြင်း၊ ရေကြောင်းတိုင်းတာခြင်း၊ရေကြောင်းဘက်ဆိုင်ရာမြို့ပြအင်ဂျင်နီယာလုပ်ငန်းများဆောင်ရွက်ခြင်းတို့ကို စီမံချက်ရေးဆွဲလုပ်ဆောင်လျက်ရှိကြောင်း သိရှိရသည်။

“အခုက,ကရေနည်းကာလတွေဖြစ်တဲ့ ဇန်နဝါရီလကနေ ဧပြီလအတွင်းမှာဆိုရင် သွားရတာအဆင်မပြေဘူး။ မြစ်ကြောင်း တစ်လျှောက်မှာ ရေကြောင်းတွေ ခွဲထွက်သွားပြီး ရေနည်းလာတယ်။ သဲသောင်တွေ အများအပြားပေါ်လာပြီးသွားရတာ အခက်အခဲဖြစ်လာတယ်။ အဲဒီလိုကာလတွေမှာ ရေပေါ်ပြ၊ ကမ်းပေါ်ပြ အမှတ်အသားတွေထားပေးမယ်ဆိုရင်သွားရတာလွယ်ပြီး အန္တရာယ်လည်းကင်းတယ်။ ရေယာဉ်မှူးတွေအနေနဲ့ရေလမ်းကြောင်းတစ်လျှောက်ကရွာတွေမှာရှိတဲ့သစ်ပင်တွေ၊ ဘုရားတွေ၊ ကျောင်းအိုး၊ ကျောင်းပျက်တွေကို ကိုယ့်အမှတ်အသားနဲ့ကိုယ်မှတ်ထားပြီးဘယ်နားရောက်ရင် ရေလမ်းကြောင်းက ဘယ်လိုဆိုတာကြည့်ပြီး သွားရတာ”ဟုမန္တလေး–ပုဂံပန်းတော်အပျော်စီးသင်္ဘောရေယာဉ်မှူး ဦးဒူးမော်က ပြောကြားပါသည်။

ရေကြောင်းကြပ်တည်းမှုများကြုံတွေ့လာရမှုအပေါ် ရေအရင်းမြစ်နှင့်မြစ်ချောင်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်းညွှန်လုပ်ငန်းမှရေကြောင်းတိုင်းတာရေးလုပ်ငန်း(သာမန်)အတွက်သဖန်းဒေါင့်ရေလမ်း၊ ရွှေလှေရေလမ်း၊ မန္တလေးရေလမ်း၊ ညောင်ပင်သာရေလမ်း၊ ပခုက္ကူရေလမ်းတို့တွင်ရေကြောင်းတိုင်းတာမှုများဆောင်ရွက်ထားကြောင်း သိရသည်။

မတ်လ ၈ ရက်နေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းတာချက်များအရ ဧရာဝတီမြစ်ရေသည် စစ်ကိုင်းမြို့တွင် ၁၈၃စင်တီမီတာအထိ ကျဆင်းရောက်ရှိနေပြီး နောက်ငါးရက်အတွင်း ခြောက်လက်မခန့်ကျဆင်းနိုင်ကာ စစ်ကိုင်းမြို့၏ ရေနက်သတိပေးမှတ်(ရေစစ်မျဉ်း) ၁၇၀ စင်တီမီတာအောက်သို့ ရောက်ရှိနိုင်ကြောင်း သတိပေးချက်ထုတ်ပြန်ထားသည်။ ဧရာဝတီမြစ်ရေသည်စစ်ကိုင်းမြို့တွင် ၁၉၇၀ ခုနှစ်က ရေနည်းသတိပေးမှတ် ၁၂၉ စင်တီမီတာအထိအနိမ့်ဆုံးကျဆင်းခဲ့ဖူးပြီး ၂၀၁၂ ခုနှစ်က ရေနည်းမှတ် ၂၁၆ စင်တီမီတာသို့ ရောက်ရှိခဲ့သည်ဟု သိရှိရသည်။

အောင်သူ

TRI
LIVES BRILLIANTLY



# တစ်ပတ်အတွင်း ရန်ကုန်ဈေးနှုန်းများ

ဖော်ပြပါဈေးနှုန်းများသည် မတ်လ ၁၆ ရက်နေ့တွင် ကောက်ယူထားသော ဈေးနှုန်းများဖြစ်ပြီး ၅% မှ ၁၀% အထိ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်။

## နိုင်ငံတကာ ကုန်စည်ဈေးနှုန်းများ

| နိုင်ငံတကာကုန်စည်ဈေးနှုန်းများ (အမေရိကန်ဒေါ်လာ) | ၁၆-၃-၂၀၁၃ |
|---|---|
| ရေနံစိမ်း(တစ်စည်) | ၉၃.၄၅ |
| ဓာတ်ငွေ့(mmbtu) | ၃.၈၆ |
| ဓာတ်ဆီ(တစ်ဂါလန်) | ၃.၁၆ |
| ရွှေ(အောင်စ) | ၁၅၉၂.၁၈ |
| ငွေ(အောင်စ) | ၂၈.၈၀ |
| ဂျုံ(ပေါင် ၆၀ အိတ်) | ၇.၂၃ |

| အာရှဈေးကွက် ဆန်ဈေးနှုန်း (တစ်တန်၊ အမေရိကန်ဒေါ်လာ) | ထိုင်း | ဗီယက်နမ် |
|---|---|---|
| ၁၀၀%ဆန်ဖြူ | ၅၉၆ | - |
| ၅%ဆန်ကျိုးပါ | ၅၇၉ | ၄၀၀ |
| ၁၀%ဆန်ကျိုးပါ | ၅၇၃ | ၃၉၅ |
| ၁၅%ဆန်ကျိုးပါ | ၅၇၇ | ၃၈၀ |
| ၂၅%ဆန်ကျိုးပါ | ၅၇၅ | ၃၇၀ |
| ပေါင်းဆန် | ၅၇၆ | - |

## မြန်မာ့ရွှေဈေးနှုန်း (ကျပ်)

| ရက်စွဲ | အခြင်အတွယ် | အခေါက် | ၁၅ပဲရည် |
|---|---|---|---|
| ၁၁-၃-၂၀၁၃ | ကျပ်သား | ၇၄၀၀၀၀ | ၇၀၀၀၀၀ |
| ၁၂-၃-၂၀၁၃ | ကျပ်သား | ၇၄၂၀၀၀ | ၇၀၅၀၀၀ |
| ၁၃-၃-၂၀၁၃ | ကျပ်သား | ၇၄၆၀၀၀ | ၇၀၅၀၀၀ |
| ၁၄-၃-၂၀၁၃ | ကျပ်သား | ၇၄၈၀၀၀ | ၇၀၅၀၀၀ |
| ၁၅-၃-၂၀၁၃ | ကျပ်သား | ၇၅၀၀၀၀ | ၇၀၅၀၀၀ |
| ၁၆-၃-၂၀၁၃ | ကျပ်သား | ၇၅၀၀၀၀ | ၇၀၅၀၀၀ |

မှတ်ချက်။ ။ အထက်ပါဈေးနှုန်းများအား စိန်နန်းတော်ရတနာရွှေဆိုင်မှ ကောက်ယူထားခြင်းဖြစ်ပါသည်။

## မီးဖိုဆောင်သုံး ကုန်စည်ဈေးနှုန်း (ကျပ်)

ဆန်ဈေးနှုန်းများ

| | | |
|---|---|---|
| ဖျာပုံပေါ်ဆန်းမွှေး(ရိုးရိုး) | ၁ ပြည် | ၁၄၀၀ |
| တောင်ပျံ | ၁ ပြည် | ၁၁၀၀ |
| ပေါ်ကျွဲ(ရိုးရိုး) | ၁ ပြည် | ၈၀၀ |
| ရွှေဝါထွန်း(ရှယ်) | ၁ ပြည် | ၉၀၀ |
| ငစိန် | ၁ ပြည် | ၈၀၀ |

စားသုံးဆီဈေးနှုန်းများ

| | | |
|---|---|---|
| ပဲဆီ | ၁ ပိဿာ | ၄၃၀၀ |
| အကြော်ခံဆီ | ၁ ပိဿာ | ၁၅၀၀ |

အသားငါးဈေးနှုန်းများ

| | | |
|---|---|---|
| CP ကြက် | ၁ ပိဿာ | ၆၀၀၀-၇၀၀၀ |
| ဗမာကြက် | ၁ ပိဿာ | ၇၀၀၀-၈၀၀၀ |
| ဆိတ်သား | ၁ ပိဿာ | ၁၃၀၀၀-၁၄၀၀၀ |
| ဝက်သား | ၁ ပိဿာ | ၆၀၀၀-၇၀၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၄၀၀၀ |
| ငါးမြစ်ချင်း | ၁ ပိဿာ | ၃၅၀၀-၄၀၀၀ |

## တစ်ပတ်အတွင်း နိုင်ငံခြားငွေလဲလှယ်မှု နှုန်းထားများ

| ရက်စွဲ | (သိမ်ဖြူဈေး) USD ရောင်းဈေး | USD ဝယ်ဈေး | ယူရို ရောင်းဈေး | ယူရို ဝယ်ဈေး | စင်ကာပူ ရောင်းဈေး | စင်ကာပူ ဝယ်ဈေး | (ပြင်ပဈေး) USD ရောင်းဈေး | USD ဝယ်ဈေး | ယူရို ရောင်းဈေး | ယူရို ဝယ်ဈေး | စင်ကာပူ ရောင်းဈေး | စင်ကာပူ ဝယ်ဈေး |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁၁.၃.၂၀၁၃ | ၈၇၀ | ၈၆၄ | ၁၁၃၂ | ၁၁၁၄ | ၆၉၇ | ၆၈၆ | ၈၆၈ | ၈၆၇ | ၁၁၂၀ | ၁၁၁၅ | ၆၉၅ | ၆၉၁ |
| ၁၂.၃.၂၀၁၃ | ၈၇၂ | ၈၆၅ | ၁၁၃၇ | ၁၁၁၉ | ၆၉၉ | ၆၈၇ | ၈၈၀ | ၈၇၇ | ၁၁၂၅ | ၁၁၂၀ | ၆၉၆ | ၆၉၂ |
| ၁၃.၃.၂၀၁၃ | ၈၇၅ | ၈၆၈ | ၁၁၃၉ | ၁၁၂၁ | ၇၀၁ | ၆၈၉ | ၈၈၅ | ၈၈၀ | ၁၁၃၂ | ၁၁၂၇ | ၆၉၇ | ၆၉၃ |
| ၁၄.၃.၂၀၁၃ | ၈၇၅ | ၈၆၈ | ၁၁၄၁ | ၁၁၂၃ | ၇၀၂ | ၆၉၅ | ၈၉၃ | ၈၈၅ | ၁၁၃၂ | ၁၁၂၇ | ၆၉၉ | ၆၉၅ |
| ၁၅.၃.၂၀၁၃ | ၈၈၄ | ၈၇၇ | ၁၁၄၉ | ၁၁၃၁ | ၇၀၈ | ၆၉၆ | ၈၉၃ | ၈၉၀ | ၁၁၄၅ | ၁၁၃၅ | ၇၀၅ | ၇၀၀ |

မှတ်ချက်။ ။ ဝယ်ဈေးမှာ ငွေလဲကောင်တာမှဝယ်ယူသည့်ဈေးဖြစ်ပြီး ရောင်းဈေးမှာ ငွေလဲကောင်တာမှ ပြန်လည်ရောင်းချသည့်ဈေးနှုန်းများဖြစ်သည်။

## ပန်ကာနှင့်လေအေးပေးစက်ဈေးနှုန်းများ(ကျပ်)

| Fan (Stand) | | Air Cooler | |
|---|---|---|---|
| Panasonic F 407 W | ၈၉၀၀၀ | Samsonic 10 A | ၇၅၀၀၀ |
| Cornell CFS 160 4R | ၅၁၀၀၀ | Mistral MAC 1801 | ၁၂၅၀၀၀ |
| Nibban SF1603 | ၁၈၀၀၀ | Nibban 5 K | ၅၃၀၀၀ |
| Glacier | ၂၀၅၀၀ | Cornell 21 B | ၈၉၅၀၀ |




## ဈေးကွက်အတွင်း အသားငါးဈေးနှုန်းများ သိသာစွာမြင့်တက်

ဈေးကွက်အတွင်း၌ အသားငါးဈေးနှုန်းများ မြင့်တက်လျက်ရှိရာ ကြက်သားဈေးနှုန်းမှာ သိသာစွာမြင့်တက်နေကြောင်း ဈေးများအတွင်းမှ စုံစမ်းသိရှိရသည်။

"ကြက်သားဈေးက ဒီနှစ်ထဲမှာ ပိုပြီးတော့ ဈေးတက်လာတယ်။ ရာသီဥတုကပူတော့ ကြက်အသေများပြီး ဈေးကွက်ထဲကိုဝင်တဲ့ ကြက်ကောင်ရေနည်းသွားတယ်။ အရင်ကဆိုရင် အချိန်တစ်ဆယ်ကိုဝယ်ဈေး ၂၅၀၀၀ ကျပ်လောက်ပဲရှိတာ အခု ၄၅၀၀၀ လောက်ထိပေးရတယ်။ သင်္ကြန်ပြီးရင်တော့ ပုံမှန်ပြန်ဖြစ်မယ်ထင်ပါတယ်" ဟု တာမွေမြို့နယ်ရှိ ရာပြည့်ဈေးတွင် ကြက်သားရောင်းချသည့် မအေးအေးက ပြောပြခဲ့သည်။

ကြက်သားဈေးနှုန်းသာမက အခြားအသားငါးဈေးနှုန်းများမှာလည်း ယခင်ဈေးနှုန်းများထက် ၁၀ ကျပ်သားလျှင် ကျပ် ၂၀၀ မှ ၄၀၀ အထိမြင့်တက်နေကြောင်း၊ သင်္ကြန်ကာလနီးလာသောကြောင့်ဖြစ်ကြောင်း သိရသည်။




**Urgent Requirements for International Hotel**

| | |
|---|---|
| 1. Residence Manager | (1) Post |
| 2. Asst; Residence Manager | (1) Post |
| 3. Human Resource Manager | (2) Posts |
| 4. Sr.Sales & Marketing Manager | (1) Post |
| 5. Front Office Night Auditor | (2) Posts |
| 6. Food & Beverage Manager | (1) Post |
| 7. Housekeeping Manager | (1) Post |

**Skills & Competence;**

- Graduate in any discipline.
- Minimum 5 to 8 years of (4 or 5 Stars) International Hotel experience in the respective areas fields is preferable.
- Must have proficiency in English Language.
- Good Communication skills and Leadership skills.
- Computer Literate Experience in (Opera Software & Fidelio Software) is Preferable.
- Must be able to travel and work under pressure.

Interested candidate shall submit an application letter. CV with a recent photo, copies of NRC and Labor Registration Card, Educational Certificate and others testimonials to **HR Department** not laterthan **29.3.2013.**

Only Short-listed candidates will be contacted for interview.

Address: No. (23/C), Thukhawaddy Str, (6) Qtr, Yankin Tsp, Yangon

Phone: 01 - 554302, 578915, 09-420097996.

**ခိုင်ခိုင်ကျော် မြန်မာထမင်းဆိုင် ချိုင့်ဆွဲပို့ဆောင်ရေး**

မနက်စောစော (နံနက်ခင်းစာ) *Breakfast* ရပါပြီ။ (ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမအနီး)

မြန်မာ့ရိုးရာပဲပြုတ်ထမင်းကြော် နှင့် တွဲဖက်၍ မြန်မာ့ဝက်သားဟင်း (ဝက်အာဘီ) နှင့် ဆိတ်သားဟင်း (ဆိတ်အာဘီ)

ရန်ကုန်မြို့၌ ပထမဆုံးရောင်းချသော မြန်မာ့ရိုးရာမုန့်ဟင်းခါး (ဘူဖေး)၊ "လပွတ္တာ၊ မြောင်းမြနှင့် အချိုမှုန့်လုံးဝမပါရှိသော ငါးခယ်မ မုန့်ဟင်းခါး"

ဝက်အာဘီနှင့် ဆိတ်အာဘီဟင်းများကို နံနက်ခင်းပဲပြုတ်ထမင်းကြော်နှင့်သာ တွဲဖက်ရောင်းချမည်ဖြစ်ပြီး နေ့လည်ပိုင်းတွင် (လုံးဝ)မရရှိနိုင်ပါ။

စတင်ရောင်းချမည့်ဆိုင်ခွဲလိပ်စာသတိပြုပါရန် (ပြည်လမ်းဆိုင်ခွဲ)မာလာဆောင်မှတ်တိုင်၊ ၅-မိုင်ခွဲ၊ ကမ္ဘောဇဘဏ်ဘေး၊ သုခကမ္ဘာဆေးရုံအဝင်လမ်း၊ ပြည်လမ်း၊ ရန်ကုန်။ ဖုန်း ၀၁-၅၂၄၂၀၈၊ ၀၉-၄၂၀၀၆၀၉၉

# ရခိုင်ကမ်းလွန်ရေနံရှာဖွေရေးလုပ်ငန်းခွင်အတွင်း ရေနံတွင်းတူးစင်မှ ပြုတ်ကျသဖြင့် ကိုရီးယားနိုင်ငံသားတစ်ဦး သေဆုံးမှုဖြစ်ပွား

ရခိုင်ကမ်းလွန် ရေနံရှာဖွေရေး လုပ်ငန်းခွင်အတွင်း မတ်လ ၁၁ ရက်နေ့က ကိုရီးယားနိုင်ငံသား ပိုက်ဆက်တစ်ဦး ရေနံတွင်းတူးစင်မှ ရေထဲသို့ပြုတ်ကျကာ သေဆုံးခဲ့ကြောင်းနှင့် အလောင်းမှာ ချက်ချင်းပြန်လည်ရှာမတွေ့ခဲ့ဘဲ မတ်လ ၁၃ ရက်နေ့တွင်မှ ရေအောက်တွင် ပြန်လည်ရှာဖွေတွေ့ရှိခဲ့ကြောင်း သတင်းရရှိသည်။

စစ်တွေမြို့မှ မိုင် (၆၀)ခန့် ကွာဝေးသည့် ရခိုင်ကမ်းလွန် ရေနံလုပ်ကွက်(အေ–၁) ရေနံတွင်းတူးစင်ပေါ်တွင် ကိုရီးယားနိုင်ငံသား ပိုက်ဆက်လုပ်သားတစ်ဦးသည် အလုပ်လုပ်နေစဉ် စင်ပေါ်မှ ရေထဲသို့ပြုတ်ကျခဲ့ခြင်းဖြစ်ပြီး သက်ဆိုင်ရာမှ ရှာဖွေမှုများပြုလုပ်ခဲ့ရာ မတ်လ ၁၃ ရက်နေ့တွင် သေဆုံးသူ၏အလောင်းအား ငြမ်းပိုက်လုံးများနှင့်အတူ ပင်လယ်ရေအောက် မီတာ ၃၀၀ အနက်မှ ဆယ်ယူရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သေဆုံးခဲ့သူမှာ ကိုရီးယားနိုင်ငံသား Mr. BEAKNAMHWA (အသက် ၅၁နှစ်)ဆိုသူဖြစ်ပြီး ပိုက်ဆက်လုပ်သားတစ်ဦးဖြစ်ကြောင်းနှင့် လုပ်ငန်းတာဝန်ပြီးချိန် လုပ်ငန်းသိမ်းရန်အတွက် ငြမ်းအား ဖြုတ်ယူစဉ် ငြမ်းပေါ်မှရေထဲသို့ ပြုတ်ကျခဲ့ကာ ယခုကဲ့သို့ သေဆုံးခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

အဆိုပါသေဆုံးသူအလောင်းအား ရှာဖွေရာတွင် ရေအောက်သို့ ကင်မရာများဖြင့် ရှာဖွေခဲ့ရကြောင်း၊ ရေအောက်တွင် ပိုက်လုံးနှင့် ခါးပတ်ကြိုးကိုငြိလျက် တွေ့ရှိခဲ့ရခြင်းဖြစ်ကြောင်းနှင့် အဆိုပါ နိုင်ငံခြားသားမှာ လုပ်ငန်းခွင်သိမ်းပြီး မတ်လ ၁၅ ရက်နေ့တွင် နေရပ်သို့ ပြန်ရတော့မည့်သူဖြစ်ကြောင်းလည်း သတင်းရရှိသည်။

သေဆုံးသူ၏ ရုပ်အလောင်းကို မတ်လ ၁၄ ရက်နေ့တွင် စစ်တွေမြို့၌ရှိ သော သူ၏မိသားစုထံသို့ သယ်ဆောင်သွားပြီးဖြစ်ကြောင်းလည်း သိရသည်။

အဆိုပါအမှုနှင့်ပတ်သက်ပြီး စစ်တွေမြို့နယ်၊ ရဲစခန်းမှသေမှုသေခင်းအမှု အမှတ် ၆ / ၂၀၁၃ဖြင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း လည်းသိရသည်။

*သားရွှေဦး(ကစ္ဆပ)*

■

# ရန်ကုန်မြို့မှ ငြိမ်းချမ်းရေးလမ်းလျှောက်အဖွဲ့ မြစ်ကြီးနားမြို့မှ လိုင်ဇာမြို့သို့ ထွက်ခွာ



*ငြိမ်းချမ်းရေးလမ်းလျှောက်အဖွဲ့ မတ်လ ၁၅ ရက်နေ့က ဝိုင်းမော်မြို့သို့ ရောက်ရှိလာစဉ်*

ရန်ကုန်မြို့မှ KIA ဌာနချုပ်ရှိရာ လိုက်ဇာမြို့သို့ လမ်းလျှောက်ချီတက်လာသောငြိမ်းချမ်းရေး လမ်းလျှောက်အဖွဲ့သည် မြစ်ကြီးနားမြို့မှ မတ်လ ၁၅ရက် နံနက် ၇နာရီအချိန်တွင် ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

အဆိုပါ ငြိမ်းချမ်းရေးလမ်းလျှောက်အဖွဲ့သည် မြစ်ကြီးနားမြို့သို့ မတ်လ ၁၂ ရက်နေ့က ရောက်ရှိကာ မြစ်ကြီးနားမြို့ရှိ မနောကွင်း မဂ္ဂယ်ခန်းမ အနားယူခဲ့ကြောင်းသိရသည်။ ထို့နောက် မတ်လ ၁၃ ရက်နေ့တွင် မြစ်ကြီးနားတစ်ဝိုက်ရှိ ဒုက္ခသည် စခန်းများသို့သွားရောက်၍ အလှူပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

"ကျွန်တော်တို့အဖွဲ့မှာ အလှူငွေကျပ်သိန်း ၂၇၀ ပါလာပါတယ်။ ဒီမြစ် ကြီးနားဒုက္ခသည်စခန်းတွေမှာ သိန်း ၃၀ လှူခဲ့ပါတယ်။ ကျန်တဲ့ငွေတွေကို ဝိုင်းမော်နဲ့ လိုင်ဇာဒုက္ခသည်စခန်းတွေမှာသွားလှူမှာပါ။ကျွန်တော်တို့ရဲ့ အဓိကရည်မှန်းချက်ကတော့ အပစ်အခတ်ရပ်စဲဖို့နဲ့ ငြိမ်းချမ်းရေးရရှိဖို့ပါ" ဟု လမ်းလျှောက်အဖွဲ့ဝင်တစ်ဦးဖြစ်သူ ကိုအောင်နိုင်ဝင်းက ပြောကြားခဲ့သည်။

လမ်းလျှောက်အဖွဲ့သည် မတ်လ ၁၅ရက်နေ့ နံနက်၈နာရီအချိန်ခန့်တွင် မြစ်ကြီးနား ဗလမင်းထင်တံတားကိုဖြတ်ကျော်ခဲ့ပြီး နံနက် ၁၀နာရီ အချိန်ခန့်တွင် ဝိုင်းမော်မြို့သို့ရောက်ရှိလာခဲ့သည်။ လမ်းတစ်လျှောက်ရှိ မြို့၊ ကျေးရွာဒေသခံများက အလှူငွေများ၊ စားသောက်ဖွယ်ရာများ၊ ဖျော်ရည်ဘူးများပေးလှူခဲ့ပြီး "ကချင်ပြည်နယ်ကြီး ငြိမ်းချမ်းပါစေ။ သေနတ်သံတွေပျောက်ပါစေ။ လက်ခုပ်သံတွေ ကြားပါစေ" စသည့် ကြွေးကျော်သံများရွတ်ဆိုကာ ကြိုဆိုအားပေးခဲ့သည်။

မြစ်ကြီးနားမြို့မှ လိုင်ဇာသို့ ထွက်ခွာခဲ့သည့်အခြေအနေနှင့် ပတ်သက်၍ "ကျွန်တော်တို့ ရွှေညောင်ပင်လွန်ရင် ကျေးရွာတွေမရှိတော့ဘူး၊ ရိက္ခာအတွက်ကတော့ တစ်နိုင်တစ်ပိုင်သယ်လာခဲ့ပါတယ်။ ကူညီတဲ့လူတွေလည်းရှိပါတယ်။ အချိန်အထိကတော့ ဘာအတားအဆီးမှ မရှိသေးပါဘူး။ နောက်သုံးရက်ကြာရင် လိုက်ဇာရောက်မယ်လို့ မျှော်မှန်းထားပါတယ်" ဟု လမ်းလျှောက်အဖွဲ့ဝင် ကိုအောင်အောင်က ပြောကြားခဲ့သည်။

လမ်းလျှောက်အဖွဲ့သည် နေ့လယ်စာကို ဝိုင်းမော်နှင့် ရွှေညောင်ပင်ကြားရှိ အင်လေးကျေးရွာတွင် သုံးဆောင်ကြမည်ဖြစ်ပြီး မြစ်ကြီးနားမြို့နှင့် ၁၉မိုင်ခွာဝေးသော ရွှေညောင်ပင်ကျေးရွာတွင် ညအိပ်တည်းခိုမည်ဟုသိရသည်။ အဆိုပါ အဖွဲ့သည် ရန်ကုန်မြို့မှ မြစ်ကြီးနားမြို့အထိ မိုင် ၇၀၀ ကျော်ခရီးကို လမ်းလျှောက်လာခဲ့ခြင်းဖြစ်ပြီး မြစ်ကြီးနားမြို့နှင့် လိုက်ဇာမြို့သည် (၇၄) မိုင် ကွာဝေးပြီး၊ ရွှေညောင်ပင်ကျေးရွာနှင့် လိုက်ဇာမြို့သည် (၅၅)မိုင်ကွာဝေးကြောင်း သိရှိရသည်။

*ထွန်းလင်းအောင် (မြစ်ကြီးနား)*


## ÆON CREDIT SERVICE CO., LTD. (Representative Office)

**AEON Credit Service Co. Ltd, Japan** is one the leading Japanese financial services company listed in Tokyo Stock Exchange and now having a representative office in Myanmar.

**1. Marketing Manager** **Male/Female 1 post**

· Age between 25 ~ 45 and any graduate / MBA degree/DMA diploma holder would be advantage.

· Good command in English 4 skill and Japanese would be advantage.

· Minimum 5 years' experience in sales and marketing filed and promotion activities in service area.

· Must have interpersonal skill, problem solving skill and adaptability.

· Can use Microsoft office effectively.

**2. Sale & Promotion Senior Officer** **Male/Female 2 Posts**

· Aged above 25 and Bachelor's Degree in Economics and Management (B.B.A / B.P.A/ B. Econ (Economics)/B.B.M (National Management College) / D.M.A/Business Management Dip in ABE (UK)/ Business Studies Dip in ICM (UK) or MBA

· Minimum 5 years' experience in sales, A&P and marketing or other related field

· Energetic, Confident and Challenging Person, Fast Learner, prefer for outgoing and have in good presentation skill, initiate and creative.

**3. Internal Audit** **Male/Female 3 Posts**

· Age between 25 ~ 32 and B.com (C.P.A)/ B. Act (C.P.A)

· The auditor must be registered as an official, and have a practicing license from MICPA (Myanmar Institute of Certified Public Accountant)

· At least three years' relevant audit experience in a serious professional environment and more preferable in microfinance field

· Consideration of laws and regulations in an Audit of financial statements with adequate experience & professional qualifications.

**4. Management Trainee** **Male/Female 5 Posts**

· Age above 23 and bachelor degree/ post graduate degree in any specialization

· Good Command in English 4 skills and proficiency in Microsoft Office applications

**5. Site Survey** **Male/Female 6 Posts**

· Aged between 20 ~ 30, under graduate or any graduate and can work flexible working hours

· Need to have know-how knowledge about Yangon downtown area township's route and willing to work outgoing assignment

**Remark**: Selected candidate as Management Trainee will get opportunity to attend an Oversea Management Training Program in AEON Credit Service Group of Companies located in South East Asia. But that will be consideration depend upon candidate performance.

**Application :** All interested and qualified candidates are invited to submit applications in English Language, with Curriculum vitae (CV) or Resume and **an essay (A4) what you can contribute to the company in your duty**, by e-mail not later than 25 March 2013 to **Contact Person Ms. Marlar Than** : marlarthan@aeoncredit.com.mm and **any company information please see the Website:** http://www.aeoncredit.co.jp/aeon/eng/



## TRADE MARK CAUTION

**Shimano Inc.**, of 3-77 Oimatsu-cho, Sakai-ku, Sakai City, Osaka, Japan, is the Owner and Sole Proprietor of the following Trademark:-

**SHIMANO**

**Reg. No. 14/2007**

in respect of:-

Two-wheeled motor vehicles, bicycles, and their parts and fittings, namely: hubs, internal gear hubs, bicycle dynamos hub, hub quick release levers, gear release levers, gear shift levers, front derailleurs, rear derailleurs, chain guides, freewheels, sprockets, pulleys, chains, chain deflectors, shift cables, cranks, crank sets, chain wheels, pedals, toe clips, brake levers, front brakes, rear brakes, brake cables, brake shoes, rims, wheels, spokes, spoke clips, bottom brackets, seat pillars, seat pillar quick release, head parts for frame-fork assembly, suspensions, handlebars, handlebar stems, grips for handlebars, saddles, derailleurs controlled by computer, wheel bags for bicycles, direction indicators for bicycles in **Int.Class 12.**

Travel bags, shopping bags, camping bags, back packs,clothes bags for traveling, briefcases, bags with rollers, fishing bags, luggage bags, sports bags, handbags, pouches, waist bags, umbrellas and parasols ,wheel bag for bicycles, bicycle saddle bags, bags for carrying bicycle in **Int.Class 18.**

Clothing; shirts, T-shirts, jerseys, tops, vests, underwear, pants, shorts, leggings, uniforms, coats, jackets, pullovers, bottoms, socks Clothing for cyclists; shirts, T-shirts, jerseys, tops, vests, underwear, pants, shorts, leggings, uniforms, coats, jackets, pullovers, bottoms, socks, Clothing for fishing; shirts, T-shirts, jerseys, tops, vests, underwear, pants, shorts, leggings, uniforms, coats, jackets, pullovers, bottoms, tights, unitards, leotards, socks, Clothing for gymnastics; leggings, tights, unitards, leotards, Clothing for athletes; shirts, T-shirts, jerseys, tops, vests, underwear, pants, shorts, leggings, uniforms, coats, jackets, pullovers, bottoms, socks, Rain wear; rain coats, rain suits, Hats and caps; hats, caps, rain hats, rain caps, Gloves, Wristbands, Footwear; shoes and boots, bicycling shoes, fishing shoes, fishing waders, snowboard boots in **Int.Class 25.**

Bicycle gloves, Snowboard binding, Fishing tackle, namely, reels, rods, reel seats, lines, line guides, hooks, lures, artificial baits, creels, floats, fishing weights, namely, sinkers, landing nets for anglers, fishing bags, fishing gloves, fishing rod cases, fishing tackle containers, and hip-guards specially made for fishing, accessories for fishing in **Int.Class 28.**

Any fraudulent imitation or unauthorized use of the said Trademark will be dealt with according to law.

**U Nyunt Tin Associates International Limited**
Intellectual Property Division
P.O. Box 952, Yangon, Myanmar.
Tel: 959 4500 59 247-8, 951 375754, Fax: 951 254321, Email: info@untlaw.com
For **Shimano Inc.** Dated: 20 March, 2013.

## နိုင်ငံခြားသူတစ်ဦးထံမှ လုယက်သူလူငယ်အား မိဘများမှ လာရောက်အပ်နှံ

ပုဂံရဲစခန်းအပိုင်အတွင်း နိုင်ငံခြားသူတစ်ဦးထံမှ အိတ်လုယူပြေးသွားသော လူငယ်တစ်ဦးအားမိဘများက ရဲစခန်းသို့နေ့ချင်းလာအပ်ခဲ့ကြောင်းသတင်းရရှိသည်။

အသက် ၃၀ နှစ် အရွယ်အဆိုပါအမျိုးသမီးသည်တစ်ဦးတည်းဘုရားများအား လှေလာလည်ပတ်နေစဉ် အသက် ၁၉ နှစ်အရွယ်လူငယ်တစ်ဦးရောက်ရှိလာကာ လမ်းပြလိုက်ပေးမည်ပြော၍လိုက်ပါခဲ့ကြောင်း၊လူပြတ်သောနေရာအရောက်၌ကင်မရာအိတ်ကိုလုယူထွက်ပြေးသွားကြောင်း၊ရဲတပ်ဖွဲ့က ကျူးလွန်သူအားရှာဖွေနေစဉ် ညနေခြောက်နာရီဝန်းကျင်၌မိဘများမှလာရောက်အပ်နှံခဲ့ရာပုဂံရဲစခန်းမှ (ပ)၂၄/၂၀၁၃၊ ပုဒ်မ ၃၈၂ဖြင့်အမှုဖွင့်ထားကြောင်းသိရသည်။ကိုနော်(ပုဂံ)

## နိုင်ငံတကာမြစ်များနေ့ကို မတ်လ ၁၄ ရက်နေ့က ဧရာဝတီမြစ်ဆုံတွင်ကျင်းပ

နိုင်ငံတကာမြစ်များနေ့ကို မတ်လ ၁၄ ရက်နေ့က မြစ်ကြီးနားမြို့၏ မြောက်ဘက် ၂၈ မိုင် အကွာ မေခနှင့်မလိခဆုံရာ မြစ်ဆုံသောင်ပြင်တွင် ကချင်လူမှုဖွံ့ဖြိုးရေးကွန်ယက်အဖွဲ့၊ အခြေခံလူထုအဖွဲ့နှင့် ခရစ်ယာန်ဘာသာအသင်းအဖွဲ့များစုပေါင်း၍ကျင်းပခဲ့ကြောင်းသတင်းရရှိသည်။

မြစ်ဆုံစီမံကိန်းအပါအဝင်နှင့် စီမံကိန်းခုနှစ်ခုလုံးဝရပ်ဆိုင်းရန်၊ ရွှေတူးဖော်ရေးလုပ်ငန်းများရပ်တန့်ရန်၊ စီမံကိန်းကြောင့်ပြောင်းရွှေ့ကျေးရွာများ မိမိတို့ရွာနှင့်လယ်ယာမြေများ ပြည်လည်ရရှိရန်ရည်ရွယ်ပြီးကျင်းပခြင်းဖြစ် ကြောင်းသိရသည်။

“ဧရာဝတီမြစ်ကြီးဟာ မြစ်ဆုံရေကာတာကြောင့် အနှောင့်အယှက်အတားအဆီးများစွာကြုံတွေ့ခဲ့ရတယ်။ အခုဆိုရင် စီမံကိန်းဟာစတင်ရပ်သိမ်းနေပြီဖြစ်တာကြောင့် ဒေသခံတွေသာမက ပြည်သူတစ်ရပ်လုံးကလည်း ဝမ်းမြောက်ဝမ်းသာကြိုဆိုပါတယ်။ ဧရာဝတီမြစ်ကြီးဟာ ကချင်ပြည်နယ်မှ ပင်လယ်သမုဒ္ဒရာအထိ ဘေးရန်မရှိထာဝရစီးဆင်းနိုင်ပါစေ” ဟု ဖာသာနော်ဒင့်ကပြောကြားခဲ့ပါသည်။



လွတ်လပ်ငြိမ်းချမ်းကွန်ယက်အဖွဲ့မှ ကိုရဲလွင်ဦးဆောင်ပြီး တေးသီချင်းများသီဆိုဆင်နွှဲနေသည်ကို တွေ့ရစဉ်

ဒေသခံများမှမြစ်ဆုံ၊ ဧရာဝတီနှင့်ဆိုင်သော ကချင်တေးသီချင်းများဖြင့် ဖျော်ဖြေခဲ့ပြီး လွတ်လပ်ငြိမ်းချမ်း ကွန်ယက်အဖွဲ့မှ ကိုရဲလွင်ဦးဆောင်၍ခင်ဝမ်း၏ ‘ဧရာဝတီ’ သီချင်း၊ အဆိုတော်ခင်မောင်တိုး၏ ‘ခွန်အားဖြည့်မိငယ်’ သီချင်းများဖြင့် ပါဝင်သီဆိုခဲ့သည်။ အဆိုပါပွဲသည် နံနက်၁၀ခွဲတွင် စတင်ခဲ့ပြီး နေ့လယ် ၁၂နာရီခွဲတွင် တက်ရောက်လာသောလူများမှ “ရွှေတူးဖော်ခြင်းအလိုမရှိ၊ ဧရာဝတီမြစ်ကြီးကျန်းမာပါစေ၊ ရေကာတာ တည်ဆောက်ခြင်းချွင်းချက်မရှိ ရပ်ဆိုင်းရန်၊ မိမိနေရပ်သို့နေခွင့်ပြုပါ၊ ကချင်လူမျိုးတွေရဲ့ယဉ်ကျေးမှု အမွေအနှစ်တွေကို ဖျက်ဆီးနေတာ ချက်ချင်းရပ်” ကြွေးကြော်သံများဖြင့် အခမ်းအနားကို ရပ်သိမ်းခဲ့သည်။ လွတ်လပ်ငြိမ်းချမ်းကွန်ယက်အဖွဲ့နှင့် မြစ်ကြီးနားမြို့မှ လူငယ်များဒေသခံများတစ်ရာဝန်းကျင်တက်ရောက်ခဲ့သည်။ နိုင်ငံတကာမြစ်များနေ့ကို ၁၉၉၇ခုနှစ်၊ ဘရာဇီးနိုင်ငံ ကျူရတီဘားမြို့တွင် ကျင်းပသည့် ရေကာတာကြီးများ တည်ဆောက်မှုဆန့်ကျင်သည့် မတ်လ ၁၄ ရက်နေ့ကို နိုင်ငံပေါင်း ၂၀ မှ စတင်အသိအမှတ်ပြုပြီး ကျင်းပရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ထွန်းလင်းအောင်




## မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသူ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား လေးဦးအားဖမ်းဆီးရမိ

မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်လမ်းကြောင်းမှဝင်ရောက်လာသူ ဘင်္ဂလားဒေ့ရှ်နိုင်ငံသားလေးဦးကို မောင်တောခရိုင်၊ တောင်ပြိုလက်ဝဲမြို့နယ်ခွဲတွင် ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

အဆိုပါတရားမဝင် ဝင်ရောက်လာသူများမှာ ဘင်္ဂလားဒေ့ရှ်ရဲတပ်ဖွဲ့ဝင်သုံးဦးနှင့်အရပ်သားတစ်ဦး စုစုပေါင်းလေးဦးဖြစ်ပြီး ၎င်းတို့မှာ ခွင့်ပြုချက်တစ်စုံတစ်ရာတောင်းခံခြင်းမရှိဘဲ အရပ်ဝတ်ဖြင့်ဝင်ရောက်လာသူများဖြစ်ကြောင်းနှင့် မတ်လ ၁၃ ရက် ညနေ ၆ နာရီဝန်းကျင်က နယ်စပ်မှတ်တိုင် အမှတ် ၃၂ အနီးတွင် နယ်စပ်လုံခြုံရေးအဖွဲ့ (နစက) မှဖမ်းဆီးရမိခြင်းဖြစ်ကြောင်းသိရသည်။

အဆိုပါဘင်္ဂလားဒေ့ရှ်နိုင်ငံသားများသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဘင်ဒရာဘင်ခရိုင်နတ်ကျောက်ဆရီမြို့နယ် ခေါင်းတုန်းဒေသနယ်စပ်မှ တစ်ဆင့်မြန်မာနိုင်ငံတောင်ပြိုလက်ဝဲမြို့နယ်ခွဲသို့ဝင်ရောက်လာခြင်းဖြစ်ပြီး မည်သည့်အတွက်တရားမဝင် ဝင်ရောက်လာခြင်းကိုသက်ဆိုင်ရာမှစစ်ဆေးလျက်ရှိကြောင်း သိရသည်။

## ပန်းပဲချောင်းရေတိုက်စားမှုကြောင့် တောင်ငူမြို့နယ် နတ်စင်ကုန်းကျေးရွာ ရွာလုံးကျွတ်ပြောင်းရွှေ့ရဖွယ်ရှိ



ပန်းပဲချောင်း တိုက်စားမှုကြောင့် ကမ်းပါးများပြိုကျနေသည့် နတ်စင်ကုန်းကျေးရွာ

တောင်ငူမြို့၊ ပန်းပဲချောင်းရေတိုက်စားမှုကြောင့် ချောင်းကမ်းပါးပြိုကျသဖြင့် ကညင်မြောင်ကျေးရွာအုပ်စု၊ နတ်စင်ကုန်းကျေးရွာမှာ နှစ်စဉ်ရွှေ့ပြောင်းရလျှက်ရှိပြီး ကညင်မြောင်အုပ်စု မူလွန်ကျောင်းမှာလည်း ကမ်းပါးနှင့် ကိုက် ၆၀ ခန့်အကွာသို့ရောက်ရှိလာရာ လာမည့်မိုးရာသီတွင် ရွာလုံးကျွတ်ပြောင်းရွှေ့ရဖွယ်ရှိကြောင်းဒေသခံများထံမှသိရသည်။

“ကမ်းပါးပြိုလို့ ရေလမ်းကြောင်းပြောင်းပြီး ရွာဘက်ကိုဦးတိုက်လာတော့ရွာသားတွေစုပေါင်းပြီး ချောင်းကိုဖြောင့်ဖို့ကြိုးစားသေးတယ်။ လူအင်အားနဲ့လုပ်ရတာဆိုတော့ မအောင်မြင်ဘူး။ သက်ဆိုင်ရာတာဝန်ရှိသူတွေကိုတင်ပြတာ ဘယ်သူမှလာပြုပြင်ပေးတာမရှိဘူး”ဟု နတ်စင်ကုန်းကျေးရွာနေဦးကြည်မောင်မှပြောကြားသည်။

တောင်ငူမြို့နယ်ကညင်မြောင်ကျေးရွာအုပ်စုနတ်စင်ကုန်းကျေးရွာသည်မူလကအိမ်ခြေ ၂၀၀ ဝန်းကျင်ခန့်ရှိခဲ့ပြီး ချောင်းရေတိုက်စားမှုကြောင့်အိမ်ခြေအများစုမှာရွှေ့ပြောင်းသွားခဲ့ရကြောင်း၊လတ်တလောတွင်အိမ်ခြေ ၆၀ ကျော်ခန့်နှင့်စာသင်ကျောင်းသာကျန်ရှိတော့ကြောင်း၊ယင်းတို့မှာလည်းချောင်းရေဦးတိုက်ဖြစ်လာသောကြောင့်လာမည့်မိုးရာသီကာလများတွင် ချောင်းရေတိုက်စားမှုကြောင့်ကမ်းပါးပြိုကာရွာလုံးကျွတ်ရွှေ့ပြောင်းရဖွယ်ရှိနေကြောင်းသိရှိရသည်။

ဇော်ဝင်းချစ်(တောင်ငူ)

## (၁၁)ကြိမ်မြောက်ကျင်းပသည့် ဆရာဝန်တင်ရွှေဆုချီးမြှင့်ပွဲ

(၁၁)ကြိမ်မြောက် ဆရာဝန်တင်ရွှေစာပေဆုချီးမြှင့်ပွဲကို မတ်လ ၁၆ ရက်နေ့က ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်တွင်ကျင်းပခဲ့ရာဖိတ်ကြားထားသော စာရေးဆရာများနှင့် တာဝန်ရှိသူများတက်ရောက်ခဲ့သည်။



ဦးအောင်ကြည်
(ပြန်ကြားရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး)



ဆရာဒေါက်တာမောင်သင်း
(ဆရာဝန်တင်ရွှေစာပေဆုရ)



ဆရာမဥမ္မာသျှား
(ဆရာဝန်တင်ရွှေစာပေဆုရ)



ဆုရရှိသူများနှင့် တာဝန်ရှိသူများအား တွေ့ရစဉ်



ဒေါ်အေးသန့် (စာပေဆုအလှူရှင် ဆရာဝန်တင်ရွှေ မိသားစုမှမိခင်ကြီး)

## ရန်ကင်းကလေးဆေးရုံ (၂)နှစ်ပြည့် အခမ်းအနားကျင်းပ

ရန်ကင်းကလေးဆေးရုံ (၂)နှစ်ပြည့်အခမ်းအနားကို မတ် ၁၆ ရက်က ရန်ကင်းမြို့နယ်ရှိ ရန်ကင်းကလေးဆေးရုံ၌ ကျင်းပခဲ့သည်။ အခမ်းအနားသို့ဖိတ်ကြားထားသူများ၊ ရန်ကင်းကလေးဆေးရုံမှတာဝန်ရှိသူများတက်ရောက်ခဲ့ကြပြီး ဧရာဝတီဖောင်ဒေးရှင်းက CD Scan နှင့် အလှူငွေများပေးအပ်လှူဒါန်းခဲ့သည်။



ဦးဇော်ဇော်(ဥက္ကဋ္ဌ၊ ဧရာဝတီဖောင်ဒေးရှင်း)



ဒေါက်တာအောင်မြင့်လွင်
(ရန်ကင်းကလေးဆေးရုံအုပ်ကြီး)



အကယ်ဒမီ စိုးသူ

## NAING Family Co.,Ltd ၏ ချယ်ရီဦး(သိမ်ဖြူ)နာရီဆိုင်သစ်ဖွင့်ပွဲအခမ်းအနား



ဦးကျော်ကျော်မိုး (Executive Director,NAING Group Capital)



မိုးယုစံ

NAING Family Co.,Ltd ၏ ချယ်ရီဦး(သိမ်ဖြူ)နာရီဆိုင်ခွဲသစ်ဖွင့်ပွဲအခမ်းအနားကိုမတ်လ ၁၃ ရက်နေ့နံနက် ၉ နာရီက ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူလမ်း၌ ပြုလုပ်ခဲ့ရာဖိတ်ကြားထားသူများနှင့် အနုပညာရှင်များတက်ရောက်ခဲ့သည်။

## Malaysia Healthcare Expo Myanmar 2013 ဖွင့်ပွဲအခမ်းအနား

Malaysia Healthcare Expo Myanmar 2013 ဖွင့်ပွဲအခမ်းအနားကို မတ်လ ၁၄ ရက်နေ့က ရန်ကုန်မြို့၊ ကုန်သည်ကြီးများဟိုတယ်တွင် ကျင်းပခဲ့ ရာ Malaysia Healthcare Travel Council(MHTC) မှတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။



Dr . Mary Wong Lai Lin
(CEO , Malaysia Healthcare Travel Council )



H.E Dr.Ahmad Faisal Muhamad
(Ambassador Extraordinary & Plenipotentiary in Myanmar)



အခမ်းအနားသို့ တက်ရောက်လာသူများကို တွေ့ရစဉ်

## Sony Xperia TM Z Launch

Sony Xperia TM Z ဟန်းဆက်ကုန်ပစ္စည်းသစ်များမိတ်ဆက်ပွဲကို မတ်လ ၁၆ ရက်နေ့က Kandawgyi Palace Hotel တွင် ကျင်းပခဲ့ရာ တာဝန်ရှိသူများတက်ရောက်ခဲ့ကြောင်း သိရှိရသည်။



TMW Enterprise Limited နှင့် Sony မှ တာဝန်ရှိသူများကို တွေ့ရစဉ်











SHWE SET KYAR KO TINT WAI CO., LTD
B/16-18,Naung Yoe Street, Yoe Gyi Chaung Housing Project,Bayint Naung Warehouse, Mayangone Tsp,Yangon, Myanmar.
Ph:(95-1) 686278, 686279, 686226 Email: ssk.shwesetkyar@gmail.com

# Michael Learns To Rock ဖျော်ဖြေပွဲ လက်မှတ်များမတ်လ ၁၈ ရက်နေ့တွင်စတင်ရောင်းချမည်

မတ်လ ၃၁ ရက်နေ့တွင် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ကျင်းပမည့် Michael Learns to Rock အဖွဲ့၏ ဂီတဖျော်ဖြေပွဲလက်မှတ်များကို မတ်လ ၁၈ ရက်နေ့မှစတင်ကာရန်ကုန်မြို့နှင့်မန္တလေးမြို့တို့တွင် ရောင်းချပေးသွားမည်ဖြစ်ကြောင်း Friend-ship Entertainment မှ သိရသည်။

"Michael Learns to Rock အဖွဲ့ရဲ့ဖျော်ဖြေပွဲလက်မှတ်တွေကို မတ်လ ၁၈ ရက်နေ့ကစပြီး ရန်ကုန်နဲ့ မန္တလေးမြို့တွေမှာ စတင်ရောင်းချပေးသွားမှာပါ။ လက်မှတ်တွေကို VVIP၊ VIP၊ Gold Circle နဲ့ Sil-ver Circle ဆိုပြီး လေးမျိုးရောင်းပေးမှာပါ။ အဲဒီထဲကမှ Gold Circle နဲ့ Silver Circle အမျိုးအစားလက်မှတ်တွေကို အရေအတွက်များများရောင်းပေးသွားမှာပါ။ VVIP လက်မှတ်ဈေးနှုန်းတွေကိုတော့မကြေညာတော့ပါဘူး။ ဝယ်ချင်သူတွေလာပြီးစုံစမ်းဝယ်ယူနိုင်ဖို့ပဲ စီစဉ်ထားပါတယ်"ဟု Friendship Entertain-ment မှ ဒေါက်တာရဲသူဖေက ဆိုပါသည်။

အဆိုပါဂီတဖျော်ဖြေပွဲကို ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်တွင် ကျင်းပနိုင်ရန်အတွက် မြန်မာနိုင်ငံမှ Friend ship Entertainment နှင့်ပါကစ္စတန်အခြေစိုက် Pastel Communations တို့ပူးပေါင်းစီစဉ်ခြင်းဖြစ်ပါသည်။

ဖျော်ဖြေပွဲလက်မှတ်များကို VIP တစ်စောင်လျှင် ကျပ် ၉၉၀၀၀၊ Gold Circle တစ်စောင်လျှင် ကျပ် ၃၄၉၀၀ နှင့် Silver Circle တစ်စောင်လျှင် ကျပ် ၁၉၉၀၀ တို့ဖြင့် ရန်ကုန်နှင့် မန္တလေးမြို့များရှိ City Mark ဆိုင်များ၊ Ocean Super Market နှင့် Marker Place တို့အပြင် အခြားနေရာများ၌ဝယ်ယူနိုင်မည်ဖြစ်သည်။

# မသန်စွမ်းသူများအနုပညာပွဲတော်အတွက် သံတမန်များအဖြစ် အဆိုတော်ဇော်ဝင်းထွဋ်နှင့် သရုပ်ဆောင်အဆိုတော်ချစ်သုဝေတို့အား ခန့်အပ်




မသန်စွမ်းအနုပညာပွဲတော်အတွက် သံတမန်အဖြစ် အဆိုတော်ချစ်သုဝေအား ခန့်အပ်စဉ်

မသန်စွမ်းသူများအနုပညာပွဲတော်အတွက် သံတမန်များအဖြစ် အဆိုတော်ဇော်ဝင်းထွဋ်နှင့်သရုပ်ဆောင်အဆိုတော်ချစ်သုဝေတို့အား ခန့်အပ်ပွဲနှင့်အဆိုပါအနုပညာပွဲတော်အမှတ်တံဆိပ် logo နှင့်ပွဲတော်ခေါင်းစဉ် Title ဆုများပေးအပ်ချီးမြှင့်ခြင်းကို မတ်လ ၁၆ ရက်နေ့နံနက် ၁၀နာရီ၌ရန်ကုန်မြို့ဆီဒိုးနားဟိုတယ်တွင်ပြုလုပ်ခဲ့သည်။

မသန်စွမ်းသူများ အနုပညာပွဲတော်တွင်သံတမန်များအဖြစ်ပါဝင်ဆောင်ရွက်ရန်အတွက် အဆိုတော်ဇော်ဝင်းထွဋ်နှင့်သရုပ်ဆောင်အဆိုတော်ချစ်သုဝေတို့အားခန့်အပ်လွှာများပေးအပ်ခဲ့သည်။ ထို့နောက်အနုပညာရှင်များက အမှတ်တရစကားများပြန်လည်ပြောကြားရာ၌ အဆိုတော်ဇော်ဝင်းထွဋ်က "ကမ္ဘာမှာလည်းမသန်စွမ်းတဲ့အနုပညာရှင်တွေအများကြီးရှိပါတယ်။ ကျွန်တော်တို့နိုင်ငံမှာလည်း အခုလို Talent ရှိတဲ့မသန်စွမ်းသူတွေအများကြီးပါ။ ကျွန်တော်ပြောချင်တာတစ်ခုက ကျွန်တော်တို့တစ်ဦးချင်းရဲ့စွမ်းအားတွေကပြင်ပမြင်ရတဲ့ခန္ဓာကိုယ်အစိတ်အပိုင်းတွေကပဲလာတာမဟုတ်ပါဘူး။ စိတ်စွမ်းအားတွေ ဆီ က နေ လာတာပါ။ ဒါကြောင့် ဒီအနုပညာပွဲတော်မှာ မသန်စွမ်းအနုပညာရှင်တွေအများကြီးပေါ်ထွက်လာအောင်ပူးပေါင်းဆောင်ရွက်သွားပါမယ်" ဟုပြောကြားခဲ့ပါသည်။

ထို့အပြင် အနုပညာပွဲတော်အမှတ်တံဆိပ် logo ဆုရရှိသူကိုဇင်မောင်မောင်နှင့်ပွဲတော်ခေါင်းစဉ် Title ဆုရရှိသူနွေးဇာခြည်စိုးတို့အားလည်း ဆုများအသီးသီးပေး အပ်ချီးမြှင့်ခဲ့ပါသည်။ ယင်းပွဲတော်ကို အောက်တိုဘာလတွင်ကျင်းပသွားမည်ဖြစ်သည်။




# အိန္ဒိယနှင့်ထိုင်းနိုင်ငံများသို့ရုပ်ရှင်လေ့လာရေးခရီးစဉ်အဖြစ် ရုပ်ရှင်အနုပညာရှင်အတတ်ပညာရှင်များ သွားရောက်မည်

အိန္ဒိယနှင့်ထိုင်းနိုင်ငံများသို့ ရုပ်ရှင်လေ့လာရေးခရီးစဉ်အဖြစ် ရုပ်ရှင်အနုပညာရှင်အတတ်ပညာရှင်များ သွားရောက်ရန်စီစဉ်ထားသည်ဟု သတင်းရရှိသည်။ အဆိုပါခရီးစဉ်ကို မတ်လ ၂၄ ရက်နေ့တွင်စတင်ထွက်ခွာမည်ဖြစ်ပြီးလိုက်ပါသွားမည့်သူများမှာဦးကြည်မင်းသိန်း၊ ကိုကိုတင်၊ ဒါရိုက်တာဝိုင်း၊ ဦးစိုးသန်း (ထားဝယ်ရုပ်ရှင်ထုတ်လုပ်ရေး)၊ ဒေါ်ခင်လေးသိမ့်(မဟာထွန်းရုပ်ရှင်ထုတ်လုပ်ရေး)နှင့်မြန်မာ့ရုပ်ရှင်လုပ်ငန်းမှတာဝန်ရှိသူများဖြစ်သည်ဟုသိရှိရသည်။

"ဒီခရီးစဉ်မှာ ရုပ်ရှင်စက်ပစ္စည်းဆိုင်ရာနဲ့ပတ်သက်ပြီးလေ့လာမှာဖြစ်သလို ရုပ်ရှင်စတူဒီယိုတွေကိုလည်းသွားရောက်လေ့လာဖို့ရှိတယ်" ဟုရုပ်ရှင်အစည်းအရုံးမှအတွင်းရေးမှူး ဦးဝင်းကြည်က ရှင်းပြခဲ့ပါသည်။

ခရီးစဉ်တွင် အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့ရှိရုပ်ရှင်သင်တန်းကျောင်းများ၊ ရုပ်ရှင်စတူဒီယိုများသို့ လေ့လာမည်ဖြစ်ပြီးချနိုင်းသို့ဆက်လက်ထွက်ခွာမည်ဖြစ်သည်။ ချနိုင်း၌ Dolby ရုပ်ရှင်ကုမ္ပဏီအပါအဝင် 3D ဖန်တီးမှုများ၊ animation ဖန်တီးမှုများအားသွားရောက် လေ့လာမည်ဖြစ်ပြီး ဘန်ကောက်ရှိ cineplex များနှင့် ရုပ်ရှင်စတူဒီယိုများသို့ သွားရောက်လေ့လာရန်စီစဉ်ထားသည်ဟု သိရှိရသည်။

# ဘန်ကောက်နိုင်ငံတကာဆံပင်ပြပွဲတွင် မြန်မာမှ Asian Beauty Award ရရှိ



ဆံပင်နှင့်မိတ်ကပ်ပညာရှင်ပိစိ၊ ဒီဇိုင်နာဌေးဌေးတင်၊ ချန်လုံးနှင့် ဆုကဗျာတို့အား တွေ့ရစဉ်

မြန်မာနိုင်ငံမှပထမဆုံးအ ကြိမ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်သည့် Bangkok International Hair Show 2013 တွင်ဆံပင်ပညာရှင်ပိစိမှ Asian Beauty Award 2013 ဆုကိုရရှိခဲ့ကြောင်း သိရှိရသည်။

မတ်လ ၆ ရက်နေ့တွင် ထိုင်းနိုင်ငံ Cent ral Plaza (Bangkok Convention Center) တွင်ပြုလုပ်ခဲ့သည့် Bangkok International Hair Show 2013 တွင်မြန်မာနိုင်ငံမှပထမဆုံးအနေနှင့်ပါဝင်ပြသခွင့်ရရှိခဲ့ခြင်းဖြစ်ပြီး ဒီဇိုင်နာဌေးဌေးတင်၊ ဆံပင်နှင့်မိတ်ကပ်ပညာရှင်ချန်လုံး၊ပိစိတို့ပါဝင်ပြသခဲ့ကြောင်း သိရသည်။

"အခက်အခဲတွေကော၊အတွေ့အကြုံတွေကော အများကြီးရခဲ့ပါတယ်။ အခုလိုဆုရတဲ့အတွက်လည်း အရမ်းကိုဂုဏ်ယူမိပါတယ်"ဟုဆုရရှိခဲ့သူ အသက် ၁၉ နှစ်အရွယ် ဆံပင်နှင့် မိတ်ကပ်ပညာရှင် ပိစိက ပြောကြားခဲ့သည်။

အဆိုပါပြပွဲသည် (၁၀)ကြိမ်မြောက်ကျင်းပခြင်းဖြစ်ပြီး နိုင်ငံပေါင်း ခုနစ်နိုင်ငံမှအလှအပပညာရှင်များပါဝင်ပြသခဲ့ကြပါသည်။

## မိုယက်စ်အားခေါ်ယူရန် ရော့လ်ကာအသင်းစိတ်ဝင်စား

ဘွန်ဒစ်လီဂါကလပ် ရော့လ်ကာအသင်းသည် အဲဗာတန်အသင်းနည်းပြ ဒေးဗစ်မိုယက်စ်အား အသင်းနည်းပြအဖြစ်ခန့်အပ်ရန်စိတ်ဝင်စားနေကြောင်း သိရှိရသည်။ ရော့လ်ကာအသင်းသည် ပြီးခဲ့သည့်ဒီဇင်ဘာလက နည်းပြဖြစ်သူ ဟက်ဘ်စတီဗင်ကိုရာထူးမှထုတ်ပယ်ခဲ့ပြီး ယန်းစ်ကယ်လာအား ခြောက်လစာချုပ်ဖြင့်ယာယီနည်းပြအဖြစ်ခန့်အပ်ထားသည်။ ယင်းအတွက်ကြောင့် ရော့လ်ကာအသင်းသည် ရာသီကုန်တွင်နည်းပြသစ်တစ်ဦးကိုရှာဖွေသွားမည်ဖြစ်ပြီး ဒေးဗစ်မိုယက်စ်အားမျက်စိကျနေခြင်းဖြစ်သည်။ ဒေးဗစ်မိုယက်စ်မှာလည်း အနာဂတ်တွင်ဂျာမန်ကလပ်အသင်းတစ်သင်းကို ကိုင်တွယ်လိုကြောင်း ထုတ်ဖော်ပြောကြားထားဖူးသူဖြစ်သည်။ ရော့လ်ကာအသင်းသည်နည်းပြသစ်ရာထူးအတွက် မိုယက်စ်အပြင်ချယ်လ်ဆီးနည်းပြဟောင်းဒီမတ်တီယိုကိုလည်း ခန့်အပ်ရန်စိတ်ဝင်စားနေသည်ဟု သိရှိရသည်။

## ဂျူပီတစ်အား ပေါင်သန်း ၂၀ ပေးရန် အာဆင်နယ်အသင့်ရှိ

အာဆင်နယ်အသင်းသည် လာမည့်နွေရာသီအပြောင်းအရွှေ့ကာလတွင် ဖီအိုရင်တီးနားတိုက်စစ်မှူးဂျူဗီတစ်အား ပေါင်သန်း ၂၀ ဖြင့်ခေါ်ယူရန်ပြင်ဆင်နေကြောင်း သိရှိရသည်။ လာမည့်အပြောင်းအရွှေ့ဈေးကွက်အတွက် အသုံးစရိတ်ပေါင်သန်း ၇၀ အထိရရှိထားသည်ဟုသတင်းများထွက်ပေါ်နေသည့် အာဆင်နယ်အသင်းသည် အသင်း၏တိုက်စစ်ပိုင်းကိုအပြောင်းအလဲပြုလုပ်ရန်ပြင်ဆင်နေပြီး မွန်တီနီဂရိုးလက်ရွေးစင်တိုက်စစ်မှူး ဂျူဗီတစ်အားခေါ်ယူလိုနေခြင်းဖြစ်သည်။ အကယ်၍ဂျူဗီတစ်အားယင်းပမာဏဖြင့်ခေါ်ယူဖြစ်ခဲ့ပါက အာရှာဗင်အတွက်ဇင်းနစ်အသင်းသို့ပေးချေခဲ့ရသည့်ပေါင် ၁၅ သန်းကို ကျော်လွန်ကာ အသင်း၏စံချိန်တင်ပြောင်းရွှေ့ကြေးဖြစ်လာမည်ဖြစ်သည်။

## အဓိကနောက်ခံလူ ဖာဒီနန်အား အင်္ဂလန်အသင်းအတွက်ရွေးချယ်ခဲ့ခြင်း အပေါ် မန်ယူအသင်းနည်းပြဖာဂူဆန် မကျေမနပ်ဖြစ်နေ



Photo: TheSun

မန်ယူအသင်းနည်းပြ ဖာဂူဆန်သည် အသင်း၏အဓိကနောက်ခံလူ ဖာဒီနန်အား အင်္ဂလန်လက်ရွေးစင်အသင်းအတွက် ရွေးချယ်ခဲ့ခြင်းအပေါ်မကျေမနပ်ဖြစ်လျက်ရှိနေကြောင်း သိရှိရသည်။

ဖာဒီနန်သည် နောက်ပိုင်းပွဲစဉ်များတွင်မန်ယူအသင်းအတွက် ခြေစွမ်းပြနေသူဖြစ်ပြီးအင်္ဂလန်လက်ရွေးစင်အသင်းနည်းပြ ရွိုင်းဟော့ဒ်ဆန်သည် ၎င်းအား ဆန်မာရီနို၊ မွန်တီနီဂရိုးစသည့်အသင်းများနှင့်ယှဉ်ပြိုင်မည့် ၂၀၁၄ကမ္ဘာ့ဖလားခြေစစ်ပွဲများအတွက်ရွေးချယ်ထားသည်။

သို့ရာတွင် မန်ယူအသင်းနည်းပြဖာဂူဆန်မှာ ၃၃ နှစ်အရွယ်ရှိပြီဖြစ်သည့် ဖာဒီနန်၏အသက်အရွယ်အရ လက်ရွေးစင်နှင့် ကလပ်အသင်းနှစ်သင်းစလုံးတွင်ကစားရန် မသင့်တော်ဟုယူဆနေပြီး ဖာဒီနန်၏ကြံ့ခိုင်မှုအခြေအနေထိခိုက်မည်ကို စိုးရိမ်နေခြင်းဖြစ်သည်။ မန်ယူအသင်းမှာနိုင်ငံတကာပွဲစဉ်များအပြီး မတ်လ ၂၉ ရက်နေ့တွင် ဆန်းဒါးလန်းနှင့်ပရီးမီးယားလိဂ်၊ ဧပြီလ တစ်ရက်နေ့တွင် ချယ်လ်ဆီးအသင်းနှင့် FA ဖလားပြန်ကန်ပွဲစဉ်များယှဉ်ပြိုင်ရမည်ဖြစ်ပြီး ဖာဂူဆန်က ယင်းပွဲစဉ်များအတွက် အဓိကနောက်ခံလူဖာဒီနန်ကို ကြံ့ခိုင်မှုပြည့်ဝစေရန် အလိုရှိနေခြင်းဖြစ်ကြောင်းလည်း သိရှိရသည်။




## Sports News In Brief

- ချယ်လ်ဆီးတိုက်စစ်မှူးတောရက်စ်သည် ဖင်လန်၊ ပြင်သစ်တို့နှင့်ကမ္ဘာ့ဖလားခြေစစ်ပွဲများယှဉ်ပြိုင်မည့် စပိန်အသင်းလူစာရင်းမှ ချန်လှပ်ခံခဲ့ရကြောင်း သိရှိရသည်။
- မန်စီးတီးအသင်းသည် ပေါင် ၂၄ သန်းအကုန်အကျခံကာခေါ်ယူထားသည့်နောက်ခံလူလက်စ်ကော့အား ပေါင် ၄ သန်းရရှိလျှင် ပြန်လည်ရောင်းထုတ်တော့မည်ဖြစ်သည်ဟု သိရှိရသည်။
- စပါးအသင်းနည်းပြ ဘိုအက်ရှ်က အဆင့်လေးနေရာအတွက်အပြိုင်ဖြစ်နေသည့် မြို့ခံပြိုင်ဘက်အာဆင်နယ်အသင်းကို ချန်ပီယံလိဂ်မှမထွက်စေချင်ခဲ့ဟု ဝန်ခံပြောကြားလိုက်သည်။
- ချယ်လ်ဆီးနောက်ခံလူ ဒေးဗစ်လူးဝစ်ဇ်က ၎င်းမှာပြိုင်ပွဲများယှဉ်ပြိုင်ရသည်ကိုနှစ်သက်သော်လည်း လေ့ကျင့်ခန်းဆင်းရသည်ကို မုန်းတီးသည်ဟု ပြောကြားခဲ့သည်။
- နယူးကာဆယ်အသင်းနည်းပြအလန်ပါဂျူးက ဘင်ဖီကာအသင်းနှင့်ဆုံတွေ့မည့် ယူရိုပါလိဂ်ကွာတားဖိုင်နယ်ပွဲစဉ်မှာ စိတ်လှုပ်ရှားစရာပွဲစဉ်ဖြစ်လာမည်ဟု ဆိုလိုက်သည်။
- ဆောက်သမ်တန်အသင်းနည်းပြပိုချက်တီနိုက အက်စ်ပန်ညိုအသင်းတွင်လက်တွဲခဲ့ဖူးသည့် လီဗာပူးလ်ကစားသမားကော်တင်ဟိုမှာ ရော်နယ်လ်ဒင်ဟိုကဲ့သို့အရည်အသွေးရှိသူဖြစ်ကြောင်း ချီးကျူးလိုက်သည်။
- ဖူလ်ဟမ်အသင်းနည်းပြမာတင်ဂျိုးလ်က ယခုနှစ်ပရီးမီးယားလိဂ်အကောင်းဆုံးကစားသမားဆုကိုဂါရတ်ဘေးလ်ရရှိသင့်သည်ဟုဆိုလိုက်သည်။

## PSG အားကစားဒါရိုက်တာလီယိုနာဒိုက ချစ်သူအား ရုပ်သံအင်တာဗျူးအစီအစဉ်မှတစ်ဆင့်လက်ထပ်ခွင့်တောင်း



Photo: DailyMail

ပြင်သစ်ကလပ် PSG အသင်း၏ အားကစားဒါရိုက်တာဖြစ်သူ လီယိုနာဒိုသည် ၎င်း၏ချစ်သူဖြစ်သူကို ရုပ်သံမှတစ်ဆင့်လက်ထပ်ခွင့်တောင်းခဲ့ကြောင်းသိရှိရသည်။

ချန်ပီယံလိဂ်ကွာတားဖိုင်နယ်ပွဲစဉ်များ မဲနှိုက်ရွေးချယ်ပွဲသို့ရောက်ရှိနေသည့် လီယိုနာဒိုအား အခမ်းအနားအပြီးတွင် Sky Italia ရုပ်သံမှအင်တာဗျူးပြုလုပ်စဉ် လီယိုနာဒိုက ယင်းကဲ့သို့ဆိုခဲ့ခြင်းဖြစ်သည်။ လီယိုနာဒိုအား Sky Italia ရုပ်သံ၏အစီအစဉ်တင်ဆက်သူ အန်နာဘီလ်လိုက စတူဒီယိုမှတစ်ဆင့် တိုက်ရိုက်တွေ့ဆုံမေးမြန်းခဲ့ခြင်းဖြစ်ပြီး မေးခွန်းများကိုဖြေကြားအပြီးတွင် လီယိုနာဒိုက ၎င်း၏ချစ်သူလည်းဖြစ်သူ ဘီလ်လိုအား လက်ထပ်ခွင့်တောင်းခဲ့ခြင်းဖြစ်သည်။ လီယိုနာဒို၏လက်ထပ်ခွင့်တောင်းခံမှုကြောင့် အန်နာဘယ်လ်လိုမှာ ရုတ်တရက်အံ့အားသင့်သွားခဲ့ပြီး စတူဒီယိုအတွင်းမှလူအားလုံးမှာလည်း ပျော်ရွှင်စွာရယ်မောခဲ့ကြကြောင်း သိရှိရသည်။

## အားကစားသတင်းအတိုအထွာများ

■ ဆီးဂိမ်းပြိုင်ပွဲဝင်မည့် မြန်မာ ယူ–၂၃ အသင်းတွင် ရွေးချယ်ရန်ဖွဲ့စည်းထားသည့် ယူ–၂၃ အရန်အသင်းသည် လာမည့် မတ်လ ၂၀ ရက်တွင် ဟံသာဝတီယူနိုက်တက်အသင်းနှင့် ခြေစမ်းကစားသွားမည်ဖြစ်ကြောင်း သိရသည်။ ယင်းခြေစမ်းပွဲကို သုဝဏ္ဏကွင်းတွင် ညနေ ၄း၃၀ ၌ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ ယူ–၂၃ အရန်အသင်းကို ကစားသမား ၂၆ ဦးဖြင့် ဖွဲ့စည်းထားပြီး ပြီးခဲ့သည့် မတ်လ ၁၄ ရက်က နေပြည်တော်အသင်းနှင့် ခြေစမ်းကစားခဲ့ရာ ၁–၁ ဂိုးဖြင့် သရေကျခဲ့သည်။

■ ဇေယျာရွှေမြေအသင်းမှ ခေါ်ယူမည့် ဂျပန်လူမျိုး တိုက်စစ်မှူးနှင့် တောင်ပံကစားသမားဖြစ်သူ မာဆာကီသည် ပြီးခဲ့သည့် မတ်လ ၁၄ ရက်က ရန်ကုန်မြို့သို့ရောက်ရှိလာခဲ့ကြောင်းသိရသည်။ ၎င်းသည် ဂျပန်ပြည်တွင်းလိဂ်များတွင် ပါဝင်ကစားခဲ့သူဖြစ်ပြီး မတ်လ ၁၅ ရက်က ကစားခဲ့သည့် နှစ်သင်းခွဲပြီး ကစားသည့် ခြေစမ်းပွဲတွင်မှု ခြေစွမ်းပြနိုင်ခဲ့ကြောင်း သိရသည်။ ဇေယျာရွှေမြေအသင်းသည် မာဆာကီကို MNL ပြိုင်ပွဲ မစတင်မီခေါ်ယူရန် ပစ်မှတ်ထားနေကြောင်းသိရသည်။

■ ထိုင်းနိုင်ငံဘန်ကောက်မြို့တွင် ပြီးခဲ့သည့် မတ်လ ၁၁ ရက်မှ ၁၄ ရက်အထိ ကျင်းပခဲ့သော ပထမအကြိမ် အာရှပတ်လည် မြားပစ်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော မြန်မာမြားပစ်အဖွဲ့သည် မတ်လ ၁၅ ရက်က ပြန်လည်ရောက်ရှိလာခဲ့ကြောင်း သိရသည်။ ယင်းပြိုင်ပွဲတွင် မြန်မာမြားပစ်အဖွဲ့သည် ရွှေ ၁ ခုဆွတ်ခူးရရှိခဲ့ပြီး ယင်းဆုတံဆိပ်ကို အမျိုးသမီး Compound တစ်ဦးချင်းအမှတ်ပေးပြိုင်ပွဲတွင် အောင်ငိုမ်းက ရယူပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ယင်းပြိုင်ပွဲကို နိုင်ငံပေါင်း ၂၆ နိုင်ငံမှ အားကစားသမား ၂၄၄ ဦး ယှဉ်ပြိုင်ခဲ့ကြသည်။

■ လာမည့် မတ်လ ၂၃ ရက်တွင် ပြန်လည်စတင်မည့် ၂၀၁၃ MNL အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယှဉ်ပြိုင်ရန် လေ့ကျင့်ပြင်ဆင်နေသည့် ဇေယျာရွှေမြေအသင်းနှင့် ဟံသာဝတီအသင်းတို့သည် ပြီးခဲ့သည့် မတ်လ ၁၃ ရက်က ခြေစမ်းကစားခဲ့ကြောင်း သိရသည်။ ယင်းခြေစမ်းပွဲတွင် ဇေယျာရွှေမြေအသင်းက ၂–၀ ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဂိုးများကို တိုက်စစ်မှူး ဆာဆာ တစ်ဦးတည်းက သွင်းယူပေးခဲ့သည်။ ဟံသာဝတီအသင်းသည် ခြေစမ်းပွဲ ၃ ပွဲကစားထားရာ တစ်ပွဲနိုင်၊ နှစ်ပွဲရှုံးနိမ့်ထားကြောင်း သိရသည်။




# ဂျပန် ယူ-၁၅ အသင်းနှင့် မြန်မာလူငယ်အသင်းများ ခြေစမ်းမည်


ဓာတ်ပုံ - ညီညီစိုးညွန့်

မြန်မာ ယူ-၁၉ အသင်းနည်းပြချုပ် ဂတ်ဖရိုင်းဒရစ်နှင့် အသင်းသားများ

ဂျပန် ယူ–၁၅ လူငယ်လက်ရွေးစင်အသင်းသည် လာမည့် ဧပြီလတွင် မြန်မာနိုင်ငံသို့လာရောက်၍ မြန်မာလူငယ်အသင်းများနှင့် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းခြေစမ်းပွဲများကို လာမည့် ဧပြီလ ၂၀၊ ၂၁၊ ၂၃ ရက်များတွင် ယှဉ်ပြိုင်ကစားရန် စီစဉ်ထားပြီး မြန်မာ ယူ–၁၆ အသင်း၊ ယူ–၁၈ အသင်း၊ ယူ–၁၉ အသင်းများနှင့် ခြေစမ်းကစားမည်ဖြစ်သည်။ မြန်မာ ယူ–၁၆ အသင်းနှင့် ယူ–၁၉ အသင်းတို့သည် အာဆီယံချန်ပီယံရှစ်လူငယ်ပြိုင်ပွဲများအတွက် လေ့ကျင့်ပြင်ဆင်နေသည့် အသင်းများဖြစ်ပြီး ယူ–၁၈ အသင်းမှာမူဖွဲ့စည်းရခြင်းမရှိသေးသော်လည်း မြန်မာ ယူ–၁၉ အသင်းမှ အရန်ကစားသမားများဖြင့် ဖွဲ့စည်းသွားရန် စီစဉ်ထားကြောင်းလည်း သိရသည်။ မြန်မာ ယူ–၁၆ အသင်းကို ဘရာဇီးလ်လူမျိုးနည်းပြ မားကို့စ် မြန်မာ ယူ–၁၉ အသင်းကို ဂျာမနီလူမျိုးနည်းပြ ဂတ်ဖရိုင်းဒရစ်တို့က ကိုင်တွယ်လျက်ရှိသည်။ မြန်မာ ယူ–၁၉ အသင်းသည်လက်ရှိတွင် MNL -2 ပထမတန်းပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

ဂျပန် ယူ–၁၅ လက်ရွေးစင်အသင်းသည်လာမည့်ဧပြီလတတိယပတ်တွင် ရန်ကုန်မြို့သို့ရောက်ရှိလာမည်ဖြစ်ပြီး ခြေစမ်းပွဲ(၃)ပွဲ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

# အာရှခြေစစ်ပွဲဝင်မည့် မြန်မာ ယူ–၁၄ အသင်း ထိုင်းတွင်ခြေစမ်းပွဲများကစားရန် စီစဉ်

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် အာရှ ယူ–၁၄ ဘောလုံးခြေစစ်ပွဲကို ယှဉ်ပြိုင်ရန် အတွက် ယူ–၁၄ အသင်းသည် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိပြီး လာမည့် မေလ ပထမပတ်တွင် ထိုင်းနိုင်ငံသို့သွားရောက်၍ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားရန် စီစဉ်ထားကြောင်း သိရသည်။

မြန်မာ ယူ–၁၄ အသင်းသည် အာရှ ယူ–၁၄ ခြေစစ်ပွဲတွင် အုပ်စု (င)တွင် ပါဝင်လျက်ရှိပြီး ဗီယက်နမ်၊ မလေးရှား၊ ဖိလစ်ပိုင်၊ ဘရူနိုင်း၊ တီမောတို့နှင့်အတူ ကျရောက်လျက်ရှိသည်။ ယင်းခြေစစ်ပွဲကို လာမည့် မေလ ၂၈ ရက်မှ ဇွန်လ ၃ ရက်အထိ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိကွင်းတွင် ကျင်းပသွားမည်ဖြစ်သည်။ မြန်မာ ယူ–၁၄ အသင်းသည် လက်ရှိတွင် ပဏာမကစားသမား ၃၅ ဦးဖြင့် လေ့ကျင့်ပြင်ဆင်လျက်ရှိပြီး ဧပြီလ ဒုတိယပတ်တွင်ရန်ကုန်မြို့၌လေ့ကျင့်မှုများ ပြုလုပ်သွားမည် ဖြစ်သည်။

ယင်းအသင်းကို ဂျပန်လူမျိုးနည်းပြ တီရှီမာက ကိုင်တွယ်နေကြောင်းသိရသည်။



# ဥရောပချန်ပီယံလိဂ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်ဇယားထွက်ပေါ်
# ရီးယဲလ်-ဂါလာတာစာရေး၊ PSG-ဘာစီလိုနာ၊ ဘေယန်-ဂျူဗင်တပ်စ်၊ မာလာဂါ-ဒေါ့မွန်တို့တွေ့ဆုံ



Photo: AFP

၂၀၁၂–၁၃ ဥရောပချန်ပီယံလိဂ်ပြိုင်ပွဲ၏ ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်များမဲနှိုက်ရွေးချယ်သည့်အခမ်းအနားကို ပြီးခဲ့သည့်သောကြာနေ့က ဥရောပဘောလုံးအဖွဲ့ချုပ်(UEFA)၏ ရုံးချုပ်တည်ရှိရာ ဆွစ်ဇာလန်နိုင်ငံ၊ နီယွန်မြို့တွင်ကျင်းပပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

မဲနှိုက်ရွေးချယ်မှုအရ ယခုနှစ်ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဂိုးအများဆုံးသွင်းယူထားသည့် ကစားသမားများဖြစ်သည့် စီရော်နယ်လ်ဒိုနှင့်ယီမက်ဇ်တို့ပါဝင်နေသည့် ရီးယဲလ်မက်ဒရစ်နှင့် ဂါလာတာစာရေးတို့မှာ ကွာတားဖိုင်နယ်အဆင့်တွင်ရင်ဆိုင်ရမည်ဖြစ်ပြီး အာဆင်နယ်နှင့် ဆဲလ်တစ်အသင်းများကို ကျော်ဖြတ်လာခဲ့သည့် ဘေယန်မြူးနစ်နှင့် ဂျူဗင်တပ်စ်အသင်းတို့မှာလည်း ထိပ်တိုက်တွေ့ဆုံလျက်ရှိသည်။ ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ပထမဆုံးပါဝင်ယှဉ်ပြိုင်ခွင့်ရရှိသည့် စပိန်ကလပ် မာလာဂါအသင်းမှာ ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ခြေစွမ်းထက်မြက်နေသည့် ဒေါ့မွန်အသင်းနှင့် ရင်ဆိုင်ရမည် ဖြစ်ပြီး အီဘရာဟီမိုဗစ်၊ ဘက်ခမ်တို့နှင့် နာမည်ကြီးနေသည့် PSG အသင်းမှာမူ ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဗိုလ်စွဲရန် ရေပန်းအစားဆုံးဖြစ်သည့် ဘာစီလိုနာအသင်းနှင့် ရင်ဆိုင်ရမည်ဖြစ်သည်။ PSG တိုက်စစ်မှူး အီဘရာဟီမိုဗစ်မှာ အသင်းဟောင်း ဘာစီလိုနာနှင့်ရင် ဆိုင်ရမည့် ပထမအကျော့ပွဲစဉ်ကိုပွဲပယ်ပြစ်ဒဏ်ကြောင့် လွဲချော်ရမည်ဖြစ်ပြီး ဒုတိယအကျော့တွင်မှပါဝင်နိုင်မည်ဟုလည်း သိရှိရသည်။

ကွာတားဖိုင်နယ်ပွဲစဉ်များကို လာမည့်ဧပြီလ ၂/၃ ရက်များနှင့် ၉/၁၀ ရက်များတွင်ကျင်းပသွားမည်ဖြစ်သည်။ ပွဲစဉ်ရေးဆွဲမှုများအရ PSG–ဘာစီလိုနာပွဲစဉ်နှင့် ဘေယန်မြူးနစ်–ဂျူဗင်တပ်စ်ပွဲစဉ်တို့ကို ဧပြီလ ၂ ရက်၊ မာလာဂါ–ဒေါ့မွန်နှင့် ရီးယဲလ်မက်ဒရစ်–ဂါလာတာစာရေးပွဲစဉ်တို့ကို ဧပြီလ ၃ရက်တို့တွင် ပထမအကျော့အဖြစ် ယှဉ်ပြိုင်စေမည်လည်း ဖြစ်သည်။

## မဲနှိုက်ရွေးချယ်ပွဲအပြီး သက်ဆိုင်သူအချို့၏ ပြောစကားများ

ဘာစီလိုနာအသင်းနဲ့တွေ့ဆုံရမှာ စိတ်လှုပ်ရှားစရာပါ။ ဘာစီလိုနာအသင်းဟာ ဥရောပမှာ အတွေ့အကြုံ၊ အရည်အသွေးနဲ့ပြည့်နှက်နေတဲ့ အသင်းပါ။ သူတို့နဲ့ရင်ဆိုင်ရမှာခက်ခဲပေမယ့် မိနစ် ၁၈၀ စလုံးကိုစိတ်ဓာတ်အပြည့်နဲ့ရင်ဆိုင်သွားမှာပါ။

*အန်ဆယ်လော့တီ(PSGအသင်းနည်းပြ)*

PSG အသင်းဟာကစားသမားကောင်းတွေနဲ့ဖွဲ့စည်းထားတဲ့အသင်းပါ။ ဒီကစားသမားတွေက ဒီလိုအဆင့်မှာဘယ်လိုကစားရမလဲဆိုတာကို သိပြီးသားပါ။ ခက်ခဲတဲ့ပွဲတစ်ပွဲဖြစ်လာနိုင်ပါတယ်။

*ဇူဘီဇာရက်တာ(ဘာစီလိုနာဒါရိုက်တာ)*

ဂါလာတာစာရေးအသင်းဟာ အသင်းကောင်းတစ်သင်းဖြစ်ပြီး ဒရော့ဘာ၊ ဆနိက်ဒါတို့လိုကစားသမားကောင်းတွေကိုလည်း ပိုင်ဆိုင်ထားပါတယ်။ ဒါပေမယ့်ကျွန်တော်တို့ရဲ့အဓိကရည်မှန်းချက်က ၁၀ ကြိမ်မြောက်ဥရောပချန်ပီယံလိဂ်ဖလားကို ဆွတ်ခူးဖို့ပါပဲ။

*ဘူထရာဂွယ်လ်နို(ရီးယဲလ်ဒါရိုက်တာ)*

ဂျူဗင်တပ်စ်ဟာ အီတလီရဲ့အကောင်းဆုံးအသင်းပါ။ သူတို့နဲ့အိမ်ကွင်းမှာအရင်ကစားရမှာက အရေးကြီးတဲ့အချက်ပါပဲ။

*ဂျက်ဟေးနက်စ်(ဘေယန်မြူးနစ်နည်းပြ)*

*Ref; AFP*

## တင်းနစ်ပြိုင်ပွဲများယှဉ်ပြိုင်ခြင်းမှ ဖက်ဒါရာ ရှစ်ပတ်ခန့် အနားယူမည်

ကမ္ဘာ့အဆင့်နှစ် တင်းနစ်သမား ရော်ဂျာဖက်ဒါရာသည် ပြိုင်ပွဲများယှဉ်ပြိုင်ခြင်းမှရှစ်ပတ်ခန့်အနားယူသွားရန်စီစဉ်နေကြောင်း သိရှိရသည်။

ဖက်ဒါရာသည် ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက ကျင်းပပြီးစီးခဲ့သည့် BNP Parisbas Open တင်းနစ်ပြိုင်ပွဲတွင် ကွာတားဖိုင်နယ်အဆင့်၌ စပိန်တင်းနစ်သမားရာဖေးလ်နာဒယ်လ်ကိုရှုံးနိမ့်ကာ ပြိုင်ပွဲမှထွက်ခွာခဲ့ရသည်။ အသက် ၃၁ နှစ်အရွယ်ရှိပြီဖြစ်သည့် ဖက်ဒါရာသည် လက်ရှိအချိန်တွင် နောက်ကျောဒဏ်ရာအနည်းငယ်ကိုခံစားနေရကြောင်းလည်း သိရှိရသည်။ ဖက်ဒါရာမှာ ယခုနှစ်အတွင်း ယှဉ်ပြိုင်ခဲ့သည့် ပြိုင်ပွဲလေးပွဲတွင် ဆီမီးဖိုင်နယ်သို့ နှစ်ကြိမ်၊ ကွာတားဖိုင်နယ်သို့ နှစ်ကြိမ် တက်ရောက်ခဲ့သော်လည်း ဆုဖလား ဆွတ်ခူးနိုင်ခြင်းမရှိသေးချေ။ယင်းအတွက်ကြောင့် ဖက်ဒါရာမှာ ပြိုင်ပွဲများ ယှဉ်ပြိုင်ခြင်းမှ ရှစ်ပတ်ခန့်အနားယူမည်ဖြစ်ပြီး လာမည့် မေလအတွင်း ကျင်းပမည့် မက်ဒရစ်အိုးပင်း မြေစေးကွင်းပြိုင်ပွဲတွင်မှ ပြိုင်ပွဲပြန်လည်ယှဉ်ပြိုင်မည်ဖြစ်သည်။ ယင်းအတွက်ကြောင့် ဖက်ဒါရာမှာ ၎င်း၏လက်ရှိကမ္ဘာ့အဆင့်နှစ်နေရာကို ဆုံးရှုံးရဖွယ်ရှိနေကြောင်းလည်းသိရှိရသည်။အနားယူရခြင်းနှင့်ပတ်သက်၍ ဖက်ဒါရာက "ပုံမှန်ဆိုရင်တော့ ဒီလိုအနားယူမှာမဟုတ်ပါဘူး။ဒါပေမဲ့အခုတော့ကျွန်တော့်အတွက် အနားယူဖို့လိုအပ်နေပါပြီ"ဟုဆိုခဲ့သည်။ *Ref; DailyMail*

## ဆီးဂိမ်းစ်အကြို နိုင်ငံတကာမြင်းစီးပြိုင်ပွဲကို နေပြည်တော်တွင် ကျင်းပ


ဓာတ်ပုံ - စိုးညွန့်

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၃ ခုနှစ်၊ ၂၇ ကြိမ်မြောက် ဆီးဂိမ်းစ်ပြိုင်ပွဲအကြို နိုင်ငံတကာ မြင်းစီးပြိုင်ပွဲကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိမြင်းစီးအားကစားကွင်းတွင် ပြီးခဲ့သည့် မတ်လ ၁၅ ရက်မှ ၁၇ ရက်အထိ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းပြိုင်ပွဲကို အိမ်ရှင်မြန်မာအသင်းအပါအဝင်အရှေ့တောင်အာရှနိုင်ငံများဖြစ်သည့်ထိုင်း၊အင်ဒိုနီးရှား၊ မလေးရှား၊ စင်ကာပူနှင့် ကမ္ဘောဒီးယားနိုင်ငံများမှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ဖွင့်ပွဲအခမ်းအနားကိုပြီးခဲ့သည့် မတ်လ ၁၄ ရက်က ကျင်းပပြုလုပ်ခဲ့သည်။ ယင်းဖွင့်ပွဲအခမ်းအနားကို ဒုတိယသမ္မတ ဦးညဏ်ထွန်း၊ အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကာဖွင့်လှစ်ပေးခဲ့သည်။ ပြိုင်ပွဲတွင် ၄၈ ကီလိုတာဝေးပြိုင်ပွဲ တန်းကျော်ပြိုင်ပွဲနှင့်အလှစီးပြိုင်ပွဲများ ထည့်သွင်းကျင်းပခဲ့ပြီး တစ်ဦးချင်းနှင့် အသင်းလိုက်ပြိုင်ပွဲများ ယှဉ်ပြိုင်ခဲ့သည်။ ရွှေတံဆိပ်စုစုပေါင်း ၆ ခု ချီးမြှင့်ခဲ့ပြီး မြန်မာမြင်းစီးအားကစားအဖွဲ့အနေဖြင့် လာမည့် ၂၇ ကြိမ်မြောက် ဆီးဂိမ်းစ်ပြိုင်ပွဲတွင် အောင်မြင်မှုရရှိစေရန်ရည်ရွယ်၍ယှဉ်ပြိုင်ခြင်းလည်းဖြစ်သည်။

လာမည့် ၂၇ ကြိမ်မြောက်ဆီးဂိမ်းစ်ပြိုင်ပွဲတွင် မြင်းစီးအားကစားနည်းကို ထည့်သွင်းကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံမြင်းစီးအဖွဲ့ချုပ်အနေဖြင့် အားကစားသမားများ အတွေ့အကြုံကောင်းများရရှိစေရန်အတွက် ယခုပြိုင်ပွဲကိုကျင်းပခြင်းဖြစ်ကြောင်းလည်းသိရသည်။

**⮜⮜⮜ ၄၈ ကီလိုတာဝေးပြိုင်ပွဲ၌ ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်နေစဉ်**



# ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့နှင့် ကချင်၊ ကရင်လူမှုအဖွဲ့အစည်းများ ရန်ကုန်မြို့၌တွေ့ဆုံ ယင်းတွေ့ဆုံပွဲသို့ ဗြိတိန်ဝန်ကြီးချုပ်ဟောင်းတိုနီဘလဲ ခေတ္တလာရောက်ခဲ့

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့နှင့် ကချင်၊ ကရင်တိုင်းရင်းသားလူမှုအဖွဲ့အစည်းများမတ်လ ၁၆ ရက်နေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်ရှိ Myanmar Peace Center တွင် တွေ့ဆုံမှုပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံသို့ရောက်ရှိနေသည့် ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲခေတ္တလာရောက်ခဲ့ကြောင်း သိရသည်။



ဗြိတိန်ဝန်ကြီးချုပ်ဟောင်း တိုနီဘလဲအား ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့၊ ကချင်၊ ကရင် တိုင်းရင်းသားများနှင့်အတူ တွေ့ရစဉ်

ဗြိတိန်ဝန်ကြီးချုပ်ဟောင်းတိုနီဘလဲသည် ပြည်ထောင်စုဝန်ကြီးဦးစိုးသိန်းနှင့် သီးခြားတွေ့ဆုံမှုပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ယင်းသို့တွေ့ဆုံမှုမှတစ်ဆင့် ပြည်ထောင်စုငြိမ်းချမ်းရေးအဖွဲ့နှင့် ကချင်၊ ကရင်တိုင်းရင်းသားလူမှုအဖွဲ့အစည်းတွေ့ဆုံပွဲသို့ လာရောက်ခဲ့ခြင်းဖြစ်ကြောင်း Myanmar Peace Center မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အဆိုပါဆွေးနွေးပွဲကို ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့က တိုင်းရင်းသားလူမှုအဖွဲ့အစည်းများနှင့်တွေ့ဆုံပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အဖွဲ့၏လုပ်ဆောင်ချက်များရှင်းလင်းခြင်းနှင့် တိုင်းရင်းသားလူမှုအဖွဲ့အစည်းများနှင့်ဆွေးနွေးခြင်းတို့ပြုလုပ်ရန် ပြည်ထောင်စုဝန်ကြီးဦးအောင်မင်း ဦးဆောင်ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းတို့တွေ့ဆုံဆွေးနွေးမှု ပြုလုပ်ရာတွင် ယခုကဲ့သို့ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့နှင့်ကရင်တိုင်းရင်းသားလူမှုအဖွဲ့အစည်းများတွေ့ဆုံမှုမှာ သုံးကြိမ်ရှိပြီဖြစ်သော်လည်း ကချင်တိုင်းရင်းသားလူမှုအဖွဲ့အစည်းများနှင့် တွေ့ဆုံမှုမှာမူ ပထမဆုံးအကြိမ်ဖြစ်ကြောင်း သိရသည်။

အဆိုပါတွေ့ဆုံမှုသို့လာရောက်ခဲ့သည့် ဗြိတိန်ဝန်ကြီးချုပ်ဟောင်းတိုနီဘလဲအား ကချင်ငြိမ်းချမ်းရေးကွန်ရက်ကညီနိုင်းရေးမှူးဖြစ်သူက "တိုနီဘလဲက ဘာမှမဆွေးနွေးပါဘူး။ လာမယ်လို့ကြိုပြောထားတာလုံးဝမရှိပါဘူး။ ကျွန်တော်တို့ကိုခေါ်တာက ဦးအောင်မင်းနဲ့တွေ့ဖို့ ခေါ်တာ။ အဲဒီလိုတွေ့နေချိန်မှာ ငါးမိနစ်လောက်စကားလာပြောသွားတာ။ကျွန်တော်တို့ကိုတွေ့ဆုံပြီးလူမှုအဖွဲ့အစည်းနဲ့လူထုနဲ့တွေ့ဆုံဆွေးနွေးခြင်းအသွင်နဲ့လုပ်လိုက်တယ်လို့ခံယူတယ်။ ကျွန်တော်တို့ဦးအောင်မင်းနဲ့ဆွေးနွေးမှုမလုပ်ခင်မှာလည်း အခုလိုတွေ့ဆုံတာကချင်လူထုနဲ့တွေ့ဆုံဆွေးနွေးတယ်လို့ မခံယူစေချင်ဘူးလို့ ပြောပြခဲ့ပါတယ်"ဟု ပြောပြခဲ့သည်။

"တိုနီဘလဲ ပြောတဲ့အထဲမှာ ကျွန်တော်နားလည်လိုက်တာက အတိတ်အဖြစ်အပျက်တွေကို မေ့နိုင်တဲ့သတ္တိစိတ်ဓာတ်ရှိစေချင်တယ်။ ဒီလိုမျိုးငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေဆိုတာစိတ်ရှည်သည်းခံရတယ်။နောက်ဆုံးပြောတာက ဒီလုပ်ငန်းကမလွယ်ပါဘူး တကယ်လို့များကူညီနိုင်တာလေးတွေရှိရင်ပြောပါ။ကျွန်တော်တို့အနေနဲ့ ခင်ဗျားတို့နဲ့အတူတူပါပဲဆိုတာမျိုးပါတယ်"ဟု အဆိုပါပုဂ္ဂိုလ်က

အချပ်ပို (B) သို့ ➤➤➤

# ဒေါ်အောင်ဆန်းစုကြည်ပြန်လည်ထွက်ခွာပြီးနောက် နှစ်ရက်အကြာတွင် လက်ပံတောင်းတောင်စီမံကိန်းအား ကန့်ကွက်နေသည့် သပိတ်စခန်းများဖျက်သိမ်း

လက်ပံတောင်းတောင်ကြေးနီစီမံကိန်းစုံစမ်းစစ်ဆေးရေးကော်မရှင်နှင့်အဖွဲ့ဝင်များပြန်လည်ထွက်ခွာပြီးနောက်နှစ်ရက်အကြာတွင် စီမံကိန်းအား ကန့်ကွက်ဆန္ဒဖော်ထုတ်နေသည့်သပိတ်စခန်းများအား ဆန္ဒပြသူများကိုယ်တိုင်ဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်းသိရသည်။

မတ်လ ၁၆ ရက်နေ့ ညနေ ၆ နာရီကျင်အချိန်ခန့်တွင် မုံရွာခရိုင်၊ ဆားလင်းကြီးမြို့နယ်တုံကျေးရွာထိပ်၌ ကြေးနီစီမံကိန်းဖျက်သိမ်းရေးအတွက် သပိတ်စခန်းဖွင့်ကာ ဆန္ဒဖော်ထုတ်နေကြသည့်ဒေသခံများသည် ၎င်းတို့ကိုယ်တိုင်သပိတ်စခန်းများကို လူအင်အား ၅၀ ခန့်ဖြင့် ဖျက်သိမ်းခဲ့ကြကြောင်းသိတင်းရရှိပါသည်။ ထို့အပြင် ဆည်တည်းကျေးရွာမှ ဖွင့်လှစ်ထားသည့် လိပ်ခွံတောင်ပေါ်မှ သပိတ်စခန်းတစ်ခုကိုလည်း မီးရှို့ဖျက်စီးခဲ့ကြောင်းလည်းသိရှိရသည်။

"ကြေးနီစီမံကိန်းစုံစမ်းစစ်ဆေးရေးကော်မရှင်တစ်ယောက်အနေနဲ့ မဟုတ်ဘဲတရားဥပဒေစိုးမိုးရေးနဲ့တည်ငြိမ်အေးချမ်းရေးကော်မတီဥက္ကဋ္ဌတစ်ယောက်အနေနဲ့ ဒေသခံတွေကိုပြောသွားတဲ့ ဆန္ဒပြမယ်ဆိုရင် ဥပဒေဘောင်အတွင်းကနေ ဆန္ဒထုတ်ဖော်ခွင့်ရှိတယ်၊ ဥပဒေနဲ့မညီရင်တော့ အရေးယူမှုတွေရှိမှာပဲဆိုတဲ့စကားကိုလိုက်နာတဲ့အနေနဲ့သပိတ်စခန်းတွေကို ဖျက်သိမ်းပစ်လိုက်တာဖြစ်ပါတယ်။ ဒါပေမယ့်ကျွန်တော်တို့အနေနဲ့လည်း ဥပဒေနဲ့အညီပဲ စီမံကိန်းကို ရပ်ဆိုင်းဖို့အတွက် ဆက်လက်လုပ်ဆောင်သွားပါမယ်"ဟု ဒေသခံများက ပြောပြခဲ့ကြသည်။

သပိတ်စခန်းဖွင့်လှစ်ခဲ့သောတုံရွာမှဦးဇေယျက "ဒေါ်အောင်ဆန်းစုကြည်လာရောက်ဆွေးနွေးတဲ့အခါတုန်းက ရှင်းပြစွာဆက်ဆံတဲ့သူ့အချို့ကြောင့် ရွာနာမည်သမိုင်းမပျက်စေဖို့ တုံရွာကလက်မခံတဲ့ သူတွေပေါင်းစုပြီး အဲဒီလူတစ်စုလုပ်ရပ်ကို ရှုတ်ချပွဲ ဒေါ်အောင်ဆန်းစုကြည်ကို တောင်းပန်ထောက်ခံပွဲ ပြုလုပ်သွားဖို့ စီစဉ်နေပြီး သက်ဆိုင်ရာကို ပြုလုပ်ခွင့် တင်ပြထားပါတယ်"ဟူ၍ ပြောပြခဲ့သည်။

# လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့်ပတ်သက်သည့်စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာအပေါ် အကောင်ထည်ဖော်ရေးကော်မတီမှ သိမ်းဆည်းခံမြေယာများအတွက် လျော်ကြေးငွေများပေးအပ်

လက်ပံတောင်းတောင်ကြေးနီစီမံကိန်းအတွက် သိမ်းယူထားသောမြေယာများအတွက် လျော်ကြေးငွေများကို မတ်လ ၁၆ ရက်နေ့မှ စတင်ပြီး ပေးအပ်ခဲ့ကြောင်းသတင်းရရှိပါသည်။

ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သော လက်ပံတောင်းတောင်စီမံကိန်းစုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာထွက်ပေါ်ပြီးနောက်ဖွဲ့စည်းခဲ့သည့် အစီရင်ခံစာအကောင်အထည်ဖော်ရေးကော်မတီသည် မတ်လ ၁၆ ရက်နေ့က ဆားလင်းကြီးမြို့နယ်သို့ရောက်ရှိလာပြီး ယာမြေသိမ်းဆည်းခံခဲ့ရသူများအတွက် လျော်ကြေးငွေများကို ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"မတ်လ ၁၃ ရက်နဲ့ ၁၄ ရက်မှာ ဒေါ်အောင်ဆန်းစုကြည်လာရောက်ပြီး ယာမြေအတွက် လျော်ကြေးငွေသိန်းပေါင်း ၅၀၀၀၀ နီးပါးပေးမယ်လို့ ပြောသွားခဲ့ပါတယ်။ ၁၅ ရက်နေ့မှာတော့ ကံတော–ဝက်မှေးရွာသစ်မှာ မြေယာတွေစိစစ်ပြီး လျော်ကြေးငွေထပ်ပေးမယ်လို့ ကြေညာတာကို ကြားလိုက်ရတယ်။ သမ္မတရုံးဝန်ကြီးဦးလှထွန်း၊ ပြည်ထဲရေးဝန်ကြီးနဲ့ စစ်ကိုင်းတိုင်းဝန်ကြီးချုပ်တို့အဖွဲ့လာတာကိုလည်းတွေ့ရပါတယ်"ဟု ရွှေလှေကျေးရွာတွင် နေထိုင်သူတစ်ဦးက ပြောပါသည်။

"လျော်ကြေးငွေပေးတဲ့နေရာမှာ ကွင်းအမှတ်စဉ်တွေနဲ့ စနစ်တကျစစ်ဆေးပြီး တောင်ပလူ၊ ကျော်ရွာ၊ အောင်ချမ်းစည်၊ ဖောင်ကတာကျေးရွာတွေက တောင်သူတွေကို လျော်ကြေးငွေတွေပေးနေတာတွေ့ရတယ်။ ရေသွင်းစိုက်လို့ရတဲ့ လယ်မြေတစ်ဧကအတွက် ၁၅ သိန်း၊ မိုးစိုက်ယာမြေတစ်ဧကအတွက် ၁၂ သိန်း၊ ကျောက်ကုန်းတွေလို သီးနှံစိုက်ရခက်တဲ့ မြေတွေအတွက်တော့ ၁၀ သိန်းနှုန်းနဲ့ လျော်ကြေးပေးတယ်လို့ သိရပါတယ်"ဟု ဆားလင်းကြီးမြို့ပေါ်တွင် နေထိုင်သူတစ်ဦးက ပြောကြားပါသည်။

မတ်လ ၁၆ ရက်နေ့က ကျေးရွာငါးရွာမှ မြေသိမ်းခံတောင်သူ ၅၂ ဦးကို ငွေကျပ် ၂၂၄၆၇၆၀၀၀ အားပေးအပ်ခဲ့ကြောင်း သိရပြီး မတ်လ ၁၇ ရက်နေ့တွင်လည်း အခြားကျေးရွာများမှ တောင်သူများအား လျော်ကြေးငွေများဆက်လက်ထုတ်ပေးခဲ့သည်ဟု သတင်းရရှိပါသည်။

"ဆည်တည်းရွာဟောင်းနဲ့ တုံကျေးရွာက သိပ်မလာဘူးလို့ သိရတယ်။ လျော်ကြေးထုတ်ဖို့ တောင်သူတွေကို ကံတော–ဝက်မှေးရွာသစ်မှာ ကားစီစဉ်ပေးထားပါတယ်။ ကျွန်မကတစ်ဧကခွဲအတွက် ငွေလာထုတ်တာပါ။ သိမ်းခံရတဲ့ မြေပေါ်မှာ အဆောက်အဦတွေတောင် ဆောက်ပြီးနေပြီ။ ရတဲ့ငွေလေးကို ခြစ်ချုပ်ပြီးသုံးရမှာ၊ တခြားနေရာမှာ နေဖို့ဆိုတာမဖြစ်နိုင်ဘူး"ဟု ရွှေလှေကျေးရွာမှ ဒေါ်မှတ်တင်က ပြောကြားပါသည်။



ကော်မရှင်၏ အကြံပြုချက်များကို ဖတ်ရှုနေသော တောင်သူများအား မတ်လ ၁၆ ရက် မွန်းလွဲပိုင်းက တွေ့ရစဉ်

"ဦးပိုင်ပေါက်တာမပေါက်တာကို မကြည့်ဘူး။ ဧကပေါင်း ၆၇၈၄ ဧကရှိတဲ့ အကွက်တွေထဲမှာရှိရင် လျော်ကြေးပေးမှာဖြစ်ပါတယ်"ဟု မြန်မာ့စီးပွားရေးဦးပိုင်လိမိတက်မှ ဦးမြင့်အောင်က ပြောကြားပါသည်။

ဒေါ်အောင်ဆန်းစုကြည်လာရောက်စဉ်က ငါးဦးသာဝင်ခွင့်ပြုပြီး မြေယာအငြင်းပွားမှုများတွင် မြန်မာ့စီးပွားရေးဦးပိုင်လိမိတက်၏ အကြိမ်ကြိမ်တရားစွဲဆိုခြင်းခံခဲ့ရသူ ဆည်တည်းကျေးရွာမှ ဦးမြင့်တင်က "ဆည်တည်းရွာဟောင်းအနေနဲ့ အချို့ကတော့ လျော်ကြေးမယူဘူးမဟုတ်ဘူး။ ယူမယ်။ ဒါပေမယ့် ကာလပေါက်ဈေးထက် နည်းနေတာကို တွေ့ရတယ်။ ဥပမာ လျော်ကြေးက ၁၅ သိန်းဆိုရင် အပြင်မှာ သိန်း ၅၀ လောက်ပေါက်တယ်။ ၂၀၁၁ ဧပြီလမှာ လျော်ကြေးပေးတုန်းက အပြည့်အဝရတဲ့ တောင်သူတွေဆည်တည်းရွာဟောင်းမှာ အယောက် ၉၀ လောက်ရှိတယ်။ အဲဒါကြောင့် တောင်းဆိုကြရင်းနဲ့ ၂၀၁၂ ဇန်နဝါရီမှာ လျော်ကြေးငွေထပ်ရတယ်။ ယာမြေတွေကို ကာလပေါက်ဈေးရဖို့ တောင်းဆိုကြရင်းနဲ့ ဒီလိုအဖြစ်ထိဖြစ်လာခဲ့ရတာပါ"ဟု ပြောကြားခဲ့ပါသည်။ ဦးမြင့်တင်သည် ဆည်တည်း–ဇီးတောရွာသစ်သို့ ပြောင်းရွှေ့ရန် မတ်လ ၁၆ ရက်နေ့တွင်သက်ဆိုင်ရာသို့တင်ပြထားကြောင်းသိရှိရသည်။

လက်ပံတောင်းတောင်ကြေးနီစီမံကိန်းစုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ပြန်သွားပြီးနောက်တွင် စီမံကိန်းဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် သမ္မတရုံးဝန်ကြီးဦးလှထွန်းဦးဆောင်သောအဖွဲ့သည် မတ်လ ၁၅ ရက်နေ့တွင် မုံရွာမြို့မှတစ်ဆင့် စီမံကိန်းနယ်မြေအတွင်းသို့ သွားရောက်လေ့လာခဲ့ပြီး ၁၆ ရက်နေ့၌ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးတွင် ညောင်ပင်ကြီး၊ ဖောင်ကား၊ ရွာရှည်၊ ကျော်ရွာ၊ တောင်ပလူ၊ မိုးကြိုးပြင် ကျေးရွာများမှ တောင်သူများကို လျော်ကြေးငွေများပေးအပ်ခဲ့ခြင်းဖြစ်သည်။ *ဟိန်းမင်းထက်*

D

# ပါကစ္စတန်သမ္မတဟောင်း မူရှာရက် မတ် ၂၄ တွင် နိုင်ငံသို့ ပြန်လာမည်

လွန်ခဲ့သည့်ငါးနှစ်ခန့်က ရာထူးမှနုတ်ထွက်ခဲ့ပြီး လန်ဒန်နှင့် ဒူဘိုင်းမြို့များတွင် သွားရောက်နေထိုင်ခဲ့သည့် ပါကစ္စတန်သမ္မတဟောင်း မူရှာရက်ကရွေးကောက်ပွဲဝင်ရန်အတွက် နိုင်ငံသို့ မတ် ၂၄ ရက်တွင် ပြန်လာမည်ဖြစ်ကြောင်း မတ် ၁၆ ရက်တွင် ကြေညာခဲ့သည်။

၎င်းသည် အမေရိကန်၊ ကနေဒါ၊ ဗြိတိန်နှင့် အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံတို့မှ ပြန်လာကြမည့် ပါကစ္စတန်နိုင်ငံသား ၂၀၀ အပါအဝင် လူပေါင်း ၅၀၀၀၀ ခန့်ပါဝင်မည့် ကရာချိတွင် ပြုလုပ်မည်ဖြစ်သော လူထုအစည်းအဝေးပွဲတစ်ခုသို့ တက်ရောက်မည်ဖြစ်သည်။ မေလတွင်ကျင်းပရန်စီစဉ်ထားသည့် ရွေးကောက်ပွဲတွင် မူရှာရက်က ၎င်း၏ပါတီကို ဦးဆောင်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

မူရှာယက်ရာထူးမှ မနုတ်ထွက်မီ လအနည်းငယ်အလိုတွင် ပါကစ္စတန်အမျိုးသမီးဝန်ကြီးချုပ်ဟောင်း ဘနာဇီယာဘူတိုမှာ မဲဆွယ်မှုပြုလုပ်နေစဉ် လုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ရသည်။

မူရှာရက်သည် ပါကစ္စတန်နိုင်ငံသို့ ဝင်ရောက်သည်နှင့် တစ်ပြိုင်နက်အဖမ်းခံရနိုင်ကြောင်း နိုင်ငံရေးသမားတစ်ဦးနှင့်အစိုးရရှေ့နေတစ်ဦးတို့ကပြောကြားခဲ့သည်ဟု သတင်းမီဒီယာများတွင် ဖော်ပြခဲ့သည်။

*Ref:CNN*

# တရုတ်ပါလီမန်က နိုင်ငံခြားရေး၊ ကာကွယ်ရေးဝန်ကြီးများကို ခန့်အပ်

တရုတ်ပါလီမန်က သမ္မတသစ်နှင့် ဝန်ကြီးချုပ်သစ်တို့ကို မဲပေးရွေးချယ်ခဲ့ပြီးနောက်ဂျပန်ဆိုင်ရာသံအမတ်ဟောင်းဝမ်ယီကို နိုင်ငံခြားရေးဝန်ကြီးသစ်အဖြစ် မတ် ၁၆ ရက်တွင် အတည်ပြုခန့်အပ်ခဲ့သည်။

အသက် ၅၉ နှစ်ရှိ ဝမ်သည် ၂၀၀၄ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ ဂျပန်ဆိုင်ရာသံအမတ်အဖြစ် ထမ်းဆောင်ခဲ့ဖူးပြီး ၁၉၈၉ ခုနှစ်မှ ၁၉၉၄ ခုနှစ်အထိ တရုတ်သံရုံးတွင် သံတမန်အဖြစ် ထမ်းဆောင်ခဲ့ဖူးကာ ဂျပန်စကားပြောတတ်ကြောင်းလည်း သတင်းများက ဖော်ပြခဲ့သည်။

ဝမ်ကို နိုင်ငံခြားရေးဝန်ကြီးသစ်အဖြစ် ခန့်အပ်ခဲ့ပြီးနောက် တရုတ်ပါလီမန်က ကာကွယ်ရေးဝန်ကြီးသစ်နှင့်ဒုတိယဝန်ကြီးချုပ်များ အပါအဝင်အခြားအရာရှိများကိုလည်း အတည်ပြုခန့်အပ်ခဲ့သည်။

၂၀၀၇ ခုနှစ်နောက်ပိုင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးအဖြစ် ထမ်းဆောင်ခဲ့သောယန်ကျိချီနေရာတွင် ဝမ်က အစားဝင်မည်ဖြစ်ပြီး ဝမ်ကို



Photo:AFP

တရုတ်သမ္မတသစ်ရှီကျင်ပင်း(ယာ)နှင့်သမ္မတဟောင်းဟူကျင်တောင်တို့ ပါလီမန်မှ မတ် ၁၇ ရက်တွင် ထွက်ခွာလာစဉ်

နိုင်ငံတော်ကောင်စီအဖွဲ့ဝင်အဖြစ်လည်း ပါလီမန်က တိုးမြှင့်ခန့်အပ်ခဲ့သည်။ အင်္ဂလိပ်စကားပြောကောင်းမွန်သော ယန်ကျိချီကို နိုင်ငံတော်ကောင်စီဝင်အဖြစ် တိုးမြှင့်ခန့်အပ်ခဲ့ပြီး ပြည်ပရေးရာမူဝါဒများကို ကိုင်တွယ်ရမည်ဖြစ်ကြောင်း သိရသည်။

ဂျပန်သံအမတ်ဟောင်းဝမ်ကို ခန့်အပ်မှုမှာ ပေကျင်းသည်တိုကျိုနှင့် ကျွန်းစုပိုင်ဆိုင်မှုအငြင်းပွားပြသနာတွင် အလျှော့ပေးမည့်လက္ခဏာမဟုတ်ဟု ဂျပန်မီဒီယာများက မတ် ၁၇ ရက်တွင် ဖော်ပြခဲ့ကြသည်။

မကြာသေးမီနှစ်များအတွင်း တရုတ်အာကာသစီမံကိန်းများတွင် ပါဝင်ခဲ့သော တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ဗိုလ်ချုပ်တစ်ဦးဖြစ်သော အသက် ၆၄ နှစ်ရှိ ချန်ဝမ်ကွမ်ကို ကာကွယ်ရေးဝန်ကြီးသစ်အဖြစ် ခန့်အပ်ခဲ့သည်။

ကျိုးရှောင်ချွမ်ကို တရုတ်ဗဟိုဘဏ်ဥက္ကဋ္ဌအဖြစ် ပြန်လည်ခန့်အပ်ခဲ့သည်။ ယင်းကဲ့သို့ ပြန်လည်ခန့်အပ်မှုမှာ ကမ္ဘာ့ဒုတိယအကြီးဆုံးစီးပွားရေး၏ ရေရှည်တိုးတက်မှုအတွက် ပြုပြင်ပြောင်းလဲမှုအရှိန်မြှင့်နိုင်ရန်ရည်ရွယ်ကြောင်းရှုမြင်ခံရသည်။ ထို့ပြင် ကျိုးကိုတရုတ်နိုင်ငံရေးအကြံပေးအဖွဲ့ (CPPCC) သို့လည်း တိုးမြှင့်ခန့်အပ်ခဲ့ကြောင်း သိရသည်။

တရုတ်ရင်းနှီးမြှုပ်နှံမှုကော်ပိုရေးရှင်း၏တိုင်းပြည်ခနဉစ္စာရန်ပုံငွေဆိုင်ရာဥက္ကဋ္ဌဖြစ်သောလျိုကျိဝေကို ဘဏ္ဍာရေးဝန်ကြီးသစ်အဖြစ်လည်းကောင်း၊ ကောင်ဟူချင်းကို သမဝါယမဝန်ကြီးအဖြစ်လည်းကောင်း အသီးသီးခန့်အပ်ခဲ့ကြောင်း သိရသည်။

*Ref:AFP;Reuters*

# ဆွစ်ဇာလန်အမျိုးသမီးတစ်ဦးကို အုပ်စုဖွဲ့မုဒိမ်းကျင့်ခဲ့ကြောင်း အိန္ဒိယရွာသားငါးဦးဝန်ခံ

အိန္ဒိယနိုင်ငံအလယ်ပိုင်းတွင် ဆွစ်ဇာလန်ကမ္ဘာလှည့်ခရီးသွားအမျိုးသမီးတစ်ဦးကို အုပ်စုဖွဲ့မုဒိမ်းကျင့်ခဲ့ကြောင်း အိန္ဒိယရွာသားငါးဦးက ဝန်ခံခဲ့သည်ဟု ရဲတပ်ဖွဲ့က မတ် ၁၇ ရက်တွင် ထုတ်ပြန်ခဲ့သည်။

ယင်းအမျိုးသမီးသည် သူ၏ခင်ပွန်းဖြစ်သူနှင့်အတူ Madhya Pradesh ပြည်နယ်တွင် စက်ဘီးစီးပြီး ခရီးသွားနေစဉ် လူခြောက်ဦးက မတ် ၁၅ ရက်ညပိုင်း၌ တိုက်ခိုက်ခဲ့ကြောင်း၊ အမျိုးသမီးကို အုပ်စုဖွဲ့မုဒိမ်းကျင့်ခဲ့ပြီး လုယက်မှုများပြုလုပ်ခဲ့ကြောင်း ရဲတပ်ဖွဲ့က ထုတ်ပြန်ခဲ့သည်။

ယင်းဖြစ်စဉ်အတွက် လူငါးဦးကိုဖမ်းဆီးမိခဲ့ပြီး ငါးအုပ်စလုံးက အုပ်စုဖွဲ့မုဒိမ်းကျင့်မှုနှင့်လုယက်တိုက်ခိုက်မှုပြုလုပ်ခဲ့သည်ဟုဝန်ခံခဲ့ကြောင်း၊ ခြောက်ဦးမြောက်ကိုမူ ရှာဖွေနေကြောင်း ဒေသဆိုင်ရာရဲတပ်ဖွဲ့ဝင် Dhodee က ပြောကြားခဲ့သည်။

ယင်းကျူးလွန်သူများသည် သစ်တောဖုံးလွှမ်းသောနေရာအနီး ရွာတစ်ရွာတွင် နေထိုင်နေခြင်းဖြစ်ကာ ခရီးသည်စုံတွဲက ယင်းနေရာတွင် ညအိပ်ရန်အတွက် မတ် ၁၅ ရက်၌ ခရီးတစ်ထောက်နားခဲ့ခြင်းဖြစ်ကြောင်း Dhodee က ပြောကြားခဲ့သည်။ ယင်းကျူးလွန်သူများက အဆိုပါစုံတွဲစခန်းချနေမှုကို သတိပြုမိခဲ့ပြီးနောက် ယင်းကဲ့သို့တိုက်ခိုက်မှုများကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း Dhodee က ပြောကြားခဲ့သည်။

တိုက်ခိုက်ခံရပြီးနောက် အသက် ၄၀ ဝန်းကျင်ရှိ ယင်းအမျိုးသမီးသည် ဒေသဆိုင်ရာဆေးရုံတွင် ဆေးစစ်မှုပြုလုပ်ခဲ့ပြီးနောက် ယင်းစုံတွဲသည် မြို့တော်နယူးဒေလီသို့ ထွက်သွားခဲ့ကြောင်း ရဲတပ်ဖွဲ့က ထုတ်ပြန်ခဲ့သည်။

*Ref:AFP*

# နိုင်ငံကို ရန်စမှုများအားကာကွယ်ရန် အာဘေးက တိုက်တွန်း



Photo:AFP

အာဘေး(ရှေ့တန်းဝဲ)နှင့် LDP ပါတီအဖွဲ့ဝင်များကို မတ် ၁၇ ရက်က ပါတီကွန်ဗင်းရှင်းတွင်တွေ့ရစဉ်

တရုတ်နှင့် ကျွန်းစုပိုင်နက်အတွက် တင်းမာမှုမြင့်တက်နေချိန်တွင် နိုင်ငံကို ရန်စမှုများအား ကာကွယ်စောင့်ရှောက်ရန် ဂျပန်ဝန်ကြီးချုပ်ရှင်ဇိုအာဘေးက မတ် ၁၇ ရက်တွင် ဂျပန်အမျိုးသားကာကွယ်ရေးအကယ်ဒမီ၌ပြုလုပ်ခဲ့သော ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဘွဲ့ရကျောင်းသားများကို တိုက်တွန်းခဲ့သည်။

ယင်းဘွဲ့ရကျောင်းသားများသည် လွန်ခဲ့သောလေးနှစ်ခန့်က ကျောင်းစတက်ခဲ့ခြင်းဖြစ်ပြီး နိုင်ငံလုံခြုံရေးအခြေအနေမှာ လွန်ခဲ့သောလေးနှစ်ကအခြေအနေနှင့် မတူတော့ဘဲ မိမိတို့၏မြေပြင်၊ ရေပြင်၊ ဝေဟင်ပိုင်နက်များအပေါ် ခြိမ်းခြောက်သည့်ရန်စမှုများ ဆက်တိုက်ဖြစ်ပေါ်နေကြောင်း မြို့တော်တိုကျိုအပြင်ဘက်ရှိ ယူကိုတူကာအကယ်ဒမီတွင် အာဘေးက ပြောကြားခဲ့ခြင်းဖြစ်သည်။ လတ်တလောဖြစ်ပေါ်နေမှုများမှာ သင်တို့အတွက် လက်ခံရခက်ခဲသောအမှန်တရားနှင့်အကျပ်အတည်းတစ်ခုဖြစ်ကြောင်း အာဘေးက မိန့်ခွန်းတွင်ပြောကြားခဲ့သည်။

တရုတ်ရေတပ်ထောက်လှမ်းရေးသင်္ဘောသုံးစင်ကို အရှေ့တရုတ်ပင်လယ်ရှိကျွန်းတစ်ခုဖြစ်သောကူဘာဂျီမာကျွန်းအလွန် ၂၅ မိုင်အကွာခန့်တွင် မတ် ၁၇ ရက်နံနက်ပိုင်းက ထောက်လှမ်းတွေ့ရှိခဲ့ကြောင်း ဂျပန်က ထုတ်ပြန်ခဲ့သည်။

အာဘေး၏ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ (LDP) က ဂျပန်သည် ကိုယ့်ကိုယ်ကိုခုခံကာကွယ်ခွင့်နှင့်အရည်အသွေးပြည့်ဝသောစစ်တပ်ဖွဲ့စည်းနိုင်ရေးအတွက် စစ်ပြီးခေတ်ရေးဆွဲထားသည့် ငြိမ်းချမ်းရေးအခြေပြု ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်နိုင်ရေးအတွက် အရှိန်မြှင့်လုပ်ဆောင်သွားမည်ဟု ကတိပြုခဲ့သည်။

*Ref:AFP*

# ဆီးရီးယားဗိုလ်ချုပ်တစ်ဦး ဘက်ပြောင်းခဲ့သည်ဟု သတင်းထွက်

ဆီးရီးယားသမ္မတဘာရှားအယ်လ်အာဆတ်အစိုးရမှ ဗိုလ်ချုပ်တစ်ဦးသည် ဘက်ပြောင်းခဲ့ကြောင်း သတင်းထွက်ခဲ့ပြီး ယင်းဗိုလ်ချုပ်က ဆီးရီးယားလုံခြုံရေးတပ်ဖွဲ့ဝင်များသည် စိတ်ဓာတ်ကျဆင်းနေကြောင်း အာရပ်သတင်းဌာနနှင့် မတ် ၁၆ ရက်က ပြုလုပ်ခဲ့သောအင်တာဗျူး၌ ထုတ်ဖော်ပြောကြားခဲ့သည်။

ဗိုလ်ချုပ် Mohammed Ezz al-Din Khalouf ဘက်ပြောင်းခဲ့မှုကိုသာ အတည်ပြုနိုင်ခဲ့ပါကဆီးရီးယားအစိုးရာဘက်မှအကြီးတန်းတာဝန်ရှိသူများ၏ဘက်ပြောင်းမှုများအနက် နောက်ဆုံးတစ်ဦးဖြစ်လာမည်ဖြစ်ပြီး နှစ်နှစ်ကျော်လာခဲ့ပြီဖြစ်သော ဆီးရီးယားနိုင်ငံရေးအကျပ်အတည်းအတွင်း အာဆတ်အစိုးရ၏တည်ငြိမ်မှုအပေါ်မေးခွန်းထုတ်စရာဖြစ်လာစေခဲ့သည်။

အစိုးရနှင့် ဆက်နွှယ်သူများသည် ယုံကြည်မှုပျောက်ဆုံးနေသော်လည်း အားလုံးက သမ္မတကိုသစ္စာခံသွားမည်ဟု ကတိပြုခဲ့ကြကြောင်း ဆီးရီးယားစစ်တပ်အတွက် လက်နက်ခဲယမ်း၊ စားနပ်ရိက္ခာထောက်ပံ့ပို့ဆောင်မှုဆိုင်ရာအကြီးအကဲဖြစ်သော Khalouf က Al Arabiya သတင်းကွန်ရက်သို့ပြောကြားခဲ့ခြင်းဖြစ်သည်။ Khalouf နှင့်အတူ သူ၏သားဖြစ်သူ ဗိုလ်ကြီးတစ်ဦးလည်းပါလာခဲ့ကြောင်း သိရသည်။ Khalouf နှင့်သူ့မိသားစုတို့သည်ဆီးရီးယားရှိဒါရာပြည်နယ်မှ တစ်ဆင့်ဂျော်ဒန်သို့ထွက်ပြေးခဲ့ကြောင်း သက်သေပြနိုင်သောဗီဒီယိုနှစ်ခုကို သူပုန်များက YouTube တွင် တင်ခဲ့သည်။

*Ref:CNN*

# နျူလက်နက်နှင့် အကူအညီ လဲလှယ်မည်မဟုတ်ဟု မြောက်ကိုရီးယားထုတ်ပြန်

နိုင်ငံတကာထံမှ အကူအညီများ ရရန်အတွက် နိုင်ငံ၏နျူကလီးယားလက်နက်စီမံကိန်းများနှင့် မည်သည့်အခါမှ ညှိနှိုင်းမှုပြုလုပ်သွားမည်မဟုတ်ဟု မြောက်ကိုရီးယားက မတ် ၁၇ ရက်တွင် ထုတ်ပြန်ခဲ့ပြီး နိုင်ငံကာကွယ်ရေးအတွက် နျူကလီးယားလက်နက်များဆိုင်ရာရပ်တည်ချက်ကို ပြောင်းလဲသွားမည်မဟုတ်ကြောင်းလည်း ထုတ်ပြန်ခဲ့သည်။

ဆင်းရဲနိမ့်ကျနေသော မြောက်ကိုရီးယားနိုင်ငံသည် အရေးပေါ် လိုအပ်နေသောအကူအညီများကို အိမ်နီးချင်းနိုင်ငံများထံမှရရှိနိုင်ရန်အတွက် နျူကလီးယားလက်နက်စီမံကိန်းများကို အသုံးချပြီးအနိုင်ကျင့်နေကြောင်း ဖော်ပြချက်များကိုလည်း မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာန၏ငြင်းဆိုထားမှုများအားနိုင်ငံပိုင်ရုပ်သံက ကိုးကားထုတ်လွှင့်ခဲ့သည်။

စီးပွားရေးအကူအညီများ ရရှိရန်အတွက် မြောက်ကိုရီးယားက နျူကလီးယားလက်နက်စီမံကိန်းများကို အသုံးချနေသည်ဟု အမေရိကန်က ထင်မြင်မိပါက အလွန်အမင်းမှားယွင်းသွားမည်ဖြစ်ကြောင်းလည်း ယင်းအစီရင်ခံစာတွင်ဖော်ပြထားသည်။ မြောက်ကိုရီးယားက အမူအကျင့်များပြောင်းလဲမည်ဆိုပါက ဝါရှင်တန်သည် စစ်မှန်သောစေ့စပ်ဆွေးနွေးမှုများပြုလုပ်ရန် ဆန္ဒရှိသည်ဟု အမေရိကန်အမျိုးသားလုံခြုံရေးအကြံပေးတွမ်ဒိုနီလင်က ပြောကြားခဲ့ပြီး ရက်ပိုင်းအတွင်း မြောက်ကိုရီးယား၏ကြေညာချက်ထွက်လာခဲ့ခြင်းဖြစ်သည်။

မြောက်ကိုရီးယားကမူ နျူကလီးယားလက်နက်များမှာ အမွေအနှစ်ရထားသောဓားကဲ့သို့ဖြစ်ပြီး ရန်လိုသောအမေရိကန်မူဝါဒမှခုခံကာကွယ်ရန်အတွက်ဖြစ်ကြောင်း မတ် ၁၇ ရက်တွင် ထုတ်ပြန်ခဲ့သည်။

မြောက်ကိုရီးယားသည် ၂၀၀၆ ခုနှစ်နှင့် ၂၀၀၉ ခုနှစ်တို့တွင် မြေအောက်အဏုမြူဗုံးဖောက်ခွဲမှုနှစ်ကြိမ်ပြုလုပ်ခဲ့ပြီး ပြီးခဲ့သောလတွင်လည်း တတိယအကြိမ်မြောက် မြေအောက်အဏုမြူဗုံးဖောက်ခွဲစမ်းသပ်ခဲ့သည်။

နိုင်ငံမှာမူ ဆယ်စုနှစ်များစွာ စားနပ်ရိက္ခာနှင့်လောင်စာရှားပါးမှုကြုံတွေ့နေရပြီး ရေကြီးမှု၊ မိုးခေါင်မှု၊ စီမံခန့်ခွဲမှုညံ့ဖျင်းမှု၊ နိုင်ငံတကာပိတ်ဆို့အရေးယူမှုစသည်တို့ကြောင့် အခြေအနေပိုဆိုးစေခဲ့သည်။

*Ref:AFP*